
www.burmeseclassic.com

# စိတ်

THIHAYADANAR



BURMESE CLASSIC .com

# ဂျာနယ်ကျော်မမလေး

www.burmeseclassic.com

(တတိယအကြိမ်)

www.burmeseclassic.com

## ဂျာနယ်ကျော်မမလေး [၁၉၁၇ - ၁၉၈၂]

ဧရာဝတီတိုင်း၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ ကမာကလုကျေးရွာ၌ အဖ ဒေါ်ဆင်ဘဏ် မန်နေဂျာ ဦးဖျားချို၊ အမိ ဒေါ်ကြွတ်တို့မှ ၁၉၁၇ ခု၊ ဧပြီလ ၁၃ ရက်၊ သောကြာနေ့တွင် မွေးဖွားသည်။ မွေးချင်း၊ ငါးဦးအနက် စတုတ္ထမြောက် ဖြစ်သည်။ အမည်ရင်း မတင်လှိုင် ဖြစ်သည်။

၁၉၂၂ ခုတွင် ဖျာပုံ အေဘီအမ်ကျောင်း၌ ကျောင်းစ,နေခဲ့သည်။ ဘိုကလေးမြို့ အစိုးရကျောင်းမှ ၁၉၂၇ ခုတွင် သတ္တမတန်းအောင်သည်။ ထို့နောက် ရန်ကုန်မြို့မ အမျိုးသမီးကျောင်း၌ နဝမတန်း (၁၉၃၂)အထိ ပညာသင်ကြားခဲ့သည်။ ၁၉၃၈ ခုတွင် မြန်မာ့အလင်းသတင်းစာ အယ်ဒီတာချုပ် ဦးချစ်မောင်နှင့် လက်ထပ်သည်။ ၁၉၄၆ ခု၊ ဧပြီလ ၃ ရက်တွင် ခင်ပွန်း၊ ဂျာနယ်ကျော် ဦးချစ်မောင်ကွယ်လွန်၍ သားနှစ်ဦးနှင့် သမီးတစ်ဦး ကျန်ရစ်ခဲ့သည်။ ၁၉၅၉ ခု၊ မေလ ၁၄ ရက်တွင် ဦးအောင်ဖေယျနှင့် အိမ်ထောင်ပြုသည်။

ဘိုကလေးမြို့ တို့ဗမာအစည်းအရုံးတွင် အဖွဲ့ဝင်နှင့် တက်ခေတ်အမျိုးသမီးအဖွဲ့ ဥက္ကဋ္ဌ (၁၉၃၆ - ၃၇) ဂျာနယ်ကျော် ထုတ်ဝေသူ၊ ဂျာနယ်ကျော်နှင့် ပြည်သူ့ဟစ်တိုင်သတင်းစာ အယ်ဒီတာ (၁၉၃၉)၊ အမျိုးသမီးကလောင်ရှင်အသင်း ဒုတိယဥက္ကဋ္ဌနှင့် ကလောင်ရှင်မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ (၁၉၄၇)၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ (၁၉၅၈ - ၅၉)၊ မြန်မာနိုင်ငံ စာရေးဆရာ စာပေကလပ် အတွင်းရေးမှူး (၁၉၆၁ - ၆၂) တာဝန်များကို ထမ်းဆောင်ခဲ့သည်။ တရုတ်နှင့် ဆိုဗီယက်သို့ ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင်(၁၉၅၂)၊ အာရှတိုက် စာရေးဆရာများ ကွန်ဖရင့်[နယူးဒေလီ] (၁၉၅၆)၊ အဏုမြူဆန့်ကျင်ရေး ကွန်ဖရင့်[ဂျပန်] (၁၉၅၈)၊ ဂျပန်ဘာသာပြန် "သွေး" ဝတ္ထုအတွက် ဂုဏ်ပြုဖိတ်ကြားခြင်း[ဂျပန်] (၁၉၈၀) စသည်ဖြင့် နိုင်ငံရပ်ခြားသို့ သွားခဲ့သည်။

ပုဂ္ဂိုလ်ရေး 'ပစ်စာ' တစ်စောင်ကို တုံ့ပြန်ဆောင်းပါးရေးရာမှ သတင်းစာတိုက်နှင့် ဆက်သွယ်မိပြီး စာပေနယ်ထဲရောက်ခဲ့သည်ဆို၏။ "အမျိုးသမီးများ 'ထကြွသတိ' ဉာဏ်ရှိကြရန်" (မြန်မာ့အလင်း၊ ၁၉၃၆ - ၃၇)သည် ပထမပုံနှိပ်ဆောင်းပါး ဖြစ်သည်။ ပထမပုံနှိပ်ဝတ္ထုမှာ "မသိရလေခြင်း" [ဂျာနယ်ကျော်၊ ၃၁ - ၅ - ၁၉၄၁]ဖြစ်သည်။ ထင်ရှားသော စာအုပ်များမှာ သူမ(၁၉၄၅)၊ သူလိုလူ(၁၉၄၇)၊ သူလိုမိန်းမ (၁၉၄၈)၊ မုန်တိုင်း(၁၉၄၈)၊ စိတ်(၁၉၅၁)၊ ကမ္ဘာမြေဝယ်(၁၉၅၂)၊ မုန်း၍မဟူ(၁၉၅၅)၊ တွေးတာစိမ့်စိမ့်(၁၉၆၃)၊ [လူတစ်မျက်နှာ - ၁၉၆၉]၊ ရင်နှင့်အောင်မွေ့(၁၉၆၇)၊ ရင်မှတရှိုက်(၁၉၇၀)၊ သွေး(၁၉၇၃)တို့ ဖြစ်ကြ၏။ မုန်း၍မဟူဖြင့် ၁၉၅၅ခု စာပေဗိမာန်ဆု၊ တွေးတာစိမ့်စိမ့်ဖြင့် ၁၉၆၃ခု အနုပညာစာပေဆု ဝတ္ထုတိုပေါင်းချုပ် တတိယဆု ရရှိခဲ့သည်။ နိုင်ငံခြားဘာသာသို့ ပြန်ဆိုခဲ့သည်များမှာ မြက်ကလေးတစ်ပင်(ဂျာမန် – ၁၉၆၈)၊ တွေးတာစိမ့်စိမ့်(ရုရှ – ၁၉၈၄)၊ သွေး(ဂျပန် – ၁၉၇၇)၊ မုဆိုးမ(အင်္ဂလိပ်)၊ မုန်း၍မဟူ(ရုရှ၊ ဥဇဘက်၊ ပြင်သစ်၊ တရုတ်)တို့ ဖြစ်ကြသည်။

ဂျာနယ်ကျော်မမလေး၏ ကလောင်ခွဲများမှာ ရဝေလှိုင်၊ လှတင်နိုင်၊ ဘိုကလေး မတင်လှိုင်တို့ ဖြစ်ကြသည်။ စာရေးဆရာ၊ သတင်းဆရာအဖြစ်သာမက တိုင်းရင်းဆေးပညာရှင်အဖြစ်လည်း ထင်ရှားသည်။ ဆေးပညာဆောင်းပါးများ (၁၉၆၂)[မြန်မာ့ဆေးပညာ – ၁၉၆၇] ပြုစုခဲ့သည်။ ၁၉၈၂ ခု၊ ဧပြီလ ၆ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

## ဆရာဇော်ဂျီ၏ အမှာ

ဤဝတ္ထုတွင် မစောလင်းသည် ဇာတ်လိုက်ဖြစ်သည်။ မစောလင်းသည် ခေတ်ပညာတတ်၊ အမ်၊ ဘီ၊ ဘီ၊ အက်(စ်) အောင်ပြီး ဆရာဝန်ဖြစ်သည်။ ကြည့်ချင်မြင်ချင်သော မျက်စိရှိသည်။ ကြားချင် နာချင်သော နားရှိသည်။ တွေးကြံတတ်သော အလေ့ရှိသည်။ သဘာဝကို စုံစမ်းလေ့ရှိသည်။ ဘိုင်အိုလိုဂျီပညာရပ်၌ ဝါသနာပါသည်။ ခေတ်မီဘိုင်အိုလိုဂျီပါရဂူများ ဖြစ်သည်ဟုဆိုကြသော ရုရှားလူမျိုး မစ်ချူရင်နှင့် လိုင်စင်ကိုတို့၏ နောက်ဆုံးပေါ် သဘာဝလေ့လာချက်တို့ကို သိသည်။ သို့ရာတွင် ထိုအခါ ကလေးမ ဆရာဝန် မစောလင်းသည် အလုပ်အတူတွဲဖက်လုပ်ကိုင်သူ ဆရာဝန်မေဦးကို လူကဲ မခတ်တတ်။ ထို့ကြောင့် မတော်သောလမ်းကို သွားမိသဖြင့် မတော်သောဒုက္ခနှင့် တွေ့ခဲ့ရသူဖြစ်သည်။ ယောက်ျားယုတ်၏ ကျူးကျော်စော်ကားခြင်းကို ခံလိုက်ရသည်။

ဝတ္ထုဆုံးခါနီးတွင် ဒေါက်တာမစောလင်းသည် 'ကျွန်မတို့မိန်းမများဟာ စိတ်ယုတ်ညံ့တဲ့ ယောက်ျားများရဲ့ နိုင်ထက်စီးနင်းမှု ခံရတတ်တဲ့သဘောကို တင်ပြချင်လို့ပါ၊ ကျွန်မဟာ ကလေးအပေါ်လို့ အမှန်ကိုပြောရပါတယ်။

သိပ္ပံရသစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲ သူက ယုတ်ညံ့စိတ်ရှိစေကာမူ ကျွန်မစိတ်က မယုတ်ညံ့ပါဘူး' ဟု ပရိသတ်ဗိုလ်ပုံအလယ်တွင် ထုတ်ဖော်လိုက်လေသည်။ မစောလင်း၏ စကားသည် ရုံးခန်းထဲတွင် ပွဲတင်ထပ်လျက် ကျန်ရစ်သည်ဟု ဆိုလေသည်။ ရုံးခန်းထဲ၌သာမက လူ့လောက၌ပင် ပွဲတင်ထပ်မည် ထင်ရလေသည်။ ထိုစကားကိုမဆိုရခင် ဒေါက်တာမစောလင်းသည် အောင့်အည်းလာရသည်မှာ ထင်ရှားသည်။ ဒုက္ခနှင့်ရင်း၍ အမှန်ကိုသိလာရသောကြောင့် ထိုအမှန်ကို ရဲရဲပြင်းပြင်းထန်ထန်ဆိုလိုက်ရသော ဒေါက်တာသည် ရင်လင်းသွားပေတော့မည်။

ဤဝတ္ထုတွင် ဂျာနယ်ကျော်မမလေးသည် မစောလင်းဘက်၌သာ အမှောင်ကိုပြသည်။ ချိုချိုဘက်၌ကား အလင်းကိုပြထားသည်။ ထိုအလင်းကား အခြားမဟုတ်၊ ချိုချို လှကဲ့ခေတ်တတ်ခြင်းပင် ဖြစ်လေသည်။

ဤဝတ္ထုထဲတွင် ဒေါက်တာမစောလင်းသည် ခေတ်ပညာကို ကောင်းစွာတတ်သည်။ အမှန်ကို ရှာချင်သည်။ တွေ့သိစေချင်သောအမှန်ကို သူ့အရှက်ကိုပင်မငဲ့ဘဲ တင်ပြလိုက်သည်။ စာအုပ်ထဲက ဆွဲထုတ်ထားသော အရုပ်၊ သဘောတရားက ဖန်တီးထားသော အရုပ်။ ချိုချိုသည် လှကဲ့ခေတ်တတ်သည်။ သူငယ်ချင်းကို ချစ်တတ်သည်။ လောကထဲတွင် ဆွဲထုတ်ထားသော လူ။ ကိုယ်တွေ့က ဖန်တီးထားရသောလူ။

ဇော်ဂျီ



[ ၁ ]

သည်းထန်စွာ ငိုကြွေးခြင်းလည်း မပြု၊ ရှိုက်လည်းမရှိုက်၊ မျက်စိအောက်တွင် ကျွမ်းရှ်ကျွမ်း၍ လောင်သွားသောအဖြစ်ကိုသာ စိုက်၍ကြည့်နေမိသည်။

ဘေးနားကပ်၍ လက်ကိုင်ပဝါကို နှာခေါင်းတွင်ပိတ်ကာ နီရဲသောမျက်လုံးများဖြင့် တောင်းပန်လျက်...

'ပြန်ပါတော့ မစောလင်းရယ်၊ ချိုချိုတောင်းပန်ပါရစေ ပြန်ပါတော့၊ ဘာဖြစ်လို့ ဒါကိုကြည့်နေရတာလဲကွယ်'

ဟု တတွတ်တွတ် တောင်းပန်ကာ လက်ကိုဆွဲခေါ်နေသည်ကို ပြန်၍ပင်မပြော၊ မတုန်မလှုပ်။

ယောကျ်ားပျိုတစ်ဦးကား အပါးမှရပ်လျက် လောင်ကျွမ်းလျက်ရှိသော



www.burmeseclassic.com

www.burmeseclassic.com



မီးပုံကြီးကိုငေး၍ လက်တစ်ဖက်မှ ပဝါဖြူနှင့် နှာခေါင်းကိုပိတ်လျက်က...

'ချိုချို ရအောင်ခေါ်ပါ၊ လူတွေတောင်စဲကုန်ပြီ'

ဟု ဆိုနေသည်ကို လှည့်၍ပင် မကြည့်။

နွေနှောင်းလေသည် ပြင်းထန်စွာပင် တိုက်လျက်ရှိသည်။

'မစောလင်းရယ်... ပြောလို့မရဘူးလားကွယ်၊ ပြန်ရအောင် လာပါ'

လေကကောင်းလေ၊ မီးတောက်မီးလျှံတို့က တဟုန်းဟုန်းတက်ကာ လောင်နေလေ၊ တဖျစ်ဖျစ်မြည်သံသည် မီးလျှံတက်သော တဟုန်းဟုန်းအသံကြားထဲမှ ထွက်ပေါ်လာသည်။

မျက်စိရှေ့တွင်ပင် ခြေထောက်တစ်ပိုင်းမှာ လောင်ကျွမ်းလျက်ရှိလေပြီ။ အင်္ကျီမပါသော အသားမည်းမည်းနှင့် စဏ္ဍာလတစ်ဦးက သူ့ရှေ့တွင်လောင်သွားသော ရခိုင်လုံချည်ကိုကြည့်ကာ သနပ်ခါးတုံးများကို ပစ်ထည့်နေသော အခြား လုံချည်တိုတိုနှင့် စဏ္ဍာလအား...

'ရခိုင်လုံချည်ကကွာ အဆင်သိပ် ကောင်းတာပဲ၊ အဝါရောင်ခံမှာ အနက်နဲ့ကွပ်ထားတာ၊ မရလိုက်တာ နာတာပဲ'

ဟု နှမြောတသနေသည်။

အင်္ကျီမပါသော အသားမည်းမည်း စဏ္ဍာလက...

'အံမာကွာ၊ အင်္ကျီနဲ့ လုံချည်ကို အလောင်းနဲ့အတူ ထည့်ရှို့ဖို့ တို့ကို တစ်ရာတောင်ပေးထားတာပဲကွ၊ တော်ရောပေါ့၊ မင်းက လောဘမကြီးချင်ပါနဲ့၊ မသာရှင်က အတော်မြတ်နိုးတယ်နဲ့တူတယ်၊ အဝတ်အစားပါ တစ်ပါတည်း ထည့်ရှို့တာ ကြည့်ချင်တယ်၊ အလောင်းကြီး အဝတ်မရှိဘဲနဲ့ ကိုးရိုးကားရားဖြစ်နေတာ မကြည့်ရက်ဘူး ထင်ပါရဲ့ကွာ'

ဟု ပြန်၍ပြောနေသည်။



BURMESE CLASSIC .com



လေသည် ပင့်၍ပင့်၍ တိုက်နေလေသည်။ အလောင်းကြီးသည် မီးလျှံပြင်းလာသောအခါ ကုန်း၍ထလာသည်။ စဏ္ဍာလနှစ်ယောက်က တုရွင်းနှင့် ရိုက်ချရသည်။

မန်ကျည်းပင်အိုကြီးများကား ပျဉ်းတွဲရှုံ့တွနေသော အကိုင်းအခက်အလက်များ ယိမ်းထိုးနေကြသည်။ ရော်ဝါသောသစ်ရွက်များသည် လွင့်ကာလွင့်ကာ ကြွေ၍နေကြသည်။ သချိုင်းတစ်ဖက်တွင် ကွင်းပြင်ကြီးရှိလေရာ လွတ်လပ်စွာပြေးလွှားဝင်ရောက်လာသော လေသည် မြင့်မားထုထယ်သော မန်ကျည်းပင်အုပ်ကြီးများနှင့် တိုးဝှေ့သောအခါ အရှိန်ပြင်းစွာဖြင့် တိုက်မိပြီး အကိုင်းအခက်များကြားသို့ ဖြတ်သန်းသွားကြလေသည်။ ထိုအခါ တဝေါဝေါ မြည်သော အသံကို ဖြစ်စေလေတော့သည်။

သစ်ပင်ထိပ်ဖျားတို့သည် ယိမ်းထိုး၍နေကြသည်။

မြက်ပင်, ပေါင်းပင်များဖြင့် ဖုံးလွှမ်းလျက်ရှိသောဂူတို့မှာ ရှည်လျား၍လာသော အရိပ်များအောက်ဝယ် ခပ်မှိုင်မှိုင်အမူအရာဖြင့် တိတ်ဆိတ်လျက်ရှိသည်။ ဂူတို့မှာ အစားစားရှိသည်။ တချို့မှာ မြင့်မောက်နေလျက်၊ တချို့မှာ ခပ်ပြားပြား ခပ်ပုပု ပုံပန်းအမျိုးမျိုး။

ခပ်ချွန်ချွန် အတွန့်အတက် အနားကွပ်ထားသော အုတ်ဂူတစ်ခုမှာ သံဝင်းထရံကလေး ခတ်ထားကာ ဘေးပတ်လည်၌ သနပ်ခါးပင်စိုက်ထားသည်။ သနပ်ခါးရွက် စိပ်စိပ်ပိုင်းပိုင်းကလေးများမှာ ဖုန်ထလေသဖြင့် စိမ်းခြောက်ခြောက်ဖြစ်နေသည်။ အဝါအသီးများဖြင့် ပြွတ်နေသော သနပ်ခါးအဖူးတို့မှာ အဖျားတွင်သာရှိပြီး သိပ်မဖွံ့ဖြိုးလှ၊ ဂူပေါ်တွင် သစ်ရွက်ခြောက်၊ ပန်းခြောက်များဖြင့် ဖရိုဖရဲ ဖွာရရာကြလျက်။

ထိုဂူနှင့်ယှဉ်လျက်ကား မြက်ပင်များဖုံးလွှမ်းလျက် တစ်ဝက်ပေါ်နေ



www.burmeseclassic.com

www.burmeseclassic.com



သော ဂူပြားပြားတစ်ခုပင်။ ထိုဂူမှာ ဘယ်လောက်များကြာပြီလဲ မပြောတတ်၊ မြက်ပင်တို့မှာ ဂူတစ်ပိုင်းကို တွယ်တက်ကာ ဟိုဘက်မှ သည်ဘက်သို့ဖြတ်သန်းမိလေပြီ။ ရေညှိမှော်များ တစ်ပိုင်းတက်နေသဖြင့် အုတ်ရောင်ပင်မပေါ်တော့ဘဲ မည်းညိုညိုဖြစ်နေသည်။

ဂူများမှာ စီရရီတန်းနေကြသည်။ ဂူတွေ ခေါင်းရင်း၌ အမည်စာတန်းတိုင်များ။ အချို့လည်း စာတန်းတိုင်မရှိ၊ ဂူထိပ်ရှိ အုတ်ပြားပေါ်တွင် ထွင်းထားကာ အမည်စာတန်း ထိုးထားကြသည်။

မန်ကျည်းရွက်တို့သည်ကား လက်လက် လက်လက်နှင့် အပင်ပေါ်မှာ အပြတန်း ကြွေကျနေကြသည်ဟု မှတ်ရသည်။ လေက တဝေါဝေါ တိုက်ခတ်လျက်ရှိရာ အဝါရော်ရော် အစိမ်းခြောက်ခြောက် အရွက်တို့သည် အကိုင်းထိပ်ထက်မှ ကြွေလွင့်လာကြသည်မှာ အဝေးကကြည့်လိုက်လျှင် ငွေကာ ငွေကာ ကျလာသော လက်လက် လက်လက်နှင့် လှုပ်နေသည့် သဏ္ဌာန်ကိုသာ မြင်ရလေသည်။

လေသည် သချိုင်းတစ်ပြင်လုံးကို ဖြတ်သန်းကာ တိုးဝှေ့ဝင်လေသည်။

မီးသဂြိုဟ်နေသော မီးပုံထဲမှ မီးခိုးတို့သည် လိပ်တက်ကာ လေသင့်ရာသို့ ပါနေကြသည်။ အသားတွေကို လောင်ကျွမ်းသဖြင့် တဖျစ်ဖျစ်အသံတွေ အဆက်မပြတ် မြည်နေကြသည်။ ကိုယ်ခန္ဓာမှ အဆီတွေ စီးကျနေ၍ မီးက တမြိုက်မြိုက်နေလေရာ စူးရှရှညှီနံ့ကြီး တထောင်းထောင်း ထွက်နေသည်။ ညိုမည်းဖောင်းကားနေသော လက်ချောင်းကြီးများ၏ လက်သည်းခွံတွေကား ရှုံ့မည့်နေသည့် ပြည်ရောင်အဆင်းနှင့် မီးလျှံထဲ၌ ထင်းထင်းကြီးပေါ်နေသည်။ ထင်းများပေါ်တွင် တင်ထားသော အလောင်းကြီးမှာ မီးတောက်ကြီးများထဲတွင် တဖြည်းဖြည်း ပုံပန်းပျက်ကာ ယိုယွင်းလေပြီ။





ချိုချိုမှာ အနားမှ တတွတ်တွတ်နှင့်...

'ပြန်ရအောင်ပါ မစောလင်းရယ်၊ အနံ့အသက်တွေကလည်း မကောင်းလိုက်တာ၊ နောက်ပြီး ဘယ်သူမှ သုသာန်မှာ မရှိကြတော့ဘူး၊ တော်ကြာမှောင်လာတော့မယ်'

ဟုပြော လျက်ရှိသည်။

သူက မှကား ကြားမှုကြားပါလေစ။

လဲနေသော သစ်ငုတ်တိုပေါ်တွင် တင်ပလ္လင်ချိတ်ထိုင်ရင်း တဖျစ်ဖျစ်အသံမြည်ကာ တဟုန်းဟုန်းလောင်ကျွမ်းတောက်ရှို့နေသော အလောင်းကြီးကိုသာ မျက်တောင်မခတ်စိုက်ကြည့်နေသည်။ လေကတိုက်သဖြင့် ဆံယဉ်ဆံညှန့်တို့သည် ဝဲကျကာ မျက်နှာပေါ်သို့ ကျဆင်းလျက် လွင့်နေသည်။ လက်နှင့်လည်း သပ်ပစ်ခြင်းမပြု။ တစ်ခါတစ်ရံ ဆံပင်တို့သည် မျက်လုံးပေါ်သို့ လာအုပ်သည်။

ဗလ္လာလများက တူရွင်း၊ တံစူး၊ ဝါးတို့ဖြင့် မီးစွဲနေသော အလောင်းကြီးအား ဟိုကထိုး သည်ကခွကာ မီးညီအောင် ညှိပြင်နေကြသည်။ မီးလျှံတို့သည် ဟပ်ကာဟပ်ကာ လူသေကောင်ကြီးကို ဝါးမျိုလျက်ရှိလေသည်။

ယောကျ်ားမို့ကား သူ့အဖော်အား ဘာမှုမပြောတော့ဘဲ လက်ပိုက်၍သာ မတုန်မလှုပ် ရပ်ကြည့်နေသည်။ တစ်ချက်တစ်ချက် လေရှေ့၌ မီးခိုးများ၊ အနံ့များ သူ့ဘက်ရောက်လာမှ လက်ကိုင်ပဝါဖြူနှင့် နှာခေါင်းကို ပိတ်သည်။

ချိုချိုမှာ ခေါ်၍မရမှန်းသိတော့မှ သူ့ဘေးတွင်ရပ်ကာ မျက်နှာကို လက်ကိုင်ပဝါနှင့်အုပ်ပြီး ရှိုက်နေလေသည်။

သုသာန်စောင့်ကျေးငှက်တစ်အုပ်သည် လန့်ကာ လယ်ကွင်းဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



ပုံသန်းသွားကြလေပြီ။ မန်ကျည်းရွက်တို့က × ‹ ကြွပ်ကြွပ်ကြွေကျလျက်.လေသည် တစ်ခါတစ်ခါမှသာ ညင်သာကာ နောက် ဆင်ခြံသက်၍ တိုက်နေလေသည်။

အနံ့များမှာ လေသင့်သဖြင့် လှည့်လာပြန်လေရာ ချိုချိုလည်း မနေနိုင်တော့ဘဲ တစ်ဖက်သို့ ပြေးသွားရသည်။ တော်တော်လှန်းလှမ်း အကိုင်းများ ကွေးကျနေသော မန်ကျည်းပင်အိုကြီးတစ်ပင်အောက်၌ ရပ်ကာ–

'ပြန်ကြပါစို့ကွယ်... ပြန်ကြပါစို့ကွယ်'

ဟု အော်ခေါ်နေသည်။

လေတဝေါဝေါတိုက်သံ၊ မီးလျှံတို့၏ တဟုန်းဟုန်းအသံ၊ တဖျစ်ဖျစ်မြည်သံများအကြားမှ ချိုချို၏ အော်ခေါ်သံမှာ သဲ့သဲ့သာ ထွက်လာသည်။ အတန်ကြာလျှင် ယောကျ်ားပျိုလည်း၊ အနံ့မခံနိုင်သဖြင့် ချိုချိုရှိရာသို့ပင် ပြေးသွားကာ နေရပြန်သည်။

တဖျစ်ဖျစ်မြည်သံများ ထန်ပြင်းလာပြန်ကာ ကုန်းကြူလာ၍ တူရှင်းနှင့် ရိုက်ကြရသည်။ မီးလျှံများကြားထဲမှ ခန္ဓာကိုယ်သည် တဖြည်းဖြည်း ရှုံ့တွတွန့်လိမ်ကာ ရုပ်ပျက်လေပြီ။ ခြေထောက်တစ်ဖက်မှာ ကုန်သလောက် ပင်လောင်ကျွမ်းသွားလေပြီ။

ချိုချိုက လေကြောင်းပြောင်းသွားမှ တစ်ဖန်ပြန်လာပြန်ကာ အနားသို့ ကပ်လျက်...

'မစောလင်းရယ် ပြန်ရအောင်ပါကွယ်၊ ဒီလောက်တောင်လည်း သံယောဇဉ်တွယ်မနေပါနဲ့ နောက်ပြီး ဒါမျိုးကို အစအဆုံးကြည့်ကောင်းတာလည်း မဟုတ်ပါဘူး။ လာပါကွယ်'

ဟု လက်တစ်ဖက်ကို အသာကိုင်ကာ ပြောနေလေသည်။

လက်ကိုပင် ပြန်၍မဆုပ်။ မျက်စိပေါ်သို့ ဝဲကျလာသော ဆံပင်များကို





မသပ်ပစ်။ ကိုယ်ဟန်အနေအထားကို မပြင်။ ယခင်က ထိုင်နေရာကအတိုင်း ပေါင်နှစ်လုံးထပ်ကာ တင်ပါးလွှဲချိတ်လျက်ပင်။

'ဒီမယ် ဆရာကြီး သနပ်ခါးတုံး ထပ်ထည့်ပါဦး'

ဟုပင် စျာလများကို နှိုးဆော်ကာ အပါးမှ သနပ်ခါးတုံးတစ်တုံးကို မီးလျှံထဲသို့ ပစ်ထည့်လိုက်သေးသည်။

ချိုချိုကမူကား ရုပ်ပျက်ဆင်းပျက်သည့် သဏ္ဌာန်များကို မကြည့်ရဲသည့် အတွက် တစ်ဖက်သို့ မျက်နှာလွှဲနေသည်။

အခိုးများသည် ရှေ့သို့တိုး၍ ရှည်လျားလာလေပြီ။ မိုးမောက်ကာ အချွန်အတက်များသော ဂူတို့မှာ အခိုးထိုးထွက်လာကြသည်။ ထူထပ်သော မန်ကျည်းပင်များရှိသည့် နေရာတွင်ကား အမှောင်သည် ရောက်လာလေသည်။ မီးခိုးတွေလည်း အလိပ်လိပ်တက်ကာ အမှောင်နှင့် ရောနှောသွားကြသည်။

လေသည် စောစောကလောက် မထန်ပြင်းတော့။ ညနေစောင်း၍ ညင်းညင်းညှံ့ညှံ့တိုက်ဟန်ရှိသည်။ အလောင်းကိုမြိုက်နေသောမီးလည်း စောစောကလောက် တဟုန်းဟုန်းမတောက်တော့ဘဲ အရှိန်လျော့ကာ ဖျစ်ဖျစ်သံကို တိုးစေသည်။

'ပြန်ကြရအောင်ကွယ်၊ ကိုသက်ရင်လည်း ချိုချိုတို့ကို စောင့်နေတယ်'

ဟု ချိုချိုက ထပ်ခေါ်ပြန်သည်။

'ပြီးပါတော့မယ် ချိုချိုရယ်၊ အခုံးသတ်ရုံကို ကိုယ် သေသေချာချာ တပ်အပ်တွေ့ချင်လွန်းလို့ပါ'

ဒါပဲပြောသည်။ ပြောသံတွင် ငိုသံမပါ၊ ရှိုက်သံလည်းမပါ။ တုန်ယင်ခြင်းမပါ၊ ပကာတိ အသံတွင် နည်းနည်းပျော့ပျောင်းခြင်းနှင့် ငြိမ်သက်တည်ကြည်စွာ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မီးလျှံသည် ပါးလာတော့သည်။ တောက်စရာ လောင်မြိုက်စရာမရှိတော့၍ တဖျစ်ဖျစ်အသံမမြည်တော့။ ယခင်စောစောက မြင်ရသေးသော လူရုပ်သဏ္ဌာန်သည် ယခုရှာမရတော့ပြီ။ မည်းမည်းကျန်တော့သည်။ အရိုးတို့မှာ ပြာထဲတွင်မြုပ်ကာ နေပေမည်။

မီးအတောက်နည်း၍ မီးခိုးများ သေသလောက်ရှိသွားသောအခါ အကျီမပါသော အသားမည်းမည်းစဏ္ဍာလက တူရွင်းကိုကိုင်ကာ အပါးသို့ ရောက်လာပြီး...

'အရိုး ဘယ်တော့ကောက်မလဲ၊ ကျုပ်တို့ကောက်ထားလိုက်ရမလား'

ဟု မေးသည်။

'မနက်စောစော လာယူမယ်၊ အဲဒီအိုးသစ်ထဲက ဆုန်းရေထဲမှာစိမ်ပါ'

စဏ္ဍာလနှစ်ယောက်သည် ပြာပုံဘေးတွင်ရပ်ကာ တီးတိုးတိုင်ပင်နေကြရာမှ...

'ဟုတ်ကဲ့ ရပ့်မယ် လာယူပါ'

ဟု ဖြေသည်။

လေက ဝှေလာပြန်ရာ၊ ပြာတို့သည် အထက်သို့လွင့်တက်ကြသည်။ ပြာပုံထဲမှ အရိုးများပေါ်လာသည်။

သစ်ငုတ်တိုမှထသည်။ မီးလျှံများကုန်သည်အထိ ရပ်စိုက်ကြည့်နေပြီးမှ...

'ပြန်မယ်'

ဟု တစ်ခွန်းဆိုကာ သုသာန်အဝသို့ မျက်နှာမူကာ လျှောက်လာလေသည်။ လမ်းတွင် စကားမပြောကြ၊ အတုံးအရုံး လဲလျောင်းနေသော ဂူများကို ဖြတ်သန်းလာကြသည်။ ခွေးတစ်ကောင်သည် လူသံကြား၍ ဂူ





ပြားပြားတစ်ခုမှ ပြေးထွက်ကာ မှိုမောက်သည့်ဂူကြီးတစ်ခုသို့ကပ်လျက် ကွယ်လိုက်သည်။

သုသာန်ဇရပ် တံစက်မြိတ်အစွန်းသို့ရောက်သောအခါ မစောလင်းက–

'ဩော်... ဆုံးရပြီနော်... ဆုံးရပြီ'

ဟု ရေရွတ်လိုက်သည်။

ချိုချိုက မစောလင်း၏လက်တစ်ဖက်ကို ဆုပ်ကိုင်ထားသည်။ ငိုရှိုက်ရလွန်းသဖြင့် ချိုချို၏မျက်နှာမှာ နီနေကာ မျက်လုံးတို့မှာလည်း မို့လျက်ရှိလေသည်။ မစောလင်း၏မျက်နှာမှာမူကား ချိုချိုကဲ့သို့ နီရဲခြင်းမဖြစ်၊ မျက်လုံးမှာ မို့မနေ၊ သို့သော် ဆံပင်တို့မှာသာ လက်နှင့်သပ်မတင်သဖြင့် ဖွာကြဲကာ မျက်နှာပေါ်သို့ ဝဲလွင့်ကျနေလေသည်။

ယောကျ်ားမျိုးက ရှေ့နှစ်လံကွာလောက်မှာကာ လျှောက်သွားသည်။

သုသာန်ဇရပ်ကြီးမှ ထွက်ခဲ့၍ ယိုင်နဲ့နေသော ဇရပ်ဟောင်းအပျက်တစ်ခုသို့ ရောက်သောအခါ မစောလင်းက ဟိုဟိုသည်သည်ကြည့်ကာ...

'ဒေါ်လေးတို့ကော'

ဟု မေးသည်။

ချိုချိုက ပြန်၍လှည့်ကြည့်လျက်...

'ပြန်ထွက်သွားကြပါပကော၊ မီးစရှို့ကတည်းက လေစွတ်တိုက်နေတာနဲ့ အန့်က မခံနိုင်အောင်ဆိုးရွားလွန်းလို့ ပြန်သွားကြတယ်လေ၊ မစောလင်းကိုလည်း အော်အော်ခေါ်လိုက်ကြတာ'

'မကြားမိဘူး'

ဟု မစောလင်းက ဖြေသည်။

'သူတို့ စောင့်နေကြသေးတယ်၊ အန့်က ဇရပ်ထဲကို စွတ်ဝင်နေတာ၊



www.burmeseclassic.com

www.burmeseclassic.com



မစောလင်းလည်း ခေါ်လို့မရ အနှီကသိမ်ခိုးတာနဲ့ ပြန်သွားကြတယ်၊ ချိုချိုကသာ မနေနိုင်တာနဲ့'

သုသာန်တစ်ပြင်လုံးမှာ အမှောင်ရိပ်များဖြင့် ယှက်သန်းလျက်ရှိလေသည်။ မိုးသည် ရုတ်ခြည်းအုံ့လာရာက လေသည် ဝှေ့သုတ်လာပြီး မိုးဖွဲများပင် ကျလာလေပြီ။

ဂူတို့မှာ အဝင်ရောက်သောအခါ ပို၍ထူထပ်လာသည်ဟု မှတ်ရသည်။ ဂူပြားပြားကလေးမှာ နေရာချင်းမလပ်အောင်ပင် ကပ်နေကြသည်။ ကွင်းအက်ကျသော မြေကွက်တွင်ကား မြင့်သောဂူများရှိကြသည်။ အားလုံးမှာ ဖြူဖွေးပြင်ဆင်ခြင်းကင်းမဲ့သဖြင့် ရေညှိမှော်၊ မြက်ပင်၊ ပေါင်းပင်တို့ဖြင့် တွယ်ကပ်ကာ မည်းနေကြလေသည်။

မိုးသည် ဖွဲရာမှ ဖြိုးခနဲ စိမ်လာလေပြီ။ နေလည်း ရုပ်သိမ်းသွားခြင်းမရှိဘဲသူ၏ရွှေရောင်ကို ထိုးရိုက်ထင်လျက်ရှိရာ၊ မိုးရေတို့၏သဏ္ဌာန်မှာ တလက်လက်နှင့် ဝင်းတောက်လျက်ရှိသည်။

ယောက်ျားမို့က သုတ်သုတ်၊ သုတ်သုတ်နှင့် သုသာန်တံခါးပေါက်ကို ရောက်အောင် သွားသည်။ ချိုချိုက လက်ကိုင်ပဝါကို ခေါင်းပေါ်ဖြန့်တင်ထားသည်။ မိုးသည် မထင်ရဘဲ ရွာကိုချလာသည်။ သို့သော် နေရောင်ကလည်း ထိုးရိုက်လျက်။

မစောလင်းက ဘာမှမဖြစ်သလို လျှောက်လာသည်။ မိုးရေကိုမှာမိုးသဖြင့်ခြေကို သုတ်သုတ်လည်းမလျှောက်။ ခေါင်းပေါ်၌လည်း ဘာမျှမတင်၊ ချိုချိုသည်...

'မိုးရွာလာပြီ'

ဟု နှုတ်မှဆိုကာ လမ်းမပေါ်သို့ရောက်အောင် ပြေးသွားသည်။





လမ်းမတွင်ကား ထူထပ်သော မန်ကျည်းပင်အုပ်ကြီးမှာ အပေါ်တွင် မိုးထားသဖြင့် တော်တော်တန်တန်မိုးဆိုလျှင် မစို၊ ယောက်ျားမို့ကား လမ်းမမှရပ်စောင့်ရင်း ရေတင်နေသော အပေါ်အင်္ကျီကို လက်နှင့်တောက်ပစ်လျက်ရှိသည်။

မစောလင်းသည် ဣန္ဒြေရရှာပင် မိုးရေထဲ၌ လမ်းလျှောက်လာသည်။

'မစောလင်းတော့ မိုးရေမိပြီး အအေးမိတော့မှာပဲ'

ဟု သူ့ဘေး၌ ယောက်ျားမို့အား ပြောနေလေသည်။

မစောလင်း အနားကပ်လာသောအခါ...

'ကြည့်စမ်း၊ မိုးရေတွေရွှဲကုန်ပါပကော၊ ခေါင်းမှာလည်းစိုလို့၊ အအေးမိလိမ့်မယ်၊ အင်္ကျီတွေလည်း ရွှဲနေတာပါပဲလား'

ဟုဆိုကာ လက်ကိုင်ပဝါနှင့် ခေါင်းကိုသုတ်ပေးနေသည်။

တို့သုတ်ပေးရင်းလည်း နှုတ်က...

'မစောလင်းက သိမ်ခက်တာကို၊ သိမ်ပေတာပဲ'

ဟု ပြောနေသည်။

'ကဲ... ပြန်ကြရအောင်ကွယ်'

မစောလင်းက ဘာမှပြန်မပြောဘဲ လမ်းဘေးသစ်ပင်အောက်တွင် ဆိုက်ထားသော ကားအပြာကြီးပေါ်သို့တက်သည်။ ယောက်ျားမို့က ရှေ့က ဝင်ထိုင်သည်။

မိုးမှာသည်းမလာဘဲ တန့်နေပြန်လေသည်။

ကားသည် ဖုထစ်များပြွမ်းနေသော သုသာန်လမ်းမှကွေ့ကာ ပြည်လမ်းပေါ်သို့ တက်လေပြီ။ တောင်ဘက်သို့ကားကိုချိုးလိုက်ရာ မစောလင်းက

'ဟော့... အိမ်မပြန်နဲ့ ချိုချိုတို့ကို လိုက်ပို့ရမယ်'



www.burmeseclassic.com

www.burmeseclassic.com



ဟု ကားမောင်းသူအားဆိုမှ ကားမှာ အရှိန်သတ်သွားသည်။

'ဟင့်အင်း... ချိုချို အိမ်မပြန်သေးဘူး။ မစောလင်းနဲ့အတူလိုက်မယ် လေ။ ညကျမှပဲ ပြန်မယ်။ ကိုသက်ရင်သာ လိုက်ပို့ပေးပါ'

ဟု ချိုချိုက ပြောလေသည်။

'ကိုသက်ရင်က ပြန်မယ်မဟုတ်လား'

ဟု နောက်သို့ငွေကာ လှည့်ကြည့်လိုက်သော ကိုသက်ရင်အား လှမ်းမေးလိုက်သည်။

'ချိုချို နေရစ်မလား။ ကိုယ့်ကိုတော့ ဆေးရုံကြီးထိပ်မှာ ချထားခဲ့ပါ'

ဆေးရုံကြီးထိပ်သို့ ရောက်သောအခါ ကားရပ်ပေးသဖြင့် ကိုသက်ရင် ကားတံခါးဖွင့်ပြီး 'သွားပါဦးမယ်'ဟု မစောလင်းတို့အား နှုတ်ဆက်သည်။

'ဟုတ်ကဲ့ရှင်... ကျေးဇူးအများကြီးတင်ပါတယ်'

ဟု မစောလင်းက ပြန်နှုတ်ဆက်လေသည်။

ချိုချိုက ကားမှန်တံခါးမှ ခေါင်းပြူကာ...

'ကိုသက်ရင် မနက်လာဦး မလား'

'အင်း... မနက်တော့ အားမှာမဟုတ်ဘူး။ ညနေဘက်'

ဟု ပြုံးကာ ပြောသည်။

ကားလည်း ထွက်ခဲ့လေသည်။

မစောလင်းက စကားမပြော။ ချိုချိုမှာ မစောလင်း၏ လက်ကိုဆုပ်ကိုင် ထားသည်။ မိုးလည်းစဲသွားပြီ။ တရုတ်တန်းဘက်တွင် ကားလမ်းမှာ ရေပင်မစို။ မိုးရေ တစ်စက်မှမကျသလို ခြောက်သွေ့လျက်ပင် ရှိသည်။ မိုးက နည်းနည်းအုံ့နေသည်။

သိမ်းကြီးဈေးသို့ရောက်သောအခါ မစောလင်းက...





'ကားခဏရပ်ဦး။ သစ်သီးတန်းဝင်ဦးမယ်'

ဟု ဒရိုင်ဘာအား ပြောလိုက်သည်။

ပန်းသီးနှင့် ဂုက်မျှော်သီးများ ရကာဝယ်ကြပြီးမှ ပြန်ထွက်လာသည်

'ပန်းသီးပဲ စားချင်တယ်၊ ထမင်း တယ်မစားချင်ဘူး'

'ဘာစားချင်မလဲ၊ အနံ့တွေရှုထားတာ နည်းမှမနည်းဘဲကိုး'

ဟု ချိုချိုက ပြောသည်။

'ဟုတ်ပါရဲ့၊ ဖက်တွေတောင် လေးလာတယ်'

ကားသည် ကုန်သည်လမ်းဘက်သို့ချိုးကာ သော်မသဝင်လမ်းဆီသ

အပြေးမောင်းသွားလေသည်။ ကားပြန်ပြန်မောင်းမှ မစောလင်းကြိုက်သည်က

ဒရိုင်ဘာက နားလည်သည်။

စိန်းပန်းပင်မှ နိရဲသောအပွင့်များသည် ဖူးချွန်နေကြလေပြီ။ ကားသည

သော်မသဝင်ရိပ်သာရှိ တိုက်ဝါတစ်တိုက်ရှေ့၌ ထိုးရပ်လိုက်သည်။ တိုက်အော

ထပ်တွင် ရွှေစာလုံးနှင့် လှပခံ့ညားသော ဆိုင်းဘုတ်ကို ထင်ထင်ရှားရှားမြင်ရသည

'လင်းဆေးတိုက်'

မစောလင်းသည် မော်တော်ကားပေါ်မှဆင်း၍ တိုက်တံခါးဝရုတ်န

၌ အထက်အောက်ကပ်ထားသော ဆိုင်းဘုတ်ပြားနှစ်ခုအနက် အပေါ်ထပ

ရေးတင်ဆီသုတ်ထားသော ဆိုင်းဘုတ်ကလေးကို အသာဖြုတ်ကာ လက်ထ

ကိုင်၍ သေးရှိလှေကားမှ အပေါ်သို့တက်သည်။ ချိုချိုက ဘာမှမပြော

သူ့နောက်မှကပ်၍ တက်လိုက်သွားသည်။

မစောလင်းသည် ဆိုင်းဘုတ်ကို ရင်ခွင်ယှိက်ကာ ကိုင်လာ

'ဒေါက်တာ ဦးလင်း'ဟူသော စာလုံးတွေကို ဖတ်နိုင်လေသည်။

ဆေးတိုက်ရှေ့မှ ဖြတ်လျှောက်သွားသော လူကြီးတစ်ဦးက။ ခေတ္တရ



www.burmeseclassic.com

www.burmeseclassic.com



ကာ တွေဝေနေပြီး ဆိုင်းဘုတ်ကိုကြည့်လျက်...

'ဩော် ဖအေကြီးဆုံးရှာတော့ သမီးတစ်ယောက်တည်း ကျန်ရစ်ပါကလား'

ဟု တိုးတိုးကလေးပြောလေသည်။

သူကြည့်နေသော ဆိုင်းဘုတ်ကား အညိုရောင်တင်ဆီပေါ်၌ စာလုံးအဖြူများဖြင့် ရေးထားသဖြင့် ပေါ်လွင်ဝင်းပလျက် ရှိပေသည်။

ဒေါက်တာ - မစောလင်း

အမ် - ဘီ - ဘီ - အက်စ်

* * *

[ ၂ ]

'လာကွယ်... ချိုချို အခန်းထဲသွားရအောင်'

ဧည့်ခန်းရှိ ဆိုဖာပေါ်တွင် ပစ်လှဲကာထိုင်နေရာမှ ချိုချိုလည်း အခန်းထဲသို့ ဝင်လိုက်သွားသည်။

မစောလင်းသည် အခန်းတစ်ဖက်သို့သွားကာ ပြတင်းပေါက်ကိုဖွင့်လိုက်သည်။ မှန်ပြတင်းဖွင့်သွားသော်လည်း အလင်းမှိန်စပြုပြီဖြစ်၍ သိပ်လင်းမလာ၊ အစိမ်းနုပေါ်တွင် အပွင့်အပွင့်များ၊ အခက်အခက်များ ခပ်မှိန်းမှိန်း ပြောက်ထားသော ခန်းဆီးကို ဖောက်ထွင်း၍ ကောင်းကင်ပြာလဲ့လဲ့နှင့် ပြတင်းကိုမိုးကာ ပေါက်နေသော သရက်ပင်အကိုင်းများကို ရေးရေးမြင်ရသည်။

မစောလင်းသည် မှန်တင်ခုံဘေးရှိ မီးပွင့်ကို ဖွင့်လိုက်သည်။

ချိုချိုက မထိုင်သေးဘဲ မှန်တင်ခုံပေါ်ရှိ အလှပြင်ပစ္စည်းများကို ကိုင်တွယ်ကြည့်ရှုနေလေသည်။ ၄၇၁၁ အော်စကာ အိုဒီကိုလုံးမှ ရေမွှေး။



www.burmeseclassic.com

www.burmeseclassic.com



ပေါင်ဒါ၊ နှုတ်ခမ်းဆိုးဆေး၊ တို့ပတ် အစ်ခွက်စသော ပစ္စည်းများကို တစ်ခုစီ ကိုင်ကာ ငေးမောနေသည်။ မှန်တင်ခုံအနားက တကြည့်တာမွဲပေါ်တွင် မီး အုပ်ဆောင်းနှင့် မီးတိုင်ရှိသည်။

တကြည့်တာမွဲနှင့်ယှဉ်လျက် ထောင့်ချိုးတွင်ကား စာအုပ်စင်ရှိလေးလုံး ရှိသည်။ စာအုပ်စင်ရှိတွင် အင်္ဂလိပ်ဆေးကျမ်း၊ လောကဓာတ်ပညာ စာအုပ် များအပြင် စာပေနှင့်ပတ်သက်သော စာအုပ်များလည်းရှိသည်။ စာအုပ်စင်ရှိ တစ်လုံးမှာ ထောင့်ချိုးတွင် ကပ်လျက် ကျန်နှစ်လုံးကား အချိုးအကျသို့ကျွေ သွားသည်။ မှန်တင်ခုံမှ မီးရောင်နှင့် စာအုပ်များ၏ ရွှေတာလုံးရောင် မှန် ရောင်တို့မှာ ဝိုးတဝါးလက်နေကြလေသည်။

မစောလင်းလည်း ထဘီကိုခေါက်ကာ ခုတင်ခြေရင်းရှိ သစ်သားတန်း ပေါ်သို့လှမ်းတင်ရင်း...

'ချိုချို လုံချည်လဲဦး၊ ညနေ စားသောက်ပြီးမှ ပြန်ရမှာ'

ဟု လှမ်းမေးနေသည်။

ချိုချိုက...

'ဟင့်အင်း... နေပါစေ'

ဟုပြောပြီး မှန်ခုံပေါ်က စိတ်စာစာရွက်ကို ဆွဲကြည့်ရင်းက

'မစောလင်းရေ ဒီညစ္စာ ဒီနေ့တက်ရမယ့် အစည်းအဝေး စိတ်တာပါလား'

မစောလင်းက ငေးကြည့်ကာ...

'ဘာအစည်းအဝေးလဲ'

ဟု မေးလိုက်သည်။

'ဆေးပညာ သုတေသနအသင်းကလေ၊ ဥမျှားပေါက်လာပုံကို ဒေါက်တာနန္ဒက ဆွေးနွေးမယ်ဆိုပါကလား၊ မစောလင်းက ဒီအသင်းမှာ





အမှုဆောင်လား ဟုတ်လား'

'ဒုတိယ ဥက္ကဋ္ဌလေ'

'အေးပေါ့... မသာကိစ္စရှိတော့ ဘယ်တတ်နိုင်တော့မလဲ'

ဟု ချိုချိုက သူ့ဘာသာသူပင် အဖြေရသွားကာ ပြောလေသည်။

'နောက်လ ဆွေးနွေးပွဲမှပဲ တက်နိုင်တော့မှာပဲ၊ ဆွေးနွေးပွဲတက်တယ် ဆိုရင် ဆွေးနွေးမယ့်အကြောင်းအရာတွေကို ကြိုတင်ပြီး လေ့လာထားရတာ၊ ဘယ်လိုပြဿနာတွေ ထွက်နေတယ်၊ ဘယ်အချက်အလက်က မရှင်းလင်း သေးဘူးဆိုတာတွေကို သိထားမှ ဆွေးနွေးမယ့်အစည်းအဝေးကျတော့ အသက်ဝင်တာ'

ချိုချိုသည် မစောလင်းခုတင်ပေါ်သို့ လာ၍ထိုင်သည်။

'မစောလင်းက သိပ်ပင်ပန်းခံနိုင်တာပဲ၊ ချိုချိုဖြင့် သိပ်အံ့တာပဲ၊ အစည်းအဝေးတွေလည်း တက်လိုက်သေး၊ ဆေးတိုက်လည်း လုပ်ရသေး၊ ဆေးတိုက် ဘယ်တော့ဖွင့်မလဲ'

မစောလင်းက ခေါင်းအုံးကိုပွတ်နေရင်း...

'မနက်ဖြန်ကာ စပြီး ဖွင့်မှာပဲ'

'နေပါဦးလား မစောလင်းရယ်၊ ရက်လည်ပြီးမှ ဖွင့်ပါလား'

'မဖြစ်ဘူးထင်တယ် ချိုချို၊ လူနာတွေကလား ဆေးတိုက်ကပိတ်ထား တော့ ပြန်ပြန်သွားကြမှာ သိပ်အားနာစရာကောင်းတယ်'

'ဒါကတော့ ကိုယ်ရေးကိုယ်တာ ကိစ္စကြောင့် ခေတ္တပိတ်ထားရတာမျိုး ကို၊ နောက်ပြီး မစောလင်းအတွက်လည်း အားရက်နားရက်သဘောမျိုးရ တာပေါ့၊ ဦးလေးလင်း မဟာနေတုန်းကဆိုရင်လည်း မစောလင်းတစ်ယောက် တည်း ဆေးတိုက်မှာ နေ့မရှောင်၊ ညမရှောင် လုပ်နေရတယ်မဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် အိမ်က အပေါ်ထပ်မှာမို့ တော်ပါသေးတယ်'

'ဒီလိုရှိတယ် ချိုချိုရဲ့၊ ဆေးတိုက်ဆိုတာက ဈေးဆိုင်လို အရောင်းအဝယ်လုပ်ငန်းမျိုးနဲ့ မတူဘူး။ ဈေးဆိုင်ဆိုရင် ပိတ်ထားရင် အရေးမကြီးဘူး။ ကိုယ်ဝယ်ချင်တဲ့ပစ္စည်း ဒီဆိုင်မှာ သွားဝယ်ရင်ရတယ်၊ အခု ဆေးတိုက်က ကိုယ့်လူနာတွေ ကိုယ့်ကိုအပ်ထားတဲ့ မကျန်းမာတဲ့ သူတွေဆိုတာ ကိုယ့်ကိုမှ ယုံကြည်တာ၊ ကိုယ်ပြုစုကုသတာမှ ခံချင်တာ၊ အဲဒီလို သဘောမျိုးရှိကြတာ၊ ဟိုဘက်လမ်းက အင်ဂျင်နီယာလင်မယားဆိုရင် ဒီပြင်ဆရာဝန်ဆီသွားတာ မဟုတ်ဘူး၊ မိုက်နာတာကအစ ကိုယ်တို့ဆေးတိုက်လာတာ'

'ဒါကတော့ ဟုတ်မှာပဲ၊ အိမ်ကဖေဖေဆိုရင်လည်း မစောလင်းတို့ ဖေဖေ့ဆေးမှ သုန္ဓတည့်သတဲ့'

ဟု ချိုချိုက ပြတင်းပေါက်သို့ငေးရင်း ပြောသည်။

'ဖေဖေ ဆရာဝန်လုပ်လာတာ နှစ်ပေါင်းကကြာပြီမဟုတ်လား။ ဖေဖေ့မိတ်တွေက အများကြီးပဲ၊ ဖေဖေ့ကို အင်မတန်ယုံကြည်တယ်. အားကိုးကြတယ်၊ အခု ဖေဖေမရှိတော့ပေမယ့် ဖေဖေ့ဆေးတိုက်ကို ဖေဖေရှိတုန်းကလို မကျန်းမာတဲ့သူတွေရဲ့ အားကိုးရာ၊ မှီခိုရာဖြစ်အောင် ကြိုးစားရမယ်'

ချိုချိုက ဘာမှုပြန်မပြောချေ။ အတန်ကြာငေးနေရာမှ...

'မစောလင်းက တစ်ယောက်တည်းရယ်၊ သိပ်ပင်ပန်းမခံစမ်းပါနဲ့၊ ကိုယ့်မှာ ရှားရှားပါးပါးထဲကမှ မဟုတ်ဘဲ၊ အိမ်နဲ့ရာနဲ့ ဘဏ်မှာလည်း ဦးလေးလင်းစုထားခဲ့တဲ့ငွေတွေ ကျန်ရစ်ခဲ့တယ် မဟုတ်လား'

'ကျန်ရစ်ခဲ့တာက ကျန်ရစ်ခဲ့တာပဲကွယ်... ကျန်ရစ်ခဲ့တယ်ဆိုတာကလည်း များများစားစားမဟုတ်ပါဘူး။ အပြင်ကမသိကြလို့သာ အထင်ကြီးနေတာ၊ ဖေဖေကလည်း ငွေရှာတဲ့လူစားထဲက မဟုတ်ပါဘူး။ အင်မတန်သနားတတ်





တာ၊ ရက်ရောတာပဲ ဒေါ်လေး သိတယ်မဟုတ်လား'

'အင်း'

'အဲ... ဒေါ်လေးသမီးနဲ့သားကို ဖေဖေက ကျောင်းထားပေးရတယ်၊ ဒေါ်လေးဆိုတာက ဦးလေးဆုံးကတည်းက အားကိုးရာမဲ့ ကျန်ရစ်ခဲ့တယ်မဟုတ်လား။ သမီးတစ်ယောက်၊ သားနှစ်ယောက်၊ သားအကြီးကငယ်ငယ်ကတည်းက မမာတာနဲ့ အလိုလိုက်ပြီး ကျောင်းမထားလို့ပေါ့။ သမီးအလတ်နဲ့ သားအငယ်ကို ကျောင်းစရိတ် ဖေဖေက ပေးနေရတာ။ ကျောင်းစရိတ်တင် မဟုတ်ပါဘူး။ ဒေါ်လေးတို့တစ်အိမ်လုံးစရိတ် ဆိုပါတော့ကွယ်၊ ဖေဖေကလည်း သူ့လိုအစ်ကို တစ်ယောက်သာ ဒေါ်လေးမှာ အားကိုးရာရှိတယ်ဆိုတော့ ပိုပြီးဂရုစိုက်တယ်၊ ဒေါ်လေးဆိုတာက ရိုးရိုး။ ဘာမှလုပ်တတ်ကိုင်တတ်တာလည်းမဟုတ်တော့ ဟော... ပြောရင်းဆိုရင်း အိမ်ရှေ့ကလား ဒေါ်လေးအသံနဲ့တူတယ်'

ခန်းဆီးကြားမှ ဒေါ်လေးပေါ်လာသည်။

'ဟဲ့... မစောလင်း... ဟယ် သုသာန်တုန်းက တို့ နှင့်နားမကပ်နိုင်ဘူး၊ အနံ့က သိပ်ပြင်းတာပဲ၊ ငါဆိုတာ ခေါင်းကိုက်ပြီး ခက်ခက်ရချည်ရဲ့အောက် မေ့တယ်၊ အော်အော်ခေါ်တာ မကြားဘူးလား'

ဟု မောကြီးပန်းကြီးနှင့် ပြောသည်။

'မကြားမိဘူး ဒေါ်လေးရယ်'

ဟု မစောလင်းက ငြိမ်သက်စွာဖြေသည်။

ချိုချိုကဝင်၍...

'ကျွန်မတို့လည်း သူ့နား မနေနိုင်ပါဘူး။ လေကြောင်းလွဲတုန်း သူ့လက်ကိုဆွဲပြီး ခေါ်တာပါပဲ၊ ဒေါ်လေးတူမက သစ်ငုတ်တိုကြီးပေါ်မှာ ကျကျနနထိုင်ပြီး မီးသဂြိုဟ်တာကို အစကအဆုံး ကြည့်နေတော့တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'မိန်းကလေးဆိုတာ ဒါမျိုးကြည့်ရတာ မဟုတ်ဘူး။ ဒေါ်လေးပြန်ရောက်တာ ကြာလှပြီ။ ညနေစာအတွက် ချက်ပြုတ်နေရင်းက စိတ်မရှုတာနဲ့ လာကြည့်တာ၊ စကားပြောသံကြားတာနဲ့'

'ချိုချို ဒီမှာစားမယ် ဒေါ်လေး'

ဟု မစောလင်းက သတိပေးလေသည်။

'အေးအေး ချိုချိုရယ် စားသွားပါ။ ဒေါ်လေး ထမင်းဟင်းချက်တာ သွားကြည့်ပေးလိုက်ဦးမယ်၊ စကားပြောရစ်ကြ'

ဒေါ်လေးသည် အခန်းဆီးကိုဖယ်ကာ အပြင်သို့ရောက်မှ…

'စားပွဲပေါ်က ပန်းသီးတွေက ဘယ်သူဝယ်လာတာလဲ'

ဟု အော်ကာ လှမ်းမေးနေသည်။

မစောလင်းက ချိုချိုကိုစိုက်ကြည့်ကာ…

'ဟော… ဟော့ မေ့နေလိုက်တာ'

ဟုပြောကာ တစ်ဖန်အော်၍…

'ဟုတ်တယ် ဒေါ်လေးရေ ကျွန်မဝယ်လာတာ၊ ပန်းသီးစိတ်ပြီး မြတင်ကို အပိုင်းလိုက်စပ်းပါနော်'

အမှောင်သည် အပြင်ဘက်တွင် ထွထပ်၍လာလေပြီ၊ မှန်ပြတင်းရှိ ခန်းဆီးရိပ်တွင်ကား ဘာမှ သဲသဲကွဲကွဲမမြင်ရတော့၊ ပြာမှောင်မှောင်သာ ထင်နေတော့သည်။

'ဒေါ်လေးတာဝန်ကို ကိုယ်ပဲယူရမှာပဲ ချိုချို၊ ဖေဖေရှိတုန်းကတော့ ဖေဖေပဲပေါ့၊ အခု ဖေဖေမရှိတော့ ကိုယ့်တာဝန်ဖြစ်လာပြီ၊ တကယ်ဆိုတော့ ချိုချိုရယ် ဖေဖေလုပ်ခဲ့တာတွေကို ကိုယ်က ဆက်ခံရမှာပဲ'

ချိုချိုက မွေ့ရာပေါ်တွင် လက်နောက်ပြန်ထောက်ကာ…





'ဆေးတိုက်ကို မစောလင်းတစ်ယောက်တည်း နိုင်ပါ့မလား။ ဦးလေးလင်းရှိတုန်းကတော့ ဟုတ်တာပေါ့၊ ဆေးခန်းက ကိုတင်စိန်ကလည်း ဦးလေးလင်းနဲ့ သိပ်ဖက်မိတာ၊ ဦးလေးလင်းတပည့်အရင်းဆိုတော့ စိတ်ချရတယ်နော်'

'ဟုတ်တယ်၊ ကိုတင်စိန်က ဆေးတိုက်ဖွင့်ကတည်းက ဖေဖေနဲ့ လုပ်လာတာဆိုတော့ လုပ်သက်နဲ့ကို အတော်နားလည်နေပြီ'

'အခု… မစောလင်းနဲ့ကော'

'ဆေးစပ်တဲ့ဘက်ကတော့ စိတ်ချရပါတယ်၊ ဖေဖေရှိတုန်းကတော့ ဖေဖေသွားတိုင်းလည်း လိုက်သွားတတ်တယ်၊ တော်တော်တန်တန် လူနာအကဲကို သူလည်းနားလည်နေတာပဲ၊ အတွေ့အကြုံကများတော့လည်း သဘောပေါက်လာတာပေါ့'

'မနက်ဖြန်ပဲ ဆေးတိုက်ဖွင့်တော့မယ်ဆိုတာတော့ နေပါဦးလေ၊ မစောလင်း၊ သိပ်ပင်ပန်းမှာကိုပြောတာ၊ နေလိုက်ဦးနော်'

ဟု ချိုချိုက တောင်းပန်သည်။

'ဆေးတိုက်အလုပ်ဆိုတာက ပင်ပန်းတာ မပင်ပန်းတာကို ကြည့်လို့ ဘယ်ဖြစ်ပါ့မလဲ ချိုချိုရဲ့၊ လူနာတွေရဲ့ ကျန်းမာမှု၊ အများရဲ့ ကိုယ့်ကိုအားကိုးယုံကြည်မှုကိုကြည့်ရတဲ့ အလုပ်မျိုး။ နောက်ပြီး ဖေဖေရဲ့ ဆေးလုပ်ငန်းကြီးကိုလည်း ကိုယ်က ဆက်လက်ပြီး လုပ်ချင်တယ်။ ဖေဖေက ဆေးပညာကို သိပ်စိတ်ဝင်စားတယ်၊ ဆေးကျမ်းတွေဖတ် လက်တွေ့လည်းလုပ်၊ အဲသလို လုပ်တာ၊ အဲဒီတော့ ဖေဖေနဲ့ကုတဲ့လူဆိုရင် ပျောက်တာများတာပဲ၊ ဒါကြောင့်မို့လည်း ဖေဖေ နာမည်ကောင်းတာ'

'ချိုချိုကတော့ မစောလင်းပင်ပန်းမှာ မကြည့်ချင်လို့ပါ မစောလင်းရယ်

www.burmeseclassic.com



'ပင်ပန်းပါစေ ကိစ္စမရှိပါဘူး ချိုချိုရာ၊ ကိုယ်ကတွဲလှူနာ ရောဂါဝေဒနာ ပျောက်ကင်းသွားရင် ပင်ပန်းရှုန်းတောင် သတိမရပါဘူး။ စိတ်က ပျောက်ပါစေ၊ ပျောက်ပါစေလို့ စောင့်နေတာကို။ ဖေဖေဆိုရင် သာပြီးကြင်နာတဲ့စိတ်က များသေးတယ်'

'ဦးလေးလင်းတုန်းက ကိုတင်စိန်နဲ့ အကူအညီလည်းရတယ်၊ နောက်ပြီး မစောလင်းက ရှိတယ်မဟုတ်လား'

ဟု ချိုချိုက ပြောသည်။

'ဖေဖေ မဟာနေတုန်းက ကိုယ်တစ်ယောက်တည်းပါပဲကွယ်၊ ဖေဖေ့ကိုကြည့်တဲ့ ဒေါက်တာလူစိုးက ရရိုက်ပေလို့ပေါ့၊ ဖေဖေကလည်း မဟာလျက်က သမီး လူနာတွေအပေါ် ဝတ္တရားမပျက်စေနဲ့နော်... လို့ အမြဲတမ္မ သတိပေးနေတာပဲ'

'ဦးလေးလင်းလို ဆရာဝန်မျိုးကတော့ မရှိသလောက်ပါပဲရှင်၊ သူက လူတွေရဲ့ကောင်းကျိုးချမ်းသာကို တကယ်ကြည့်တာပဲ'

အတန်ကြာ ငြိမ်သက်သွားကြပြန်သည်။

'ကိုယ်လည်း နေတတ်တာမဟုတ်ဘူး၊ ကိုယ့်မျက်စိအောက်မှာ အလူးအလဲခံနေတာတွေ ရှိရင် သက်သာတဲ့အထိ စောင့်လုပ်ပေးရမှ'

ဟု မစောလင်း ပြောသည်။

ပန်းသီးများစိတ်ပြီးသား ပန်းကန်နှင့်လာချ၍...

'ချိုချိုရေ လုပ်ဟော့ ကိုယ်တော့ စားချင်တယ်'

ဟုဆိုကာ ပန်းကန်ကို ချိုချိုဘက်သို့ပေးရင်း မိမိလည်း တစ်စိတ်ယူစားလိုက်လေသည်။

ချိုချိုက အသာယူစားရင်း...





'အရွှေ့နီးသားပဲ'

ဟု ပြောနေသည်။

'ရှေ့လျှောက် ချိုချိုရယ် တာဝန်တွေများလာပြီ ဒေါ်လေးတို့သားသမီးတစ်စုကို ဖေဖေတာဝန်ယူခဲ့သလို တာဝန်ယူရလိမ့်မယ်'

ဟု ပန်းသီးကိုက်ပြီး ဝါးရင်းစားရင်းနှင့် ပြောလိုက်သည်။

'ချိုချိုပြောတာက ဒီလိုပါ၊ မစောလင်း သိပ်ပြီး နေ့ရောညရော တစ်ယောက်တည်း ဖိလုပ်နေမှာကိုသာ စိုးတာပါ၊ မစောလင်းက စမိရင် နောက်ပြန်လှည့်ကြည့်တော့မှာ မဟုတ်ဘူး၊ တော်ကြာ သိပ်ပင်ပန်းပြီး...'

'ချိုချိုက ပူတတ်ရန်ကော'

ဟုဆိုကာ မစောလင်းက ပြုံးရယ်နေသည်။

'အကူတစ်ယောက်တော့ လိုမှာပဲထင်တယ်'

ဟု မစောလင်းက ညည်းသလို ပြောလိုက်သည်။

'ဟုတ်သားပဲဟုတ်တယ်၊ လက်ထောက်ဆရာဝန်တစ်ယောက်တော့ ထားပါ မစောလင်းရယ်၊ ဒါမှ မစောလင်းလည်း သက်သာမယ်၊ ဟုတ်ပါရဲ့ ချိုချိုပြောဖို့ မေ့နေတယ်'

'ဆေးတိုက်ကို စီမံအုပ်ချုပ်ပေးဖို့က ရှိသေးတာကို။ ဖေဖေရှိတုန်းက ဆိုရင်လည်း စာရင်းအင်းအဝင်အထွက် ဆေးတိုက်အုပ်ချုပ်မှုတွေကို ကိုယ်ပဲကိုင်ထားတာပဲ၊ ဖေဖေက ဒါတွေဘာမှပြန်မကြည့်ဘူး။ ဆေးပေးဖို့ ဆေးကုဖို့သာ ဖေဖေကအာရုံပြုတာ၊ ဆေးတိုက်အုပ်ချုပ်မှုက ကိုယ့်လက်ထဲမှာပဲ'

'ဒီလိုဆိုရင်လည်း မစောလင်းဆေးတိုက်မှာ လက်ထောက်ဆရာဝန်တစ်ဦး အလိုရှိကြောင်း သတင်းစာထဲမှာ ကြော်ငြာထည့်လိုက်ပါလား... ဘယ့်နှယ်လဲ'



www.burmeseclassic.com

www.burmeseclassic.com



မစောလင်းက စဉ်းစားကြည့်မိဟန်ဖြင့်...

'ကောင်းသားပဲ'

ဟု ဖြည်းဖြည်းပြောသည်။ အတန်ကြာမှ...

'စိတ်ကူးပေါက်သားပဲ'

ဟု ဆက်ပြောရင်း ပြုံးရယ်နေသည်။

'စိတ်ကူးကောင်းလို့ မဟုတ်ပါဘူး။ သတင်းစာတွေထဲမှာ အလိုရှိကြောင်း ကြော်ငြာတွေထည့်တာ သတိရလို့ပြောရတာပါ။ လက်ထောက်ဆရာဝန် အလိုရှိကြောင်း ထည့်ပေါ့'

'နေပါဦး ချိုချိုရဲ့၊ လက်ထောက်ဆရာဝန်ရယ်လို့ ခေါ်လို့ဖြစ်ပါ့မလား။ ကိုယ့်လက်အောက်ရယ်လို့ လုပ်လို့ကော ဘယ်ဖြစ်ပါ့မလဲ၊ ကိုယ်က အမ်ဘီဘီအက်စ်အောင်တာကမှ သုံးနှစ်လောက်ရှိသေးတာ၊ ကိုယ့်ထက်လုပ်သက်ရင့်တဲ့ ဆရာဝန်ရရင်လည်း ကောင်းတာပေါ့'

ဟု မစောလင်းက စဉ်းစဉ်းစားစား မျက်နှာထားနှင့် ပြောလေသည်။

'ဒါလည်း ဟုတ်တာပဲနော်၊ ဆရာဝန်တစ်ယောက်ထားရတယ်ဆိုတာလည်း လွယ်တာမဟုတ်ဘူး'

'ဟုတ်တယ် မလွယ်ဘူး။ ဖေဖေရှိတုန်းကတော့ ကောင်းတယ်၊ ဖေဖေက ခေါင်းဆောင်ဦးစီးပြီး လုပ်တာ၊ ကိုယ်က လိုတာမှဝင်ဖြည့်၊ နောက်ပြီး ကုထုံးကုနည်းတွေလည်း ဖေဖေ့ဆီက အင်မတန် အဖိုးတန်တွေရတာ၊ အမ်ဘီဘီအက်စ် အောင်ပြီး ဆေးရုံကြီးမှာ တစ်နှစ်လုပ်ပြီး ဖေဖေ့ဆေးတိုက်ရောက်တာပဲ'

'ဒါပေမယ့် အကူဆရာဝန်တစ်ယောက် မရှိရင်တော့ မဖြစ်ပါဘူး။ မစောလင်းတစ်ယောက်တည်းနဲ့ မဖြစ်ပါဘူး။ ချိုချိုတော့ မကြိုက်ဘူးလေ၊





ဆေးပေးတဲ့ဘက်မှာ၊ ဆေးကုတဲ့ဘက်မှာ ဖြစ်တယ်ထားဦး နေ့ရောညရော ဆေးတိုက်မှာရော၊ အပြင်ထွက်ပြီး လိုက်တာရောပါဆိုရင် မစောလင်း သိပ်ပင်ပန်းနေမယ်၊ မိန်းမသားချည်းဆိုတာ နေရာတိုင်းလည်း တတ်နိုင်တာ မဟုတ်ဘူး ဟုတ်လား၊ ဦးလေးလင်းရှိနေစဉ်ကတော့ အစစအရာရာ တင့်တယ်တာပေါ့'

'ကိုယ့်တစ်ယောက်တည်းလည်း ဖြစ်ပါတယ် ချိုချိုရယ်၊ ဘာလို့ မဖြစ်ရမှာလဲ ချိုချိုရဲ့၊ မိန်းမသားကော ဘာဖြစ်သလဲ'

ရေဒီယိုမှပင် လာလေပြီ၊ တစ်ဖက်အိမ်မှ ဖွင့်လိုက်သော တေးသံသည် သဲ့သဲ့မျှ ပေါ်ထွက်လာလေသည်။

တစ်ကိုယ်ရေတွေး၊

ဆွေးနေမရှင်

ရော်ကာရမ်း ခန်းစက်ရာတွင်

မျက်တောင်ကလေးယှက်

ဖူးလက်တင်

ပေါ်မယ့်သူပင်...

'ဒါလေးတော့ ကိုယ်နဲ့လာနေမှာပဲ'

ချိုချိုက ကျန်နေသော ပန်းသီးစိတ်တစ်ခြမ်းကို စားလိုက်သည်။

'ကောင်းတာပေါ့၊ အဖော်တော့ရှိမှဖြစ်မှာပေါ့၊ အခု ဦးလေးလင်းမရှိဘူးဆိုတော့ ဒါလေးနဲ့နေတာ ကောင်းတယ်'

'ဖေဖေနဲ့နေရတာ အင်မတန်လွတ်လပ်တာ၊ ဖေဖေနဲ့ ကိုယ်နဲ့က တစ်ယောက်နဲ့တစ်ယောက် သိပ်နားလည်ကြတာ၊ မေမေဆုံးပြီးတော့ ကိုယ့်ကို သက်ညှာပြီး မိန်းမတောင် ယူတာမဟုတ်ဘူး။ ဖေဖေနဲ့နေရတာ ပျော်လည်းပျော်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သမီးလေးကို သိပ်ချစ်ရှာတာ'

ချိုချိုက မစောလင်းကို သနားကြင်နာစွာ စိုက်ကြည့်ကာ နားထောင်နေသည်။

'တစ်ခုတော့ရှိတာပေါ့လေ၊ ကိုယ်ကလည်း ပြန်ပြီးသက်ညှာရတာလည်း ရှိတာပဲ၊ မေမေစိတ်မချမ်းသာအောင် ဘာမှမလုပ်ခဲ့ဘူး။ ကုန်ကုန်ပြောမယ် ချိုချိုရယ် အိမ်ထောင်ရေးမှာတောင် မေမေနဲ့မခွဲဘဲ ဒီဆေးတိုက်လုပ်ငန်းကြီးမှာ အတူနေမယ့်လူမျိုးမှ ယူမယ်လို့ စိတ်ပိုင်းဖြတ်ထားခဲ့တယ်'

မစောလင်းက ခုတင်မှထလိုက်ကာ...

'ကဲ... ကဲချိုချို ဆာလှရောပေါ့၊ ထမင်းစားရအောင်'

ချိုချိုကလည်း နေရာမှထလိုက်ကာ...

'ချိုချိုတော့ မစောလင်းအတွက် ပူကိုပူနေမိတယ်၊ မစောလင်းက ကိုယ့်ကိုယ်ကို ပူချင်ပူ မပူချင်နေ၊ တကယ်ပြောတာ သိလား။ မစောလင်း တစ်ယောက်တည်းနေတာလည်း မကြိုက်ပါဘူး'

'တစ်ယောက်တည်းနေတာ မကြိုက်လို့ ယောကျ်ားယူရမှာလား'

မစောလင်းက ခပ်ဆတ်ဆတ်မေးလိုက်သည်။

ချိုချိုက မစောလင်းလက်ကိုဆွဲကိုင်ကာ...

'ဒီလိုလည်း မဟုတ်ပါဘူးလေ၊ ချိုချိုက မစောလင်းဆေးတိုက်မှာချည်း နစ်မြုပ်ပြီး မနေစေချင်ဘူး။ ယောကျ်ားရတယ်ဆိုရင်လည်း ချိုချိုတို့နဲ့ ခင်မင်ရတော့မှာ မဟုတ်ပါဘူး'

'ဘာဆိုင်လဲ ချိုချိုရဲ့၊ ချိုချိုက ကလေးလိုပါပဲ'

ဟုဆိုကာ လက်ကိုဆွဲ၍ ထမင်းစားခန်းသွားကြမယ်ပြောလျက် ခေါ်သွားသည်။

* * *

[ ၃ ]

လရောင်သည် ယိုစီးဖြာကျလျက်ရှိလေသည်။

ပိတ်ထားသည့် မှန်ပြတင်းတွင် ညနေက တစ်ဖြိုက်ရွာချလိုက်သော မိုးကြောင့် ရေစိုလျက်ရှိသေးသည်။ လေက ငြိမ်ချက်သားကောင်းနေပြန်သောကြောင့် ရေအားလုံးမှာ လျှောကျ၍သွားခြင်း မရှိ၊ ပြတင်းမှန်သစ်သားပေါင်ကွက်ထောင့်စွန်းတို့၌ တွယ်ကပ်လျက်ရှိနေသေးသည် ဆိုရသော်လည်း များများစားစား ထုနှင့်ထည်နှင့်လည်း မဟုတ်လှပေ။

ကြည်လင်၍နေခဲ့သော မှန်သား၌ စိုစွတ်ရောင်ပြေးနေသည်သာဖြစ်သည်။ ရေစီးကြောင်း ထင်နေသောနေရာတွင် မှန်လဲ့လဲ့ဖြစ်နေကာ ရေစဉ်ကျလျှောဆင်းသွားသော မှန်သားကား ပွတ်တိုက်ထားသလို ကြည်လင်၍နေလေသည်။ ထိုအပေါ်သို့ လရောင် ထိုးရိုက်လိုက်သောအခါ ပပဝင်းလျက်ရှိနေလေသည်။

လရောင်ဝင်းနေသော ရေစီးကြောင်းတွေရှိသည့် မှန်ဘက်တွင်...



www.burmeseclassic.com

www.burmeseclassic.com



ပုလဲအမြိတ်ချထားသလို အောက်မေ့ရသည်။

လရောင်မှာကား ဒလဟောပင် စီးဆင်းဖြာကျကာ သာနေသည်။

မစောလင်းသည် လရောင်ကြောင့်လားမသိ၊ အိပ်ရာမှ နိုးနေလေသည်။ ညသည် တိတ်ဆိတ်လျက်ရှိရာ ထိန်ထိန်လင်းလင်း သာလျက်ရှိသော လရောင်ကိုပင် ငြိမ်သက်စေသည်။ လရောင်မှာ လှုပ်လှုပ်ခြင်းမရှိ။ ပကတိပင် ညကဲ့သို့ ငြိမ်ဝပ်လျက်ပင် ရှိနေသည်။

ကြည်လင်သော မှန်သားဆက်မှ ဖောက်ထွင်း၍ဝင်လာသော လရောင်မှာ အိပ်ရာဘေးရှိ စားပွဲပေါ်သို့ ကျရောက်လျက်ရှိသည်။ စားပွဲခင်းမှာ အဖြူဖြူဖြစ်လေရာ ဝင်းဖြူနေလေသည်။ ဝင်းဖြူလွန်းသဖြင့် စားပွဲခင်းအနားတွင် ထိုးထားသော ဖောက်ပန်းကွက်များပင် ပေါ်နေသည်။ လရောင်ကြောင့် ပန်းရွက်အစိမ်းမှာ အစိမ်းပုပ်ခပ်ညိုညိုဖြစ်ပြီး ပန်းပွင့်ရွှေဖလားရောင်မှာလည်း ပန်းပွင့်အနီဖြစ်နေသည်။

မစောလင်းသည် တထိန်ထိန်သာနေသော လရောင်ကြောင့် မျက်စိကိုပြန်၍မပိတ်နိုင်တော့ဘဲ မှေး၍နေပါသည်။

စိတ်ထဲက 'ဩော်... လနယ် သာလိုက်ပါဘိ'ဟု တမ်းတကာ တစ်နေ့လုံး ပင်ပန်းနွမ်းနယ်ခဲ့သော မောမောပန်းပန်းအဖြစ်ကို ပြေပျောက်သွားရလောက်အောင်ပင် သာယာကြည်နူးမိလာသည်။

ထို့ကြောင့်ပင် စောင်းနေရာမှ လက်ကိုတန်းကာ အညောင်းဆန့်ပြီး အသာ ပက်လက်လှန်၍ နေလေသည်။

လူနာများကား ဆက်တိုက်ဆိုသလို လာနေသဖြင့် ဆေးခန်းထဲသို့ တစ်ယောက်ပြီးတစ်ယောက် ဝင်လာသည်ကို စစ်ဆေးကြည့်ရှု၍ မအားအောင်ဖြစ်ရသည်။ လူနာတစ်ယောက် ဝင်သပ်ပြီး၍ ရေဇလုံတွင် လက်ကိုရေဆေးနေ





စဉ် နောက်တစ်ယောက်သွင်းလိုက်သဖြင့် လက်ကို လက်သုတ်ပဝါနှင့်သုတ်ရင်းက 'ဩော် ထိုင်ပါ'ဟု နေရာပေးရသည်။

အပြင်ဘက် ဧည့်ခန်းဝမှစောင့်၍ လူနာများကို အစီအစဉ်အလိုက် မိမိဓါတ်ဆေးခန်းထဲသို့ သွင်းရသော သူငယ်လေးအား အပြစ်တင်ရန်လည်း မလို၊ လူနာတို့မှာ ဧည့်ခန်းရှိ ကုလားထိုင်များတွင် ပြည့်နေသဖြင့် မြန်မြန်ရှင်းရှင်းသွားအောင်၊ အလျင်လိုအလျင်ဝင်ရအောင်လုပ်ရန်မှာ သူငယ်လေး၏တာဝန်ဖြစ်သည်။

ဆေးတိုက်ကို ညနေ ၅နာရီပိတ်သော်လည်း ၆ နာရီလောက်မှပင် အလုပ်များ ပြီးပြတ်တတ်လေသည်။

ညနေက ပန်းနာ နာတာရှည်ခံစားနေရသော အမယ်ကြီးမှာ စမ်းသပ်၍ပြီးသော်လည်း ပြန်မသွားနိုင်ဘဲ ယယ်ယယ်ကတည်းက အဘယ်ပုံအဘယ်နည်း ဝေဒနာခံစားလာရပုံကို လေရှည်ကြီးနှင့် ပြောပြနေသည်။ ကျိုက်ထီးရိုးဘုရားဖူးသွားသဖြင့် ဖရပ်တွင် ပန်းနာထ၍ မပြန်နိုင်ဘဲဖြစ်ရပုံကို ပြန်ပြောင်းသတိရနေပြန်သည်။ ထိုစာတ်ဆုံးသွားသောအခါ မပြီးပြတ်သေးဘဲ 'ဆရာမလေးရယ် စာတ်စာပြောပါဦး'ဟု မေးမြန်းနေသည်။

မစောလင်းမှာ ရနာရီလောက် ညစာစားပြီးကတည်းက ကိုယ်တွေလက်တွေ လေးလာကာ အိပ်ချင်နေသဖြင့် အစောကြီး အိပ်ရာဝင်ခဲ့သည်။ တစ်နေ့လုံးလုံးလိုလိုပင် ပင်ပန်းနွမ်းနယ်လှသဖြင့် ခေါင်းချချချင်း အိပ်ပျော်သွားသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသဖြင့် အိပ်မက်ပင် မမက်မိ။ သို့သော် လရောင်တထိန်ထိန်သာနေသော ကမ္ဘာလောကထဲသို့ အဆန်းတကြယ် ရောက်သွားသည်။

သည်ဟာသည် အိပ်မက်ပင်လားမသိ။



www.burmeseclassic.com

www.burmeseclassic.com



လရောင်ထိန်ထိန်လင်းအောင် သာနေသည့်ညဦးစည်းစိမ်ကိုကား ထိထိမိမိခံစားရသည်။ သို့သော် နေ့ခင်းလိုလို၊ နေ့လယ်လိုလို မသဲကွဲဘဲ ဖြစ်နေသည်။ အရောင်၏ ဝင်းပတောက်လင်းသည့်အသိကို သေသေချာချာ ခံစားရသည်။ အိပ်ရာမှ နိုးသောအခါ မှန်ပြတင်းမှ ထိုးရောက်ယှက်ဖြာကျလာသော လရောင်မှာ ထင်ထင်ရှားရှားပင် ဖြစ်နေသည်။

တစ်နေ့လုံး နွမ်းနယ်လာသမျှသော အမောအပန်းတို့ကို လရောင်ဖြင့် ပြုစုကုသလေသည်။ မစောလင်းသည် ဟက်လက်လှန်ရင်း မျက်စိကို တစ်ဝက်မှေးကာ မှန်ပြတင်းသို့ ငေးကြည့်နေသည်။

မှန်သားမှ ဖောက်ထွင်း၍ဝင်လာသော လရောင်မှာ ဟန်နှစ်မျိုးဖြင့် သာနေလေသည်။

ရေစက်တင်၍မနေတော့သော မှန်သားမှာ ပွတ်တိုက်ထားသကဲ့သို့ ကြည်လင်ဝင်းပနေသဖြင့် ဝင်းဝင်းထိန်ထိန်ကြီး သာလျက်ရှိုံကား ပြောစရာမရှိ ခြောက်ပစ်ကင်းစင်နေလေသည်။

ရေစီးကြောင်းများ ထင်ကျန်နေရစ်သော မှန်သားဘက်၌ကား ပြောင်ပြောင်ထင်းထင်းမဟုတ်၊ မှုန်မှုန်လဲ့လဲ့ဖြစ်နေသည်။

ပြတင်းပေါက်ကိုမှီး၍ ပေါက်နေသော သရက်ပင်အရိပ်များသည် လရောင်ထဲတွင် ဝင်နေကြသည်။

လရောင်သည် အပေါ်တည့်တည့်မှထိုးလျက်ရှိရာ ဘေးမှထိုးကျသကဲ့သို့ အရိပ်ရှည်များမဟုတ်ဘဲစိပ်နေသည်။ သရက်ကိုင်းများပင် သူ့ပင်ကိုအလုံးအဝိုင်း ခပ်မှုန်မှုန်မျှလောက်သာ အရိပ်အယောင်ဟပ်နေသည်။ အရွက်တွေလည်း ပြွတ်သိပ်၍ ဝါးတားတားဖြစ်မနေဘဲ စိပ်စိပ်သေးသေးပင် အရိပ်ထဲတွင် ထင်နေသည်။ ထိုသရက်ပင်ရိပ်မှာ မှန်သားအားလုံးအပေါ်သို့လည်း ကျရောက်





နေခြင်းမရှိ၊ အစွန်းတစ်ဖက်သာ လရောင်စက်ဝန်း၌ မိနေသည်။

ပြတင်းပေါက်အစွန်း၌ တွယ်ကပ်နေသော မိုးရေစက် မိုးရေသီးတို့ကား ပုလဲလုံးများသဖွယ် မှတ်ထင်ရသည်။ တွန့်တွန့်ယှက်ယှက်ဖြစ်နေသော ရေစီးကြောင်းများမှာ လရောင်ဝင်ခိုနေသဖြင့် အင်မတန်မှ လှပသော အငြိတ်ကြီးဖြစ်နေသည်။

သရက်ပင်ရိပ်တို့၏ အတွန့်အယှက်တို့မှာလည်း ကိန္နရီရုပ်လိုလို၊ နယားရုပ်လိုလို အဆန်းတကြယ်ကို ဖောင်းကြွနေပေသည်။

ကြည်နူးသာယာဖွယ်ကောင်းသော လရောင်၏အလှအပတို့ကို မခံစားရ ခံစားခွင့်လည်းမရဘဲ ဆေးကောလိပ်မှ ထွက်ကတည်းက ဆေးတိုက်၌သာ နေ့နေ့ညည အချိန်ကုန်နေခဲ့ရသည်။

မိမိ၏ဘဝတစ်သက်တာတွင် ဆေးဝါးကုသခြင်းသည် ရှောင်ဖယ်၍မရသောအလုပ်ဖြစ်သည်။ ဝေဒနာတစ်ခုကို စမ်းသပ်တွေ့ရှိနေလျှင် ဘယ်နည်းနှင့် ပျောက်ကင်းအောင် ကုသရမည်ကိုသာ စိတ်ကရောက်နေသည်။ ရောဂါ၏ဇာစ်မြစ်ကိုသာ ရှာစမ်းနေလေသည်။ လူ၏ ခန္ဓာစက်ကြီးကိုသာ ကိုင်တွယ်စမ်းသပ်ကာ အပြစ်လိုက်ရှာရသည်။ လသာ၍ လရောင်တွေထဲ၌ မခံစားခဲ့၊ စိတ်ကူး၍မနေနိုင်ခဲ့၊ နေချင်သည့် အာရုံလည်း ပေါ်မလာ။

ယနေ့ညတွင်ကား၊ ဤမျှလောက် ဆိတ်ငြိမ်ဝပ်ကာ လှပဆန်းကြယ်သော လရောင်ကို တစ်သက်သက် ကြည်နူးမိတော့သည်။

'ပြော်... လရောင်နှယ် သာလှပါဘိ'

သည်လို ပူပင်သောကမရှိ၊ စွပ်စွဲခြင်းမရှိ၊ အသံအတားမရှိသည့် လရောင်ထဲမှသာ နေရရင် ဘယ်လောက်ကောင်းပါ့မလဲဟု တသသနှင့် တမ်းတနေသည်။



www.burmeseclassic.com

www.burmeseclassic.com



လရောင်သည် သာသည်ထက်သာလာလေသည်။ လ၏မျက်နှာကို ဘယ်တိမ်မှိုး ဘယ်တိမ်ငွေ့မှ ဖြတ်သန်း၍မသွား။ ထိန်ထိန်လင်းလျက်ပင် ရှိနေသည်။

မစောလင်းသည် မလှုပ်မယှက်ပင် ပက်လက်လှန်နေလျက် လရောင် အလှ၏ အငွေ့အသက်စည်းစိမ်ကို အားရပါးရ ရှူရှိုက်ခံစားနေသည်။ တစ်ကိုယ်လုံးတွင် အေးမြကြည်လင်ကာ မွေးကြိုင်၍လာသည်။ ငြိမ်ဝပ်လှပခြင်းကြောင့် အလှ၏ဓာတ်တို့သည် တစ်ကိုယ်လုံးသို့ ပျံ့နှံ့၍နေသည်။

အလှဓာတ်ကြောင့်ပင် မစောလင်းသည် စောစောကထက် ပို၍ငြိမ်သက်လာသည်။ ငြိမ်သက်ခြင်းက သူ့အား တစ်ဖန်လန်းဆတ်စေသည်။ လန်းဆတ်လာလေ မျက်လုံးကို မှေးထားလေဖြစ်ကာ ယှယှယယ သိပ်ပေးနေသကဲ့သို့ဖြစ်၍ လာသည်။

မစောလင်းကား တဖြည်းဖြည်း ငြိမ်ကျသွားလေပြီ။

လရောင်ထဲတွင် မစောလင်းသည် သူယောင်မယ်ကလေးလိုလို ဖြစ်နေသည်။ လေက သုတ်ဖြူး၍ တိုက်ခတ်ပေးတိုင်း သူယောင်မယ်ကလေးသည် လေထဲတွင် လှုပ်ရှားယိမ်းနွဲ့လျက်ရှိသည်။ သူ့အဆင်းမှာ ရွှေရောင်ဖြစ်၍ မြတာဘက်ကို အသာလျှော့ရဲရဲ ခြုံထားသည်။ ငြိမ့်ညောင်းသာယာသော တူရိယာသံကို ကြားရသည်။ တေးသံတို့သည် မြင်ဆိုင်မှာ ထွက်ပေါ်လာသည်။

သူယောင်မယ်ကလေးသည် လရောင်ထဲ၌ ကရန် ဟန်ပြင်နေစဉ် သူ့ကို ဆေးကြိမ်လုံးနှင့်တို့ကာ အသက်သွင်းသော ဇော်ဂျီမင်းသားက ပျော်ပါးရန် လက်ကို လှမ်းဆွဲလိုက်သည်။

သူယောင်မယ်ကလေးသည် အသာရုန်းလိုက်သည်။ သို့သော် ဇော်ဂျီက မလွှတ်။ ဇော်ဂျီက သူ့မျက်နှာ ပဝါစည်းထားသဖြင့် မမြင်ရ။





ဇော်ဂျီ၏လက်မှာ နူးညံ့လေသည်။ ပျော့ပျော့ပျောင်းပျောင်းနှင့် နွဲ့နှောင်းခြင်းလည်း ရှိသည်။ ထို့ကြောင့် ရုန်းရသော်လည်း တွယ်ကပ်၍နေလေသည်။ ဖေဇော်ဂျီက ကြမ်း၍လာသည်။

သူယောင်မယ်သည် မရုန်းနိုင်တော့သောအခါ ဇော်ဂျီမျက်နှာကို မြင်ရအောင် ပဝါကို ဖယ်ရှားလေသည်။ ဇော်ဂျီက သူ့မျက်နှာကို ကြည့်ခွင့်မပေး။ ပဝါကို ပို၍တင်းကျပ်အောင် စည်းနှောင်လိုက်ကာ ရှောင်ရှားနေသည်။

သိချင်ဇောနှင့် ပဝါကို လိုက်ခွာသည်မှာ မော၍ပင်လာလေသည်။

နောက်ဆုံး၌ ပဝါကွာကျသွားလေသည်။ မျက်နှာမှာ ပြုံးရယ်လျက်ရှိသော ချိုချို၏မျက်နှာ ဖြစ်နေလေတော့သည်။

မစောလင်း အိပ်ရာမှ လန့်နိုးသောအခါ မခံချိ မခံသာဖြစ်နေသည်။

ဆန်းကြယ်သော အိပ်မက်ထဲ၌ ဘယ်လိုပင်ပြုံးရယ်ဝကျက်ရှိသော ချိုချို၏မျက်နှာသည် ပဝါထဲမှ ထွက်ပေါ်လာသော်လည်း 'ချိုချိုမဟုတ်ပါဘူး။ ချိုချိုမဟုတ်ပါဘူး'ဟု သိနေလေသည်။ ဘယ်သူဘယ်ဝါမှန်းတော့လည်း တပ်အပ်မပြောနိုင်၊ မသိနိုင်၊ သို့သော် ချိုချိုမဟုတ်ဘူးဟုကား စိတ်ထဲက အသေအချာ သိနေသည်။

မစောလင်းသည် မျက်လုံးကိုပွတ်သပ်၍ ကြည့်သည်။ လရောင်သည် အပေါ်သို့တက်သွားသဖြင့် ပုလဲမြိတ်စုံသည် အထက်သို့ တင်မ,ထားလိုက်သည့် သဏ္ဍာန်ကို ဖြစ်စေသည်။

အပြင်ဘက်မှ လေသည် ပြင်းထန် တိုက်ခတ်နေသည်။ လရောင်သည် တစ်ခါတစ်ခါတွင် လူးလွန့်လေသည်။ မစောလင်းသည် တစ်ဖက်သို့ စောင်း၍ လှည့်လိုက်သည်။

***

www.burmeseclassic.com

[ ၄ ]

မိုးတစ်ပြိုက် ရွာလိုက်သဖြင့် စိန်ပန်းပင်သည် နီနီရဲရဲအောင် ဖြိုးဖြိုး ပွင့်လက်ကြလေပြီ။

မှန်တံခါးဝယ် စိန်ပန်းနီများ၏ အရိပ်သည် ရေးရေးပေါ်နေလေသည်။ ဖုန်တင်နေသော သစ်ရွက်တို့မှာ ရေဖြင့် ဆေးကြောထားသဖြင့် စိမ်းစိမ်းစိုစို လန်းလန်းဆတ်ဆတ် ဖြစ်နေကြသည်။

ချိုချိုသည် မှန်တံခါးမှကြည့်လိုက်ရာ မစောလင်းကိုတွေ့နေသဖြင့် 'ချိုချိုက အပေါ်ရောက်နေပြီမှတ်လို့'ဟု သူ့ကိုယ်သူ တိုးတိုးပြောလျက် တစ်ဖက်ရှိ အဝင်တံခါးမှဝင်ကာ ကွေ့ပတ်၍ ဆေးခန်းထဲသို့ ဝိနည်းသံတဖျပ်ဖျပ် 'နှင့် အပြေးကလေး သွားလေသည်။

'လာ... ချိုချို'

မစောလင်းသည် ဖန်ကလပ် ဖန်ပြွန်ကလေးများဖြင့် ဆေးစပ်နေရာမှ





မော့မကြည့်ဘဲ နှုတ်ဆက်သည်။

'ချိုချိုက လူနာလက်ခံတဲ့အချိန်မဟုတ်လို့ အပေါ်ထပ်မှာအောက်မေ့ နေတာ၊ မျက်စိကမြင်လိုက်တာနဲ့ ဝင်လာတာ'

'လူနာလက်ခံတဲ့အချိန်မဟုတ်ပေမယ့် ဆေးတိုက်မှာ ဆရာဝန်က ကိုယ်တစ်ယောက်တည်းဆိုတော့ လက်မလည်ဘူး ချိုချိုရယ်၊ ခုတလော ဖေဖေဆုံးမှ အလုပ်က နည်းမလာတဲ့အပြင်ကွယ် ပိုတောင်လာနေလို့ ခက် နေတယ်၊ ဆေးခန်းက ကိုတင်စိန်ဆိုတာက သူ့အချိန်တန်ရင် ပြန်သွားတာ'

ချိုချိုသည် နားထောင်ကာ မစောလင်း ဆေးစပ်နေပုံကို ငေးကြည့်နေ သည်။

မစောလင်းက ချိုချိုကို မော့၍မကြည့်အားဘဲ ပုလင်းကြီးထဲမှဆေး ရည်များကို ဖန်ကန်တော့ကလေးဖြင့် ပုလင်းကလေးထဲသို့ ငှဲ့ရင်းက...

'ကိုယ်တော့ အချိန်မှန်ကို ထမင်းမစားရပါဘူး။ မနက်စာတော့ ခဏခဏလွတ်တယ်၊ ကိုယ့်အဖို့ မနက်စာ စားရတာ အဆန်းမဟုတ်တော့ဘူး။ ခုနက လူနာတစ်ယောက်က ကိုယ်ပြန်ကာနီးမှ ကပ်လာတယ်၊ သူကလည်း တရှောင်ရှောင် ထင်ပါရဲ့၊ အဲဒါ ဆေးစပ်မလို့လုပ်တော့ ကိုတင်စိန်ကလည်း ပြန်သွားတာနဲ့ ဆေး အခုလာယူပါလို့ မှာလိုက်မိတယ်၊ ဆေးပေးမလို့လုပ်တော့မှ ကြည့်တော့ တစ်ခုက မဖျော်ရသေးတာနဲ့ အခု ကိုယ်တိုင်ပြန်စပ်နေရတယ်'

ချိုချိုက ခါးထောက်ကာ...

'အခု ထမင်းမစားရသေးဘူးလား'

မစောလင်းသည် ဖန်ပြွန်ကလေးကို ပြန်နှတ်ရင်း...

'ဟင့်အင်း မစားရသေးဘူး။ ဒီဆေးပြီးမှ စားနိုင်မယ်၊ တော်ကြာ ဆေးလာယူမှာ၊ ကိုယ်က ချက်ချင်းလာယူဖို့ မှာလိုက်တာ'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်နှစ်နာရီရှိပြီမှတ်သလဲ'

ချိုချိုက လက်ပတ်နာရီကို မစောလင်း၏ မျက်နှာနားသို့ ကပ်၍ပြလေသည်။

'ဟင်... နှစ်နာရီတောင် ခွဲပါပကော၊ ကိုယ်ဖြင့် တစ်နာရီသာသာပဲ ရှိမယ်ထင်တယ်၊ သိပါဘူးကွယ်၊ လူနာလက်ခံတယ်ဆိုတာ လွယ်လွယ်ကူကူနဲ့ ဖြစ်တာမဟုတ်ဘူး ချိုချိုရဲ့၊ ရောဂါတစ်မျိုးကို ရာဇဝင်ကစပြီး မေးနေရသေးတာ၊ တစ်ခါတလေ ရောဂါတွေဟာ ရှုပ်ထွေးနေတာလည်းရှိတယ်။ ရောဂါရာဇဝင်ကို လိုက်ကောက်မှရတာ၊ သောလောဆယ်ဖြစ်နေတာ ကုရုံနဲ့ ပြီးတာမဟုတ်ဘူး။ အရင်းအမြစ်လိုက်နိုင်ဖို့က အရေးကြီးတယ်၊ အဲဒီလို ရောဂါရာဇဝင်ကို မေးမြန်းနေတာနဲ့ အချိန်ကုန်သွားတာ'

'တကတည်း ထမင်းစားရမှန်းမှ မသိဘူးလား'

'ဒီလိုကွယ့် ချိုချိုရဲ့၊ တစ်ယောက်တည်းဆိုတော့ အချိန်နဲ့လုပ်လို့ မရဘူး။ အရေးကြီးရင်ကြီးသလို လုပ်ရတယ်'

ချိုချိုသည် လက်ဖွေ့အိတ်ကို ဆေးပုလင်းများတင်သော စင်နေရာ အလွတ်တစ်နေရာတွင် ချလိုက်ကာ...

'ကိုတင်စိန်ပြန်လာမှ ခိုင်းရောပေါ့ မစောလင်းရယ်'

'မဖြစ်ဘူး။ လူနာကို အခုပဲ ဆေးကိုလာယူဖို့ မှာလိုက်တာဆိုနေ'

မစောလင်းသည် ပုလင်းထဲသို့ ဆေးများထည့်ပြီးမှ ဘေးရှိ ကြွေဇလုံတွင် လက်ကိုဆေးကြောကာသုတ်ရင်း...

'ကဲ... ပြောစမ်း ချိုချို၊ ဘာလုပ်မလို့လဲ'

ဟု မေးလေသည်။

'ဘာလုပ်မလို့မှ မဟုတ်ပါဘူး။ မစောလင်းဆီ သက်သက်လာတာပါပဲ'





'လာဟေ့... အိမ်ပေါ်တက်မယ်'

နှစ်ယောက်သား ဆေးတိုက်ညွှန်ကြားမှုကွဲကာ တစ်ဖက်ရှိ လှေကားသို့ တက်သွားကြသည်။

'ခုမှ ဆာမှန်းသိတယ်ဟေ့'

ဟု မစောလင်းက ချိုချို၏ပခုံးကို လှမ်းဖက်ရင်း ပြောသည်။

'ဒါကြောင့် ချိုချိုပြောတာ၊ မစောလင်းတစ်ယောက်ထည်း မဖြစ်ပါဘူး။ သတင်းစာထဲကော ကြော်ငြာခုထက်ထိ မထည့်သေးဘူးလား။ ချိုချိုပြောထား လျက်သားနဲ့'

'ချိုချိုက ပြောတော့လွယ်တာ၊ သတင်းစာထဲထည့်တိုင်းလည်း လူ ရတာမဟုတ်ပါဘူး'

'ဒါဖြင့်... မစောလင်းတစ်ယောက်တည်း ဒီလိုပဲ သွားနေမလား'

ဟု ချိုချိုက အပေါ်ထပ်ရှိ ဆိုဖာပေါ်သို့ ပစ်ထိုင်ရင်း ပြောလေသည်။

မစောလင်းက...

'ထမင်းပြင်ဟေ့'

ဟု လှမ်းပြောလိုက်ပြီးမှ...

'ချိုချိုကော စားပြီးပလား'

ဟု မေးသည်။

'ပြီးပါပြီ၊ ဒီအချိန်များ'

မစောလင်းသည် ဆရာဝန်ဝတ်ရုံဖြူကို ချွတ်လိုက်ကာ...

'ကိုယ့်အသိထဲက ဒေါက်တာဖေဦးကတော့ ကိုယ်နဲ့အတူလာလုပ်မယ်လို့ ပြောတယ်'

ချိုချိုက စိတ်အားထက်သန်လာကာ...



www.burmeseclassic.com

www.burmeseclassic.com



'ဘယ် ' ဘာဖေဦးလဲ'

'ကို ...ဲတစ်ယောက်နဲ့ အတော်ပဲ ခင်မင်တယ်၊ ကိုယ်နဲ့တော့ မသိဘူး။ မြင်ဖူးတယ်ဆိုရုံပါပဲ'

'ဘယ်လိုလုပ်ပြီး မစောလင်းနဲ့ ဒီမှာလုပ်ဖို့ရာ ဆက်မိကြတာလဲ'

'ဆက်မိတာတော့ ကိုယ်နဲ့မဟုတ်ပါဘူး။ သူငယ်ချင်း ကျောင်းနေဖက် ဆရာဝန်တစ်ယောက်က ကိုယ့်ဆေးတိုက်မှာ ကိုယ်တစ်ယောက်တည်း လုပ်နေတယ်ဆိုတာနဲ့ စကားစပ်မိရင်းနဲ့ သူက လုပ်မယ်ဖြစ်တာပဲတဲ့'

အတန်ကြာ ငြိမ်သက်နေကြသည်။

'ဒါများ မစောလင်းကလည်း ခုမှပဲပြောတယ်၊ ဆရာဝန်တစ်ယောက် ခေါ်မယ်ဆိုရင် ချိုချို့လည်းပြောရောပေါ့'

မစောလင်းက ရယ်မောနေလေသည်။

'ဘာများလုပ်ဦးမလို့လဲ၊ ကိုယ်လည်း မနက်ကမှ သိရတာ၊ ကိုယ်က တော့ ဘာမှတော့ မပြောလိုက်သေးပါဘူး။ ဒါပေမယ့် သူ့ကိုယ်က လာ မယ်ဆိုတော့ လုပ်, လုပ်ပစေပေါ့'

'သေသေချာချာ အကြောင်းအပေါင်းလည်း မသိသေးဘဲနဲ့ မစောလင်း ကလည်း'

ဟု ချိုချိုက ညည်းသည်။

'ဘာသိဖို့လိုလို့လဲ ချိုချိုရဲ့၊ ဆရာဝန်ဆို ပြီးရောပေါ့။ ကိုယ့်အဖို့မှာ ဘာပြောနိုင်မလဲ'

ချိုချိုက ပြတင်းပေါက်ဘက်သို့ငေးပြီး...

'အသက် ဘယ်လောက်ရှိပလဲ'

မစောလင်းက ငေးမောတွေဝေပြီးမှ...





အဲ... သုံးဆယ်ကျော်ပေါ့၊ ကိုယ်တို့ထက် ကြီးတာပေါ့'

'သူက မိန်းမနဲ့လား၊ လူပျိုလား'

'မသိဘူး'

မစောလင်းက ဖြေလိုက်ပြီး ချိုချိုကိုစိုက်ကြည့်ကာ...

ဘာလုပ်မလို့လဲ၊ လာဟော့ ထမင်းစားခန်းထဲ လိုက်ခဲ့၊ ထမင်းစားရင်း စကားပြောရအောင်...'

ဟုဆိုကာ ထမင်းစားခန်းသို့ ခေါ်သွားသည်။

'ပြောစမ်းပါ လူပျိုလား၊ မိန်းမနဲ့လား'

ဟု ချိုချိုက ထပ်မေးသည်။

မစောလင်းသည် ငါးကြော်ကို ခက်ရင်းနှင့်စိုက်ယူပြီး...

'ချိုချိုကလည်း မသိပါဘူးလို့ဆိုနေ... ဘာလုပ်မလို့လဲ၊ မိန်းမရှိတာ မရှိတာက ဘာဆိုင်လို့လဲ'

'ဘာမှတော့ မဆိုင်ပါဘူး၊ သိချင်လို့ပါပဲ'

'မဟုတ်သေးပါဘူး ချိုချိုရာ၊ ကိုယ့်ကိုပြောစမ်းပါဦး'

မစောလင်းသည် ထမင်းကို ဆက်မစားသေးဘဲ ချိုချို၏ အမူအရာကို အကဲခတ်နေလေသည်။

'ပြောစမ်းပါ'

ချိုချိုက တစ်ဖက်သို့လှည့်ပြီး...

'ချိုချိုက မစောလင်းကို ခုလို လွတ်လွတ်လပ်လပ်ချစ်ပြီး တတွဲတွဲ နေချင်တာ'

'ဟော့ ချိုချို ဘာတွေပြောနေတာလဲ၊ ဒီကနေ့ စကားတွေ တယ် ဆန်းပါကလား၊ ကိုယ်တော့ မဆက်စပ်မိဘူးကွယ်'



www.burmeseclassic.com

အတန်ကြာ နှစ်ယောက်သား စကားမပြောကြဘဲ ငြိမ်သက်နေရာမှ–

'ဒေါက်တာဖေဦး ဒီကို ဘယ်တော့ရောက်မှာလဲ'

ချိုချိုက ကောက်ခနဲ မေးလိုက်သည်။

'သန်ဘက်ခါလာမယ်လို့ ပြောတယ်'

'ဪ... ဪ... ဒါဖြင့် သေချာပြီပေါ့'

'သေချာတယ်လို့ ဆိုချင်ဆိုနိုင်တာပေါ့လေ၊ ကိုယ်က ဘာမှမပြောဘူး။ အဲ... ဆေးတိုက်မှာ ဆရာဝန်တစ်ယောက်လိုတယ်လို့ ပြောထားတယ်၊ ကိုယ့်သူငယ်ချင်းက ဆေးတိုက်မှာ အတူလုပ်ဖို့ ဆရာဝန်တစ်ယောက်က လုပ်မယ်လို့ပြောတယ်၊ ဒါ လုပ်ဖို့ပဲရှိကြတော့တာပဲ မဟုတ်လား'

'ဟင်းချိုကို မွှေးအောင်လုပ်ပေးပါဟော့'

ဟုပြောပြီး ချိုချို့ဘက်သို့လှည့်၍...

'ခုနက လူပျိုဟုတ်မဟုတ် စစ်တာက...'

ချိုချိုက ပြုံးလျက်...

'အကူဆရာဝန်တစ်ယောက်ကတော့ ထားရမှာပေါ့လေ၊ မရှိလို့ ဘယ်ဖြစ်မလဲ'

မစောလင်းသည် ပြုံးလျက်...

'ဟုတ်တယ်လေ၊ ချိုချိုပဲ ခဏခဏ ကိုယ်တစ်ယောက်တည်းလုပ်နေတာ ပင်ပန်းတယ်ဆို၊ သတင်းစာထဲတောင် ကြော်ငြာထည့်ပါဆို'

'ဟုတ်ပါတယ်၊ မစောလင်းတစ်ယောက်တည်းကတော့ မဖြစ်ပါဘူး။ အကူကတော့ ရှိရမှာပဲ၊ အဲဒီ ဒေါက်တာဖေဦးက မိန်းမရှိရင် ကောင်းတာပေါ့'

မစောလင်းက ဟင်းချိုမွှတ်သောက်ရင်း...

'မိန်းမရှိရင် ဘယ်လိုကောင်းတာလဲ'





ချိုချိုက ရယ်မောနေသည်။

'ပြောစမ်း... ပြောစမ်း ဘယ်လိုကောင်းတာလဲ'

'ဪ... ချိုချိုက မစောလင်းတစ်ကိုယ်တည်းနေတာ ကြိုက်တာကိုး။ ယောက်ျားယူသွားမှာတော့ မကြိုက်ဘူး'

မစောလင်းက ပလုတ်ပလောင်းနှင့် ရယ်နေလေသည်။

'အောင်မယ်လေးဟဲ့ ချိုချို၊ သိပြီ... သိပြီ၊ နီးစပ်ပြီး ကြိုက်ပြီး လင်ယူသွားမှာစိုးလို့ ဟုတ်လား။ မိန်းမနဲ့လူဆိုတာတော့ မဖြစ်နိုင်ဘူးပေါ့လေ ဟုတ်လား'

ချိုချိုက ခေါင်းကိုငုံ့လိုက်လျက်

'မသိပါဘူးလေ'

ဟု ကလေးသဖွယ်ပြောကာ ပြုံးနေသည်။

'ကိုယ် ယောက်ျား မယူနိုင်သေးပါဘူး ချိုချိုရယ်၊ ကိုယ့်မှာ တူမကလေးတွေ၊ တူကလေးတွေကို ကြည့်ရှုရဦးမယ်၊ နောက်ပြီး လင်ယူသားယူကိစ္စကို ကိုယ်က လွယ်လွယ်ကလေးလုပ်ချင်တာ မဟုတ်ဘူး။ ကိုယ့်မှာ အားကိုးရာမဲ့ပြီး ယောက်ျားကိုပဲ အားကိုးတော့မယ်ဆိုပြီးလည်း မိုတဲ့အနေမျိုးလည်း ဘယ်တော့မှ အိမ်ထောင်ပြုမှာမဟုတ်ပါဘူး။ ကိုယ့်ပညာနဲ့ကိုယ် တစ်ဝမ်းတစ်ခါး နေနိုင်တာပဲကွယ်'

'အဲဒီတော့...'

ချိုချိုက စကားကို ထောက်လိုက်သည်။

'အဲဒီတော့ မရောက်သေးပါဘူး ချိုချိုရဲ့၊ ကိုယ်တော့လေ လင်ယူမယားယူကိစ္စကို အချစ်နဲ့သာ လုပ်ချင်တယ်။ ကိုယ်က တကယ့်ကိုချစ်လာတဲ့ အချစ်နဲ့မှ အိမ်ထောင်ပြုမယ်၊ ဒီ... ဒီဝတ္ထုတွေထဲပါသလို ဆုံလို့ ကြုံလို့

သီဟရတနာစာပေ

www.burmeseclassic.com



နီးစပ်လို့ အကြောင်းကံဆုံစည်းလို့ ဘာလို့၊ ညာလို့ဆိုတာ မနိုင်လုံဘူး။ အချစ်နဲ့မှ အိမ်ထောင်ရေးဟာ နိုင်လုံပါတယ်'

'အံမယ်...'

ဟု ချိုချိုက ဆိုသည်။

'ဘာအံမယ်လဲ... မှန်တာပြောတာလေ၊ ကိုယ်က အချစ်ကို အများကြီးတန်ဖိုးထားတယ်၊ အချစ်နဲ့ ကိုယ့်ဘဝကိုနေရမှာ အဲဒီအချစ်ကိစ္စကို လွယ်လွယ်ကလေး ပေါ့ပေါ့ကလေးနဲ့လုပ်လို့ ဖြစ်မလား။ လင်မယားဆိုတာကွယ် အချစ်ရဲ့ အမြင့်ဆုံးအဆင့်ပဲ၊ အားကိုးချင်လို့ ဘာလို့၊ ညာလို့ဆိုတာမျိုးနဲ့များတော့ ကိုယ် ဘယ်တော့မှ အိမ်ထောင်ပြုလိုက်မှာ မဟုတ်ဘူး။ အချစ်နဲ့သာ လက်ထပ်မယ်၊ အဲဒီအချစ်နဲ့သာ လောကကြီးမှာ နေရမယ်'

'အလို့... မစောလင်းက တယ်ဟုတ်ပါလား။ အချစ်အကြောင်းတွေ နားလည်တတ်ပါလား'

မစောလင်းက ဟင်းချိုကိုသောက်ပြီး ဖွန်းကို ပန်းကန်ထဲပြန်မချသေးဘဲ

'ကိုယ့်ကို မလှောင်ပါနဲ့ ချိုချိုရာ၊ ကိုယ်က အချစ်အကြောင်း မသိပါဘူး။ ချိုချိုတို့ကသာ အချစ်အကြောင်း ကြုံတွေ့ခံစားနေရတာ မဟုတ်လား။ ကဲ... ပြောစမ်းပါဦး။ ချိုချို့လူနဲ့ ဘယ်တော့ယူကြမှာလဲ'

'ဘယ်သူလဲ ချိုချို့လူ'

'အံမယ် ချိုချိုက ဒီနာမည်ခေါ်တာ တယ်ကြားချင်တယ်ထင်တယ်၊ ကို... ကိုသက်ရင်လေ'

ချိုချိုက ရှက်သွားကာ...

'ချိုချို့လူ မဟုတ်ပါဘူး'

'ကိုယ့်ကိုများ ဖုံးမနေစမ်းပါနဲ့ ချိုချိုရာ၊ ချိုချို့လူ ချိုချို့လူပေါ့၊ ဘာ





ဖြစ်သေးသလဲ'

'မဟုတ်ပါဘူး။ ခင်ကြ မင်ကြတာပါ'

'အေး... အေး... ချိုချိုမင်္ဂလာဆောင်ပြီးမှပဲ ချိုချို့လူလို့ပြောနော်၊ အခုမပြောနဲ့'

ချိုချိုက စကားဖယ်၍

'လုပ်ပါ မစောလင်းရဲ့ အချစ်တရားတွေ ဆက်ပြောစမ်းပါဦး'

'အချစ်တရား မဟုတ်ပါဘူး၊ ချိုချိုက ကိုယ့်ကို ယောက်ျားယူသွားမယ်၊ ဘာမယ် ပြဿနာပေါ်လာလို့ ကိုယ့်သဘောကို ပြောပြတာ၊ ဒီဟာပဲပေါ့လေ၊ ကိုယ်က အချစ်နဲ့မှ အိမ်ထောင်ပြုမယ်၊ အချစ်မရှိဘဲနဲ့တော့ ဘယ်တော့မှ အိမ်ထောင်မပြုဘူး'

'ဒါဖြင့် မစောလင်းက ကိုယ်ချစ်မှ ယူမယ်ပေါ့လေ'

'လာပြော့ မြတင်၊ ပန်းကန်တွေသိမ်းတော့၊ ချိုချို့ဖို့ ပန်းသီးယူခဲ့စမ်း'

ဟု မှာပြီး ချိုချို့ဘက်လှည့်၍

'ဒီမှာပဲ စကားပြောရအောင်နော် ချိုချို'

'ချိုချိုမေးတာ ပြောစမ်းပါဦး။ မစောလင်းက ကိုယ်ချစ်မှယူမယ်လား'

'ဒါပေါ့ ချိုချိုရဲ့၊ ကိုယ်ချစ်တာမှ ယူမယ်လေ၊ ကိုယ်က ချစ်မှယူမယ် ဆိုလို့လည်း သူက မချစ်ဘဲနဲ့တော့ ဘယ်ဖြစ်မလဲ၊ တစ်ဖက်သတ်ချစ်နေတယ် ဆိုတဲ့ မေတ္တာမျိုးကို ကိုယ်တော့ မယုံကြည်ပါဘူး။ အချစ်ဆိုတာ နှစ်ယောက်ချစ်ကြတာမျိုးမှ အချစ်လို့ ဆိုတယ်မဟုတ်လား။ ချိုချိုတို့ကော ဒီလိုပဲမဟုတ်လား'

'ချိုချို့ဘက် လှည့်မလာစမ်းပါနဲ့၊ ချိုချိုက အချစ်အကြောင်း၊ သိပ်နားလည်တာမဟုတ်ပါဘူး။ မစောလင်းကတော့ အတွေ့အကြုံရှိတယ်၊ အချစ်အကြောင်း ပိုနားလည်တယ်၊ အရင်တစ်ခါ ချိုချို့ကိုပြောတဲ့...



www.burmeseclassic.com

www.burmeseclassic.com



မစောလင်းက မျက်မှောင်ကုတ်ကာ

'ဩော်... ဒါလား'

ချိုချိုက ခေါင်းညိတ်လေသည်။

'ကိုယ်ငယ်ငယ်တုန်းက၊ ကျောင်းနေတုန်းက ကြုံခဲ့တာလေ၊ ငယ်ငယ်ရွယ်ရွယ် ဘာမှမသိတဲ့အခါ ကြုံတတ်တာမျိုးပဲ၊ တစ်ခုတော့ သိရတာပေါ့လေ'

'ဘာလဲ အချစ်အကြောင်းလား'

ဟု ချိုချိုက ချက်ချင်းမေးလိုက်သည်။

'အချစ်အကြောင်း ကိုယ်သိတာ မဟုတ်ဘူး ချိုချို၊ မချစ်တာဆိုတာ ကိုယ်သိခဲ့တာ၊ တခြားစီပဲ၊ ကိုယ်က သိသွားရတာက မချစ်တာဆိုတာပဲ၊ ချစ်တာကို ကိုယ်သိတာ မဟုတ်ဘူး'

ချိုချိုက အတန်ကြာ ငြိမ်သက်နေပြီးမှ...

'ဒေါက်တာဝေဦး လုပ်နိုင်သေးရင် ချိုချိုကိုလည်း ပြောနော်'

'ဘာလုပ်မလို့လဲ'

'ချိုချို သိချင်ပါတယ်လေ'

မစောလင်းက ရယ်မောလိုက်သည်။

* * *

[ ၄ ]

'ဩော်... ကိုသက်ရှင်'

မစောလင်းသည် ဝီကယ်ဒစ်လီ ဟိုတယ်အဝ၌ သွား၍ဆုံသော ကိုသက်ရှင်အား နှုတ်ဆက်လိုက်သည်။ ကိုသက်ရှင်မှာ ခေါင်းငိုက်စိုက်နှင့် လေးနေရာမှ မစောလင်း၏ နှုတ်ဆက်သံကိုကြား၍ မော့ကြည့်သည်။

'ဩော်... မစောလင်းပါလား။ တစ်ယောက်တည်းလား'

ထိုအခါကျမှ ပြုံးထားသောမျက်နှာနှစ်ခု တိုက်မိကြသည်။

မစောလင်းက ပါးချိုင့်ကလေး တစ်ဖက်ချိုင့်ဝင်သွားအောင်ပင် ပြုံးလျက်...

'ဟုတ်ကဲ့ရှင့် ကျွန်မတစ်ယောက်တည်းပါပဲ၊ ကိုသက်ရှင်က ဘာတွေများ တွေးမိတွေးရာ တွေးနေပါလိမ့်'

မစောလင်းက လှေကားထစ်ကို တက်ရင်း...

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မတို့ဆေးတိုက်က ဒီနေ့ နေ့ဝက်ပိတ်တယ်၊ တစ်မနက်လုံး လူနာတွေက ဆက်တိုက်လာလို့ ခေါင်းရှုပ်တာနဲ့ ရုပ်ရှင်ကြည့်မလို့ ထွက်လာတာ၊ ထမင်းမစားရသေးတာနဲ့'

'ကျွန်တော်လည်း မနက်စာ မပြီးသေးတာနဲ့'

'ဒါဖြင့် လာလေ၊ ကျွန်မတို့အတူ'

မစောလင်းက ရှေ့မှလျှောက်သွား၍ ကိုသက်ရှင်လည်း လိုက်သွားသည်။

'ချိုချိုကောရှင့်၊ ကျွန်မအိမ်မလာတာ နှစ်ရက်တောင်ရှိသွားပြီ'

ဟု မစောလင်းက မေးလေသည်။ မစောလင်းသည် ပြောရင်း ပြုံး၍နေသည်။

'ချိုချို ရှိပါတယ်၊ မနေ့ညနေကပဲ သူ့ဆီရောက်ပါသေးတယ်၊ ချိုချိုက တစ်ခါတစ်ခါ ကလေးနဲ့မတူဘူးလား၊ စိတ်ကောက်ချင် ကောက်နေပြန်ပါရော၊ မစောလင်းတော့ တော်တော်ချစ်ပုံရတယ်'

'ကျွန်မကလည်း ချစ်ပါတယ်ရှင်'

သူတို့သည် ခန်းမကြီးထောင့်တစ်နေရာတွင် ထိုင်ကြသည်။ မြူးဖွေးသော စားပွဲအလယ်ရှိ ပန်းစိုက်အိုး၌ နီရဲသော နှင်းဆီပွင့်တို့မှာ လန်းစွင့်နေကြသည်။

'နှင်းဆီပန်းက လှလိုက်တာရှင်'

ဟု မစောလင်းကဆိုပြီးမှ ကိုသက်ရှင်ဘက်သို့ လှည့်လျက်...

'ဘာစားမလဲ ရှင်ကြိုက်ရာမှာပါ'

ကိုသက်ရှင်လည်း လှပ၍ ချစ်စဖွယ်ကောင်းသော နှင်းဆီပန်းဆက်မှ ပွင့်ဖတ်ကလေးကို လက်နှင့်ကိုင်တွယ်ကြည့်ရှုနေသည်။





'ဘာစားမလဲ ရှင်မှာပါ'

နောက်တစ်ခါထပ်ပြောမှ ကိုသက်ရှင်က ငေးနေရာက မစောလင်းအား ပြန်ပြောသည်။ မစောလင်းကမူကား ဘေးတွင်လာရပ်နေသော ဘွိုင်ကုလားအား မေ့ကာကြည့်လျက် ကိုသက်ရှင်ကို နားစွင့်နေသည်။ ထိုအခါကျမှ ကိုသက်ရှင်လည်း (မီနူး)စာရွက်ကို ထောင်၍ဖတ်လျက်...

'ဘာစားရပါ့မလဲ'

ဟု သူ့ကိုယ်သူပြောသလို ပြောလိုက်သည်။

'ကျွန်မကတော့ ငါးကြော်ကြိုက်တယ်'

'ကျွန်တော်လည်း ဘာစားရမှန်း မသိပါဘူး။ မစောလင်းပဲ ကျွန်တော့်အတွက် တစ်ဆိတ်မှာပေးပါဗျာ'

မစောလင်းသည် ပါးချိုင့်ကလေးတစ်ဖက်တည်းကို ပို၍ချက်လာအောင် ပြုံးလျက်...

'ရှင်တို့စာရေးဆရာတွေဟာ တယ်ပဲရေးတတ်တယ် ထင်ပါရဲ့'

ဟု ဆိုကာ ကိုသက်ရှင်လက်ထဲမှ စာကိုယူပြီး ဖတ်ကြည့်သည်။ ကိုသက်ရှင်က ဘာမှပြန်မပြောဘဲ ပြုံးနေသည်။

'ကျွန်မကြိုက်ရာ မှာမယ်နော်'

'ဟုတ်ကဲ့... မှာပါ'

နှစ်ယောက်သား ပြုံးကြကာ မစောလင်းသည် နှုတ်က ဟင်းအမည်ကို ခေါ်ရင်း မှာကြားနေသည်။ အနီးရှိ ဖွင့်ထားသော ပြတင်းမှ လေတဖြူးဖြူး ဝင်လာရာ ပန်းစိုက်အိုးထဲမှ နှင်းဆီပန်းရွက်တို့သည် လှုပ်ကစားနေကြသည်။

'ကိုသက်ရှင်က ငေးတတ်သာယ်နော်၊ ကျွန်မ ဟိုတယ်အဝမှာနှုတ်ဆက်တုန်းက မကြားဘူး။ နောက်တစ်ခါထပ်ပြီးခေါ်တော့မှ ကြားပုံရတယ်'



www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ရင်က ပြုံးရွှံနေသည်။

'စားရေးဆရာဆိုတော့ တွေးနေရ၊ စိတ်ကူးနေရ ထင်ပါရဲ့'

ကိုသက်ရင်က ငွေခက်ရင်းကလေးကို လက်နှင့် အသာပွတ်နေရင်း

'အင်း... စိတ်ကူးနေတယ်လို့ ဆိုနိုင်တာပေါ့လေ'

'အမြဲတမ်းပဲ စိတ်ကူးယဉ်နေပါသလားရှင်၊ လမ်းလျှောက်ရင်းလည်း တွေးနေတာပဲလား။ ဒီလိုဆိုရင် လမ်းလယ်ကောင်မှာ မလျှောက်နဲ့ရှင့်'

မစောလင်းက ပြောပြီး ရယ်မောနေသည်။

'အမြဲတမ်းပဲ စိတ်ကူးနေတယ်လို့လည်း မဟုတ်ပါဘူး။ စိတ်တော့ ကူးပါတယ်၊ စိတ်ကူးတယ်ဆိုတာ နွေညမရှောင် လမ်းလျှောက်ရင်းအထိ စိတ်ကူးနေရတဲ့ အလုပ်မျိုးတော့ မဟုတ်ပါဘူး။ ဒါပေမယ့် စာပေရေးသားတယ် ဆိုတာက စိတ်ကူးကို အမှီပြုပြီး ကြံစည်ရတဲ့အလုပ်၊ ဖန်ဆင်းရတဲ့သဘော မျိုးကိုး'

ထိုအခိုက် စားပွဲပေါ်သို့ ပန်းကန်များ လာချသည်။

'ဆိုပါဦးရှင့်... ကျွန်မ စိတ်ဝင်စားပါတယ်၊ ကျွန်မအလုပ်က စိတ်ကူး ကိုအားကိုးရတဲ့အလုပ် မဟုတ်ပါဘူး။ ဖြစ်နေတဲ့အခြင်းအရာကို ကြည့်ရှုစဉ်းစား ပြီး တိုင်းထွာရတဲ့ သဘောမျိုး။ ချက်ချင်းလက်ငင်းအဖြစ်ကို ချက်ချင်းလက်ငင်း လက်တွေ့လုပ်ရတာမျိုး။ ဖြစ်နေတယ်၊ အင်း... ဆိုပါဦးရှင်၊ ကျွန်မက (ဆိုင်းယင်းစ်)ပညာ၊ ရှင်တို့က စိတ်ကူးထဲမှာတွေးပြီး...'

'ဒီလိုပါလေ၊ ကျွန်တော်တို့ စာရေးဆရာအလုပ်က စိတ်ကူးထဲမှာ တွေးတာသက်သက်တော့ မဟုတ်ပါဘူး။ စိတ်ကူးအလုပ်၊ စိတ်ကူးနဲ့ဖန်ဆင်း တယ်ဆိုတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် စိတ်ကူးတာသက်သက် တွေး နေတာသက်သက် သဘောမျိုးတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့က





စာရေးတဲ့အခါမှာ စိတ်ကူးသက်သက်ကို မှုတည်ပြီးလုပ်ရတဲ့ စာပေသဘော မျိုးကို အားမကိုးပါဘူး'

'ဒါဖြင့်ရင် ကျွန်မထင်တာ မှားတာပေါ့၊ ကျွန်မက စာပေသဘောကို နားမလည်လှဘူး။ ကျွန်မတို့အလုပ်ကလည်း အချိန်အားတယ်မရဘူး။ အခု ဖေဖေဆုံးမှ သာပြီးမအားသေးတယ်၊ ကျောင်းတုန်းက ကျွန်မလည်း စာအ တော်ဖွဲ့ခဲ့တယ်၊ ကိုသက်ရင်ရေးတဲ့ ဝတ္ထုတွေကို ဖတ်ပါထယ်၊ အခုမှသာ ကိုသက်ရင် ရေးတာတွေ အကုန်မဖတ်ရတာ၊ ချို့ချို့ကတော့ စာအုပ်တိုင်း ပေးပါတယ်၊ ဟုတ်ကဲ့... ပြောပါဦးရှင် စာပေအကြောင်း'

'ခုနကပြောသလိုပါပဲ၊ စိတ်ကူးတယ်ဆိုပေမယ့် အကြောင်းအရာ တစ်ခုကို မှုတည်ပြီး စိတ်ကူးရလာတာမျိုးပဲ၊ ဘာအကြောင်းအရာမှမရှိဘဲ သက်သက်ငေးပြီး စိတ်ကူးယဉ်တာမျိုးလည်း ရှိသပေါ့၊ ဒီလိုစိတ်ကူးယဉ် တာမျိုးတော့ ကျွန်တော်က မယုံကြည်ဘူး။ ငယ်ငယ်တုန်းက ပုံပြင်ထဲကလို နတ်သမီးလေး နတ်သက်ကြွေပြီး ဘာဖြစ်တယ်၊ နဂါးမင်းသားလေးက ရေနတ်သုဇာနဲ့ ညားတယ်၊ ဘာညာနဲ့၊ တကယ့် လူ့လောကမှာဖြစ်လေ့ ဖြစ်ထရှိတဲ့ အကြောင်းအရာမှာ အခြေမခံတာက စိတ်ကူးယဉ်တဲ့ သဘောပဲ'

'စိတ်ကူးယဉ်ဆိုတဲ့ အလုပ်က စာပေအလုပ် မဟုတ်ဘူးလားရှင့်'

'စိတ်ကူးယဉ်သက်သက်ဆိုတာက စာပေဆိုပေမယ့်ဗျာ တကယ်လို လားအပ်တဲ့ စာပေမျိုး မဟုတ်ပါဘူး။ စာပေတော့ စာပေပါပဲ၊ ရတနာ့ကြေးမုံလို ဝတ္ထုမျိုးဟာ စိတ်ကူးထဲမှာ ယဉ်နေတာပဲ မဟုတ်လား'

'ရတနာ့ကြေးမုံ ကျွန်မ ကျောင်းတုန်းက သင်ရပါတယ်၊ ကဲ... စား ပါဦးရှင်'

ဟု ဟင်းပန်းကန်ကို တိုးပေးလိုက်ကာ ထမင်း စတင်စားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ စိတ်ကူးနေတယ်ဆိုတာက လူ့လောကကြီးမှာ အခု ကျွန်တော်တို့ တွေ့ကြ၊ ကြုံကြ၊ မြင်ကြ၊ ကြားရတဲ့လောက လူ့ဘဝကြီးရဲ့ အဖြစ်အပျက်တွေကို အခြေပြုပြီး စိတ်ကူးတဲ့သဘောမျိုးကိုသာ ဆိုလိုတာပါ။ ဥပမာဗျာ... ကမ်းနားကကူလီအကြောင်း ဝတ္ထုရေးတယ်ဆိုပါတော့၊ ဒီကူလီ ရဲ့ နေပုံထိုင်ပုံ၊ စားရပုံသောက်ရပုံ စတဲ့အဖြစ်အပျက်ဘဝကို မြင်တွေ့ဖူးမှ ဒီကူလီရဲ့အကြောင်းကို ရေးနိုင်တာ၊ ဒီလို ကူလီတွေ့ရဲ့ဘဝကို မကြာခဏ တွေ့ကြုံမြင်နေရတာများ ကူလီရဲ့အကြောင်းဟာ စိတ်ထဲမှာ ပုံတူကူးယူထား သလို ထင်နေတာပဲ။ နောက် ကူလီအကြောင်းရေးမယ်လို့ စားပွဲပေါ်မှာ ထိုင်လိုက်တော့ ဟော... ကိုယ်မြင်ခဲ့ရတဲ့ ကူလီရဲ့အကြောင်းအရာ အဖြစ် အပျက်ဟာ ကွင်းခနဲကွက်ခနဲ ပေါ်လာတာပေါ့၊ အဲသလို တကယ်တမ်း ဖြစ်ပျက်တဲ့ လူ့ဘဝအဖြစ်အပျက်ကိုသာ အခြေပြုကူးယူတဲ့ စိတ်ကူးကိုသာ ဆိုလိုတာပါ'

မစောလင်းက စကားကို စိတ်ဝင်စားနေမိ၍ ပြည်းပြည်းပဲစားသည်၊ ကိုသက်ရင်ပြောသမျှ ဂရုတစိုက် နားထောင်နေဟန်ဖြင့် စားနေသည်။

'ကိုသက်ရင် ဝတ္ထုရေးတော့ ဒီလိုပဲ ကိုယ်ကြုံတွေ့တာတွေ ရေး သလား'

'ကျွန်တော်အဖို့တော့ ကျွန်တော်နေထိုင်နေတဲ့ ကမ္ဘာလောကကြီးရဲ့ အကြောင်း ရေးတာပေါ့၊ စိတ်ကူးသက်သက်ယဉ်ပြီး မရေးလိုပါဘူး။ ဝတ္ထု ဆိုတာက ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြတဲ့သဘောပဲ၊ ကိုယ်တွေ့ကြုံရတာကို အခြေပြုပြီးရေးမှလည်း သရုပ်ပေါ်မပေါ့၊ ဥပမာ မစောလင်း သင်္ဘောနဲ့ ခရီးသွားရင်း လူခိုးတစ်ယောက်နဲ့ တွေ့တယ်ဆိုပါတော့၊ အဲဒါကို အိမ်ရောက်လို့ ပြန်ပြောပြတဲ့အခါ သိပ်နားထောင်လို့ကောင်းမှာပေါ့၊ ဒါက တကယ့်အဖြစ်





အပျက်ကို ပြောရတာမဟုတ်လား။ ဝတ္ထုမှာလည်း အဲသလိုပါပဲ၊ တကယ်တမ်း ဖြစ်တတ်တဲ့သဘောကို အခြေတည်ရေးတာကမှ သရုပ်ပေါ်တာ'

'စိတ်ကူးထဲ ဘယ်လိုပေါ်လာသလဲ၊ ကျွန်မ အခု ကိုသက်ရင်စပြောပြ မှ စာပေကို အတော်စဉ်းစားမိလာတယ်။ စာပေဟာ စိတ်ကူးမှုပညာဆိုတဲ့ သဘောပေါက်လာတယ်'

'ခုနကပြောသလို ကူလီတစ်ယောက်အကြောင်းရေးတဲ့ ကိုယ်တွေ့ ဖူးတဲ့ ကူလီတစ်ယောက်ကိုသာ ကြည့်ရေးတယ်လို့တော့ မဟုတ်ပါဘူး။ ကူလီတွေ အများကြီးကို တွေ့ဖူးကြုံဖူးတဲ့ အသိရှိတယ်၊ အဲဒီတော့ ကူလီ တွေရဲ့ ပြောတတ်ဆိုတတ်တဲ့ စကားအသုံးအနှုန်း၊ ကူလီတွေရဲ့ အကျင့်အကြံ ဟန်ပန်အမူအရာ အဲသလို သရုပ်သဏ္ဌာန်အားလုံးကို ပေါင်းစုခွဲယူပြီး ကူလီဝတ္ထုမှာ ရေးဖွဲ့ထည့်လိုက်တာပါပဲ၊ ကူလီဆိုတာ ဘာလဲဆိုတာ အလျှင့်အလျှင်က စိတ်နဲ့ကူးယူထားလို့ ထင်နေရစ်တာတွေကို ဝတ္ထုထဲမှာ စီကာစဉ်ကာနဲ့ ဖော်ပြလိုက်တာပါပဲ'

'ကဲ... သုံးဆောင်ပါဦးရှင်'

မစောလင်းက ကိုသက်ရင်၏ ပန်းကန်ထဲသို့ ရေတ်ကောင်းမှုန့်များ ကိုယ်တိုင်လှမ်းဖြူးပေးလေသည်။

'ဆရာဝန် အလုပ်နဲ့တော့ ကျွန်တော်တို့ စိတ်ကူးပညာနဲ့ ဘယ်တူပါ့ မလဲ၊ ဆရာဝန်အတတ်ဆိုတာက လက်တွေ့သဘောကို စမ်းသပ်တယ်၊ လက်တွေ့ကို အဖြေချက်ချင်းလက်ငင်း ရှာတွေ့ရတဲ့ အလုပ်ပေကိုး။ စာပေ ဆိုတာကတော့ စိတ်ကူးနဲ့ ဖန်တီးတဲ့ အနုပညာရပ်၊ ဆရာဝန်က သိပ္ပံ ပညာကိုး'

နှင်းဆီနွံသည် တသင်းသင်း တွက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ချိုချိုဆီမှာချင်တယ်'

ဟု မစောလင်းက ပြောလေသည်။

'မှာပါ၊ ညနေဘက် တွေ့ဦးမှာပါပဲ'

'ဆရာဝန်တစ်ယောက် ငှားလိုက်ပြီလို့ ပြောပါ။ ကျွန်မ အခုတလော မအားတာနဲ့ ချိုချိုဆီ မသွားနိုင်ဘူးရှင့်'

'အလုပ်က သိပ်များတာကိုး'

'ဟုတ်ပါတယ်၊ အဲဒါကို ချိုချိုကို ဆက်ဆက်ပြောပေးပါရှင်၊ စိတ်ကူးထဲတော့ ပျောက်မသွားပါနဲ့'

နှစ်ယောက်စလုံး ရယ်မောကြလေသည်။

'ကိုသက်ရင်နဲ့တွေ့ရတာ ဟန်ကျတယ်၊ ကျွန်မက ဆရာဝန်ဆိုပေမယ့် စာပေကို ဝါသနာရှိပါတယ်၊ အလုပ်များတော့ အချိန်မအားလို့ များများစားစားမဖတ်နိုင်တာပါ၊ အခု ကိုသက်ရင်ပြောတာတွေ ကျွန်မသဘောပေါက်ပါတယ်၊ ကိုသက်ရင်ရေးတဲ့ဝတ္ထုတွေလည်း ဖတ်ချင်တယ်ရှင်'

မစောလင်းသည် ပီကာယ်ဒစ်လီဟိုတယ်မှ ကိုသက်ရင်နှင့်ခွဲ၍ ရုပ်ရှင်သို့ထွက်သွားသောအခါ စိတ်ကူး၍ သွားလေသည်။ ဟိုတယ်မှဆင်း၍ ကိုသက်ရင်အား နှုတ်ဆက်လိုက်တုန်းက –

'ဒီမှာရှင့် လမ်းမှာလည်း စိတ်ကူးသွားလို့ မော်တော်ကားတိုက်မိနေပါဦးမယ်ရှင်'

ဟု ပြောခဲ့သည်။

ယခု မိမိကိုယ်တိုင်မှာ စာပေအကြောင်းတွေကို စိတ်ကူး၍ နေမိလေသည်။

* * *

[ 6 ]

နေသည် အပေါ်တည့်တည့်၌ ရောက်၍နေသည်။ စိန်ပန်းပင်ရိပ်များလည်း ပုလျောက်ရှိသည်။ လေတိုက်၍ သစ်ရွက်သစ်ကိုင်းများ ယိမ်းထိုးကြသည့်အခါ နေရောင်ဖြင့် လင်း၍နေသော မြေပြင်တွင် အကွက်ကွက်၊ အစင်းစင်း၊ အပြောက်အပြောက်များသဏ္ဌာန် ဖြစ်သွားသည်။ ကျေးငှက်သာရကာတို့လည်း အော်မြည်ဟစ်ကြွေးလျက် သစ်ပင်ရိပ်မြုံထက်ဝယ် လှည့်လည်ပျံသန်းလျက်ရှိကြသည်။

'မစောလင်းရေ… တံခါးဖွင့်ပါဦး။ အမယ်လေး ချိုချိုဖြင့်'

ဟု သံတိုင်ကိုလှုပ်နေသော ချိုချိုထံသို့ မစောလင်းသည် လျှောက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

'ဘာများဖြစ်လာလို့လဲ ချိုချို၊ တကတဲမှပဲ အလန့်တကြား'

ဟု မစောလင်းက တံခါးဖွင့်ရင်း မေးလေသည်။

ချိုချိုသည် တံခါးဝမှဝင်လာရင်း...

'မစောလင်းကကွယ် ဘာမှပြောမထားဘူး'

ဟု မျက်စောင်းထိုးလိုက်သည်။

'ဘာကို မပြောတာလဲ'

မစောလင်းက ချိုချို၏လက်အိတ်ကို ဆွဲယူလျက် ကုလားထိုင်တွင် ထိုင်ချလိုက်သည်။

'မနက်ကမှ ကိုသက်ရင်နဲ့ တွေ့တယ်၊ မစောလင်းက မှာလိုက်တယ်ဆို လို့ ပြောလာတာ'

'ပြောလာတာ ဘာဖြစ်သလဲ'

ဟု မစောလင်းက ရယ်လိုက်သည်။

'ဘာဖြစ်ရမှာလဲ အောက်ထပ်သေးသေနန်းထဲ တောက်လျှောက်ဝင်သွား တာပေါ့၊ ခါတိုင်းလို မစောလင်းရှိမယ် မှတ်တာကိုး'

မစောလင်းက ဝိုး၍ ရယ်မောနေလေသည်။

'ဪ... အောက်မှာ ဒေါက်တာဖေဦးနဲ့ တွေ့ခဲ့မှာကိုး'

'မစောလင်းက ပြောမထားဘူးကွယ်'

'ကိုသက်ရင် မှာလိုက်သားပဲ၊ ဆရာဝန်တစ်ယောက် ရှိုးဆိုတာလေ'

ချိုချိုက ရှက်သည့်ဟန်ဖြင့် မစောလင်းလက်ထဲမှ လက်ကိုင်အိတ်ကို ဆွဲယူကာ အထူးအဆန်းလုပ်ကြည့်နေသည်။

'ဒီလို ချိုချိုရ...ဖေဖေရှိတုန်းကလိုတော့ မဟုတ်ဘူး။ ဖေဖေရှိတုန်းက





ဖေဖေကပဲ လူနာအားလုံးကို တာဝန်ယူပြီး လက်ခံတယ်၊ ကိုယ်က လိုတာ ကူညီပေးတယ်၊ အခုတော့ တစ်မျိုးလုပ်လိုက်တယ်၊ မနက်ပိုင်းကို ကိုယ်ကယူ တယ်၊ ညနေပိုင်း သူ့ကိုထားတယ်'

'ဪ... အခုညနေပိုင်း သူ့အချိန်ကိုး'

'ဒါကြောင့် တွေ့တာပေါ့'

'ချိုချိုက ခါတိုင်းလိုမှတ်လို့ စွတ်ခနဲဝင်သွားတော့ အံ့အားသင့်ပြီး ကြည့်နေတယ်' "ဪ... မစောလင်း ရှိတယ်မှတ်လို့ပါရှင်" ဆိုပြီး ချက် ချင်းထွက်ခဲ့ရတယ်၊ အပေါ်မှာ ရှိပါလိမ့်မယ်လို့တောင် ပြန်ပြောလိုက်သေးတယ်၊ ချိုချိုတော့ အပေါ်သာတက်ပြေးခဲ့တာပဲ၊ အမယ် လူက လူချော နှာတံပေါ်ပေါ် မျက်ခုံးကောင်းကောင်း'

ချိုချိုသည် ပြောရင်း မစောလင်းအား ပြုံးလျက်ကြည့်နေသည်၊ မစောလင်းက ပြန်လို့ပင်မပြုံးဘဲ တည်ကြည်စွာ နားထောင်နေသည်။

'မစောလင်းက လူရုပ်သိပ်ကောင်းတာပဲ၊ လူချောမှ ရွေးရှာတတ်တယ်'

ထိုအခါကျမှ မစောလင်းက မျက်နှာထားကို မတည်နိုင်တော့ဘဲ ပြုံးရယ်လိုက်ရသည်။ ချိုချိုက မစောလင်းအားဖက်လျက် ရယ်မောနေသည်။

'ချိုချိုက တယ်နောက်တတ်ပါလား'

ဟု မစောလင်းက ဆိုလေသည်။

'နောက်တာ မဟုတ်ပါဘူး။ တကယ့်ကိုပဲ မစောလင်းလူက လူချော၊ အသားကဖြူဖြူ'

'ဘာ မစောလင်း လူလဲ၊ ချိုချိုက မနောက်နဲ့ကွယ်'

'အသက်လည်း သိပ်ကြီးဦးမယ် မဟုတ်ဘူး'

ချိုချိုက ပြုံးနေရာက မစောလင်း၏ မျက်နှာလေးကို သတိထားကာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် တည်နေလိုက်ရသည်။

'မငယ်လှပါဘူး ကိုယ့်ထက်ကြီးပါတယ်၊ ဆေးကောလိပ်ကအောင်တာတော့ သိပ်မကြာသေးဘူး။ သူက ရန်ကုန်က အောင်တာမဟုတ်ဘူး။ ကလကတ္တားက အောင်ခဲ့တယ်၊ သူက ကြည့်ရတာ ခပ်အေးအေးပါ'

'ဆေးတိုက်ကို စလာတာ ဘယ်နေ့လဲ'

'တစ်နေ့ကပဲ'

'ဪ...'

'ချိုချိုလည်း ပေါ်မလာဘူး'

'မန္တလေးက ညီသည်တွေရောက်နေလို့ မလာဖြစ်တာ၊ ခါတိုင်းဆို ရောက်လာတာပဲ မဟုတ်လား။ ဆိုစမ်းပါဦး'

'ဆိုစရာမရှိပါဘူး။ အလုပ်စဝင်တယ်၊ ညနေပိုင်းလာတဲ့လူနာတွေ လက်ခံဖို့ သူ့ကိုလွှဲလိုက်တယ်'

'ဒါပဲလား'

'ဘာဒါပဲလားလဲ'

ချိုချိုက ပြုံးကာ...

'မိန်းမနဲ့လား။ လူပျိုလား'

ဟု မေးလာသည်။

'လက်စသတ်တော့ ဒါ သိချင်တာကိုး။ မိန်းမ မရှိဘူး။ လူပျိုလူပျို'

'ဟင်'

ဟုဆိုကာ ချိုချိုသည် ဆိုဖာနောက်သို့ မှီလျက် မစောလင်းကို မကြည့်ဘဲ ပြတင်းတံခါးဘက်သို့ ကြည့်နေသည်။

'ဘာဟင်လဲ၊ ချိုချိုရဲ့'





'မိန်းမ မရှိဘူး ဆိုလို့ပေါ့'

'မိန်းမ မရှိတော့ ဘာဖြစ်ရဦးမှာလဲ'

ဟု မစောလင်းက တည်တည်ကြီးနေ၍ ချိုချိုက ပြုံးစိစိ ပြန်လုပ်နေလိုက်သည်။

မစောလင်းက ချိုချို၏ လက်ကိုင်အိတ်ကို ကိုင်ရင်းက အိတ်ထဲမှာ ဘာတွေလဲ ဖောင်းလှချည်လား မှန်း'

ဟု ဆိုကာ လက်ကိုင်အိတ်ကို ဖွင့်ကြည့်သည်။

'အေး မေ့နေလို့ မစောလင်းပေးဖို့ ဝတ္ထုစာအုပ်ပါ၊ ကိုသက်ရင်ရေးတာလေ'

'ဪ... ပေးစမ်းပါ။ ကိုယ် အခု အချိန်အားရလာပြီ ကိုသက်ရင်ရေးတာတွေ ဖတ်ချင်နေတာတဲ့ အတော်ပဲ'

ဟုဆိုကာ အိတ်ထဲမှ စာအုပ်ကို ထုတ်ယူလိုက်သည်။

'အမယ် အဖုံးက တစ်မျိုးပါလား။ ကြည့်စမ်း။ အဖြူခံပေါ်မှာ ငွေရောင်ရယ်၊ အပြာရယ်၊ အနီရယ် ခံ့ညားတယ်'

မစောလင်းသည် စာအုပ်ကိုထောင်ကာ အဝေးသို့ထားပြီး ကြည့်နေသည်။

'ဝတ္ထုနာမည်က စိမ်းလဲ့ကောက်ပင် တဲ့၊ ကောင်းတယ်နော်၊ ချိုချို့လုက စာပေမှာတော့ တော်တယ်ကွယ့်၊ နာမည်ပေးတာ အဓိပ္ပာယ်ရှိတယ်။ စိမ်းလဲ့ကောက်ပင်တဲ့၊ ဒီလို လယ်ယာတောခင်းလေးနဲ့ လယ်သမားကြီးက လယ်စိုက်နေတဲ့ပုံနဲ့ အဖုံးဆွဲထားတာ တောအကြောင်းရေးထားတာနဲ့ တူတယ်'

ဟု ပြောကာ ဝတ္ထုစာရွက်တွေကို တစ်ရွက်ပြီးတစ်ရွက် လှန်ကြည့်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ တောအကြောင်းရေးထားတာ၊ လယ်ယာလုပ်ကိုင်စား သောက်တဲ့ လယ်တောရွာတစ်ရွာကို အခြေခံပြီး ရေးထားတာပဲ'

ဟုပြောရင်း စာအုပ်ကို အမြီးပြန် ခေါင်းပြန် လှန်ကျော်ကြည့်နေသည်။

'ချိုချိုလည်း ညကမှ ဖတ်ပြီးတယ်၊ သိပ်ကောင်းတာပဲ၊ သုံးတဲ့စကား လုံးတွေက ပြေပြစ်တယ်၊ သူက မြန်မာစာကို သိပ်နိုင်တယ်၊ တချို့ရေးကြတာ တွေက ထောင့်တောင့်တောင့်နဲ့ စကားလုံးတွေကလည်း တစ်ဆိတ်ရှိ ဒါပဲ ထပ်လို့'

'တော်တော်လည်း ချီးမွမ်းပါရှင့်'

ဟု မစောလင်းက ပြုံးရယ်ပြောလိုက်သည်။

'သူကလေ တောသူ တောင်သားတွေအကြောင်း ရေးလေ့ရှိတယ်၊ ချိုချိုဖြင့် နှစ်ခေါက်တောင်ဖတ်တယ်၊ တကယ့်ကို ဖတ်လို့ ငြီးငွေ့တယ်မရှိဘူး'

'ဖြစ်ရမယ်လေ'

'ဘာလဲ မစောလင်းက ချိုချိုက သူ့ဝတ္ထုတွေကောင်းလို့ ကောင်းတယ် ပြောတာပါ။ မစောလင်းသည် ဝတ္ထုစာအုပ်ကို လှန်ကြည့်နေရာက တစ်နေရာ တွင်တန့်ကာ ဖတ်နေသည်။

ချိုချိုက စာအုပ်ကိုဆွဲယူပြီး...

'နောက်မှဖတ်ပါ မစောလင်းရယ်၊ ပြောပါဦး မစောလင်း၊ အလုပ် အကြောင်း'

'ဘာပြောရမှာလဲ'

'အခုလို မနက်ဘက်အချိန်မှာ မစောလင်း ညနေပိုင်း ဒေါက်တာဝေ ဦးဆိုတော့ ကောင်းသားပဲ၊ တစ်ယောက်နဲ့တစ်ယောက် သိပ်မတွေ့ရဘူးပေါ့'

'တွေ့ရကော ဘာဖြစ်သလဲ၊ ဒေးတိုက်တစ်တိုက်တည်းနေတာ





ဘယ်ကင်းနိုင်မှာလဲ'

'ချိုချိုဖြင့် ဒီလူကြီးကို သိပ်မကြိုက်ဘူး'

'ဘာဖြစ်လို့လဲ၊ ခုနကတော့ လူချော လူလှဆို၊ အခု ဘယ့်နှယ်ဖြစ် သွားပြန်ပြီလဲ'

'လူချော လူလှတော့ ဟုတ်တယ်၊ ဒါပေမယ့် မျက်နှာအမူအရာက တစ်မျိုးပဲ မစောလင်းရယ်၊ ချိုချိုလည်း မပြောတတ်ပါဘူး'

'ဘယ်လိုတစ်မျိုးလဲ၊ မျက်နှာထားဆိုးလို့လား'

'မျက်နှာထားဆိုးတာလည်း မဟုတ်ဘူး။ ချိုချိုပြောချင်တာက ဒီလို ဒီလို၊ မျက်နှာထားမှာ လေးနက်တဲ့အဓိပ္ပာယ် မရှိဘူး'

မစောလင်း၏ မျက်လုံးအစုံသည် တစ်စုံတစ်ခုကို မြင်သကဲ့သို့ စိုက်လျက်ကြည့်နေသည်။

'လူ့ရဲ့မျက်နှာမှာ အဓိပ္ပာယ်တစ်ခုခုကိုဆောင်တဲ့ အသွင်အပြင်မျိုး ရှိရမယ်၊ အထူးသဖြင့် ယောကျ်ားတွေမှာ တစ်ခုခုပေါ့လေ၊ အဓိပ္ပာယ်အနက် တစ်မျိုး မှုတစ်မျိုး ဆောင်ရမယ်၊ သူ့ကြည့်ရတာ ဘာအဓိပ္ပာယ်မှ မရှိ သလိုဘဲ ဖြုန်းခနဲ မြင်လိုက်ရလို့လားတော့ မပြောတတ်ဘူး'

'ဟုတ်တယ်၊ ရုပ်ကတော့ တစ်မျိုးပဲ၊ လှတယ်ဆို'

'ချိုချိုက အဲဒီရုပ်လှပုံမျိုးကို မကြိုက်တာ'

'တော်ပါတော့ကွယ်၊ ကိုယ်တို့ ရုပ်ရှင်သွားရအောင် အားနေတယ်'

ဟုပြောကာ မစောလင်းက နေရာမှထလိုက်သည်။

'ရော့... ကိုသက်ရှင်ရေးတဲ့ ဝတ္ထု မေ့သွားဦးမယ်'

မစောလင်းသည် ချိုချို့လက်မှ ဝတ္ထုစာအုပ်ကို လှမ်းယူလိုက်သည်။

ဆရာဝန်တစ်ယောက်ရတာ မကိုယ့်အဖို့တော့ သက်သာပါတယ်၊ အဲ...သူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့ မနိုင်မှာဘဲ စိုးတယ်ကွယ့်'

'မနိုင်စရာမရှိဘူး မဟုတ်လား။ အချိန်က ခွဲထားသားပဲနော်'

ချိုချိုက မစောလင်းနောက်သို့လိုက်ကာ...

'ဘယ်ကားကြည့်မလဲ'

ဟု မေးလေသည်၊

'ချိုချိုကြိုက်ရာကြည့်၊ ဒါပေမယ့် ခြောက်လုံးပြူးတွေနဲ့ ပစ်ကြခတ်ကြတော့ မျက်စိရှုပ်တယ်'

မစောလင်းသည် မှန်တင်ခုံရှေ့တွင်ရပ်ကာ ခေါင်းကို ပြင်ဆင်၍ဖြီးသည်၊ ဖြီးလျှင် ပေါင်ဒါတို့သည်။

ချိုချိုက အပါးမှရပ်လျက် –

'လှလှကလေးလုပ်ခဲ့နော်'

ဟု နောက်နေသေးသည်။

* * *

[ ၇ ]

ဗီဇမျိုးစေ့ပညာအကြောင်း စတင်ဆွေးနွေးကတည်းက မိုးသံလေသံများကို ကြားရလေသည်။ ဆေးကောလိပ်အပြင်ဘက်တွင်ကား မိုးနှောင်းသည် သည်းသည်းမည်းမည်းကြီး ရွာချလျက်ရှိသည်။ မိုးသက်လေသည် ဟိန်းဟောက်ကာ မှန်ပြတင်းများကို တအားပြေး၍ ရိုက်လေသည်။ မိုးမှောင်ကြီးကျ၍ တိမ်လိပ်တို့လည်း ပြိုလဲပြီးကျလာသည်။

ထိုညနေ၌ ဆေးပညာသုတေသန အသင်းဝင်အားလုံးပင် တက်ရောက်ကြလေသည်။ ခန်းမကြီးထဲ၌ကား မီးများထွန်းထားကြရသည်။ အပြင်ဘက်မှအရောင်သည် ဘယ်နည်းနှင့်မှ အတွင်းသို့ဝင်ကာ မလင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့ပြီ။

ဒေါက်တာမစောလင်းသည် စာအုပ်တင်သည့် ခပ်လျှောလျှောစင်တွင် လက်ကိုတင်ကာ ဘဝဇီဝ ဗိဇ္ဇာပညာဖြစ်သော သတ္တဗေဒရှိ မျိုးရိုးဗီဇပညာ ဆိုင်ရာအကြောင်းကို ဟောပြောလျက်ရှိလေသည်။ ထိုသို့ ဗီဇအကြောင်းကို ပြောဟောရင်း ဆိုဗီယက်က 'မီချူရင်'၏ အယူအဆများကိုပါ ရှင်းပြလေသည်။

'မင်ဒယ်လ်နဲ့ မော်ဂန်တို့ရဲ့ ဗီဇ နဲ့ပတ်သက်တဲ့ အယူအဆတွေဟာ ခေတ်နောက်ပြန်ဆွဲနေတယ်၊ တကယ့်အကောင်အထည်ရုပ်သာလျှင် ပဓာန အဓိကဖြစ်တယ်ဆိုတဲ့ အချက်နဲ့ ဆန့်ကျင်ပြီးနေတယ်လို့ မီချူရင်တို့ ဗိဇ္ဇာ ပညာ လောကဓာတ်ဆရာများက ဖော်ထုတ်ပြီး ရုပ်မှန်ကန်တဲ့ ဗီဇအယူအဆ ကို တွေ့ရှိလာရတယ်'

ဤနေရာသို့ရောက်သောအခါ ဒေါက်တာမစောလင်းသည် အစဉ် အဆက်ဆင်းသက်၍လာသော မျိုးရိုးဗီဇ၏ ပညာရပ်ကို ထူထောင်သူ 'ဒါဝင်'၏ အယူအဆများကို ပြန်၍ကောက်လေသည်။ ပြန်၍ အကျယ်တဝင့် ပြောဟောနေသည်။ ပရိသတ်တို့သည် ငြိမ်၍နားထောင်နေကြသည်။

ရှေ့က ခပ်လျှောလျှောစာအုပ်စင်တွင် မှတ်သား၍ ထားသော စာ ရွက်စာတမ်းများ တင်ထားသည်။ ထိုသို့ စကားပြောသည့်အခါ လိပ်ခွံကိုင်း မျက်မှန်ကို တပ်ထားလေ့ရှိသည်။

ပြတင်းမှဝင်လာသော လေသက်ကြောင့် ဆံပင်များမှာ လွင့်လျက် မြူးတူးနေကြသည်။ လေတိုက်သည့်အခါ ဆံယဉ်များလည်း တလွင့်လွင့် နှင့်၊ လေငြိမ်သက်သွားသည့်အခါ နဖူးပေါ်သို့ ပုံ၀ဲကျဆင်းလာကြသည်။ အပြာနုရောင် နိုင်လွန်အင်္ကျီလက်တိုနှင့် မီးခိုးပြာရောင် ထဘီဝတ်ထားသည်။





ထဘီနားမှ ဖိနပ်ဖြူသည် ထွက်၍နေလေသည်။

'လူသတ္တဝါတွေ၊ မိဘက သားသမီးအဆက်ဆက် ဆင်းသက်လာတဲ့ သတ္တဗီဇမျိုးစေ့နဲ့ပတ်သက်ပြီး ပညာရပ်တစ်ရပ်အနေနဲ့ ရှာဖွေလေ့လာသူဟာ 'ဒါဝင်' ဖြစ်ပါတယ်။ ဒါဝင်ဟာ သဘာဝဗိဇ္ဇာပညာ လောကဓာတ်ဆရာကြီး ပေမယ့် သတ္တဗေဒနယ်ပယ်မှာ ဒါဝင်ရဲ့ သဘာဝအလိုက် ရွေးချယ်ကာ ပြောင်းလဲလာခြင်းဆိုတဲ့ သဘောဟာ အင်မတန်မှ ထင်ရှားခဲ့တာပဲ'

ပရိသတ်ထဲတွင် မစောလင်းပြောပြနေသည်ကို ငေး၍နားထောင်နေသူ မှာကား ဒေါက်တာဖေဦးပင်။ အမှန်အားဖြင့် ဒေါက်တာဖေဦးသည် လင်းဆေး တိုက်၌ ညနေဘက်လူနာများအား ကြည့်ရှုလက်ခံရန်ရှိသော်လည်း ဆေး တိုက်မှထွက်လာကာ မစောလင်း၏ 'မျိုးစေ့'ဟောပြောပွဲသို့ လိုက်လာသည်။

ဒေါက်တာဖေဦးဘေးရှိ အရွယ်ငယ်ငယ် ဆေးကျောင်းသားကလေး တစ်ဦးက...

'ဘာတွေပြောနေတယ်တော့ မသိဘူး။ ဒေါက်တာ့ကြည့်ရတာနဲ့တော့ လာရကျိုးနပ်နေပြီ'

ဟု တိုးတိုးပြောနေသည်။

ဒုတိယနှစ် အမ်,ဘီ,ဘီ,အက်စ် ကျောင်းသားက...

'ရုပ်တော်တော်ဖြူတယ်၊ လှတာသက်သက် မဟုတ်ဘူး။ မျက်နှာအမူ အရာက ချစ်စရာ၊ ဟော... ကြည့်၊ စကားပြောပုံက... ဟင်'

ဘောင်းဘီအဖြူဝတ်ထားသော တရုတ်ကပြား ဆေးကျောင်းသားက သူတို့နှစ်ယောက်အား လက်တို့ကာ...

'ဟေ့... သိပ်ပြောမနေကြနဲ့ ရှေ့က ဒေါက်တာဖေဦးဆိုတာ လင်းဆေး တိုက်ကကွ'



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။ ဒုတိယနှစ်ကျောင်းသားက...

'ဒါဘာဖြစ်သလဲ၊ ချစ်ရာကောင်းလို့ ချစ်ရာကောင်းတယ်ပြောတာပဲ'

ဟု ပြန်၍ပြောရာ တရုတ်ကပြားလေးက ပါးစပ်ကို လက်ညှိုးနှင့်ကပ်ပြကာ...

'ဒေါက်တာဖေဦးနဲ့ဖြစ်နေတယ် ကြားတယ်'

ဟု ဆိုလေသည်။

အပြင်ဘက်တွင် မိုးသက်သည် တရကြမ်းပြေးဝင်ကာ ဆေးကောလိပ်နံရံကို ရိုက်လေသည်။ လေပြင်းသည်လည်း ဟိန်းဟောက်ကာ အော်မြည်ဟစ်ကြွေးလျက်နေတော့သည်။

'ဒါဝင်ရဲ့ မီဖန့်ပတ်သက်တဲ့ အယူအဆဟာ ရှေးခေတ်က အင်မတန်တိုးတက်ခဲ့ပေတာပဲ၊ သို့ပေမယ့် နောက်လူတွေက ဆက်လက်ပြီး သုရှာဖွေတွေ့ရှိသမျှကို တိုးတက်သထက် တိုးတက်လာအောင် မလုပ်ကြဘူး။ ဝီဆမင်တို့ မင်ဒယ်လ်တို့ မော်ဂန်တို့ဆိုတဲ့ လောကဓာတ်ဆရာတွေကဆိုရင် ဒါဝင့်အယူအဆတွေကို ဖျက်ဆီးတောင်ပစ်ကြတယ်'

ဒေါက်တာဖေဦးသည် စီးကရက်တစ်လိပ် ထပ်ညှိပြီး မလှုပ်မယှက်နားထောင်လျက်ရှိသည်။

'ဒါဝင်ရဲ့အယူအဆကို တကယ်ဆက်လက်ပြီး တိုးတက်အောင်ရှာဖွေတာကတော့ လောကဓာတ် ဝိဇ္ဇာဆရာကြီး 'မီချူရင်'ဆိုတဲ့ ပုဂ္ဂိုလ်ပဲ၊ မီချူရင်က သတ္တဝါမီဖန့်ပတ်သက်တဲ့နေရာမှာ တကယ့်ကို ရုပ်ဝါဒနဲ့ကိုက်ညီအောင် ကောက်ယူခဲ့တယ်။ ဒီနောက် လိုင်စင်ကိုက ထပ်မံပြီး လေးနက်အောင် ဖော်ထုတ်လိုက်တော့တာပဲ'

စောစောက မစောလင်း၏ ချစ်စရာကောင်းပုံကို အတင်းပြောနေကြ





သော ခပ်ရွယ်ရွယ်ကျောင်းသား တစ်သိုက်မှာ ငြိမ်သက်သွားကြသည်။ ဒေါက်တာဖေဦးက ကုလားထိုင်နောက်မှီကာ နားထောင်နေသည်။

မစောလင်းက လိုင်စင်၏ မီဖအယူအဆကို စိတ်ပါလက်ပါ အကျယ်တဝင့်ရှင်းပြနေပြန်သည်။

မိုးသက်လေသည် ပြင်းထန်တုန်းပင် ဖြစ်သည်။ မိုးမှောင်ထဲမှ ထစ်ချုန်း၍ ဝင်းပြက်လိုက်သော လျှပ်စစ်အကွေ့အကောက်တွေလည်း မှန်ပြတင်း၌ သွားထင်ကြသည်။ လျှပ်စစ်တို့သည် မှန်နှင့် တအားဆီးရိုက်သောအခါ စဉ်ထွက်သွားကြသည်။ ပြတင်းပေါင်သည် တပ်တပ်တပ်မြည်ကာ ကျန်ရစ်လေသည်။

'အဲဒီလို မီဖန့်ပတ်သက်ပြီး အယူအဆနှစ်မျိုး ထွက်လာတယ်၊ မင်ဒယ်၊ မော်ဂန်တို့ရဲ့ မီဖဟာ ဘယ်တော့မှ မပြောင်းလဲနိုင်ဘူး။ အထက်ကဆင်းသက်တဲ့အတိုင်းပဲ တစ်သမတ်တည်း ရှိလာရမယ်ဆိုတဲ့ အယူအဆတစ်မျိုး။ ဒါကို အနောက်ဥရောပ၏ ခရစ်ယာန်ယဉ်ကျေးမှုသဘောလို့ လိုင်စင်ကိုစတဲ့ လောကဓာတ်ဆရာများက ဆိုပါတယ်'

မစောလင်းက ရုရှားဗေဒေါ် သစ်ပင်များတွင် တွေ့ရှိရသော မီဖမျိုးစေ့ပေါက်ဖွားဆင်းသက်လာပုံကို အကျယ်တဝင့် ပြောပြလေသည်။ ထိုသို့ ဥယျာဉ်စိုက်ပျိုးခြင်းကို မီချူရင်သည် လက်တွေ့စမ်းသပ်ရာ၌ အဘယ်ပုံအောင်မြင်သည်ကို ကိုးကား၍ ပြသည်။

မတ်ဝန်းကျင်ကို ပြုပြင်ပေးခြင်းဖြင့် သစ်ပင်၏ မီဖမျိုးစေ့တိုးတက်ပွံ့ဖြိုးပြောင်းလဲ၍လာသည့် လက်တွေ့ဥပမာများကို တင်ပြလေသည်။ ဥယျာဉ်စိုက်ပျိုးရေး၌ လိုင်စင်၏ လက်တွေ့ရရှိသော အဖြေများအဖြစ် ဆိုပီယက်ပြည်၌ စိုက်ပျိုးအောင်မြင်သော သစ်သီးဝလံများကို ဥပမာပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'အထက်ကတစ်ဆင့် ဆင်းသက်လာတဲ့ ဗီဇမျိုးစေ့တစ်ခုရဲ့ အသက်ရှည်ဖို့ရာ၊ ဖွံ့ဖြိုးလာဖို့ရာဟာ သူ့ရဲ့ အသက်ရှင်နိုင်၊ ဖွံ့ဖြိုးနိုင်တဲ့အခြေအနေပေါ်မှာ တည်ပါတယ်။ ဗီဇရဲ့ ရင့်သန်ကြီးပြင်းလာမှုကို ကြည့်မယ်ဆိုရင် ဗီဇဟာ သီးခြားဖြစ်နေတာမဟုတ်ဘူးဆိုတာ တွေ့ရပါလိမ့်မယ်။ ဗီဇပါ ပါဝင်ပြီး ကြီးပြင်းလာရမယ့် ခန္ဓာကိုယ် ကိရိယာကြီးရဲ့ လှုပ်ရှားမှုဆိုတဲ့ အခြေအနေကိုလည်း ထည့်သွင်းစဉ်းစားရပါမယ်၊ မာ့က်စ်ရဲ့ တိုးတက်ပြောင်းလဲခြင်းဝါဒကို လက်မလွှတ်ဘဲ လိုင်စင်ကိုက သတ္တဗေဒကို လေ့လာရှာဖွေစမ်းသပ်တွေရှိသွားခဲ့ပါတယ်။ မင်ဒယ်. မော်ဂန်တို့နဲ့တော့ ဆန့်ကျင်နေပါတယ်'

မိုးနှင့်လေသည် စဲ၍မသွား။ လျှပ်စစ်တို့သည် လက်၍သာနေလေရာ တစ်ချက်တစ်ချက် မှန်ပြတင်းမှ ဝင်လာသော အလင်းသည် မစောလင်း၏ မျက်နှာကို သွားဟပ်သည်။ မိုးသံလေသံများအကြား၌ပင် မစောလင်း၏ စကားသံသည် ထွက်ပေါ်၍လာလေသည်။ အားလုံး ငြိမ်သက်လျက် နားထောင်နေကြသည်။

'သစ်ပင်လောကမှာဖြစ်ဖြစ်၊ သတ္တလောကမှာဖြစ်ဖြစ် ဗီဇမျိုးစေ့တစ်ခု ပေါက်ဖွားလာတယ်ဆိုတဲ့ကိစ္စမှာ မိဘဆီက သားသမီးဟာ စိတ်နေစိတ်ထားသဘောသက်သက် ဆင်းသက်လာတာ မဟုတ်ပါဘူး။ မိဘကဆိုးပေမယ့် သူ့သားသမီးက ဆိုးချင်မှဆိုးမယ်၊ ရုပ်ဗီဇသာ ဆင်းသက်လာတာပါ။ အဲဒီတော့ ရုပ်ကြီးဟာ သူ့ကိုရှင်စေ၊ ဖွံ့ဖြိုးစေတဲ့ ပတ်ဝန်းကျင်အခြေအနေအလိုက် ရှင်ရဖွံ့ဖြိုးရမှာပဲ။ ဒီအခြေအနေမှာ ဒီလိုဖွံ့ဖြိုးရင် ဟိုအခြေအနေမှာ ဟိုလိုဖွံ့ဖြိုးရပါတယ်၊ ဒီလိုဗီဇဟာ ပတ်ဝန်းကျင်အခြေအနေနဲ့ ဟပ်ခြင်း၊ လှုပ်ရှားခြင်းကို ခံယူနိုင်တဲ့ သတ္တိရှိတယ်၊ မင်ဒယ်၊ မော်ဂန်တို့က ဗီဇဟာ မပြောင်းလဲဘူးလို့ဆိုတယ်၊ လိုင်စင်ကိုကတော့ မပြောင်းလဲဘူးလို့ တစ်ထစ်ချမဟုတ်ဘူး။





ပြောင်းလဲနိုင်တဲ့သဘောရှိတယ်ဆိုတဲ့ ဝါဒသဘောကို ယူတယ်'

ယနေ့အားလုံး စိတ်ဝင်စားကြသည်။ ခါတိုင်းထက် နောက်ကျ၍ ဆွေးနွေးပွဲပြီးသည်။ ဂျူလီယံဟပ်စလေ၏ ဤလောကဓာတ် ဝိဇ္ဇာပညာရပ်ကို တိုက်ရိုက်သော စာအုပ်အကြောင်းနှင့် ပြောဆိုအဆုံးသတ်လေသည်။ ဆေးကျောင်းသားများက မစောလင်းတင်ပြသော အချက်အလက်များကို သဘောကျကြလေသည်။

ဆေးကျောင်းသားကလေးတစ်ဦးက ဝမ်းသာအားရနှင့်...

'ဗီဇနှင့်ပတ်သက်တဲ့ အယူအဆတွေကို အစ်မကြီးတင်ပြတာ စဉ်းစားစရာ အများကြီးဖြစ်လာတယ်'

ဟု ဒေါက်တာမစောလင်းအား လာပြောလေသည်။

ဆေးပညာသုတေသနအသင်းမှ ဥက္ကဋ္ဌနှင့် နာယကများက မစောလင်းထံ ဝိုင်းလာကာ ချီးကျူးစကားပြောကြသည်။ မစောလင်းက ချစ်စွာပြုံးကာ

'ကျွန်မ ကျောင်းကတည်းက ဇီဝပညာရပ်ကို စိတ်ဝင်စားခဲ့ပါတယ် ဆရာ၊ နောက် မိချူရင်ရေးတဲ့ စာအုပ်တွေ၊ လိုင်စင်ကိုရဲ့ မိန့်ခွန်းတွေဖတ်ပြီး လေ့လာသိရှိရတာတွေ တင်ပြတာပါပဲ'

ဟု ပြန်ပြောလေသည်။

ဆေးကောလိပ်ရှေ့ဘက်ရှိ ဆင်ဝင်အောက်၌ကား လူများဖြင့် ပြည့်လျက်ရှိလေသည်။ မိုးက ရွာလျက်ပင်ရှိလေရာ ကိုယ်ပိုင်ကား မရှိသူများက မိုးအတိတ်ကို စောင့်လျက်ရှိကြသည်၊ တချို့လည်း မိုးသည်းထဲပင် ထီးနှင့် သွားကြသည်။ ကားများသည် ပိုင်ရှင်ကိုခေါ်ရန်အတွက် ဆင်ဝင်အောက်သို့ လာကပ်ကြသည်။

ဒေါက်တာနန္ဒက မစောလင်းနားကပ်လျက်...



www.burmeseclassic.com

www.burmeseclassic.com



'အခုပြောတဲ့စကားတွေ ကျွန်တော့်ကို ရေးပေးပါ၊ ရှေ့အပတ် မဂ္ဂဇင်းထဲမှာ ထည့်ချင်လို့ပါ'

ဟု ပြောလေသည်။

မစောလင်းသည် စာရွက်တိုစာရွက်စများကိုပြကာ...

'ကြည့်ပါဦးရှင့် အကုန်ရေးချလာတာ မဟုတ်ပါဘူး။ မှတ်စုသဘောမျိုး သာ တို့တို့ထားတာတွေပါပဲ'

ဟု ပြုံး၍ပြောနေသည်။ သည်သည့်နေတွင် မစောလင်းသည် ရှင်ချိုစွာပြုံး ၍နေသည်။ ဘေးမှလူများသည် မစောလင်းကို မသိမသာ ငေးကြည့်သွားကြ သည်။

ဒေါက်တာနန္ဒက မကျေနပ်သေးဘဲ...

'ကျွန်တော်ပြောတာ ဒီလိုပါ၊ အိမ်ရောက်တော့ ပြန်ရေးချလိုက်ရင် ရပါတယ်။ ကိုယ်ပြောတာဆိုတော့ မှတ်မိမှာပေါ့'

'ဟုတ်ကဲ့၊ ကျွန်မ ပြန်ရေးပေးပါ့မယ်၊ ဒါပေမယ့် ပြောတဲ့အတိုင်း လုံးစေ့ပတ်စေ့တော့ မဟုတ်ဘူးနော်၊ မှတ်မိသလောက် ရေးရမှာ'

ဟု တစ်ဖက်တည်းပါးချိုင့်ကလေးကို ပေါ်အောင်ပြုံးကာ ပြောလိုက် သည်။

'ကောင်းပါပြီ မှတ်မိသမျှပဲ တော်ပါပြီ၊ လိုင်စင်ကိုရဲ့ ဗိဇသဘောတွေ ပါဖို့ လိုပါတယ်၊ ရှေ့အပတ်မီအောင် ပေးစေချင်ပါတယ်'

မစောလင်းသည် ဆင်ဝင်အောက်သို့ရောက်လာကာ မိမိကားကို ဟိုဟိုဒီဒီကြည့်နေစဉ် ဒေါက်တာဖေဦး အပါးသို့ကပ်လာသည်။

'ဪ... ကိုဖေဦးပါလား၊ ကျွန်မ ရှင့်ကို မမြင်မိဘူး၊ ကျွန်မက ဆေးတိုက်ချိန်နဲ့ ရှင်မလာဘူးအောက်မေ့တယ်'





ဟု မစောလင်းက ပြောလေသည်။

'ဆေးတိုက်က ဆင်းဆင်းချင်း ပြေးလာရတာ၊ ကျွန်တော်ရောက်တော့ မစောလင်းပြောတာ အတော်ရောက်နေပြီ၊ ကျွန်တော်က သိပ်ကြားချင်တာနဲ့'

ဒေါက်တာဖေဦးသည် ပြောရင်း မျက်လုံးအကြည့်က မစောလင်း၏ မ်းနိုးပြာထဘီနှင့် ဖိနပ်ဖြူသို့ ကူးသန်းနေသည်။

'မစောလင်းပြောတာ သိပ်ရှင်းတာပဲ၊ တစ်ခုပြီးတစ်ခုရှင်းပြတာ သိပ် အစီအစဉ်ကျနေတယ်၊ မိချုရင်ရဲ့ ဗိဇအကြောင်းကို ရှင်းပြတော့ လူတွေဟာ ငြိမ်နေတာပဲ၊ မစောလင်းရဲ့ စကားသံကိုက ပရိသတ်ကို ဆွဲနိုင်တဲ့ဓာတ်ရှိတယ်'

ဟု ဒေါက်တာဖေဦးက အားပါးတရ ပြောလေသည်။

မစောလင်းသည် နားထောင်၍ နေသည်။

'လူနာတစ်ယောက်တောင် အခု ညနေဘက် ပြန်ချိန်းခဲ့ရတယ်၊ ဆေးတိုက်ကို ပြန်သွားရမယ်'

မစောလင်း၏ မော်တော်ကားသည် ဆင်ဝင်အောက်တွင် လျှောခနဲ ရပ်လေသည်။

'ဆေးတိုက်ပြန်သွားရမယ်ဆိုရင် ကျွန်မကားနဲ့ လိုက်ခဲ့ပါလား။ ကျွန်မ အိမ်တန်းပြန်မှာပါပဲ'

ဒေါက်တာဖေဦးသည် မစောလင်းအပါးမှ ဝင်ထိုင်လေသည်။ မစော လင်းသည် ရပ်နေကြသော မိတ်ဆွေများကို နှုတ်ဆက်လေသည်။ ကားသည် ဆေးကောလိပ်မှ ထွက်လာလေသည်။

'မိုးကလည်း ကောင်းလိုက်တာရှင်'

မစောလင်းသည် မှန်တံခါးမှစီးကျနေသော ရေစက်များကိုကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ညည်းနေသည်။

'မိုးက ကုန်ခါနီးမှ ကောင်းနေလိုက်တာ၊ မိုးသံလေသံတွေကြားမှာ တောင် မစောလင်းပြောတာကို စိတ်ဝင်စားကြလွန်းလို့ နေ့ာက်ကျကျထိုင်တဲ့ ကျောင်းသားတွေကဆိုရင် ရှေ့တိုးလာထိုင်ကြတယ်'

ကားတံခါးများ ပိတ်ထားသဖြင့် မစောလင်း၏ကိုယ်မှ ပေါင်ဒါနံ့တို့သည် သင်းပျံ့မွှေးကြိုင်လျက် ရှိလေသည်။

ဒေါက်တာဖေဦးက မစောလင်းအား ငေးကြည့်ကာ ပြောနေလေသည်။ မစောလင်းကလည်း၊ သူမ၏ပဟောပြောမှုကို စိတ်ဝင်စားကာ ပြောပြနေသဖြင့် နားထောင်နေသည်။

'ကျွန်တော်တို့ ဆေးဘက်မှာက ကိုယ့်စီးပွားနဲ့ကိုယ်သာ လုပ်နေကြတာ၊ ဆေးပညာရပ်တစ်ရပ်အနေနဲ့ ကြီးကျယ်လာအောင်၊ တိုးတက်လာအောင် ရှာဖွေတာ၊ စူးစမ်းတာ တယ်မရှိလှဘူးမဟုတ်လား။ ခုလို သုတေသနအသင်းက ဆေးပညာရပ်နဲ့ပတ်သက်ပြီး စိတ်ဝင်စားလာအောင် ထထကြွကြွလုပ်ပေးမှပဲ မစောလင်းက ခုခေတ် ကမ္ဘာ့ဆေးပညာလောကမှာ တစ်ဖက်နဲ့ တစ်ဖက် အငြင်းပွားနေတဲ့ ဗီဇနဲ့ပတ်သက်ပြီးတင်ပြတာ သိပ်ခေတ်မီတာပဲ၊ ဒီလိုပြောနိုင်တာ မစောလင်းကို ချီးကျူးမိပါတယ်'

'သတ္တဗီဇနဲ့ပတ်သက်ပြီး အယူအဆနှစ်မျိုးရှိတာကတော့ သိပ်မဆန်းပါဘူးရှင်၊ စာရေးဆရာ ကိုသက်ရင်နဲ့လည်း ကျွန်မ အတော်ပဲ ဆွေးနွေးကြည့်တယ်၊ တကယ်ဆိုတော့ ကျွန်မတို့ ဆရာဝန်တွေဟာ ဒါကို အင်မတန်လိုက်စားကြဖို့ ကောင်းပါတယ်'

ဒေါက်တာဖေဦးက မစောလင်း၏ အမူအရာကို ငေး၍ကြည့်နေသည်။ မစောလင်းကမူ မှန်တံခါးသို့လာ၍ရိုက်သော မိုးပေါက် မိုးသီးများကိုသာ





စိုက်လျက် ပြောနေသည်။ သော်မဆင်ရိပ်သာရှိ ဆေးတိုက်သို့ရောက်သော အခါ အောက်ထပ်တွင် အမယ်ကြီးတစ်ယောက်နှင့် မိန်းမပျိုသည် စောင့်နေကြသည်ကို တွေ့ရလေသည်။

ဒေါက်တာဖေဦးက ကားထဲမှ အလျင်ဆင်းကာ...

'ကျွန်တော်မှာထားတဲ့ လူနာ အိမ်ကိုခေါ်တာ မလိုက်ချင်တာနဲ့ ဆေးတိုက်လာကြတာ၊ အမယ်ကြီးက အတော်အားနည်းတယ်'

မစောလင်းဆင်းလာသည်ကို တွေ့သောအခါ အမယ်ကြီးက...

'ဆရာမလေးအဖော်ကို ကောင်းကောင်းသိပါတယ်၊ အမေကြီးဝေဒနာကို တဆိတ်လောက် ဂရုစိုက်ပေးပါ'

ဟု တောင်းပန်လေသည်။ မစောလင်းလည်း အပေါ်သို့မတက်ဘဲ ဆေးတိုက်ထဲသို့ ဝင်သွားရလေသည်။

ဆေးခန်းထဲ၌ ဒေါက်တာဖေဦးနှင့် မစောလင်းပါ နှစ်ယောက်စလုံး စမ်းသပ်ကြလေသည်။ အမယ်ကြီး၏ ချောင်းဆိုးသွေးပါကား အမြစ်တွယ်ရင့်လျက် ရှိလေသည်။

စမ်းသပ်နေရင်း ချောင်းဆိုးလာရာ သွေးများပါလာသည်။ အတူပါလာသော မိန်းမပျိုက ရင်ကိုဖိထားရင်းက...

'သွေးပါလာရင် သိပ်မောတာပဲ'

ဟု မစောလင်းအား ပြော၍ပြသည်။

အမယ်ကြီးသည် လူနာစမ်းသပ်သော ခုတင်ပေါ်၌ မောနေလေသည်။ လူမမာ၏ အသက်ရှူသံမှာ ပြင်းထန်၍လာသည်။ အသက်အရွယ်ကလည်း ကြီးပြီဖြစ်ရာ နှစ်ယောက်စလုံးပင် အထူးကြပ်မတ်ကာ ပြုစုကြရလေသည်။ အမောခံနိုင်အောင် မစောလင်းသည် ဆေးထိုးပေနေစဉ် ဒေါက်တာဖေဦးက



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှ ဖေးမကာ ကူရလေသည်။

ညဉ့်အတော်နက်မှ ကိစ္စပြီးသွားသဖြင့် မစောလင်းက ပင်ပန်းပုံရနေသော ဒေါက်တာဖေဦးအား...

'ဒီည ဒီမှာပဲ ညစာစားသွားပါ၊ ကျွန်မလည်း စားမယ်'

ဟု ဆိုကာ အိမ်တွင် ညစာစားစေလေသည်။

သူတို့သည် ဆေးတိုက်အကြောင်း၊ ချောင်းဆိုးသွေးပါ ရောဂါဝေဒနာအကြောင်းများကို ပြောကြလေသည်။ အတော်ကြာအောင် စကားလက်ဆုံကျနေကြပြီးမှ ဒေါက်တာဖေဦးပြန်သောအခါ တံခါးဝအထိ လိုက်ပို့လိုက်သည်။

တံခါးမှ ပြန်ဝင်လာသောအခါ ဒေါ်လေးက...

'ဒီသူငယ် တော်တော်ကြိုးစားတယ်၊ ညနေဘက်ဆိုရင် မှောင်မှပြန်သွားတယ်၊ သဘောကောင်းရှာတယ်'

ဟု ပြောလေသည်။

မစောလင်းသည် ဘာမှပြန်မပြောဘဲ အိမ်ခန်းထဲသို့ဝင်၍ ခါတ်မီးခလုတ်ကို ဖွင့်လိုက်လေသည်။ စားပွဲပေါ်၌ ကိုသက်ရင်ရေးသော ဝတ္ထုစာအုပ်တင်ထားသည်။

⁂ ⁂ ⁂

[ ၈ ]

ဗိုလ်တထောင်ဆိပ်ကမ်းတွင် ယနေ့ အတော်လှုရှင်းနေ၍ အုံ့ဩရသည်။

မြစ်ထဲတွင် လှေ၊ သမ္ဗန်တို့သည် ရေစုန်ရေဆန်မျောကာနေကြလေသည်။ ရေလယ်ကောင်တွင် ကျောက်ချပြီးဆိုက်ထားသော ဘိလပ်သင်္ဘောကြီးတစ်စင်းသည် ခေါင်းတိုင်မှ မီးခိုးလုံးကြီးများကို အဆက်မပြတ် မှုတ်ထုတ်နေလေသည်။

မြုပ်လုမတတ် ဆန်အိတ်တွေတင်ထားသော သမ္ဗန်များသည် သင်္ဘောကြီးနှင့် ကပ်၍ဆိုက်ထားကြသည်။

သင်္ဘောပေါ်မှ ငိုက်ကျလာသော ကရိန်းစက်မောင်းကြီးသည် သမ္ဗန်ပေါ်က ဆန်အိတ်များကို စက်ကြိုးနှင့်ချိတ်လိုက်ကာ သင်္ဘောပေါ်သို့ ဆွဲယူ



www.burmeseclassic.com

www.burmeseclassic.com



တင်နေသည်။ ဆန်အိတ်များ စက်ကြိုးနှင့် အထက်သို့ မြောက်,မြောက်ပြီး ပါသွားသည့်အခါ တံတားပေါ်ကကြည့်လျှင် ဆန်အိတ်များသည် ဝိတိသေးသေး အိတ်ကလေးတွေ ဖြစ်နေသည်။

မစောလင်းသည် တံတားပေါ်၌ လက်ရန်းပေါ်ကိုလက်ထောက်ကာ ရပ်နေရင်း သင်္ဘောကြီးကို စိုက်ကြည့်နေလေသည်။ သမ္ဗန်ပေါ်က သင်္ဘောပေါ်ကို မြောက်တက်သွားသော ဆန်အိတ်များကို ငေးကြည့်နေရာမှ 'တို့အိက ဆန်တွေ'ဟု စိတ်ထဲက ပြောမိသည်။

ကိုသက်ရှင်ရေးသော 'စိမ်းလဲ့ကောက်ပင်'ဝတ္ထုထဲ၌ သရုပ်သဏ္ဍာန် ပေါ်အောင် ရေးပြထားသည့် လယ်သမားဘဝမှာ မျက်စိထဲတွင် ချက်ချင်း လာ၍ပေါ်လာသည်။

ဝတ္ထုထဲ၌ လယ်သမားများ လုပ်ပုံကိုင်ပုံ၊ စားပုံသောက်ပုံ၊ ဝတ်ပုံ နေပုံ စသည်တို့ကို မျက်စိထဲ၌ ပေါ်၍လာလေသည်။

ကိုသက်ရှင်သည် လယ်သမားဘဝကို ပုံတူကူးကာ ဖော်ပြနိုင်သည်။

သူ့စာအုပ်ထဲ၌ လယ်သမားတွေ လယ်ထဲက ထွန်ဖြုတ်ကာ တက် လာပြီး သာသာလောင်လောင်ဖြင့် ဇလုံထဲတွင် ထမင်းကြမ်းခဲကို ကျုံးကျုံးပြီး စားကြဟန်ရေးထားပုံမှာ မြိန်ရှက်ဖွယ် ရှိလှသည်။

ဆင်းရဲသားအလုပ်သမားဘဝ၊ အလုပ်သမားအကြောင်း၊ အလုပ် သမားများ၏ ဒုက္ခဆင်းရဲတွေကို သိအောင် အဆင့်အတန်းမြင့်အောင် ဖော် ပြချင်သူ၊ လုပ်ချင်သူများက တစ်ဖက်။

ဆင်းရဲသား အလုပ်သမားများ၏ ဖက်ကိုကိုင်၍ သူတို့ပေါ်၌ ခေါင်း ပုံဖြတ်ကာ နိုင့်ထက်စီးနင်း လက်ဝါးကြီးအုပ်လျက် ပြုလုပ်နေသူများက တစ်ဖက်။





ယခုအခါ တစ်ဖက်နှင့်တစ်ဖက် ပဋိပက္ခဖြစ်နေပုံများကို မစောလင်း သည် လေးလေးနက်နက် တွေးတောကြည့်နေသည်။

မစောလင်းသည် တံတားပေါ်မှရပ်ကြည့်ကာ တွေးတောနေရင်း လေထဲတွင် တဖျပ်ဖျပ်လွင့်နေသော ထဘီကို ခဏခဏ လက်နှင့်ခွဲရှုပ်သည်။

လေသည် တဟူးဟူး စွတ်၍တိုက်နေသည်။

ဝင်လုဆဲဆဲ နေလုံးကြီးသည် ရဲရဲတောက်ကာ နေပေသည်။ မြစ် ထဲမှ ရေလှိုင်းကလေးများသည် နေရောင်နှင့်ဟပ်မိတိုင်း တလက်လက်ပြက်သွား သည်။ ဆန်တင်သင်္ဘောခေါင်းတိုင်ကြီးမှ မီးခိုးလုံးကြီးသည် အထက်ကောင်း ကင်သို့ အလိပ်လိပ်ပင့်၍ တက်သွားကာ မိုးတိမ်များနှင့် တွန့်လိမ်ရောနှော သွားကြသည်။

မစောလင်းသည် လက်ရန်းပေါ်၌ ထောက်ထားသည့်လက်ကို ရုပ် လိုက်ကာ ကိုယ်ကို တစ်ဖက်သို့လှည့်လိုက်သည်။ ပိပိကျောနှင့်လက်တန်း ကိုအားပြုနိုင်သမျှ ပြုကာ ရပ်ဆန့်မှီလက် လက်ပိုက်ပြီး မြစ်ထဲသို့ ငေးစိုက် ကာ ကြည့်နေသည်။

မြစ်ထဲတွင် လှုပ်လှုပ်ရွရွဖြစ်နေကြသော ကူးတို့၊ လှေသမ္ဗန်များမှာ ပလူပျံလျက်ရှိလေသည်။ ဟိုတက်ကမ်းမှ သည်ဘက်ကမ်းသို့ ခေါက်တုံ့ခေါက် ပြန် ကူးသန်းနေကြသည်။

မစောလင်းသည် ညနေဘက် လူမမာတစ်ဦးအိမ်ကအပြန် တံတား တွင် လူရှင်းတာမြင်သဖြင့် ကားရပ်ကာ တံတားပေါ်သို့ ခဏတစ်ဖြုတ်ဆင်း လျှောက်လာခြင်းဖြစ်သည်။ မြစ်ထဲမှ တိုက်ခတ်လာသောလေကို ရှူရှိုက်ရင်း မျက်စိထဲတွင် မြင်နေရသော ရှုခင်းနောက်သို့ လိုက်ပါလျက် တွေရာလေးပါး တွေး၍နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုကြီး တစ်ယောက်သည် သုတ်သုတ်. သုတ်သုတ်နှင့် တံတားသို့ ဆင်းလာသည်။ ဆေးပေါ့လိပ်တိုကို ပါးစောင်တွင်ခဲလျက် တဘက်ပေါင်းကို ခေါင်းပေါင်းတွင် ခေါင်းမှလုပ်ကာ ရေမတောင်းကြီးကို မနိုင်မနင်းရွက်ဆင်းလာသည်။

မြစ်ထဲမှ သမ္ဗန်ကုလားများသည် 'အမား အမား အမား'ဟု ကျယ်ကျယ်လောင်လောင် သူ့ထက်ငါ ဆီးခေါ်ကြသည်။ အဘွားကြီးသည် တုန့်တုန့် ယင်ယင်နှင့် ကူးတို့လှေများဘက်သို့ လျှောက်သွားလေသည်။ တံတား၌ ရေသံ၊ တက်သံ၊ လူခေါ်သံတို့သည် တစ်ခဏအတွင်း ဆူညံသွားလေသည်။

မစောလင်းသည် လှေပေါ်တွင် ကျုံ့ကျုံ့ယုံ့ယုံ့ထိုင်ကာ ဆေးပေါ့လိပ်တို ကို တရဲရဲဖွာလိုက်သွားသော အမေအိုကိုကြည့်လျက် 'ဆင်းရဲလိုက်တာ'ဟု သက်ပြင်းချမိသည်။

ကူးတို့လှေကလေးသည် တော်တော်ခပ်ဝေးဝေးသို့ ရောက်သွားသည် အထိ တံတားပေါ်မှ ဆီးကြည့်နေသည်။ ထို့နောက် တံတားမှ ကားဆီသို့ ပြန်လျှောက်လာခဲ့သည်။

မစောလင်းသည် အိမ်သို့ တန်းမပြန်ဘဲ စာအုပ်ဆိုင်သို့ အယောင်းနိုင်း သည်။ စာအုပ်ဆိုင်တွင် စာအုပ်များကို အတန်ကြာအောင် ရွေး၍ဝယ်လေသည်။

စာအုပ်များကို ကုလားများထုပ်ပိုးနေစဉ် မစောလင်းသည် အနီးရှိ စင်ပေါ်က စာအုပ်ကလေးကို ဆွဲယူလိုက်သည်။ ထိုစာမှာ ထွက်စကာပင် မတ်ပြီးနဲ့ပြီ ဆိုင်မှမထွက်ခင် ရပ်စောင့်နေရိုက် စာအုပ်ကို ဟိုလှန်သည်လှန် ကြည့်ပြီးမှ ပြန်၍ထောင်ထားခဲ့သည်။

ဂေါ်ကီရေးသော 'အမေ'စာအုပ်ကလေးသည် မစောလင်းထားခဲ့သည်





နေရာ၌ ပြုံးပြုံးကလေး ကျန်ရစ်လေသည်။

ဆေးတိုက်သို့ ကားဆိုက်သောအခါ ဆေးတိုက်မှာ မပိတ်သေး ဆေးခန်းထဲတွင် မီးများ ထွန်းထားသည်ကို တွေ့ရသည်။

ကားဆိုက်သံကြား၍ ဒေါက်တာဖေဦးသည် နေရာမှထလာကာ တံခါးကြားက ပြူကြည့်လိုက်သည်။

မစောလင်းသည် ကားတံခါးကို တွန်းဖွင့်ကာ ကားပေါ်မှ စာအုပ်တွေ ပိုက်၍ ဆင်းလာသည်။ သူမသည် ဆေးခန်းထဲသို့ မဝင်ဘဲ ဘေးဖက်ရှိလှေကား မှ အပေါ်သို့ လှမ်းတက်သွားသည်။

ဒေါက်တာဖေဦးသည် မစောလင်းမျက်စိအောက်က ကွယ်ပျောက်သွား တော့မှ တံခါးကခွာကာ စားပွဲဆီသို့ ပြန်လျှောက်လာပြီး ကုလားထိုင်ပေါ်တွင် ပစ်ထိုင်ချလိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## [ ၉ ]

ဒေါက်တာဖေဦးသည် နေရောင်အောက်တွင် ခပ်သုတ်သုတ်လျှောက်၍လာသည်။

ရှပ်ဖြူ ဘောင်းဘီဖြူနှင့် နေရောင်ကာမျက်မှန်၊ ဆေးအိတ်အနက်တို့မှာ နေရောင်ထဲတွင် ထင်းနေသည်။

သော့ခတ်လမ်းသို့ ချိုးဝင်လိုက်သောအခါ ညနေပိုင်း ခါတိုင်းအလုပ်ဆင်းနေကျအချိန်ထက် အပုံကြီးစောနေလေသည်။

မစောလင်းသည် တစ်နာရီထိုးလျှင် အပေါ်သို့တက်သွားတတ်သည်။ နှစ်နာရီမှ ညနေ ငါးနာရီအထိ မိမိ၏အလုပ်ချိန်ဟု ခွဲခြားထားသော်လည်း





လင်းဆေးတိုက်နားသို့ သူရောက်လာသည့်အချိန်မှာ ဆယ့်နှစ်နာရီရှိသေးသည်။

မစောလင်း အပေါ်သို့မတက်ခင် မစောလင်းနှင့် တွေ့လိုက်ချင်၍ အိမ်က ခပ်စောစောယင် ထွက်လာသည်။ အကြောင်းပြဖို့ရန်လည်း အဆင်သင့်ပင်ရှိသည်။

ဆေးတိုက်ရှေ့၌ မစောလင်း၏ကားပြာကြီး ရပ်ထားသည်ကို တွေ့ရသည်။ 'အပြင်များ ထွက်မလို့လား' ဟု ကားထဲသို့ မျှော်မှန်းကြည့်လိုက်ကာ မြန်မြန်သွက်သွက် လျှောက်လာသည်။

ကားထဲတွင် ဒရိုင်ဘာကိုသာ တွေ့ရတော့မှ ဆေးတိုက်ထဲ၌ရှိသေးသည်ကို စိတ်ချသွားသည်။

ဆေးတိုက် ဧည့်ခန်းထဲ၌ လူနာများကို မတွေ့ရဘဲ ထုံးထုံးဆန်းဆန်း ဒေါ်လေးရှိနေသည်ကို ပက်ပင်းသွား၍တွေ့သည်။ မိမိကို မြင်လိုက်လျှင်ပင် ဒေါ်လေးက အလွန်အံ့သြဟန်ဖြင့်...

'အလို... မောင်ဖေဦးပါလား'

ဟု ဒေါ်လေးက ဆီးပြောလိုက်ရာ တန့်ရပ်သွားမိသည်။

'အဆင်သင့်လိုက်တာ မောင်ရယ်၊ အခုပဲ မောင်ဖေဦးဆီလွှတ်တော့မလို့၊ မစောလင်း မရှိဘူး'

ဟု ဒေါ်လေးက ဒရောသောပါး ပြောလိုက်သည်။

ဒေါက်တာဖေဦးမှာ 'ခင်ဗျာ' ဟု ပါးစပ်ကထွက်သွားကာ နားမလည်သလိုအမူအရာနှင့် နားစွင့်နေလေသည်။

'မနက်က ခြောက်နာရီလောက် ရှိပါဦးမယ်၊ သမိုင်းက ကြာဆန်ရုံက လူနာအရေးကြီးလို့ လာခေါ်သွားတယ်၊ တစ်မနက်စာလုံး ပြန်မလာဘူး၊ တစ်မနက်လုံးပဲ ဒီမှာထိုင်ပြီး လူနာတွေကို ပြန်ပြန်လွှတ်ရတယ်၊ ခုနကမှ



www.burmeseclassic.com

www.burmeseclassic.com



ကားပြန်လာတယ်၊ သူမပါလာဘူး။ အဲဒါ စာတစ်စောင်ရေးပေးလိုက်တယ်၊ မောင်ဖေဦးလာလာချင်း ပေးပါ၊ အရေးကြီးတယ် မှာလိုက်လို့'

ဒေါ်လေးက ပြောပြောဆိုဆို ခုံပေါ်က စာခေါက်ကိုကမ်းပေးရင်းက တစ်ဖန် အဲဒါ ဒီစာ မောင်ဖေဦးအိမ် လွှတ်ပေးနိုင်းရကောင်းမလားလို့ ဒေါ်လေးစဉ်းစားနေတုန်း မောင်ဖေဦး ပေါက်လာတာ အဆင်သင့်လိုက်တာကွယ်၊ အတော်ပဲ၊ ဘာများအရေးကြီးသလဲတော့ မသိဘူး'

ဒေါက်တာဖေဦးသည် ဒေါ်လေးဆက်လက်၍ ပြောသည့်စကားကို ရပ်စောင့်နားထောင်မနေဘဲ စာအိတ်ကို လျင်မြန်စွာဖောက်ဖတ်လိုက်သည်။

'ဒီလို ဆေးတိုက်ကို ဝေစ်ခါမှ ပစ်မသွားဘူးလို့ သိဝ်အရေးကြီးလို့ မှန်းတော့ သိတယ်၊ ဘယ်လို့များ အရေးကြီးပါလိမ့်လို့ ဒရိုင်ဘာကို မေးကြည့်တော့ ခြံထဲကို ကားမောင်းသွားဆင်းဘဲ သူ့ကိုပို့ပြီးရင် ခြံပြင်ဘက်ထွက်သွား ပြီး ခပ်လှမ်းလှမ်းမှာ ရပ်စောင့်နေပါလို့ နိုင်းသတဲ့၊ သူလည်း ပို့ပြီး ခြံပြင်ဘက်က စောင့်နေရတယ်၊ ဘာမှန်းမသိဘူးတဲ့'

ဒေါက်တာဖေဦးသည် စာရွက်ကို သူ့အတိုင်းပြန်ခေါက်လျက် ထိတ်လန့်သလိုဖြစ်ကာ ဣန္ဒြေမဆည်နိုင်အောင် မျက်နှာပျက်နေသည်။

'အရေးကြီးသလား၊ မောင်ဖေဦးရယ်'

ဟု ဒေါ်လေးက ကတုန်ကယင်မေးလိုက်သည်။

'ကြီးဆို ဒေါ်လေး သူသွားတဲ့ နေရာမှာ လူတွေအများကြီး ဝမ်းရောဂါဖြစ်နေတယ်နဲ့ ဘူတယ်၊ ကျွန်တော့်ကို ထိုးဆေးနဲ့ ဆေးတွေစပ်ပြီး ဒရိုင်ဘာနဲ့ပေးခိုင်းလိုက်ဖို့ စာရေးလိုက်တယ်၊ ဘာဖြစ်လို့များ လိုက်သွားပါလိမ့် ဒေါ်လေးရယ်'

'ဩော်... ဝမ်းရောဂါတဲ့လား၊ ဟုတ်လိမ့်မယ်၊ မနက်က လာခေါ်တဲ့





ပန်းများသည် အနွယ်လိုက်၊ အနွယ်လိုက်၊ အခွေလိုက်၊ အခွေလိုက်ကျနေလေရာ ဘီလူးနှင့် ကိန္နရီမယ်တို့ ကွေ့ပတ်၍ ပြေးနိုင်ကြသည်။

'ဘီလူးက လိုက်ရလွန်းလို့ မောနေတဲ့ဟန် ကြည့်စမ်းပါဦးရှင်၊ ကိန္နရာကတော့ မမောဘူး'

ဟု မစောလင်းက ဒေါက်တာဖေဦးကို မကြည့်ဘဲ ပြုံးရယ်ကာ ပြောနေလေသည်။

မစောလင်းသည် မဏ္ဍပ်နွယ်အကြားကို ရောက်နေလေသည်။ ကိန္နရီမယ်က နွယ်ဒန်းစီးကာ တစ်ဖက်ဂူစွန်းသို့ ကွယ်လိုက်သည့်အခါ မစောလင်းသည် မျက်ထောင့်ကလေးစွေလျက် ပြုံးကြည့်နေသည်။

ဒေါက်တာဖေဦးမှာ မစောလင်း၏အမူအရာကိုကြည့်ကာ သက်ပြင်းချနေသည်။ မီးပုံးရောင်စုံတို့၏ အရောင်ဟပ်နေသဖြင့် ဝင်းလက်နေသော မစောလင်း၏ မျက်နှာမှာ အစိမ်းတစ်ဝက် အနီတစ်ဝက်ဖြင့် လှပနေလေသည်။

'ဟော... မိသွားပြီ'

မစောလင်းသည် ဒေါက်တာဖေဦးလက်မောင်းနှင့် တိုးမိလေသည်။

ဘီလူးနှင့် ကိန္နရီတို့သည် မဏ္ဍပ်နွယ်ဒန်းကိုစီးကာ နှစ်ပါးသွားသီချင်းကို သီဆိုကြလေသည်။

နှစ်ပါးသွားသီချင်းကို တယော၊ မယ်ဒလင်၊ ဂီတာတို့ဖြင့် တီးသဖြင့် သာယာငြိမ့်ညောင်းလေသည်။ နန္ဒမူလိုဏ်ဂူဝကို မီးရောင်အစိမ်းနှင့် ဖန်တီးထားသဖြင့် စိမ်းနေလေသည်။ ဒန်းလွှဲရင်း ပတ်ဆိုနေကြသော ဘီလူးနှင့် ကိန္နရီတို့မှာလည်း စိမ်းနေကြသည်။

ရှခင်းမှာ ပိန္နဲလှပကာ တောက်လာလေသည်။ နန္ဒမူပတ္တမြားလိုဏ်ဂူနှင့် ပိန္နဲတုလာသည်ဟု မှတ်ထင်ရအောင် မီးမောင်းအနီဖြင့် ထိုးလျက်ပြနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မဍ္ဍူသကာပန်းပွင့်တို့သည် နီရဲ၍လာကြလေသည်။ အခက်တို့မှာ စိမ်း၍မနေဘဲ နက်မှောင်၍သွားကြသည်။

နှစ်ပါးသွားတေးသံမှာ အချိုအချဉ်နှင့် နားထောင်၍ကောင်းလေရာ လူများ ပို၍များများလာသည်။ ဒေါက်တာဖေဦးက...

'လူတွေသိပ်ကျပ်လာပြီအထွက်ရခက်နေမယ်၊ လူနဲ့သူနဲ့တွေနဲ့ မတောလင်း ခံနိုင်မှာမဟုတ်ဘူး'

ဟု ပြောလေသည်။

မတောလင်းသည် လူတွေထဲမှ တိုးထွက်လာကာ မော်တော်ကားဆီသို့ သွားရာက တစ်ဖက်မှန်ဝရှိ မဏ္ဍပ်မှ ရှမ်းအကကိုတွေ့၍...

'ရှမ်းကရှင့်၊ ဒါကတစ်မျိုး'

ဟုဆိုပြီး ရှမ်းအကဆီသို့ တိုးသွားသည်။ ဒေါက်တာဖေဦးက...

'လူတွေက ကျပ်ပါဘိသနဲ့ မတောလင်းရယ်'

ဟု ဆိုကာ နောက်မှ လိုက်သွားရသည်။

တောတောင် ရေတံခွန် စိမ့်စမ်းများသဏ္ဍာန်လုပ်ထားသော ရှမ်းပြည်ဒေသကား ကြည့်နူးစရာကောင်းအောင် ထင်းရှူးပင်ကိုင်းကလေးများတွင် မီးနီ၊ မီးစိမ်းလုံးသေးကလေးများ ချိတ်ထားသည်။

'ရှမ်းပြည်ရှုခင်းကို လုပ်ထားတာလဲ ဝက်သစ်ချ၊ ခရစ်စမတ်သစ်ပင်နဲ့ တူတယ်ရှင့်'

ဟု ဆိုကာ မတောလင်းသည် ရယ်မောနေလေသည်။ ဒေါက်တာဖေဦးက မတောလင်း၏အမူအရာကို ကြည့်ကာ ငေးနေသည်။

မတောလင်းသည် လွတ်လပ်စွာ ပျော်ပြုံးကြည့်ရှုနေလေသည်။

နေ့တိုင်းမှ ဆေးတိုက်၌ လူနာများကို လက်ခံကုသရသော အလုပ်ဖြင့်





မအားမလပ်အောင် ရှိနေရာ စိတ်က မလွတ်လပ်။ လူနာများကို ကြည့်ရ၊ ဆေးပေးဖို့ တွေးရတောရနှင့် ပြုံးရယ်ဖို့ အခွင့်အလမ်းမရ၊ လွတ်လပ်စွာပြုံးတူးဖို့ အခါမဟုတ်ခဲ့။ ယခုကား မီးပွဲတော်မှာ မတောလင်းသည် ရွှင်လန်းပျော်ပါးလျက် ရှိနေသည်။

ဒေါက်တာဖေဦးမှာ ယခုကဲ့သို့ အတူသွားလာရတော့မှ မတောလင်း၏ ကလေးသဖွယ် ချစ်စရာကောင်းသော နဂိုအမူအရာများကို လာပြီး နီးနီးကပ်ကပ် မြင်တွေ့နေရလေသည်။

ဆေးခန်း၌ကား လူနာများ ကုသရေး ဆေးပေးရေးနှင့် တည်ကြည်စွာပင် ဆက်ဆံပြောဆိုနေခဲ့ရပေသည်။

ရှမ်းဆိုင်းမှာ တက်ကြွစရာကောင်းလောက်အောင် တီးနေသည်။ ခေါင်းပေါင်းအနီ၊ ဘောင်းဘီနက်ပြာ ဖားလျားဝတ်ကာ လူထက်ကြီးမားသော အိုးစည်ကြီးကို ထုနေသည်မှာ အားရဖွယ်ကောင်းလေသည်။ ခြေတစ်ဖက်ကို မြှောက်၍ မြှောက်၍ ကိုယ်ကိုလှည့်လှည့်ကနေသည်။ ရှမ်းလူရွယ်တစ်ယောက်က လက်ကိုမြှောက်၍ မောင်းကို နောင်၊ နောင် မှန်မှန် ရိုက်ထုပေးနေသည်။

'ဒါကလည်း တစ်မျိုးနော်။ ကြည့်ကောင်းသားပဲ'

ဟု မတောလင်းက အားရပါးရ ပြောလေသည်။

မီးပုံးအနီမှ အရောင်သည် မျက်နှာကိုဟပ်နေရာ မတောလင်း၏ မျက်လုံးသည် တလက်လက်တောက်ပ၍ နေလေသည်။ ရှမ်းကြီးက ပတ်ချာလည်၍ကတိုင်း ရယ်မော၍ ကြည့်နေလေရာ ရွှင်သော ဟဒယနှလုံးမှ စီးကျ၍လာသော မျက်လုံးအရောင်ကြည်မှာ စို့ရွှဲနေပေသည်။

သည်ညအဖို့ မတောလင်းသည် မီးပွဲကို ရင်ထဲမှခံစားကြည့်ရှုနေသည်။ အပြတ်မ်း လူနာများနှင့် တွေ့ဆုံကာ ဆေးခန်းမကြီး၌သာ နေရတော့ရာ



www.burmeseclassic.com

www.burmeseclassic.com



မေ့ဆေးနံ့ တင်ချာနံ့များကင်းသောလေကို ရှူရှိုက်ချင်နေလေသည်။

'လူတော့ သိပ်ကျပ်လာပြီ၊ တော်ကြာ ထွက်လို့ရမှာမဟုတ်ဘူး။ မစောလင်းလည်း ဆာလှရောပေါ့။ တစ်နေ့လုံး ပင်ပန်းလာတာ ပြန်ဖို့တော် ပြီထင်တယ်'

ဒေါက်တာဖေဦးက သတိပေးလျက်ရှိလေသည်။

မစောလင်းသည် ရှေ့မှလူတွေက ကွယ်သဖြင့် ခြေဖျားထောက်က ကြည့်ရလေသည်။ ဒေါက်တာဖေဦးမှာ နောက်ထပ် ဘာမျှမပြောတော့ဘဲ နောက်အသာဆုတ်ကြည့်လေသည်။ ဆံပင်များမှာ ကပိုကရိုဖြင့်ကျလျက်ရှိရာ တစ်မျိုးကြည့်ကောင်းနေသည်။

လွတ်လပ်စွာ ပြုံးရယ်နေသော အမူအရာ၊ အားရပါးရပြောသော စကားသံနှင့် လျော့လျော့ရဲရဲ ဖွာရရာကြဲပြန့်နေသော ဆံပင်များသည် နီနီ ရိုင်းရိုင်းရှိလှကာ ချစ်စဖွယ်အသွင်ကို ဆောင်နေလေသည်။ သည်ညအဖို့ရာ မစောလင်းသည် အင်မတန် ပျိုနုလွန်းနေပေသည်။

သော်မဆင်ရိပ်သာသို့ ပြန်လာသောအခါ လသည် စိန်ပန်းပင်ထိပ် များ၌ တွဲလွဲခိုလျက် ရှိနေသည်။

လမ်းထိပ်ရှိ အိမ်မှ မီးပုံများမှာ တချို့ ငြိမ်းသေသွားပြီဖြစ်သဖြင့် လှိုင်းသဏ္ဍာန် ထွန်းထားသော မီးတန်းမှာ မပီသတော့ဘဲ ပုံပျက်၍နေလေပြီ။ ထောင့်အိမ်က ပန်းပေါင်းကူးသည့်ပုံ ထွန်းထားသည့်မီးများမှာ အလယ်မှ ပြတ်၍ နေလေပြီ။

လင်းဆေးတိုက်ရှေ့သို့ ကားကို ထိုးရပ်လိုက်သောအခါ အပေါ်ထပ် ဆင်ဝင်မှ...

'ဟော... ပြန်လာပြီ'





ဟူသော ချိုချိုငါ့အသံကို ကြားရလေသည်။ ကားအနက်တစ်စီး ဆိုက်ထားသည်ကိုလည်း တွေ့ရသည်။

ဒေါက်တာဖေဦးက ရှေ့မှဆင်းလာလေသည်။ မစောလင်းသည် ချိုချိုငါ့အသံကိုကြား၍ မော့ကြည့်သည်။ ဒေါ်လေးနှင့် ကလေးများမှာ မီးပုံးများကို ထွန်းညှိနေတုန်းဖြစ်လေသည်။

'ဟော့... ချိုချို ဘယ်တုန်းကရောက်နေလဲ'

ဟု မစောလင်းက အပေါ်သို့ အော်ပြောလေသည်။ မစောလင်း၏အသံ မှာ ကြည်သာရွှင်ပျနေသည်။

'ကိုယ်... မီးပွဲ လျှောက်ကြည့်ခဲ့တယ်'

အပေါ်ထပ်မှ ချိုချိုက တစ်ခွန်းမှပြန်၍ မပြောချေ။

ဒေါက်တာဖေဦးက...

'ကျွန်တော် ဟိုဘက်လမ်းက ကုလားဝတ်လုံဆီ သွားရမယ်၊ မစောလင်း သိပ်ပန်းနေပါတယ်၊ အပန်းဖြေပါဦး'

ဟု နှုတ်ဆက်ကာ ထွက်သွားသည်။

မစောလင်းသည် ဆင်ဝင်သို့ မော်၍ကြည့်ပြန်ကာ...

'ချိုချို ရောက်နေတာ တော်တော်ကြာပလား'

ချိုချိုက အပေါ်မှငုံ့ကာ...

'ကြာလှပြီ၊ ဒေါ်လေးမေးကြည့်ပါလား၊ စောင့်လိုက်ရတာ မိုးလင်း ကတည်းက ထွက်သွားတာဆို၊ အင်းစိန်က အရေးတကြီး လာခေါ်တာဆို'

မစောလင်းသည် ဘာမှပြန်မပြောဘဲ လက်ပြကာ အပေါ်သို့ တက် လေသည်။ ချိုချိုက...

'မတက်နဲ့ဦး။ မစောလင်းကို လာခေါ်တာ ချိုချိုတို့အိမ်မှာ ထမင်းစား



www.burmeseclassic.com

www.burmeseclassic.com



ဟု လှမ်းပြောသည်။

လှေကားထိပ်တွင် နှစ်ယောက်သား သွားဆုံကြသည်။ ချိုချိုသည် မစောလင်း၏လက်ကို ဆုပ်ကိုင်ပြီး…

'ပြောစမ်းပါ၊ ဒီဆရာဝန်နဲ့ တစ်နေ့လုံးထွက်သွားတယ်ဆို၊ ဘယ် လျှောက်သွားနေတာလဲ'

'အင်းစိန်ကို လိုက်သွားရတယ်၊ သူက နောက်မှလိုက်လာတာပါ၊ ကိုယ်က မိုးလင်းကတည်းက သွားတာ၊ ညနေမှပဲ ပြီးတော့တယ်'

'တစ်နေ့လုံးပဲ လုပ်နေရသလား'

'လုပ်ရဆို လူနာက လေးငါးယောက် ပြိုင်ဖြစ်နေတော့ တစ်နေ့လုံး ဇာသွားတာပဲ'

'ဒီဆရာဝန်က ဘာလုပ်များ လိုက်သွားရတာလဲ'

'ဩော်… ချိုချိုကလည်း ဆရာဝန်အချင်းချင်းဆိုတာ ဒီလိုပဲ၊ ကိုယ့်ကိုကူတာပါ၊ တကယ်ဆိုတော့ ဒီကနေ့ဟာက ကိုယ့်လူနာတွေပါ၊ သူလိုက်လာတာ ကျေးဇူးတင်မိတယ်'

လှေကားထိပ်မှ ဒေါ်လေးပေါ်လာကာ…

'မစောလင်း ထမင်းစားမယ် မဟုတ်လား၊ ချိုချို တက်ကြလေ'

ချိုချိုသည် မစောလင်း၏ ခါးကိုဖက်ရင်း…

'အခု ချိုချိုနဲ့လိုက်ခဲ့ပါ၊ အိမ်မှာစားပါ၊ ချိုချိုလည်း မစားရသေးဘူး'

ဒေါ်လေးက…

'ဒီမှာ မစားကြဘူးလား'

ဟု လှမ်းမေးနေသည်။

'လာပါ မစောလင်းရယ် လိုက်ခဲ့ပါ'





ဟု ချိုချိုက အတင်းခေါ်နေလေသည်။

'တစ်နေ့လုံးကွယ် လူ့ကို ငြီးငေါ်နှံ့နေတယ်၊ ရေလည်းမချိုးရသေးဘူး ကွယ်'

'လာပါ၊ အိမ်ကျမှရေချိုး၊ လာလိုက်ခဲ့၊ ဒေါ်လေး မစောလင်း ချိုချိုတို့အိမ်မှာ စားမယ်'

ဟု ပြောကာ လက်ကိုဆွဲ၍ မစောလင်းလည်း ပြန်လိုက်သွားရတော့သည်။

မော်တော်ကားသည် မီးပုံးရောင်စုံတို့ဖြင့် ထိန်ထိန်လင်းနေသော မြို့လယ်ကောင်မှဖြတ်ကာ ကုက္ကိုင်းသို့ ထွက်လာသည်။

ချိုချိုတို့အိမ်မှာ အင်းလျားကန်ရှေ့တွင်ရှိလေရာ လပြည့်၏ ငွေရောင် ဝယ် သာယာလှသည်။ ထမင်းစားပြီးသောအခါ သူတို့သည် မြက်ခင်းပြင်ဝယ် ကြိမ်ကုလားထိုင်များချကာ လရောင်အောက်၌ အေးအေးသေးသေး စကားပြောနေကြသည်။

ချေပြင်ကြီးသည် လရောင်၌ တဖိတ်ဖိတ်ဖြစ်နေသည်။ လေညင်းသည် လှိုင်းများခုန်ကြွ၍နေသော ရေပြင်ကို ဖြတ်သန်းကာ တဖြူးဖြူးတိုက်နေသည်။ ခြံထောင့်ရှိ ဆောင်တော်ကူးပန်းရုံမှ ပန်းများကား ကြိုင်နေအောင် မွှေးလှိုင်လှသည်။ ဆွတ်ဆွတ်ဖြူနေသော ဆောင်တော်ကူးပန်းပွင့်တို့မှာ လရောင်တွင် လန်းလန်းဆန်းဆန်း ရှိကြသည်။

'ဒီမှာလာထိုင်ရတာ ကောင်းလိုက်တာ၊ အမောကို ပြေသွားတာပဲကွယ်၊ တစ်နေ့လုံး ပင်ပန်းလိုက်တာ မပြောနဲ့တော့'

မစောလင်းသည် ကုလားထိုင်နောက်ကို မှီနိုင်သမျှမှီကာ အကြောအခြင်ကို ဆန့်ထုတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'မီးပွဲ သွားကြတယ်ဆို'

'အပြန် လမ်းကြုံတာနဲ့ ကားရပ်ပြီး ခဏဆင်းကြည့်တာ'

'တစ်နေ့လုံး ဒီလောက်တောင် အပင်ပန်းခံရသလား။ ထမင်းလည်း ပြန်မစားဘူးဆို'

မတေလင်းသည် ဘာမျှပြန်မပြောဘဲ ချေပြင်ကို ငေးမိုက်ကာကြည့်နေသည်။

ကမ်းစပ်သို့လာ၍ရိုက်သော လေသံ အသံစလံများမှာ တဖျပ်ဖျပ်မြည်နေသည်။ လရောင်၏ ထိုးရောက်ပြာကျနေသော ရေပြင်သည် တလက်လက် ပြက်နေသည်။ ငြိစည်းရိုးရှိ ခေါင်းလောင်းပန်း၊ တိုက်ပန်းများသည် လည်တံကို မော့ကော ထောင်ကြွနေသည်။

သူတို့သည် ဝတ္ထုစာပေများအကြောင်း ရောက်သွားကြသည်။ မတေလင်းမှာ ယခုတလော စာပေများကို အတော်ဖတ်ရှုလေရာ ချိုချို့ကိုပင် စာပေကို ပြောပြနေလေသည်။

ညဥ့်သည် တိတ်ဆိတ်ငြိမ်သက်၍လာသလောက် လရောင်မှာ အေးမြ၍လာလေသည်။ ပန်းရနံ့တို့မှာ ပို၍ သင်းပျံ့ကြိုင်လှိုင်လာသည်။

ထိုည အင်းလျားမှ သော်မသင်ရိပ်သာသို့ ပြန်လာသောအခါ မတေလင်းသည် တွေရာလေးပါးတွေး၍ ပြန်လာသည်။

ဖခင်ဆုံးသွားပြီးကတည်းက ဆေးတိုက်ကြီးကို ဖိစီးကာလုပ်ရပုံ၊ ဗိဇပညာ၊ ကိုသက်ရင် ဝတ္ထုများ၊ ချိုချို၏ စကားများ၊ ဒေါ်လေး၏ သား သမီးများ၊ နောက်ထပ်ဝယ်ရမည့် ဆေးသစ်...။

❋ ❋ ❋

[ ၁၁ ]

အိမ်ရှေ့မှ ရေခဲပန်းများသည် ဖြူဖြူဖွေးဖွေး ငွေသွေးကြွနေကြလေသည်။

သစ်သားတန်းဖြင့် ကာလုပ်ထားသော ပေါင်းကူးမှာ ဆွတ်လွှလွှရေခဲပွင့်တွေ အုပ်နေသောကြောင့် ဆောင်း၏ အထိမ်းအမှတ်သဖွယ် ဖြစ်နေသည်။ နှင်းတို့သည် တဝေဝေကျဆင်းစပြုနေလေရာ သစ်ခက် သစ်နွယ်များပေါ်၌ တချို့ တင်နေကြလေသည်။

ဝင်းဝါသော နေလုံးကြီးသည် နှင်းရိပ်တွင်းမှ ပေါ်လာလေသည်။ လမ်းပေါ်ရှိ သစ်ပင်များ၊ ယှက်မိုး၍ထားသောနေရာတွင် ဝါဝါနေလုံးကြီးသည် ဘွားခနဲ ပေါ်၍မလာနိုင်ဘဲ ကွေ့ကောက်သော စိန်ပန်းပင်၏ အကိုင်းများ၌ တဲတဲကလေး တင်နေရပေသည်။ ရွှေရောင်တို့သည် နှင်းမြူထဲမှ အံကျပြော



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

နေလုံးကြီးသည် သစ်ကိုင်းပေါ်မှ အနီးရှိ အခက်တစ်ခုပေါ် ခုန်တက်သွားလေပြီ။ လျှောကျလှမ်းမသွားဘဲ ကျန်ရစ်နေသော နှင်းဝတ်ရည်များကြောင့် သစ်ရွက်စိမ်းတို့သည် နေရောင်ဝယ် တလက်လက်နှင့် လက်နေကြသည်။

မစောလင်းသည် ဆေးခန်းထဲမှ လမ်းမပေါ်သို့ တမျှော်မျှော် ရှိလေသည်။ ညှပ်ခန်းဝ၌ စောင့်ရသော သူငယ်ကလေးအား လှမ်း၍...

'ကားလာရင် မမ ပြောဟေ့'

ဟု မှာထားလိုက်သည်။

ဒေါက်တာဖေဦးမှာ ကပ်လျက်အခန်းမှာနေတဲ့ လူနာများကို ဆေးထိုးပေးရင်း တစ်ချက်တစ်ချက် မစောလင်းအခန်းသို့ ကြည့်လေသည်။ ဆေးတိုက်မှာ ရှေးယခင်ကထက် လူအလာများကာ မစောလင်း၌ အပြင်လူနာများကတစ်ဖက်ရှိ၍ တစ်လလောက်ကစ၍ ဒေါက်တာဖေဦးသည် မစောလင်းနှင့် တစ်နေ့လုံးပင် တွဲဖက်လုပ်လေသည်။

ညှပ်ခန်းမှစောင့်ရင်း စကားပြောကြသော အသံများ၊ တစ်ဖက်ထိမ်မှ ရေဒီယိုသံ စသည်များသည် ပျံ့လွင့်လာတတ်သည်။ ကုလားကလေးတစ်ယောက်သည် ငွေပန်းကိုက်အိုးကို မစောလင်းအခန်းထောင့်ရှိ ပန်းခုံပေါ်၌ လာချသည်။ နှင်းဆီပန်းများကား လန်းဆန်းနီရဲနေသည်။

တစ်ဖက်ခန်းက ဒေါက်တာဖေဦးအား...

'လူနာများနေရင် ကျွန်မလာဦးမယ်လေ'

ဟု လှမ်းပြောလိုက်သည်။

'မလာပါနဲ့၊ ကျွန်တော်နိုင်အောင် လုပ်ပေးပါ့မယ်၊ ကိစ္စမရှိပါဘူး'





တစ်ဖက်မှ အသံထွက်လာသည်။

လမ်းမမှ ကားတံခါးပိတ်သံကြားရကာ ညှပ်ခန်းစောင့်သူငယ်လေးသည် တံခါးဝမှပေါ်လာလျက်...

'မမ ကားပြန်လာပြီ'

ဟု လာပြောလေသည်။

'ကားနဲ့ ကိုသက်ရင်ပါလာတယ် မဟုတ်လား၊ လာမှာပေ'

မစောလင်းသည် နဖူးသို့ကျလာသောဆံပင်များကို သပ်လိုက်သည်။ မကြာမီ တံခါးပွင့်လာသည်။

'လာ... ကိုသက်ရင်၊ ရှုပ်လာဖြစ်အောင် ကျွန်မ ကားလွှတ်လိုက်ရတာ'

ဟု မစောလင်းက ဆီး၍ပြောသည်။ မစောလင်းသည် ကိုသက်ရင်ကို ခြေဖျားမှ ခေါင်းတိုင် ကြည့်လိုက်သည်။

'ထိုင်ပါ... ဟောဒီမှာ ထိုင်'

သူမ၏ စားပွဲရှေ့က ကုလားထိုင်ကို ညွှန်ပြလေသည်။ ကိုသက်ရင်သည် ဖြည်းဆေးစွာ ဝင်ထိုင်လိုက်သည်။

'တစ်နေ့က ချိုချိုပြောမှ သိတယ်၊ ကျွန်မနဲ့ရှင်နဲ့ကလည်း မတွေ့ရတာကြာပြီမဟုတ်လား။ ဟိုတစ်နေ့က ရှင့်ဝတ္ထုနဲ့ပတ်သက်ပြီး ကျွန်မထင်မြင်ချက် ရေးလိုက်တာ ရတယ်နော်'

ကိုသက်ရင်က...

'ရပါတယ်၊ မစောလင်း ထင်မြင်ချက်က ကျွန်တော့်အတွက် အင်မတန် အထောက်အပံ့ရပါတယ်'

မစောလင်းက သူ၏အမူအရာ ပုံပန်းကို သတိထားကြည့်သည်။

ကိုသက်ရင်မှာ အင်မတန်ရိုးသားစွာ ဝတ်ဆင်ထားသည်။ ရှပ်အင်္ကျီ



www.burmeseclassic.com

www.burmeseclassic.com



ယောလုံချည်၊ ပင်နီအင်္ကျီ၊ ဆံပင်ကို ကျကျနနဖြီးမထား၊ စကားပြောရင်း စာအုပ် တစ်အုပ်ကို စားပွဲပေါ်၌ ချထားလိုက်သည်။ အမြဲတမ်း သူဖတ်သည့် စာအုပ်ကိုယူလာလေ့ရှိသည်။

‘ကဲ... ကိုသက်ရင် ရှင့်ရောဂါကို ပြောစမ်းပါ၊ ကျွန်မကလည်း ရှင်နဲ့တွေ့တိုင်း စာပေအကြောင်းသာ ပြောဖြစ် မေးဖြစ်တာကိုး။ ချိုချိုကပြော မှ သိရတာ၊ ညည အိပ်မရဘဲ ဖြစ်နေတယ်ဆို’

ကိုသက်ရင်က ဘာမျှမပြောဘဲ နေသည်။

မစောလင်းက ပြုံးကာ...

‘ပြောပါရှင့်၊ ဘယ်လိုဖြစ်တာလဲ၊ ရှင့်မိတ်ဆွေထဲမှာ ဆရာဝန်တစ် ယောက်ရှိတယ်ဆိုတာလည်း မမေ့ပါနဲ့ရှင်’

မစောလင်းသည် ခေါင်းကိုငဲ့ကာ ပြုံးရယ်နေလေသည်။ ကိုသက်ရင် လည်း ဘာမျှပြန်မပြောဘဲ မစောလင်းကို ကြည့်နေသည်။

‘ချိုချိုကပြောတယ်၊ ဆေးတိုက်ကို သူလာမှာမဟုတ်ဘူးတဲ့၊ သူက ဝေဒနာကို ဝေဒနာလို့မှတ်တဲ့လူ မဟုတ်ဘူးတဲ့၊ ဒါကြောင့် ကိုသက်ရင် လာဖြစ်အောင်ကို ကားနဲ့ တမင်လွှတ်ခေါ်ရတာ၊ ပြောပါ၊ ညည ဒီလိုအိပ်မပျော် တာ ဘယ်လောက်ကြာပြီလဲ’

မစောလင်းသည် လူနာကိုမေးမြန်းသော ဆရာဝန်ကဲ့သို့ တည်ကြည် စွာ မေးလေသည်။ ကိုသက်ရင်သည် ဘာမျှပြန်၍မပြောဘဲ တိတ်နေသည်။ အတန်ကြာ တိတ်နေရာမှ...

‘ကျွန်တော် ဘာမှမဖြစ်ပါဘူး’

‘ရှင်တို့က အိပ်ရာထဲက မထနိုင်တော့မှ ရော... ပြီတင်တာကိုးရှင့်၊ ညည အိပ်လို့မရဘူးဆိုတာ ရောဂါရှင့်၊ တစ်နေ့ အိပ်ရာထဲ ရောက်မယ်၊





အဲဒီတော့မှ ရောဂါလို့ဆိုမလား။ ကျန်းမာရေးဆိုတာ အင်မတန်အရေးကြီး ပါတယ်ရှင်’

မစောလင်းသည် ပျော့ပျောင်းစွာ ပြောပြသည်။

ကိုသက်ရင်က အေးအေးဆေးဆေးပင်–

‘ကျွန်တော် ဘာမှမပြောပါဘူး’

ဟု ပြောလေသည်။

‘ချိုချိုက ပြောလို့ရှင့်၊ ရှင် ညည အိပ်မရဘူး ဖြစ်နေတယ်ဆို’

‘ချိုချိုက ဒါများ မစောလင်းကို ပြောတယ်လား။ ဒါများ အရေးကြီး တာမှတ်လို့’

‘ကဲလေ... ကျွန်မမေးတာသာ ပြောစမ်းပါ။ ဒီလိုဖြစ်တာ ဘယ်လောက် ကြာပြီလဲ’

‘ညည အိပ်မပျော်တာ ကိစ္စမရှိပါဘူး။ ဝတ္ထုရေးဖို့ အချိန်ကောင်းတောင် ရပါသေးတယ်၊ ဒီအတွက် ကိစ္စမရှိပါဘူး ထင်ပါတယ်’

‘ဒီလိုလည်း မအောက်မေ့ပါနဲ့ရှင့်၊ အိပ်မပျော်တာက ကိစ္စမရှိဘူး ဘယ်ဟုတ်ပါ့မလဲ၊ ညဆိုတာ အိပ်ရတာ၊ ညမှာ အိပ်ပျော်ရမှာပေါ့။ ဒါက သဘာဝပဲ၊ အိပ်မပျော်ဘူးဆိုတာ ကြာရင် မကောင်းဘူး’

မစောလင်း၏အသံမှာ ညည့်တွားခြင်း ပါရှိနေသည်။ ကိုသက်ရင်က ဘာမျှမဖြစ်သလို အေးအေးဆေးဆေးရှိသလောက် မစောလင်းမှာ ထက်သန် နေသည်။

‘တစ်နေ့ညကဆိုရင် တစ်ညလုံးမအိပ်ပါဘူး။ လကလည်းသာသာ တစ်ကမ္ဘာလုံးကို လရောင်နဲ့ပြက်နေတာပဲ၊ သစ်ပင်တွေအားလုံးမှာ လရောင်နဲ့ စိုနေတယ်၊ အိမ်ရဲ့ခေါင်မိုးတွေဟာ လရောင်မှာ ဝင်းနေကြတယ်၊ လမ်းမကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း တလက်လက်နဲ့ အဲဒါ ကျွန်တော် ဝရန်တာမှာ တစ်ညလုံးထိုင်ပြီး 'လရောင်'ဆိုတဲ့ကဗျာကို စပ်မိတယ်'

ကိုသက်ရင်သည် လရောင်၏အငွေ့အသက် ရှူရှိုက်ထား၍ မှေးမော ယစ်မူးနေသောဟန်ဖြင့် မျက်လုံးများကိုမှေးကာ ပြောသည်။ မျက်လုံးက မစောလင်းကိုကြည့်သော်လည်း မြင်ပုံမရ၊ မစောလင်းကိုကျော်၍ တစ်စုံတစ်ရာ ကို မြင်နေပါသည့်အလား ထင်ရသည်။

'ဒီလို ဝရန်တာမှာထိုင်နေတော့ မအိပ်ချင်ဘူးလား'

ဟု မစောလင်းက ဖျတ်ခနဲမေးလိုက်သည်။

'ဟင့်အင်း... မအိပ်ချင်ပါဘူး'

'အဲဒီ မအိပ်ချင်ဘူးဆိုတာကိုက ဘယ်သဘာဝကျမလဲရှင့်၊ တစ်ညလုံး ထိုင်နေတာ ငိုက်တော့လာမှာပေါ့'

ကိုသက်ရင်သည် အဝေးသို့ပင် ငေးနေဟန်ရှိသည်။ မစောလင်းကို မကြည့်။

'ကျွန်တော် ကဗျာမရေးတာ အတော်ကြာသွားပြီ၊ ဝတ္ထုတွေ ရေး နေရတာနဲ့ မရေးဖြစ်တာတဲ့၊ ရေးချင်စိတ်လည်း မပေါ်လာဘူး။ မပေါ်လာတဲ့နဲ့ လည်း မရေးပါဘူး။ စိတ်ထဲမရှိတာလည်း ဘာမှမလုပ်ချင်ဘူး'

ထိုအခိုက် တစ်ဖက်ခန်းမှ ဒေါက်တာဖေဦးသည် ကိုယ် တစ်ဝက်ပေါ် လာကာ...

'မစောလင်း (၁၂)နာရီ ထိုးပြီ'

ဟု ပြောလေသည်။

'ဟုတ်ကဲ့ ကိုဖေဦး၊ ကျွန်မ လုပ်စရာရှိနေသေးပါတယ်'

ဟု ဆိုကာ ကိုသက်ရင်ဘက်သို့ လှည့်လေသည်။





'ဆေးထိုးစရာ ဘာညာရှိရင် ကျွန်တော်လုပ်ပေးမယ်လေ၊ မစောလင်း အပေါ်တက်ချင်ရင် တက်ပါ'

'ကိစ္စမရှိပါဘူး။ ဒီက ကျွန်မမိတ်ဆွေ ကိုသက်ရင်နဲ့...'

ဒေါက်တာဖေဦးမှာ မစောလင်းအား အပင်ပန်းသက်သာစေသောငှာ အချိန်မှန်အောင် သတိပေးလေ့ရှိသည်။ လူနာများသည်အခါ သူပင် ပြီး အောင်လုပ်ပေးတတ်သည်။ ဒေါက်တာဖေဦးသည် နောက်ထပ်မပြောတော့ ဘဲ တစ်ဖက်ခန်းသို့ ပြန်ဝင်သွားသည်။

'လရောင်ဟာ အတော့်ကို အေးမြတာပဲ'

ဟု ကိုသက်ရင်က ဆက်လက်၍–

'အမှန်အတိုင်းကတော့ နတ်တော်လဟာ နှင်းသိပ်ကျရမှာပဲ၊ ဒါပေမယ့် ဒီညက နှင်းသိပ်မပါဘူး။ သန်းခေါင်ကျော်တော့ နှင်းနည်းနည်းဝေလာတယ်၊ လရောင်ကို ကဗျာစပ်တယ်ဆိုလို့ လရောင်ထဲမှာ ကဗျာထိုင်စပ်နေတာတော့ မဟုတ်ပါဘူး၊ လရောင်ကိုကြည့်ပြီး လရောင်ရဲ့ စိုပက်ခြင်းခံရတဲ့ ကမ္ဘာမြေခွင်း ကြီးကို စိတ်ထဲမှာ ကူးယူတာပါ၊ တစ်ညလုံး လရောင်ပြက်တဲ့ သစ်ပင်၊ တောတောင်၊ အိမ်ရာ၊ လမ်းတွေရဲ့ ပုံသဏ္ဌာန်တွေကို စိတ်ထဲမှာမှတ်ယူပြီး ကူးယူလိုက်တာပါ'

'တစ်ညလုံး စိတ်ကူးနေတယ်ဆိုပါတော့'

မစောလင်းသည် ရောဂါအကြောင်း မေးနေရာမှ ကိုသက်ရင်၏ ကဗျာနောက်သို့ လိုက်ပါသွားလေသည်။

'စိတ်ကူးထဲမှာ ထင်နေတော့မှ စကားလုံးတွေက တရွေရွေပေါ်လာတော့ တာပဲ၊ လရောင်ဟာ ရှန်းနေအောင်သာလွန်းလို့ စကားစိမ်းပင်ဟာ လရောင်ရဲ့ အရည်ချိုးထားသလိုမှတ်ရတယ်၊ ဒီတော့ လရောင်ဖြင့် စိုစွတ်တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဥပမာရလာတယ်၊ ဒါကို ကာရန်ဖြစ်အောင် 'လရောင်စက်စက်၊ ပိုးစုန်းကြူးလျက် တည့်' လို့ အပိုဒ်နှစ်ပိုဒ်စပ်ဟပ်လိုက်ရတာပါပဲ၊ ဒီကာရန်က ညလရောင် အောက်မှာ ထိုင်နေတုန်းရတာ မဟုတ်ပါဘူး၊ မနက် စာရေးစားပွဲထိုင်မှ ပေါ်လာတာပါ'

မစောလင်းသည် ကိုသက်ရှင်အား စိုက်ငေးကာ နားထောင်ပြီးနေရာမှ စကားဆုံးလျှင် သက်ပြင်းချလေသည်။

'တစ်ညလုံး ထိုင်စိတ်ကူးနေတယ်ဆိုတာလည်း မဟုတ်သေးပါဘူးရှင်၊ အေးလည်းအေးမှာပေါ့၊ အိပ်ရာထဲဝင်နေလိုက်ပါလား'

'မအေးလှပါဘူး၊ အိပ်ရာထဲဝင်ချင်စိတ် တစ်စက်မှမရှိပါဘူး၊ အိပ်မှ မအိပ်ချင်တဲ့ဟာဘဲ၊ စိတ်ကူးရတာ သိပ်ကောင်းတယ်၊ စိတ်ကူးတော့မှ ဆန်းဆန်းကြယ်ကြယ် အတွေးတွေ ပေါ်လာတယ်၊ ဤလူ့အိပ်ရာ ဆိုတာ ည,ညရေးတဲ့ ဝတ္ထုပဲ'

'ဖတ်ရပါတယ်ရှင်၊ စာရေးတန်းလျားအကြောင်း ရေးထားတာ သိပ် ကောင်းတယ်၊ ဒါပေမယ့် ရှင်အိပ်မပျော်တာတော့ ကြာရင်မကောင်းဘူးရှင်'

'ကိစ္စမရှိပါဘူး'

'ဘယ်ကိစ္စမရှိဘူးဟုတ်မလဲရှင်၊ သဘာဝက အိပ်ပျော်ရမယ်'

'အိပ်မပျော်မှ ဝတ္ထုကောင်းထွက်တယ်၊ အီတလီက မန်သီဆိုတဲ့ ဆရာဝန်ဟာ အမှန်က စာရေးဆရာမဟုတ်ဘူး၊ အိပ်မပျော်တာနဲ့ စန်မီချလီ ဆိုတဲ့ဝတ္ထုကို ရေးဖြစ်တော့တာပဲ၊ သူ့ဝတ္ထုဟာ လူတွေရဲ့သဘာဝစိတ်ကို ဇေ့ဇေ့ငငဖော်ပြထားလို့ ကမ္ဘာမှာ တော်တော်ကျော်ကြားသွားတယ်'

မစောလင်းသည် ပခုံးတွန့်ကာ...

'ရှင်က သိပ်ခက်တာပဲ၊ ကျွန်မ ဘယ်လိုများပြောရမလဲ မသိပါဘူး'





'အိပ်မပျော်တာ မဆိုးပါဘူး၊ တစ်ယောက်တည်း တစ်ညလုံးစဉ်းစား နေတာ အတွေးရင့်သန်လာစေတယ်၊ ကျွန်တော့်အတွက် မစောလင်း ဘာမှ မလုပ်ပေးပါနဲ့ဗျာ'

ကိုသက်ရှင်ကို မစောလင်းက စိုက်ကြည့်နေသည်။

'ဘယ်ဟုတ်မလဲရှင့်၊ ကျွန်မ ရှင့်ကို အိပ်ပျော်အောင်လုပ်ပေးရမယ်၊ ကျွန်မတို့ပညာက လူတွေမှာ ရောဂါဝေဒနာကင်းစင်အောင် လုပ်ပေးရမယ်၊ ကိုင်း... ပြောပေတော့၊ ရှင် ဒီလိုဖြစ်တာ ကြာပြီလား'

ကိုသက်ရှင်သည် အတန်ကြာမှ...

'တစ်လကျော်၊ နှစ်လလောက်ဟော့ ရှိရောပေါ့'

မစောလင်းသည်...

'ဪ... ဖြစ်မှဖြစ်ရလေရှင်'

ဟု ညည်းလေသည်။ ကိုသက်ရှင်မှာ ဘာမှမပြောသလို ငြိမ်သက်လျက် ရှိသည်။

'ရှင် ထမင်းကော စားနိုင်ရဲ့လား'

ကိုသက်ရှင်က အတန်ကြာငေးနေသဖြင့် မစောလင်းလည်း ပြုံးရယ် ၍လာကာ...

'ရှင့်ကိုယ်ရှင်များ သတိရဦးရှင့်'

ဟု ပြောရသည်။

'သိပ်တော့ မစားနိုင်ပါဘူး'

'အိပ်မပျော်တော့ ဘယ်စားနိုင်မလဲရှင့်၊ ဒီရောဂါဟာ ရှင်တို့လို စိတ်ကူးထုတ်ပြီးလုပ်ရတဲ့ အနုပညာဆရာတွေမှာ ဖြစ်တတ်တဲ့ ရောဂါပါပဲ၊ ညမှာမအိပ်ရဘဲ ရေးတဲ့အလုပ်ကိုလုပ်နေတော့ ကြာသွားရင် မကောင်းဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ရှင်၊ ဒါကို ကုရမှာပဲ'

ကိုသက်ရင်သည် တွေဝေနားထောင်နေသည်။

'အလျင်လကဆိုရင် ကျွန်တော် သဘော်ကျင်းတွေ၊ သန်လျင်က အလုပ်သမားရပ်ကွက်တွေသွားပြီး လည်နေတယ်၊ သူတို့ရဲ့ဘဝထဲမှာ တိုးဝင်ကြည့်ရတာ စိတ်ဝင်စားစရာ သိပ်ကောင်းတယ်'

'အဲဒီဘဝတွေကို ရှင်က တနဲ့ရေးပြမှာမဟုတ်လား။ အဲဒီလိုရေးပြနိုင်အောင် ရှင့်မှာ ကျန်းမာရေးလိုတယ်ရှင့်၊ ကျန်မာမှ ရေးနိုင်မှာ'

ကိုသက်ရင်က ငြိမ်သက်စွာ နားထောင်နေသည်။

'ကျွန်မတို့ ဆရာဝန်အလုပ်က လူတွေရဲ့ကျန်းမာရေးကို ရှေးရှုတယ်၊ ရှင်တို့စာရေးဆရာအလုပ်က ဒီထက်ကျယ်ဝန်းပြင့်ပြတ်ပါတယ်၊ ကမ္ဘာလောကကြီးမှာ ဆင်းရဲသားလူများစုတွေ ဘယ်လိုနေကြထိုင်ကြ လုပ်ကြ စားကြရတယ်ဆိုတာကို စာဖတ်သူအားလုံး သိမြင်လာအောင် လုပ်ပေးရတာ၊ ကျွန်မတို့ထက် လူတွေနဲ့နီးစပ်တယ်၊ အဲဒီလို လူတွေကို အသိပေးနိုင်အောင် ကိုယ်တိုင်က ကျန်းမာရေးနဲ့ ပြည့်စုံမှုလည်းဖြစ်မယ်၊ အိပ်မပျော်တာကြာတော့ အားနည်းပြီး လဲသွားလိမ့်မယ်'

မစောလင်းမှာ အေးစက်စက်နိုင်သော ကိုသက်ရင်အတွက် စိတ်ပူနေလေသည်။

'ကျွန်မတို့စကား တစ်ဆိတ်နားထောင်ပါ၊ အိပ်မပျော်တာ အိပ်ပျော်အောင် လုပ်ပေးရမယ်'

'ကျွန်တော် ဘာလုပ်ရမလဲ'

ဟု ကိုသက်ရင်က အိပ်ရာမှနိုးလာသလို မေးလေသည်။

'စမ်းသပ်ကြည့်ဦးမယ်'





မစောလင်းသည် ဘေးရှိ မှန်စင်မှ စမ်းသပ်သည့်ကိရိယာများကို ပြင်ဆင်လေသည်။ သူမသည် မိခင်ကဲ့သို့ ကိုသက်ရင်အား...

'မကြာပါဘူး၊ ခဏကလေးနော်'

ဟုဆိုကာ လက်ကို ကိုင်စမ်းကြည့်နေသည်။

စမ်းသပ်နေရင်း ကိုသက်ရင်က...

'တစ်ခါတလေ မူးတယ်၊ မနေ့က လမ်းမှာ မူးတာနဲ့ ကမျာကယာ နီးရာဆိုင် ဝင်ကပ်နေရတယ်'

မစောလင်းက နှလုံးကိုစမ်းရင်း...

'အခု ဆေးတစ်လုံးထိုးပေးလိုက်မယ်၊ မနက်တိုင်းလာပါ'

ဟု မှာလေသည်။ ကိုသက်ရင်က ခေါင်းညိတ်သည်။

'စောစောလာနိုင်ရင် အိမ်ကိုလာပါလား၊ လူနာချိန်ဆိုတော့ စောင့်ချင်စောင့်နေရမယ်၊ အိမ်ကိုပဲလာပါ၊ ကျွန်မ ရှင့်ကိုဆေးထိုးပြီးမှ ဆေးတိုက်ဆင်းမယ်'

မစောလင်းသည် ဆေးထိုးပေးပြီး ရွှေဆေးပုလင်းကလေးပါ ထုတ်ပေးသည်။

မစောလင်း၊ ရေဇလုံတွင် ရေဆေးနေစဉ် ကိုသက်ရင်က...

'ည စာမရေးရဘူးလား'

ဟု မေးလေသည်။

'မရေးနဲ့ဦးရှင့်၊ ညတင်မဟုတ်ဘူး၊ အခုတလော ဘာမှမလုပ်ပါနဲ့၊ အာရုံစိုက်ရတာဆိုရင် ဘာမှမလုပ်ပါနဲ့၊ စိတ်ရောလူရော အနားပေးလိုက်ပါ၊ နောက်တော့ ရေးတာပေါ့'

'ကျွန်တော် ခရီးသွားချင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းတယ်၊ ခရီးသွားလိုက်ရင် ကောင်းတယ်၊ အနားရပြီး လှုပ်ရှားလန်းဆန်းလာမယ်၊ သာယာတဲ့ တောတောင်တွေဆီသွားရင် ကောင်းတာပေါ့'

ကိုသက်ရှင် နေရာမှ ထလေသည်။

'မနက်ဖြန် ဆက်ဆက်လာနော်။ မလာခဲ့ပဲနေနဲ့ဦး မှန်မှန်ဆေးထိုး ပေးရမယ်'

ဟု ဆေးဝိုက်ဝသို့လိုက်ပို့ရင်း မှာလိုက်သည်။

ကိုသက်ရှင် ကားပေါ်တက်သွားသည့်အထိ ကြည့်နေပြီးမှ ဆေးခန်း ထဲသို့ ပြန်လာသည်။ ဆေးခန်းထဲတွင် ဒေါက်တာဖေဦး ရောက်နေသည်။

'မစောလင်း တက်တော့လေ၊ နေမြင့်လှပြီ'

ဟု ဒေါက်တာဖေဦးက ပြောသည်။

'ဟုတ်ကဲ့… ကျွန်မ အခုပဲ တက်ပါတော့မယ်၊ ကိုသက်ရှင်အတွက် လုပ်ပေးနေရတာ ထမင်းတောင် သတိမရပါဘူး'

ဟုဆိုကာ ဆေးအိတ်ကိုဆိုက်၍ ထွက်သွားလေသည်။

ဒေါက်တာဖေဦးသည် ငေး၍ နေလေသည်။ အပေါ်ထပ်မှ ရေဒီယို သံကြားရသည်။

❋ ❋ ❋

[ ၁၂ ]

စနေနေ့ ဖြစ်လေသည်။

မနက်စောစောကတည်းကပင် ဆေးပညာသုတေသနအသင်းမှ ညီလာခံ ပွဲတစ်ခုသို့ လိုက်သွားရာ ကိုသက်ရှင်ကို ဆေးထိုးမပေးနိုင်၍ ဒေါက်တာဖေဦး နှင့် လွှဲထားခဲ့ရသည်မှာ စိတ်က တထင့်ထင့်။

မိမိကားက ပျက်နေ၍ ဝင်ရှောသို့ အဝ်ထားနိုင်ဖြစ်သဖြင့် သုတေသန ဌာနမှ ဆေးမင်းကြီး ဒေါက်တာသောင်းဒန်၏ကားနှင့် လိုက်ခဲ့ရသည်။ လမ်းတွင် စိတ်ကမချ။



www.burmeseclassic.com

www.burmeseclassic.com



'ဪ... ကိုသက်ရင်က ဆေးမထိုးဘဲများ ပြန်သွားမှာလား'

ဟု တစ်လမ်းလုံးတွေး၍ နေသည်။

မှန်တင်ခုံရှေ့တွင် အလှပြင်နေစဉ် ကိုသက်ရင် စောစောလာပါစေဟု ပင် တမ်းတနေမိသေးသည်။ သို့သော် တမ်းတမယ့်သာ တမ်းတရသော်လည်း သိပ်စောစောလာသည်မရှိ။ ရှစ်နာရီကျော်မှ ရောက်တတ်သည်။

အင်ဒိုနီးရှားမှ အရှေ့အာရှ လောကဓာတ်ဆေးပညာ ပြန့်ပွားရေးအဖွဲ့ မှ ကိုယ်စားလှယ်များ ရန်ကုန်မြို့သို့ ရောက်ရှိနေလေရာ မြန်မာပြည်ဆေးပညာ သုတေသနအသင်းမှ တာဝန်ယူ၍ ဧည့်ခံနေရသည်။

ယနေ့နံနက်တွင် ခပ်စောစော ရွှေတိဂုံဘုရားနှင့် အခြားဘုရားပုထိုး များသို့ပို့ကာ မြို့ကို လှည့်လည်ကြည့်ရှုလျက် စထရင်းဟိုတယ်၌ နေ့လယ်စာ စားရမည်ဖြစ်လေသည်။ ညနေဘက်တွင်လည်း ဆေးကောလိပ်၌ ဗိဇနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲရှိသည်။ မိမိကပင် ခေါင်းဆောင်၍ပြောရမည်ဖြစ်ရာ တစ်နေ့လုံး အိမ်တွင်ရှိမည်မဟုတ်ပေ။

ညနေဘက်တွင် ကိုသက်ရင် လာလည်တတ်သည်။ မစောလင်းက သူ၏ဝတ္ထုနှင့်ပတ်သက်၍ ထင်မြင်ချက်ပေးလေ့ရှိသည်။

ကိုသက်ရင်က ဆေးဝါးများကို လူအများသုံးစွဲနိုင်ရေးဘက်က ပြောလေ့ရှိသည်။

ရေနံမြေ ဝတ္ထုတစ်ပုဒ်တွင် အလုပ်သမားများအတွက် ဆေးရုံကောင်း မရှိကြောင်း၊ မျက်နှာဖြူ ကုမ္ပဏီသူဌေးများအတွက်သာ ဆေးဝါး ဆရာဝန် လုံလောက်အောင်ထားကြောင်း ဖော်ပြရေးသားထားလေရာ မစောလင်းက ဆေးပညာအုပ်ချုပ်ရေးနှင့်ပတ်သက်၍ ရှင်းပြတတ်သည်။

ယခုလိုပုံဆိုလျှင် တစ်နေ့လုံး မိမိရှိမည်မဟုတ်ရာ မနက်ဘက်တွင်





လည်း ဆေးထိုးမပျက်စေချင်၍ မသွားခင် စာတစ်စောင်ရေး၍ ထားခဲ့သည်။

ကိုဖေဦးရှင့်...

ကိုသက်ရင် ဆေးထိုးရန်လာပါလိမ့်မည်။ မနက်ပိုင်း ကျွန်မတို့ အပေါ်ထပ်သို့ လာပါလိမ့်မည်။ ကျွန်မ တစ်နေ့လုံးရှိမည် မဟုတ်၍ ကိုဖေဦး တာဝန်ယူကာ သူ့ကို ဆေးထိုးပေးပါ၊ ဆက်ဆက်ထိုးပေးလိုက်ပါရှင့်၊ ဆေးများ အသင့်ထားခဲ့ပါသည်။ ဒေါ်လေးကို ပေးပါ။

စောလင်း။

စာရေးပြီးလျှင် ဒေါ်လေးအား...

'ဒေါ်လေးရေ ဒီစာ အောက်က ကိုဖေဦးကို ပေးပါ၊ ကိုသက်ရင် လာရင် ကျွန်မမရှိပေမယ့် ခဏစောင့်ပါစေ၊ ကိုဖေဦးလာပြီး ဆေးထိုးပေးလိမ့် မယ်၊ ဆေးဘူးတွေ ဟောဒီမှာ ထားခဲ့တယ်'

ဟု မှာသည်။

ထွက်ခါနီး၌ပင်...

'ဒေါ်လေး ကိုသက်ရင်လာရင် ဆေးမထိုးဘဲ မပြန်စေနဲ့နော်၊ မှန်မှန်လာထိုးနေတာ နှစ်ပတ်တောင်ရှိပြီ'

ဟု လှေကား၌ မှာကြားခဲ့သည်။

သို့ဖြစ်သည့်တိုင်အောင် စိတ်ကမချ။

'သူက ဆေးထိုးချင်တာ မဟုတ်ဘူး။ အတော်ချော့မော့ ဖျောင်းဖျ ပြီး ထိုးနိုင်ရတာ'

ဟု ကားပေါ်တွင် တွေးရင်း လိုက်ပါသွားလေသည်။ မစောလင်းသည် ရိုပ်ခနဲ ရိုပ်ခနဲဖြတ်သွားကြသော သစ်ပင်များကို ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မစောလင်း၏ ရင်ထဲတွင်ကား လှုပ်ရှားနေသည်။ ဘယ်တုန်းကမှ ယခုလို ပူပင်ကြောင့်ကြခြင်း မဖြစ်ခဲ့။

အမှန်အားဖြင့် ပူပင်ကြောင့်ကြစရာ မရှိ။ လူနာပေါင်းမြောက်မြားစွာကို ကုသပေးခဲ့သည်။ လူတွေအားလုံး အသက်ရှင်ရေးကို ခြိုးခြံသာ ပူပင်ခဲ့ပေသည်။ မိမိရှေ့တွင် ကြုံတွေ့ရသော ရောဂါသည်များကို အဘယ်ပုံအဘယ်နည်း ပျောက်ကင်းအောင် ကုသရပါမလဲဟု စိတ်ကစောခဲ့ဖူးသည်။

သို့သော် ယခုမူ ကိုယ်တိုင်ပင် ယုယရမှ စိတ်ကချမိသည်မှာ ဘာကြောင့်ပါလိမ့်။

လမ်းပေါ်တွင် သွားလာနေကြသော လမ်းသွားလမ်းလာများကို မြင်ရသည်။ မိန်းမတွေ၊ ယောက်ျားတွေ၊ ဤနေပင်းကြီးအောက်တွင် သူတို့နေထိုင်လျက်ရှိကြရာ၌ ဆက်ဆံရေးအခြေချင်းမတူ လွတ်လွတ်လပ်လပ်နေကြသူများ၊ ယရာဇဝင်သဖြင့် အိမ်ထောင်ပြုနေကြသူများ ဤသို့အားဖြင့် မတူကြ။

မစောလင်းသည် ယနေ့အဖို့ ယောက်ျား မိန်းမများကိုကြည့်ကာ ‘လင်မယားဘဝ’ အကြောင်းများ ဆင်ခြင်စဉ်းစားလိုက်ပါလာသည်။

မြင်းလှည်းတစ်စီးပေါ်၌ ဝတ်ကောင်းစားလှ ဝတ်လျက်သွားကြသော လူတစ်စု။ မိန်းမများကား သနပ်ခါးဖုံလောက်အောင် လိမ်းသထားကြသည်။ ယောက်ျားများက ပိုးလုံချည် အသစ်ကျပ်ချွတ်နှင့် သူတို့သည် ဘယ်သို့တော်စပ်ကြသည်မသိ။ မြင်းမောင်းသမားသည် ‘ဟဲ့ ကောင်လေး’ ဟုအော်၍ ကြိမ်တို့မောင်းလိုက်ရာ မြင်းလှည်းသည် ခုန်ဆောင့်ပြေးသွားသည်။

သူငယ်လေးနှင့် သူငယ်မလေးတို့ ကိုယ်ချင်းထိသွားကြသည်။ နှင်းဆီပန်း ပန်ထားသော သူငယ်မလေးက အသားချင်းမထိအောင် ကိုယ်ကို ယို့လိုက်သည်။





မြင်းလှည်းကလေးသည် ချူသံ တတင်တင်မြည်ကာ ဘုရားလမ်းတစ်လျှောက် ကြော့ကြော့မော့မော့ ပြေးသွားလေတော့သည်။

မစောလင်းသည် မှန်ထဲမှ လမ်းသွားလမ်းလာများကိုကြည့်ရင်း နောက်နောက်က မမြင်မိသည့် အချက်များကို သွားမြင်နေသည်။

ဆေးရုံကြီးရှေ့ ကိုလ်ချုပ်အောင်ဆန်းလမ်း ပလက်ဖောင်းပေါ်တွင် အစိမ်းနုရောင် ခေါင်းပေါင်းနှင့် လူကြီးတစ်ယောက် ကာကီအကျီလက်တိုဝတ်ထားသည်။ လုံချည်မှာ ရွှေတောင်လုံချည် ကြက်သွေးရောင် ဖြစ်သည်။

သူက ရေတပ်အဝတ်အစားနှင့် သုံးနှစ်ရွယ်ခန့် ကလေးလေးကို ချီလာသည်။ ဆံထုံးနှင့် မိန်းမကြီးက ကလေးတစ်ယောက်ကိုလက်တွဲလာသည်။ မိန်းမကြီးက ပဝါကိုတင်ထားရာ တလွင့်လွင့်နှင့် ယောက်ျားကြီးနောက်မှ မိန်းမကြီးက လိုက်သည်။ ကလေးများ ကားလမ်းပေါ်၌ တဝီဝီဖြတ်သန်းပြေးလွှားနေသော မော်တော်ကားများကို ငေးမောလျက်...။

ညနေတွင် ဆေးကောလိပ်၌ ဟောပြောမည့် ဇီဝပညာအကြောင်းပေါ်လာပြန်သည်။ ဥယျာဉ်ဝိဇ္ဇာဆရာ လိုင်စင်းကိုက လက်တွေ့စမ်းဖောက်သည့် သင်ခန်းစာများကို မှတ်သားထားသည်။

ဆေးကောလိပ်သို့ ရောက်သောအခါ မိမိအား စောင့်နေသော ဆေးမင်းကြီးက...

‘ကားလွတ်တာ နောက်များကျသွားသလား’

ဟု တောင်းပန်သည်။ တောင်းပန်ရင်း မစောလင်းကို စိုက်ကြည့်သည်။

‘မကျပါဘူးရှင်၊ အချိန်အတော်ပါပဲ၊ ကျွန်မ ဟိုတယ်ကိုသွားရမှာလား’

ဟု မစောလင်းက ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်ကနေ့ မစောလင်းသည် ဆံထုံးကို တစ်မျိုးထုံးထား၍ ဆေးမင်းကြီးက ဆန်းနေသည်။ ကမန်းကတန်း ခြယ်သရသဖြင့် နှုတ်ခမ်းမှာ နီရဲနေမှန်းသိ၍ စကားပြောရင်း အသာလက်နှင့် ညှိနေသည်။

ကားပေါ်တွင် ဆေးမင်းကြီးက...

'ဗိဇပညာနှင့်ပတ်သက်ပြီး အင်္ဂလန်ကိုလွှတ်ဖို့ရာ အစိုးရက အကြောင်းကြားထားတယ်၊ အဲဒါ ဘုတ်အဖွဲ့က မစောလင်းကိုလွှတ်ဖို့ လျာထားကြတယ်။ ဘယ့်နှယ်သဘောရသလဲ'

ဟု မေးလေသည်။

မစောလင်းသည် ငြိမ်သက်စွာ နားထောင်နေသည်။

'ဘယ်တော့လောက် သွားရမှာလဲ'

'သွားရင် သုံးလေးလအတွင်းပါပဲ၊ လေ့လာဆည်းပူးဖို့ ဟာစ်နှစ်ပဲကြာမယ်လေ၊ မစောလင်းသွားဖို့ ကောင်းတယ်၊ နိုင်ငံခြားမသွားဖူးသေးဘူးမဟုတ်လား'

'မသွားဖူးသေးပါဘူး'

'ဒါဖြင့်ရင် သွားဖို့ကောင်းတယ်၊ သွားဖို့လည်း ကျွန်တော်တိုက်တွန်းပါတယ်'

မစောလင်းက တွေလျက်...

'သွားရင် ဆေးတိုက်ပိတ်ထားရမှာပဲ၊ ကျွန်မ စဉ်းစားပါရစေ'

ဟု ပြောသည်။

'ဒါပေမယ့် မြန်မြန်ပြောပါ၊ ကျွန်တော်တို့က မစောလင်းကိုပဲ လိုချင်တယ်'

သူတို့သည် အင်ဒိုနီးရှားမှ ဧည့်သည်များ တည်းခိုနေသော





ဟိုတယ်သို့ သွားကြလေသည်။ တစ်နေ့လုံးလိုလိုပင် ဧည့်သည်များနှင့် ရှိလေသည်။

ညနေဘက်တစ်ခါဆက်၍ ဆေးကောလိပ်သို့ ပြန်သွားရသည်။ မစောလင်း ခန်းမကြီးထဲသို့ ဝင်သွားသောအခါ လူများ အတော်ပင် ပြည့်ကျပ်လျက်ရှိလေပြီ။

မစောလင်းသည် ဆိုင်းတွမနေဘဲ မှတ်စုများကိုထုတ်ကာ ဟောပြောလေသည်။ ပရိသတ်ထဲမှ မေးခွန်းထုတ်သူများလည်း ပါသည်။ ဆေးကျောင်းသားများသည် အထူးစိတ်ဝင်စားခြင်း ရှိကြသည်။

ဟောပြောပွဲပြီးသွားသောအခါ အလင်းရောင်သည် မှောစပြုလေပြီ။ မစောလင်းသည် လူအများကြားမှ တိုးဝှေ့ကာ ဆင်ဝင်အောက်သို့ လာလေသည်။ အိမ်သို့ပြန်ပို့ပေးမည့် ဆေးမင်းကြီးကို ကြည့်လေသည်။ ဟိုဟိုသည်သည် လှမ်းကြည့်နေစဉ် အပါးသို့ ဒေါက်တာဖေဦး ရောက်လာသည်။

'ဪ... ကိုဖေဦး။ မနက်က ကိုသက်ရင်လာသေးသလား ဟင်...'

မစောလင်းသည် သူ့ကိုမြင်မြင်ချင်း ကိုသက်ရင်ကို အမှတ်ရ၍ ဆီးမေးသည်။ မစောလင်း၏ စိုးရိမ်သော အသံမှာ ပေါ်လွင်နေသည်။

ဒေါက်တာဖေဦးက တည်ကြည်စွာနှင့်...

'လာပါတယ်'

ဟု ပြန်ပြောသည်။

'သူ... ဆေးထိုးသွားရသလား'

'ကျွန်တော် ထိုးပေးလိုက်ပါတယ်၊ မနက်တော့ သူမလာအားဘူးတဲ့၊ ကျွန်တော့်ကိုပြောသွားတယ်'

မစောလင်းသည် ဝင်းထိန်နေရာမှ အုံ့မှိုင်းသွားလျက်...



www.burmeseclassic.com

www.burmeseclassic.com



'ဟင်... ဘာဖြစ်လို့ပါလိမ့်'

ဟုဆိုပြီး တွေနေလေသည်။

ဒေါက်တာဖေဦးသည် မစောလင်းကို စိုက်လျက်ကြည့်နေသည်။

အတန်ကြာမှ သူသည်...

'ကျွန်တော့်သူငယ်ချင်းကား တမင်ယူလာရတယ်၊ မစောလင်းလိုက်ခဲ့ပါ ကျွန်တော်ပို့ပေးမယ်'

ဟု ပြုံး၍ပြောသည်။

မစောလင်းသည် တွေနေရာမှ...

'ဪ... ဪ... ဟုတ်ကဲ့ လိုက်ပါ့မယ်၊ ဆေးမင်းကြီးကို သွား နှုတ်ဆက်လိုက်ဦးမယ်'

မစောလင်းသည် ဆေးမင်းကြီးအား သွား၍ နှုတ်ဆက်သည်။

'ကျွန်မ ဆေးတိုက်ကကား လာခေါ်ပါတယ်၊ ကျွန်မကို မပို့ပါနဲ့တော့ ကျွန်မ သွားပါတော့မယ်'

'ဟို... ဥစ္စာသာ ပြောပါ၊ တစ်ပတ်အတွင်း သိပါရစေနော်၊ သွားဖို့ တော့ အင်မတန်ကောင်းပါတယ်'

'ဟုတ်ကဲ့၊ ကျွန်မ ပြောပါ့မယ်'

ဆင်ဝင်အောက်သို့ရောက်သောအခါ ဒေါက်တာဖေဦးက ကားတံခါးကို ဖွင့်ပေးလေသည်။ ကားကို သူကိုယ်တိုင်မောင်းလာသည်။ မစောလင်းက နောက်မှထိုင်လေသည်။

ဒေါက်တာဖေဦးသည် ကားကို ဂိယာသွင်းရင်း...

'ညနေဘက် မစောလင်းအပြန်ခက်နေမှာစိုးတာနဲ့ သူငယ်ချင်းကား ယူလာခဲ့တာပဲ'





'ကျေးဇူးတင်ပါတယ်ရှင်၊ တစ်နေ့လုံးပဲ ညည်းသည်တွေနဲ့လိုက်နေရတာ လူကို မူးနေတာပဲ'

ကားသည် ဝင်းအဝသို့ ရောက်လာလေသည်။

'ဒါဖြင့် လေကောင်းလေသန့်ရအောင် အင်းလျားကန်ဘက် သွားချေ ရအောင်ပါလား။ ကျွန်တော် မောင်းပို့ပေးပါ့မယ်'

မစောလင်းသည် လူတွေနဲ့ တိုးနေခဲ့ရသဖြင့် ငြီးငွေ့နေနိုက် ဒေါက်တာဖေဦး၏ ဖိတ်ကြားခြင်းကို လက်ခံလိုက်သည်။

'ခဏလောက်ပေါ့၊ လေတိုက်ခံလိုက်ရင် လန်းလာမယ်'

'ဟုတ်ကဲ့၊ ကောင်းသားပဲ'

ကားသည် ပြည်လမ်းဘက်သို့ မောင်းထွက်သွားလေသည်။ တတ်မီးများသည် လင်းနေကြသည်၊ အနောက်ဘက်တွင်ကား အနီရောင်သည် ကောင်းကင်ပြာပေါ်၌ ယှက်သန်းလျက် ရှိလေသည်။

ဒေါက်တာဖေဦးသည် ကားကို အမြန်မောင်းလေသည်။

ကိုသက်ရှင်က မနက်ဖြန် ဘာဖြစ်လို့ မလာနိုင်တော့တာတဲ့လဲ'

'ဘာမှပြောမသွားပါဘူး'

ကားသည် တိုး၍ မြန်လာသည်။

လော်ရီကားသည် ဝေါခနဲ ဘေးမှဖြတ်သွားသည်။ မိုးကောင်းကင်မှ အပြာရောင်သည် လဲ့လဲ့ပင် လင်းနေလေသည်။

အင်္ဂလန်သို့ တစ်နှစ်သွားရေးကို စဉ်းစားမိပြန်သည်။ သွားဖြစ်လျှင် ဆေးတိုက်ကို ပိတ်ထားမှဖြစ်မည်၊ သွားရန် အခွင့်အရေးက အလွန်ကြုံကြိုက်ခဲ သည့် အခွင့်အရေးဖြစ်သည်။ တစ်နှစ်ကား သိပ်ကြာလှတာမဟုတ်။ တစ် နှစ်အတွင်း ဒေါ်လေးတို့ သားအမိအတွက် သုံးစရိတ် လုံလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ထားပစ်ခဲ့ရမည်။ မိမိကလည်း နိုင်ငံခြားဗဟုသုတကို ရချင်သည်။ ဆေးပညာကို လေ့လာချင်သည်။

'ဒီမယ်... ကိုဖေဦး၊ ကျွန်မ တစ်ခုပြောစရာရှိတယ်၊ သေချာတယ်တော့ မဟုတ်သေးဘူးပေါ့လေ၊ ဒါပေမယ့် ကျွန်မက သေချာရင် သေချာမှာပဲ'

ဒေါက်တာဖေဦးက နောက်သို့ စောင်းငဲ့ရင်း...

'ဘာများပါလိမ့်'

'တခြားတော့ မဟုတ်ပါဘူး၊ ဆေးပညာ တိုးတက်လေ့လာဆည်းပူးဖို့ အင်္ဂလန်ကို သွားဖို့ရာ ဆေးပညာဘုတ်အဖွဲ့က ကျွန်မကို ရွေးချယ်ထားတယ်'

'ကောင်းသားပဲ ခင်ဗျာ'

'အဲဒါ စဉ်းစားနေတယ်ရှင့်၊ သွားရင် ဆေးတိုက်ပိတ်ခဲ့ရမယ်'

ကားသည် အရှိန်နည်းနည်းလျှော့လာသည်။

'မပိတ်ပါနဲ့၊ ကျွန်တော်ရှိသားပဲ၊ မစောလင်းရှိတုန်းကဝင်ငွေအတိုင်း ရအောင် ကျွန်တော် လုပ်ပေးပါ့မယ်၊ မစောလင်းတော့ သွားဖို့ကောင်းပါတယ်'

ကားသည် မြန်လာလေသည်။

မစောလင်းက နောက်ထပ် ဘာမျှပြန်မပြော။ အပြင်မှ လေတိုက်သံသာ ကြားရသည်။ ကားသည် ပြည်လမ်းမှ တက္ကသိုလ်ရိပ်သာဘက်သို့ချိုးလိုက်သည်။ စိမ်းညို့သော မရန်းပင်များသည် အုပ်ဆိုင်းညအမှောင်သည် မသိမသာ တိုးဝင်လာသည်။

ကားသည် ဘွဲ့နှင်းသဘင်ကို ကျော်လွန်ပြီးနောက် အင်းလျားလမ်းဘက်ကိုချိုးကာ မြေကမူထဲသို့ ဝင်သွားပြီး ကမ်းနဖူး၊ သစ်ပင်အောက်တွင် ထိုးရပ်လိုက်လေသည်။





'သိပ်... သာယာတာပဲ"

မစောလင်းသည် ညနေခင်း နေဝင်ဖျိုးဖျရှိ အင်းလျားကန်၏ သာယာခြင်းကို မချီးကျူးဘဲ မနေနိုင်။ လေက တဖြူးဖြူး ဆော်သွေးတိုက်ခတ်နေသည်။

သူမသည် ကားပေါ်မှဆင်းကာ ရေစပ်မြက်ခင်းပေါ်သို့ သွားထိုင်သည်။

နေ့ခင်းက တစ်နေ့လုံး လူတွေနှင့် ရောနေရသဖြင့် ငြီးစီစီကြီးဖြစ်နေရာ ယခုလို အေးအေးညင်းညင်းလေးကို ရှူရှိုက်ရသောအခါ ကြည်လင်လန်းဆန်းလာလေသည်။

ဒေါက်တာဖေဦးသည် ခပ်လှမ်းလှမ်း ရေစပ်သို့သွား၍ ရေပြင်ကို ငေးကြည့်နေသည်။ နှစ်ယောက်စလုံး စကားမပြောကြ။

အဆီးအတားမရှိ ရေကိုဖြတ်၍ လွတ်လွတ်လပ်လပ်တိုက်လာသော လေသည် လန်းဆတ်လွန်းသဖြင့် သင်းပျံ့ပျံ့ရနံ့ပင် ရနေသည်။ တစ်ဖက်ကမ်းရှိ လှေကလေးများ ရွက်တိုက်သွားကြသည်။

တစ်ဖက်ကမ်းက ကျွန်းထက်ရှိသစ်ပင်များကား တဖြည်းဖြည်း မှောင်လာသောအခါ သစ်ပင်ဟူ၍ ပုံပန်းမပေါ်တော့ဘဲ မည်းမည်းညိုညိုအကွက်ကိုသာ ဆောင်နေကြသည်။

ငှက်ကျားငှက်တစ်အုပ်သည် အိပ်တန်းဝင်ရန်အတွက် ချင်းနှင်းဝင်ရောက်လာသော မှောင်ရိပ်ကို နှိုကပ်ကာ၊ တိတ်တိတ်ဒိုး ပျံသွားကြသည်။ ငှက်အကောင်ကို ထင်ထင်ရှားရှားမမြင်ရ။ အလစ်အလစ်တွင် ဝှန်းခနဲ တအားကုန်ခတ်ပျံသွားကြသည်။

မစောလင်းသည် လွတ်လပ်သောလေကို အေးအေးဆေးဆေး အားရပါးရ ရှူနေလေသည်။ ဘေးရှိ ခဲလုံးကလေးများကိုကောက်လျက်



www.burmeseclassic.com

www.burmeseclassic.com



ရေပြင်သို့ ပစ်ကာစားနေသည်။

အမှောင်သည် လျှင်မြန်စွာကျလာသည်။

သည်တော့မှ မစောလင်းသည် အမှောင်၏အတွေ့ကို ထိမိခံစားလာတော့သည်။ ဘာကိုမှ သဲသဲကွဲကွဲမမြင်ရတော့။ ရေသာလျှင် အရောင်တလက်လက် ထွက်နေ၍ ရေမှန်းသိရသည်။ ကုန်းမြေကား မှောင်နှင့်မည်းမည်းတွင် ပီပီသသမရှိတော့၊ ကောင်းကင်သည် မှိန်ဖျော့၍လာလေသည်။

'ကိုဖေဦး... ကျွန်မတို့ ပြန်ရအောင်'

မစောလင်းသည် ယောက်ထားသောလက်ကိုရုပ်ကာ ဖုတ်ဖက်ခါနေ၏။ ဒေါက်တာဖေဦးသည် နေရာမှထလာသည်။

'ကျွန်တော် စကားနည်းနည်းလောက်ပြောချင်ပါတယ်၊ ခဏနေပါဦး'

သူ့အသံမှာ တည်သည်။ သို့သော် တိုးသည်။

မစောလင်းသည် လန့်သွားလေသည်။ အတော်ပင် မှောင်လျက်ရှိလေပြီ။ ရေစပ်မှဟပ်သော အရောင်သာမရှိလျှင် ပည်း၍သာနေတော့မည်။ သို့သော် လူ၏ဟန်နှင့် မျက်နှာတစ်ပိုင်းကို ရေးရေးမျှ မြင်ရသေးသည်။

မစောလင်းသည် မှောင်ထဲတွင် နှစ်ယောက်တည်းရှိခြင်း၏ အဖြစ်ကြောင့် ရင်ဖိုမိသည်။ သို့သော် မရဲသော်လည်း ပြေးခဲစေ ဆိုသည့်အလား သူမသည် ထ၍မသွားဘဲ ငြိမ်ငြိမ်သက်သက်ဖြင့် စကားသံကို နားစွင့်နေသည်။

ကမ်းဆပ်သို့ ပြေးရိုက်သောရေသံသည် မြည်ဟည်းနေသည် မှတ်ထင်ရသည်။ မစောလင်းသည် နှစ်ယောက်တည်းလာမိတာ မှားပြီလားဟု ချက်ချင်းတွက်လိုက်သည်။

'ကျွန်တော်က ဖွဲ့ဖွဲ့နွဲ့နွဲ့တော့ မပြောတတ်ဘူး။ မစောလင်းကို ကျွန်တော် ချစ်တယ်'





မစောလင်းသည် မျက်လုံးများ ပြာသွားသည်။

ဤစကားကို သူ့ထံမှ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပေ။ ဆေးတိုက်တွင် အလုပ်လုပ်နေသော ဆရာဝန်၊ သူမ၏ အလုပ်ကြီးကို စောင့်ရှောက်ပေးသော သူကလွဲ၍ ဘယ်ဂရုမှ သဘောမထားမိခဲ့။ မိမိအတွက် ပူပန်ကာ ပင်ပန်းသက်သာအောင် ကူညီသဖြင့် ကျေးဇူးတင်ခြင်းကလွဲ၍ ဘာမျှ စိတ်တွင်မဖြစ်။

သို့သော် ယခု ချစ်ကြိုက်ကြောင်း ပြောလေပြီ။

'ရှင် ဘာပြောလိုက်တာလဲ'

မစောလင်းသည် ခပ်ဆတ်ဆတ်ပင်ပြောလျက် နေရာမှ ထလေသည်။

ဒေါက်တာဖေဦးသည် အပါးသို့ တိုးကပ်လာသည်။

မစောလင်းသည် ရုက်စိတ်ဖြင့် မှုန်ထူနေသည်။

ဒေါသကလည်းဖြစ်၍ တဆတ်ဆတ်တုန်နေသည်။ ဘာလုပ်ရမည်ကို မဝေခွဲတတ်။ နောက်သို့လည်း မဆုတ်။ ကိုယ်ကို မတ်မတ်ထားကာ မလှုပ်မယှက်ရပ်နေလေသည်။

'မပြန်ပါနဲ့ဦး၊ ကျွန်တော်တော့ မစောလင်းကို ချစ်နေပြီ၊ မစောလင်းက ဘယ်လိုသဘောထားတယ်ဆိုတာ ပြောဖို့ တောင်းပန်ပါတယ်'

ယောကျ်ားတို့၏ ပုရိသစိတ်သည် ပွင့်ထွက်လာလေပြီ။

ပေါက်ကွဲတာလား၊ စောစောကတည်းက ကြံနေတာ လား။

မစောလင်းက စိတ်တွက်တွက်နေသည်။ သို့သော် ရင်ခုန်လွန်းသဖြင့် အဖြေကိုမရ။

'ဒါ ပြောရဦးမှာလားရှင့်။ ကျွန်မက ဆေးတိုက်ရှင်၊ ရှင်က ကျွန်မ ဆေးတိုက်မှာလုပ်တဲ့ ဆရာဝန်၊ ဒါ အရှင်းကြီးပဲ'

မစောလင်းက ခပ်ပြတ်ပြတ် ပြန်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါလည်း ကျွန်တော်နားလည်ပါတယ်၊ ကျွန်တော်ကတော့ မစောလင်းကို ချစ်နေပြီ။ မစောလင်းကလည်း ကျွန်တော့်ကို ပြန်ချစ်မယ်မဟုတ်လား'

ဒေါက်တာဖေဦးသည် ရဲတင်းလာလေသည်။

'ရှင်... တယ်စော်ကားပါလား။ အခု ကျွန်မကို ညတ်နဲ့ ခေါ်လာတာပေါ့လေ'

'ကျွန်တော်မေးတာကို ဖြေပါဦး။ ကျွန်တော့်ကို မချစ်နိုင်ဘူးလား'

ဒေါက်တာဖေဦးသည် ရှေ့သို့တိုးလာသည်။ မစောလင်းက မီမီနှင့် ကပ်လွန်း၍ နည်းနည်းတုံ့လိုက်သည်။

'မချစ်နိုင်ဘူးရှင့်'

'ချစ်ပါ မစောလင်းရယ်'

'တစ်စက်ကလေးမှ မချစ်ဘူးရှင့်'

'မစောလင်း မချစ် ချစ်ချစ်၊ ကျွန်တော်ကတော့ ချစ်မှာပဲ'

မစောလင်းသည် ကားဆီသို့သွားရန် ခြေလှမ်းပြင်လေသည်။ ဒေါက်တာဖေဦးက လက်ဖမ်းဆွဲထားသည်။ မစောလင်းက တုံ့ပြီး ဆောင့်ဆွဲလိုက်မှ လွတ်သွားသည်။

အမှောင်ကား မိုက်၍နေလေသည်။ ရေစောင်သာ လင်းရုံလင်းသည်။

'ရှင်က ကျွန်မကို ဘာအောက်မေ့နေလဲ'

ဒေါက်တာဖေဦးသည် ဘာမျှမပြောဘဲ လှမ်းဖက်ကာ နမ်းလိုက်သည်။

သို့သော်မနမ်းမိ။ မစောလင်းက ရုန်း၍ ပါးချင်းမအပ်မိ။ သို့သော် မိမိကိုယ်မှာ သူ့၏လက်ထဲတွင် ရောက်နေသည်။

မစောလင်သည် ရုန်းကန်ရင်း တဆတ်ဆတ်တုန်ကာ မောနေသည်။ သို့ပေမယ့် မလွတ်လွတ်အောင် တအားကျုံး၍ ရုန်းလေသည်။





'လွှတ်ရှင့် လွှတ်လွှတ်၊ ကျွန်မ ရှင့်ကို မချစ်ဘူး'

'ကျွန်တော်ကတော့ ချစ်လွန်းလို့ပါ'

မစောလင်းသည် တအားကျုံး၍ ရုန်းလေသော်လည်း ယောက်ျားတို့ အင်အားတွင် လွတ်အောင် မရုန်းနိုင်။

'ကျွန်တော့်ကို စိတ်မဆိုးပါနဲ့၊ ချစ်လွန်းလို့ ဒီလိုလုပ်ရတာပါ'

သို့သော် မစောလင်းသည်

'လွှတ်... လွှတ်... ရှင့်ကို ကျွန်မ ရွံတယ်'

ဟုပြောရင်း အသံမှာ တိမ်း၍လာသည်။ ဒေါက်တာဖေဦး၏ အသက်ရှူသံသည် ပြင်းထန်၍လာသည်။

မစောလင်းသည် မြေကြီးပေါ်သို့ ကျရောက်သွားလေသည်။ ဒေါက်တာဖေဦးက အပေါ်မှဖိထားသည်။

မစောလင်းသည် အားတိုက်အင်တိုက် လွတ်ထွက်နိုင်အောင် ရုန်းလေသည်။ ရုန်းရလွန်းသဖြင့် ဟောဟဲ ဟောဟဲဖြစ်ကာ အမောကြီးမောနေရှာသည်။

'လွှတ် ... လွှတ်... လွှတ်'

ညကို ပွဲတင်ထပ်အော်နေသည်။

သို့သော် မည်သူကမျှ ကြားလိမ့်မည်မဟုတ်။ ကမ်းစပ်သို့ ရေလှိုင်းများ ပုတ်သံမှတစ်ပါး ဘာသံမှမကြားရ။ ယောက်ျားတစ်ဦး၏ ပြင်းထန်သော အသက်ရှူသံနှင့် မိန်းမ၏ မောသံမှတစ်ပါး ဘာအသံမှမရှိ။

'လွှတ်... လွှတ်'

ဝရုန်းသုန်းကားဖြစ်နေသည့် အသံများကြားထဲမှ ဤအသံထွက်လာသည်။ ဤအသံသည် နောက်ဆုံး၌ မအော်နိုင်တော့ဘဲ တဖြည်းဖြည်းဝင်သွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

အမိုက်မှောင်ကြီးသည် ဘာမျှ ကိုမမြင်အောင် ကျလာလေသည်။

လေသည် သစ်ပင်များအကြားသို့ ဖြတ်သန်းကာ ပြင်းထန်သောအဟုန်ဖြင့် တိုက်ခတ်လေရာ တဝေါဝေါမြည်ကာ ကြောက်စရာအသံကို ဖြစ်လာစေသည်။

❊ ❊ ❊

# [ ၁၃ ]

အမှောင်ကြီးမှောင်နေရာမှ ကြယ်တို့သည် အရောင်တဖိတ်ဖိတ်နှင့် လက်နေသည်။

ပြာမှောင်သောကောင်းကင်တစ်ခုလုံးမှာ ကြယ်ပြောက်ထားသည်။ အမှောင်တိုက်ထဲတွင် ကြယ်ရောင်ကလွဲ၍ အားကိုးစရာမမြင်၊ ကလယ်ကလယ်နှင့် မှိတ်တုတ်မှိတ်တုတ်နေသော ကြယ်တစ်ပွင့်သည် ရေထဲသို့ ကြွေကျသွားလေသည်။

'ကျွန်မ ပြန်မယ်'



www.burmeseclassic.com

www.burmeseclassic.com



ဤအသံသည် မာကျောလှသည်။

ဒေါက်တာဖေဦးသည် တစ်စုံတစ်ရာကိုလုပ်ရန် ခါးသို့လာဖက်သည်။ သို့သော် ရုန်းလိုက်သဖြင့် မထိ။

'ရှင်... ကျွန်မကို မထိနဲ့၊ ရှင့်အသားနဲ့ထိရမှာ အင်မတန်ရွံမုန်းတယ်။ ကျွန်မကို ခုမောင်းပို့ပါ'

မစောလင်းသည် ကားဆီသို့ အမြန်သွားကာ တံခါးကို ဂျုံးခနဲပိတ်လိုက်သည်။

ဒေါက်တာဖေဦးလည်း ဘာမျှမပြောတော့ဘဲ ထလိုက်သွားပြီး ကားရှေ့တွင် ထိုင်လိုက်သည်။

'ကျွန်တော့်ကိုမချစ်လည်း ကျွန်တော်ကတော့ ချစ်မှာပဲ'

'ဘာပြောတယ်'

'မစောလင်း ကျွန်တော့်ကို ယူရမှာပဲ'

'အမယ်'

'မစောလင်း ကျွန်တော့်မယားဖြစ်ပြီလေ'

ကားသည် စက်နိုးစပြုလေသည်။

'ဝေးလိုက်တာ၊ ဘယ်ဘဝရောက်ရောက် ဘယ်တော့မှမယူဘူး'

'နောက် ကျွန်တော့်ကို ချစ်လာရမှာပေါ့'

'ဘယ်တော့မှ ရှင့်ကိုမချစ်ဘူး မှတ်လိုက်ပါ'

ကားသည် မြန်မြန်မောင်းလေသည်။ အကွေ့တစ်ကွေ့တွင် ဘေးသို့ယိုင်သွားသည်။

'ဒီလိုလုပ်လို့များ ကြောက်မယ်မထင်နဲ့၊ ကြိုက်သလိုမောင်း၊ သေပုံတယ်ရှင့်'





'အခုတော့ ကျွန်တော် မသေချင်တော့ပါဘူး။ အပေါ်ယာတုန်းကသာ တိုက်ချင်တိုက်ဆိုပြီး တအားမောင်းတာပါ'

'တိုက်လို့သေသွားတာက ကောင်းသေးတယ်'

အမှောင်ခွင်းကာ ကားသည် မြို့ထဲသို့ ဝင်လေပြီ။ လျှပ်စစ်မီးရောင်များ အောက်၌ လူတွေသည် တရွရွနှင့် သွားလာနေကြသည်။ မစောလင်းသည် လမ်းမပေါ်သို့ ကြည့်လေသည်။

လူတို့သည် သူ့လမ်းနှင့်သူ သွားနေကြသည်။ လန်ချား၊ ဆိုက်ကား၊ မော်တော်ကားများသည် လူများကိုတင်ဆောင်ကာ လိုရာသို့ ပို့ဆောင်ပေးနေကြသည်။

လောကတွင် ကိုယ့်မှန်းချက်နှင့်ကိုယ် ကိုယ့်ရည်ရွယ်ချက်နှင့်ကိုယ် ကားတိုက်ချင်တိုက်ပစေဟု လမ်းဖွဲ့ထွက်သူမရှိ။ သို့သော် မတော်တဆ တိုက်မိကြသည်။ မလွှဲမရှောင်သာဘဲ တိုက်မိကြသည်။

မစောလင်း စိတ်ထဲတွင်ကား၊ ကားတိုက်မှာကိုလည်း မကြောက်၊ မှောင်မိုက်မှာကိုလည်း မစိုးရိမ်၊ လောကတွင် အကြီးဆုံးသော ဝေဒနာကို ခံစားခဲ့ရပြီ။ သည်ဝေဒနာထက် ဘယ်ဟာကမှ မကြီးကျယ်။

သူမ၏ ကိုယ်ကာယကို အညစ်ပတ်ဆုံးသော အမှိုက်သရိုက် အညစ်အကြေးထဲ၌ နှစ်ခြင်းခံခဲ့ရလေပြီ။

ဘဝတွင် ထောင့်တစ်နေရာ၌ ကပ်မိကာ မရုန်းနိုင်မပြေးနိုင်ဘဲ အဆုံးရှုံးကြီး ဆုံးရှုံးရလေပြီ။ မိမိက ဘာမျှမတတ်နိုင်၊ ကယ်မည့်သူလည်း မပေါ်လာ။

မစောလင်းသည် နာကြည်းတာတစ်ခုပဲ ရှိသည်။

မစောလင်းသည် နာကြည်းလှသည့်အချက်မှာ ကံတရားကိုလည်း၊



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ မတော်မတရားကြဲသူ ယောကျ်ားကိုလည်း မဟုတ်၊ ဖြစ်ရသည့်အခြေအနေ အခွင့်အလမ်းကိုလည်းမဟုတ်၊ နောက်ဆုံးအခြေတွင် ဖက်ပေါ်ဆူးကျဆူးပေါ်ဖက်ကျလည်း ပေါက်ရမည်၊ နစ်နာရမည့် မိန်းမအဖြစ်သာလျှင် ဖြစ်သည်။

ဤအဖြစ်ကပင်လျှင် ရွံ့နိမ့်နေလေသည်။

ဤရွံ့နိမ့်သော အခြေအနေသည် လောကကြီးတွင် အဆိုးဆုံး၊ အညစ်ပတ်ဆုံး၊ မသတီစရာ အကောင်းဆုံးကို လှလှကြီး ကြုံတွေ့ခံစားခဲ့ရသည်။ ဘာတတ်နိုင်သေးသလဲ၊ ဘာလုပ်နိုင်သေးသလဲ။

တစ်လမ်းလုံး ကိုယ့်ကိုယ်ကိုယ် ရွံရှာစက်ဆုပ်လာသည်။

ဤကဲ့သို့ အဆိုးရွားဆုံးသော အဖြစ်နှင့် ကိုယ်ကာယကို ပေးအပ်ရသဖြင့် ဤကိုယ်ကာယထက် ညစ်ညမ်းတာ၊ ဤကိုယ်ကာယထက် ရွံစရာကောင်းတာ၊ ဤကိုယ်ကာယထက် စက်ဆုပ်စရာကောင်းတာ ဘာရှိသေးသလဲ'

သူလိုယောကျ်ားမျိုးနှင့် အမိုးတစ်ခုတည်းတွင် အတူထိုင်ကာ တစ်လေတည်းရှူရှိုက်နေရသည်မှာပင် အင်မတန် ညစ်ညမ်း၍နေပြီ။ သို့သော် ဘာတတ်နိုင်သေးသလဲ။

စိတ်ထဲက 'မကြိုက်ဘူး... မကြိုက်ဘူး' ဟူ၍ ပွဲတင်ထပ်ကာ မြည်ဟည်းလျက်ရှိသည်။ ဤပွဲတင်သံသည် ရင်တွင်းဝယ် မလပ်အောင် ရိုက်ခတ်လျက် ရှိလေသည်။ ရိုက်ခတ်လွန်းသဖြင့် နာကျင်လာသည်။

ဤမကြိုက်ခြင်း၊ မနှစ်သက်ခြင်း၊ အလိုမတူခြင်းနှင့် မိမိကိုယ်ကာယကို ပေးအပ်ခဲ့ရသည်မှာ လောကတွင် သည့်ထက်နာကြည်းစရာကောင်းတာ ဘာရှိနိုင်ပါသေးသလဲ။

သော်မဆင်ရိပ်သာ လင်းဆေးတိုက်သို့ ကားဆိုက်လိုက်သောအခါ





မစောလင်း မဆင်းသေးဘဲ...

'ဒါ နောက်ဆုံးပဲရှင်၊ ကျွန်မကို ဘယ်တော့မှလာမတွေ့ပါနဲ့'

ဟု ပြတ်ပြတ်သားသား ပြောသည်။

အသံမှာ ဒေါသသံမပါ။ တည်ငြိမ်လေးနက်သည်။ တကယ့်အဓိပ္ပာယ်ကို ဆောင်သည်။

'ကျွန်တော် မနက် ဆေးတိုက်ကိုလာရပါမယ်'

'မလာနဲ့ ရှင့်ကို အလိုမရှိတော့ဘူး။ ဆေးတိုက်လည်း ပိတ်လိုက်ပြီ။ မနက်ဖြန်ကစပြီး ပိတ်တယ်'

'မစောလင်း ဘယ်လိုပြောလိုက်တာလဲ၊ ကျွန်တော် မစောလင်းကို ဘယ်လောက်ချစ်သလဲ'

'ကျွန်မက တစ်စက်ကလေးမှ မချစ်ဘူး။ ဘယ်တော့မှမမျှော်လင့်နဲ့'

မစောလင်းသည် နောက်ထပ်မပြောဘဲ ကားတံခါးဖွင့်ကာ အပေါ်ထပ်သို့ အပြေးတက်သွားလေသည်။

ဒေါ်လေးက ဆီး၍...

ကုသက်ရင် ခုနကပဲ ပြန်သွားတယ်၊ မစောလင်းကို စောင့်နေလိုက်တာ လာနှုတ်ဆက်တာတဲ့'

'ဟင်... ဘယ်သွားမလို့လဲ'

'ခရီးထွက်မယ်ပြောတယ်၊ မြစ်ကြီးနားဆိုလား။ တောတောင်ဘက်တွေလျှောက်လည်မလို့တဲ့၊ သူရေးတဲ့ဝတ္ထုသစ်တစ်အုပ် ပေးထားခဲ့တယ်'

မစောလင်းသည် သက်ပြင်းချကာ အခန်းထဲသို့ တန်းဝင်သွားသည်။

ဒေါ်လေးက ပင်ပန်းလို့ထင်ပါရဲ့ဟုမှတ်ကာ ငေး၍ ကျန်ရစ်ခဲ့သည်။

အတန်ကြာမှ တံခါးဝမှနေ၍...



www.burmeseclassic.com

www.burmeseclassic.com



'မစောလင်း ထမင်းပြင်လိုက်မယ်နော်'

ဟု လှမ်းမေးသည်။

'ကျွန်မ ပြီးခဲ့ပါပြီ'

မစောလင်းသည် ခုတင်ပေါ် ဖင်လှဲချလိုက်သည်။

ရင်ထဲတွင်ကား အကြီးအကျယ်လှုပ်ရှားလျက် ရှိလေသည်။ ကိုသက်ရင်၊ ကိုသက်ရင် ဘယ်များသွားမလို့ပါလိမ့်။ နှုတ်ဆက်လာတာတောင် မတွေ့လိုက်ရဘူး။

ပြတင်းပေါက်မှ လေသည် ဝင်လာလေသည်။

သန့်ရှင်းစင်ကြယ်သော လေ၊ သစ်ပင်ကြို သစ်ပင်ကြားမှ ဖြတ်သန်းကာ တိုက်လာသော အပြစ်ကင်းသော လေ။

မစောလင်းသည် စောစောကနှင့်မတူသော ညစ်ညမ်းခြင်းမှကင်းမဲ့သောလေကို တစ်အောင့်ရှူလေသည်။

မစောလင်းသည် အိပ်ရာထဲတွင် လှဲကာ တွေနေရာမှ သတိရ၍ အဝတ်အစားများ ထချွတ်လေသည်။ ချွတ်ပြီးလျှင် ရေချိုးခန်းသို့ဝင်သည်။ ခါတိုင်းထက်များစွာ အချိန်ကြာအောင် ရေချိုးသည်။ လက်များ ပဲကြီးအခွံလို တွန့်လာတော့မှ ရေချိုးခန်းထဲက ထွက်လာသည်။

အေးလွန်း၍ ပါးစပ်မှတဆူးဆူးထုတ်ကာ တုန်ရှုပ်နေသည်။ တစ်ကိုယ်လုံး ကျိုင်နေအောင် ပေါင်ဒါတွေဖြူးသည်။ မှန်တင်ခုံနားတွင် ဒေါင်ဒါမှုန့်တွေဖြင့် ဖွေးနေသည်။ ပြီးလျှင် အဝတ်သစ်အစားသစ် လဲသည်။

မှန်တင်ခုံရှေ့၌ရပ်ကာ မှန်ကိုကြည့်နေရင်း မိမိကိုယ်ကို ရွံလာ၍ မှန်မှခွာလိုက်ပြန်သည်။

'ဒေါ်လေး... ဒေါ်လေး'





မစောလင်းသည် ဒေါ်လေးကို လှမ်းအော်ခေါ်သည်။

ဒေါ်လေးက တံခါးက ဝင်လာလာချင်း သူ့နှာခေါင်းကို ရှုကာ ရှုကာလုပ်ကာ...

'ဟင်... မွှေးလိုက်တာဟယ်... တခန်းလုံး ကျိုင်နေတာပဲ'

ဟု ဆိုသည်။

'မနက်ဖြန်ကစပြီး ဆေးတိုက်ပိတ်မယ်'

မစောလင်းသည် အင်မတန်တည်ကြည်သော မျက်နှာထားဖြင့် ပြောသည်။

ဒေါ်လေးက မျက်လုံးပြူးကာ အံ့အားသင့်သွားသည်။

'ကျွန်မ တစ်နှစ် နိုင်ငံခြားသွားရမယ်၊ မနက်ဖြန်ကစပြီး ဆေးတိုက်ပိတ်မယ်၊ အပေါ်ကို ဘယ်သူမှ တက်မလာစေပါနဲ့၊ မေးရင် မစောလင်းမရှိဘူး ပြောပါ၊ ဆိုင်းဘုတ်ကိုလည်း အစောကြီးဖြုတ်ဖို့ ကိုတင်စိန်ကို ရောက်ရောက်ချင်း ပြောပါ'

မစောလင်းသည် တည်ကြည်သော အမူအရာကြောင့် ဒေါ်လေးမှာ တစ်ခွန်းမှပြန်မပြောဘဲ ငြိမ်သက်စွာ နားထောင်နေသည်။

'ဒါပါပဲ ဒေါ်လေး၊ ကျွန်မပြောတာသာ လုပ်ပေးပါ'

ဒေါ်လေးထွက်သွားသောအခါ မစောလင်းသည် အိပ်ရာထဲသို့ လှဲချ လိုက်သည်။ အိပ်ရာတစ်ခုလုံး ပေါင်ဒါ၊ ရေမွှေးများ၊ တရကြမ်း ဆွတ်ဖျန်းထားသဖြင့် မွှေးကြိုင်လှသည်။ မစောလင်းသည် အိပ်ရာပေါ်တွင် မလှုပ်မယှက် ငြိမ်သက်ကာ တွေးနေသည်။ ပြတင်းမှလေဝင်နေ၍ ခြင်ထောင်မှာ လှုပ်ယမ်းနေသည်။ ညသည် တိတ်ဆိတ်၍နေသည်။ တတ်ကြီးလေးပါးခေါ် အသံမှတစ်ပါး ဘာသံမှ မကြားရ။



www.burmeseclassic.com

www.burmeseclassic.com

မစောလင်းသည် သက်ပြင်းချကာ တစ်ဖက်သို့လှည့်လိုက်ရာ ကြမ်းပေါ်တွင် ပုံထားသော အဝတ်အစားကို သွားတွေ့ရသည်။

မစောလင်းသည် ခေါင်းထောင်ကြည့်လျက်...

'ဒီအဝတ်ကို ကုလားမကြီး ရေထဲ မျှောနိုင်းရမယ်'

ဟု စိတ်ထဲသို့ ရေရွတ်လိုက်လေသည်။

❊ ❊ ❊

[ ၁၄ ]

အပြင်ဘက်မှ တံခါးဆွဲသံနှင့် တစ်ပါတည်း...

'ဟဲ့... နေပါဦး၊ ဘယ်သူတုံး'

ဟု ပြောပြောဆိုဆိုထွက်သွားသော ဒေါ်လေးဇင်အသံကို ကြားလိုက်ရသည်။

မစောလင်းသည် ထိုအသံကြောင့် မျက်လုံးကို အသာလှန်ဖွင့်လိုက်သည်။ မိုးမှာ ထိန်ထိန်လင်းကာ ငှက်များပင် တကျိုကျိုအော်မြည်ဟစ်ကြေး၍ အိမ်ခန်းတစ်ဝိုက် လှည့်လည်ပျံသန်းနေကြပြီ။

အပြင်ဘက်သို့ နားကိုစွင့်လျက်ထားရာမှ အိမ်ရာက ရုန်းလဲထကာ



www.burmeseclassic.com

www.burmeseclassic.com



အခန်းနံရံနှင့် သွားကပ်နားထောင်ကြည့်လိုက်သည်။

'ဩော်... မောင်ဖေဦးပါလား'

မစောလင်းအဖို့ ဤနေရာတွင် ကြာကြာရပ်နေလို့ မဖြစ်တော့။ ကြာလျှင် သူ့စိတ်ကိုသူ မထိန်းနိုင်ဘဲဖြစ်မည်ကို စိုးမိလေသည်။

မစောလင်းသည် တံခါးမှ လျှင်မြန်စွာပြန်လျှောက်လာကာ ခုတင်ပေါ်တွင် ထိုင်လိုက်လေသည်။

စောစောစီးစီး ဤအသံထက် မင်္ဂလာမရှိတာ။ ဤအသံထက် စက်ဆုပ်စရာကောင်းတာ ဘာရှိသေးလဲ။ ဘာပြုလို့ အိမ်ပေါ်တက်လာရသလဲ 'မလာနဲ့... အလိုမရှိဘူး' ဟု ပြောလိုက်ပြီးသား ဘာများ လာနှောက်ယှက်ချင်သေးလို့လဲ၊ သို့သော် မတတ်နိုင်တော့ပြီ၊ တံခါးဖွင့်ပေးလိုက်ကြပေပြီ။

မစောလင်းသည် ဒေါသဖြင့် တုန်ယင်ကာ ရင်ထဲတွင် တဒိန်းဒိန်းဖြစ်နေသည်။

အပြင်ဘက်ညှို့ခန်းမှ စကားပြောသံများမှာ မိမိအခန်းကဆိုလျှင် သဲသဲကွဲကွဲ ကောင်းစွာမကြားရ။ ဒေါက်တာဖေဦး၏ မျက်နှာကို ထွက်ကြည့်ဖို့ရန်ဝေးစွ၊ အသံကြားရမှာပင် ရွံလှလေသည်။

မစောလင်းသည် အိပ်ရာပေါ်တွင် ပြန်လှဲကာ မျက်စိကို မှိတ်ထားသည်။ ဘယ်တော့မှ မလာဖို့ ပြောလိုက်လျက်နှင့် ရဲတင်းသည်ကို မခံမရပ်နိုင်အောင် စိတ်ဆိုးလေသည်။

ဒေါသတရားသည် တစ်ကိုယ်လုံးကို လွှမ်းမိုးလျက်ရှိလေသည်။ အတန်ကြာလျှင် အိပ်ရာမှလူးလဲထပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ အသက်ရှူလည်း ကျပ်သည်၊ ကိုယ်တွေလက်တွေလည်း တုန်နေသည်။ ဒေါသကြောင့် ရင်ထဲ၌ တဆတ်ဆတ်ခုန်နေသည်။





အပြင်ဘက်ကအသံများမှာ တစ်ချက်တစ်ချက် နားထဲသို့ ဝင်ဝင်လာသည်။ ဘာပြောကြမှန်း မသိ၊ သိအောင်လည်း မကြားချင်၊ ဒေါ်လေးက ဘာဖြစ်လို့ စကားလက်ခံပြောနေရတာလဲဟု ဒေါ်လေးကိုပင် အပြစ်တင်မိသည်။

ဒေါ်လေး၏အသံလိုလို ကြားလိုက်ရပြန်သည်။ စကားလုံး မကွဲ။ အင်မတန်စိုက်၍ နားထောင်နိုင်မှသာ အသံများကို ကြားရသည်။

မစောလင်းသည် အိပ်ရာမှထကာ မှန်ခုံပေါ်က ပစ္စည်းများကို သွားရှုကြည့်သည်။ မှန်ခုံပေါ်၌ရှိနေကျ ပစ္စည်းများကို မျက်စိနှင့် တစ်ခုစီလိုက်စစ်ကြည့်လေသည်။

ထို့နောက် တံခါးဆီသို့ လှည့်ပြီး နားစွင့်ထားပြန်သည်။ ဘာသံမှ မကြားရ။ သို့သော် သံတံခါးပိတ်သံကို မကြားရ၍ မပြန်သေးသည်ကို သိရသည်။

မစောလင်းသည် မှန်တံခါးသို့သွားကာ အပြင်ဘက်သို့ မျှော်ကြည့်နေသည်။

ဘိုဘိုတို့ အိမ်ပေါ်သို့တက်လာပုံကို စဉ်းစားတွေးတောကြည့်သည့်အခါ ဤရန်မှာ ဤမျှနှင့်မပြီးဘဲ မိမိအား အခွင့်ရတိုင်း လာ၍နှောက်ယှက်မည်ကို စိုးရိမ်ပူပန်လာလေသည်။

မိမိဘက်က သူနှင့် မျက်နှာချင်းမဆိုင်နိုင်အောင် ရှောင်ရှားနေဦးမှ ဖြစ်မည်ကို တွေးမိလေသည်။ မစောလင်းသည် 'ပြန်ခဲ့လိုက်တာ' ဟု နှုတ်က ရေရွတ်ကာ အိပ်ရာပေါ်တွင် သွား၍ လှဲလျက် မျက်စိကို မှိတ်ထားသည်။

မျက်စိကို ပိတ်ထားသဖြင့် ဘာမှမမြင်ရ၊ ဘာမှမမြင်ရသည့်ကြားထဲက အင်းလျားမြက်ခင်းကို ကွက်ကွက်ကွင်းကွင်း မြင်မိတော့သည်။

မစောလင်းသည် အိပ်ရာပေါ်တွင် မနေချင်ပြန်၍ သက်ပြင်းချကာ



www.burmeseclassic.com

www.burmeseclassic.com



ထထိုင်လိုက်သည်။ အပြင်ဘက်သို့ နားကိုစွင့်ကာ ခြေတွဲလောင်းချလျက် ငြိမ်သက်စွာထိုင်နေသည်။

သဲသဲကွဲကွဲမရှိသော အသံများကို တစ်ချက်တစ်ချက် ကြားရတုန်းပင်ရှိသည်။ ထိုအသံများကြောင့် သည်းမခံနိုင်အောင် စိတ်တွေ အကြီးအကျယ် လှုပ်ရှားလျက်ရှိနေသည်။

မစောလင်းသည် အိပ်ရာကထ၍ တံခါးဆီသို့ သွားလေသည်။ တံခါးနားတွင်ရပ်ကာ မိမိနားကို စွင့်မယ်သာ စွင့်ထားသော်လည်း နားထဲသို့ ဒေါက်တာဖေဦးအသံ ဝင်လာမှာကိုကား အလိုမရှိ၊ သည်အသံကိုကြားရမှာ ရွံရှာလှသဖြင့် အပြင်ဘက်သို့ အာရုံမပြုတော့ဘဲ တံခါးမှနေ၍ ကိုယ့်အခန်းကို ပြန်ကြည့်နေပြန်သည်။

နေရောင်သည် ပြတင်းမှဝင်ကာ မှန်ခုံပေါ်သို့ ထိုးလျက်ရှိသည်။ မှန်ခုံပေါ်မှပစ္စည်းများမှာ နေရောင်တွင် သူ့နေရာနှင့်သူ တောက်ပြောင်နေသည်။

ခုတင်ပေါ်က ခေါင်းအုံးများမှာ တွန့်ကြေကာ ခွက်နေသည်။ ခုတင်ခြေရင်းက အဝတ်ဗီရိုကြီးသည် နေရောင်နှင့်ပန်းရကာ အဝါရောင်တောက်နေသည်။ ဗီရိုအဖုံးတစ်ဖက်က မှန်ထဲတွင် နံရံ၌ချိတ်ထားသော ပြက္ခဒိန်လာပေါ်နေသည်။ အဝတ်တင်သည့်တန်းပေါ်၌ မျက်နှာသုတ်ပဝါကြီး ဖြန့်ထားသည်။ စာအုပ်ဗီရိုတွေလည်း ငြိမ်ငြိမ်သက်သက် ရှိကြသည်။ ဗီရိုပေါ်တွင် ကိုသက်ရှင်ဝတ္ထုစာအုပ်များအပြင် သတင်းစာများလည်း ရှိသည်။ လျှာထိုးကြမ်းပြင်ကလည်း တဖိတ်ဖိတ်၊ ခုတင်အောက်က သားမွေးကော်ဇောအတိုကလေးမှာ အမွေးများပိနေသည်။ ဗီရိုဘေးက တစ်လုံးနှင့် တစ်လုံး ထပ်တင်ထားသော သေားရေသေတ္တာများအနီးတွင် ညကချွတ်ချထားသည့် အဝတ်ပုံ။





မစောလင်းသည် တံခါးရွက်တွင်မှီကာ စုံရပ်လျက် အခန်းထဲကိုကြည့်နေရာက တံခါးမှခွာကာ ရေချိုးခန်းတံခါးကို သွားဖွင့်လိုက်သည်။ ထို့နောက် ကြမ်းပေါ်က အဝတ်ပုံကို ရေချိုးခန်းထဲအရောက် ခြေထောက်နှင့် ညှပ်ယူသွားသည်။

မစောလင်းသည် ခုတင်ပေါ်တွင် မောပန်းစွာ လှဲလျောင်းလိုက်ပြန်သည်။ လက်များကို နဖူးပေါ်သို့ ယှက်ကာတင်ထားလျက် မျက်စိကို မိတ်ထားလေသည်။ အသက်ကို မှန်မှန်ရှူရင်း မလှုပ်မယှက် ငြိမ်ငြိမ်သက်သက်ကလေး လှဲနေလေသည်။

မကြာမီပင် အိပ်ရေ့ဆောင်မှ တံခါးပြန်ဆွဲသံကို ကြားလိုက်ရသည်။

မစောလင်းသည် မျက်စိကို ပြန်၍ဖွင့်လျက် ခြေရင်းက အခန်းတံခါးကို စိုက်ကာကြည့်ရင်း နားစွင့်ပြီးနေသည်။

'မစောလင်း'

မစောလင်းသည် ဒေါ်လေး၏အသံမှန်းသိ၍ အိပ်ရာမှ လူးလဲထကာ တံခါးသွားဖွင့်သည်။

မိမိကို မြင်မြင်ချင်း ဒေါ်လေးက 'နိုးနေသလား' ဟု အရင်စတင်မေးလိုက်သည်။

မစောလင်းက နှုတ်ဖြင့်မဖြေဘဲ ခေါင်းညိတ်ကာ အဖြေပေးလိုက်ရာ ဒေါ်လေးသည် မစောလင်း၏ ထူးခြားသော မျက်နှာအမူအရာကို သတိပြုမိသည်။

မစောလင်းသည် တံခါးပေါက်တွင် အင်မတန်တည်ကြည်သော မျက်နှာကိုထားကာ မရွှေမလျား ရပ်နေလေသည်။

'ခုနက မောင်ဖေဦးရောက်လာတယ်၊ ကလေးတွေက ဖွင့်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မစောလင်းနဲ့ တွေ့ချင်လို့ပါဆိုလို့ပါ ညက မှားထားတဲ့အတိုင်းပဲ မစောလင်း၊ မရှိဘူးလို့ ပြောလိုက်တော့ ဘယ်သွားသလဲတဲ့ မေးတယ်၊ ငါကလည်း ပြောပြီးပြောရာပဲဟာယ်၊ မနက်အစောကြီး ခရီးထွက်သွားတယ်လို့ ပြောလိုက်ရတယ်၊ သူ့ခမျာ ပြန်သာသွားရော မျက်နှာမကောင်းရှာဘူး။ မောင်တင်စိန်တော့ မလာသေးဘူး'

မစောလင်းက တစ်ခွန်းမှမဟ၊ မတုန်မလှုပ်ရပ်လျက် နားထောင်ကာ ဒေါ်လေးကို စိုက်ကြည့်နေသည်။

ဒေါ်လေးက ဘာဆက်ပြောရမှန်းမသိအောင်ဖြစ်ကာ ဆုတ်ဆိုင်းသွားလေသည်။

'ဒေါ်လေး ထိုင်ပါဦး'

ဟု မစောလင်းက ပြောလိုက်လျှင် ဒေါ်လေးမှာ မျက်စိမျက်မျက်နှာ ပျက်နှင့် အခန်းထဲသို့ဝင်လာသည်။

မစောလင်းသည် အခန်းတံခါးကို ပြန်၍ပိတ်ကာ ခုတင်ပေါ်တွင်ထိုင်နေသော ဒေါ်လေးအနားတွင် သွား၍ထိုင်သည်။

'ဒေါ်လေး... ကျွန်မ ဒီနေ့ပဲ ခရီးထွက်မယ်'

ဒေါ်လေးသည် ဘာမှမပြောခင် မစောလင်း၏မျက်နှာကို စေ့စေ့ကြည့်ကာ အလိုလိုဝမ်းနည်းလာသည်။

'နိုင်ငံခြားသွားရမှာက ဒီနေ့ပဲသွားရမှာလား'

ဒေါ်လေး၏အသံသည် ကတုန်ကယင်ကြီး ဖြစ်နေသည်။

မစောလင်းသည် ဒေါ်လေးကိုမကြည့်တော့ဘဲ ရုတ်တရက်အပြောရခက်ကာ ငြိမ်သက်လျက်ရှိသည်။

'ငါဖြင့် ညက တစ်ညလုံးစိတ်မကောင်းဘူး။ သေးတိုက်ကို ချက်ချင်း





ပိတ်တာက ကနေ့ပဲသွားရမှာမို့လား'

မစောလင်းသည် ငြိမ်သက်စွာပင်ထိုင်နေရင်း ရှုပ်ထွေးနေသည့်စိတ်များကို ဖယ်ထုတ်ပစ်လိုက်ကာ...

'နိုင်ငံခြားက ဒီနေ့မဟုတ်သေးပါဘူး ဒေါ်လေးရဲ့'

ဟု ပြန်ပြောလေသည်။

'နို့ ခရီးသွားမယ်ဆိုတာ နိုင်ငံခြားမဟုတ်ရင် ဘယ်ကိုသွားမလို့လဲ၊ နိုင်ငံခြားလည်း သွားမယ်ဆို'

ဒေါ်လေးက နားမလည်ဟန်ဖြင့် မစောလင်းကို ငေး၍ကြည့်နေသည်။

'အင်္ဂလန်ကိုသွားဖို့ အစိုးရကလွှတ်တယ် ဒေါ်လေး။ ကျွန်မ ဒီနေ့ပဲ သွားပို့မယ်ဆိုတာအကြောင်းပြန်ရမယ်၊ ခဏတော့ စောင့်ရဦးမယ်၊ တစ်လကြာမလား၊ နှစ်လကြာမလား မပြောတတ်ဘူး။ တစ်လအတွင်းလည်း သွားချင်သွားရမှာပဲ အသေအချာမပြောနိုင်ဘူး။ ရုံးက အမိန့်ကို စောင့်ရဦးမယ်.

'ဒါနဲ့ ဒီနေ့ပဲ ခရီးထွက်မယ်ဆိုတာက'

ဒေါ်လေးက စကားဆုံးလျှင် ဆက်၍မေးသည်။

'ဒီနေ့သွားမယ်ဆိုတာက အင်္ဂလန်မသွားခင် ရတဲ့အချိန်ကို ရှမ်းပြည်နယ်သွားပြီး အနားယူချင်တယ် ဒေါ်လေးရယ်၊ အင်္ဂလန်မသွားခင် ကျွန်မ အနားနည်းနည်းယူချင်တယ်၊ ဒီမှာနေရင် ကျွန်မမှာ အချိန်ကိုမရဘူး၊ ဟိုသွားဖို့ရာအတွက်က အချိန်ယူပြီး အေးအေးဆေးဆေး ဆည်းပူးရဦးမှဖြစ်မယ်၊ ဟိုမှာ တစ်နှစ်လောက်နေရမှာ'

'အကြာကြီး သွားနေရမှာပါကလား'

ဟု ဒေါ်လေးက စိတ်မကောင်းသံနှင့် ပြောလေသည်။

'တစ်နှစ်ဆိုတာ မကြာပါဘူး ဒေါ်လေးရယ်၊ ကျွန်မ အားလုံး စီစဉ်



www.burmeseclassic.com

www.burmeseclassic.com



ပယ်၊ ဒေါ်လေး စိတ်မပူနဲ့ ကျွန်မ အကုန်လုံး စီစဉ်ပြီးပါပြီ၊ နိုင်ငံခြားက ပြန်လာရင် လုပ်ငန်းကိုလည်း ဒီ့ထက်တိုးတက်ပြီး ချဲ့မယ်'

မစောလင်းသည် မိမိအားမကြည့်ဘဲ တံခါးဘက်သို့ငေးကာ မျက်နှာ မကောင်းဖြစ်နေရှာသော ဒေါ်လေးအား ကျိတ်မှိတ်၍ ဟန်ဆည်ကာ အေးအေးလူလူ ပြောနေရသည်။

'ရှမ်းပြည်နယ်ကို ဒီနေ့သွားမှာကလည်း ချက်ချင်းကြီးပဲကိုး'

ဟု ဒေါ်လေးက ညည်းလေသည်။

'အနားယူချင်လို့ပါ ဒေါ်လေးရယ်၊ ဖေဖေဆုံးကတည်းက တစ်ခါမှ မနားရဘူး။ ဒီနေ့ပဲ သွားချင်တယ်'

ဒေါ်လေးသည် မစောလင်း၏ ညှိုးနွမ်းသောမျက်နှာကိုကြည့်၍...

'ကောင်းပါတယ်လေ၊ ဒီမှာ အင်မတန် ပင်ပန်းပါတယ်၊ ခဏ အေးအေးဆေးဆေး သွားနေတာလည်း ကောင်းပါတယ်၊ ဘယ်သွားမလဲ၊ ကလောသွားမလား'

ဟု လိုက်လိုက်လျောလျောပြောလျက် သဘောကျသည့် အမူအရာကို ပြလေသည်။

'ဟုတ်တယ်... ကလောက ကြီးကြီးတို့ဆီ သွားမှာပဲ'

'သွားလေ၊ သွားတာပေါ့'

ဟု ဒေါ်လေးက ထပ်ပြောရင်းမှ သတိရသဖြင့်...

'သွားတာက ဟုတ်ပြီလက်ခံထားတဲ့ လူမမာတွေကို နှုတ်မဆက်တော့ဘူးလား'

ဟု မေးလိုက်သည်။

'ဒေါ်လေးက ကောင်းအောင်ကြည့်ပြောလိုက်ပါတော့၊ ဆေးတိုက်က





ကျွန်မ မရှိရင် ဖွင့်ထားလို့မဖြစ်ဘူး။ ကျွန်မတော့ သွားမယ်ဆိုရင် ချက်ချင်း သွားရမှ ခု ၁၁နာရီနဲ့ လိုက်မယ်'

'နို့ ချိုချိုကိုကော အပြောမလွှတ်ဘူးလား'

'ဟိုကျမှပဲ စာရေးမယ် ဒေါ်လေးရယ်၊ ခရီးသွားရင် ဖြုန်းခနဲထသွားချင်တယ်'

မစောလင်းသည် အသံကို မတုန်မိစေရန် သတိထားကာ ပြောရသည်။ အမှန်အားဖြင့် ချိုချိုကိုလည်း မတွေ့ချင်၊ ချိုချိုကို မပြောဘဲ သွားရမှာကိုမူ စိတ်ထဲတွင် လာ၍ထိခိုက်သည်။

ချိုချိုများ သည်အကြောင်းတွေသိရင်... ဟု မတွေးဘဲမနေနိုင်အောင် ဖြစ်လာသည်။ ချိုချို... ချိုချို မသိရှာဘူးဟု စိတ်ထဲ၌ မြည်တမ်းမိရင်း တဖြည်းဖြည်း မျက်နှာညှိုးကျသွားလေသည်။

* * *

www.burmeseclassic.com

## [ ၁၅ ]

ဘုရားရှိုးကျောင်းကြီးသည် ပြာလဲ့သော ကောင်းကင်ကို နောက်ခံလျက် အထင်းသား ပေါ်နေလေသည်။

မြူနှင်းနှင့်ဖြူသင်းဖွဲ့သော ဟုန်းခြေပြင့်လေသည် တညင်ညင်းသုတ်ဖြူးလျက်ကသော လေပြည်တွင် အဝေးရှိသစ်တောထဲမှ ပန်းနံ့များဖြင့် ခပ်မြမြ သင်း၍နေသည်။ ရနံ့ထုံသော လေယာဉ်ကိုစီး၍လာသည်ကား ဘုရားရှိုးကျောင်းမှ ရိုက်ခြေးမြည်ဟည်းလျက်ရှိသော ခေါင်းလောင်းသံပင်တည်း။

ခေါင်းလောင်းသံသည် လေတွင် ပြည့်နေသည်ဟု မှတ်ထင်ရအောင်





ပြည့်လျက်ရှိသည်။

စိမ်းစိမ်းဝါဝါ ကျယ်ပြန့်သော ကွင်းပြင်ကြီးအလယ်ရှိ မြေကွက်ကို ဘုရားရှိုးကျောင်းကို ဆောက်ထားလေရာ ခေါင်းလောင်းထိုးသံမှာ ပတ်ဝန်းကျင်ရှိရာအရပ်သို့ လွင့်၍လွင့်၍ နေလေသည်။

ညနေခင်းဖြစ်သဖြင့် နေမှာ ချိုလျက်ရှိလေပြီ။

အဝေးရှိ ပြာညိုသော တောင်တန်းကြီးများကား ဘယ်ကြည့်ကြည့် မြူမှင်းလွှင်တွေ ဆိုင်းကာ မှိုင်းနေကြသည်။ တောင်များသည် တန်းနေကြရာ၌ ဆုံး၍မသွားကြ၊ ပြာလဲ့သော ကောင်းကင်ရှိ အဆုံးအစမရှိသော ဟိုဘက် တစ်ဖက်အဝေးကိုသာလျှင် ရောက်သွားကြသည်။

ဘယ်အထိရောက်သည်ကိုကား မပြန်းဆနိုင်၊ စိမ်းစိမ်းဝါဝါ ကွင်းပြင်ကြီးကို ကျော်လွှားသောအခါ အမှောင်ရိပ်ဖြင့် ယှက်သန်းနေသော တောကြီး၊ ထိုတောကြီးတောင်ခြေမှဆက်၍ တောင်တန်းကြီးဆီသို့သာလျှင် ဖြစ်နေရလေသည်။

အဝေးရှိ တောတောင်များတစ်ဖက်၌ ဘာရှိလိမ့်မည်ကိုကား မသိနိုင်၊ သို့သော် အရှေ့ဘက်တောင်တန်းများ တစ်ဖက်၌ကား မြန်မာပြည်နှင့် ထိုင်းနိုင်ငံကို သတ်မှတ်ထားသော သံလွင်မြစ်ကြီး ရှိသည်။ ခပ်ညိုညိုဆီတွင် မြစ်သည် စီးဆင်းလျက်ရှိလေသည်။

မြောက်ဘက်ရှိ ဆီးနှင်းရေခဲတို့ဖြင့် ထုထယ်ဖုံးလွှမ်းသောဒေသမှ မြစ်ဖျားခံလာသော သံလွင်မြစ်ကြီးသည်ကား ကျောက်ဆောင်ကျောက်စွန်းတို့ကို ဒလဟောဖြတ်သန်းကာ တသွင်သွင် စီးဆင်းလျက်ရှိလေသည်။

ထိုပတ်ဝန်းကျင်မှ တညင်းညင်းတသုန်သုန်တိုက်ခတ်လျက်ရှိသော လေပြည်တွင် ဘုရားရှိုးကျောင်းမှ ခေါင်းလောင်းသံပျံ့ဝဲကာ ပါလျက်ရှိလေ

www.burmeseclassic.com



သည်။

ဘုရားရှိခိုးကျောင်းနေရာတွင်ကား စိုက်ထားသော ထင်းရှူးပင်၊ ဥဩချစ်ပင်များအပြင် အပွင့်နီနီပွင့်သော သစ်ပင်များဖြင့် အုပ်အုပ်ဆိုင်းဆိုင်းရှိသည်။ ဘုရားရှိခိုးကျောင်း၏ အလယ်ဗဟိုရှိ ခပ်ချွန်ချွန် ရှည်လမျောမျော အဆောင်မှ လက်ဝါးကပ်တိုင်အမှတ်အသားမှာ ပေါ်ထင်လှသည်။ ကက်သလစ် ဘုရင်ကိုးဘာသာ၏ အမှတ်အသားဖြစ်၍ ကျောင်းများတွင် ထားရှိရိုးဖြစ်သည်။

ဘုရားရှိခိုးကျောင်းနှင့် မလှမ်းမကမ်းတွင် ဘုန်းကြီးများနေသော တိုက်တစ်တိုက်၊ ထိုတိုက်၏ဝင်းထဲ၌ ထင်းရှူးပင်နှင့် အပွင့်နီနီပွင့်သော သစ်ပင်တို့မှာ ပြည့်ညပ်စွာပေါက်နေကြသည်။ ထိုတိုက်၏ တစ်ဖက်တွင် စာသင်ခန်းလုပ်သော ခပ်ရှည်ရှည် ဝါးထရံကာ၊ ဝါးကပ်မိုးတဲကြီးရှိသည်။ တဲဆိုသော်လည်း သူ့အရပ်ထုံးစံ ဝါးကိုရက်ထားသော ဝါးထရံကာ၊ ဝါးကပ်မိုး၊ ယမနေသား ကျွန်းသားများဖြင့် သပ်သပ်ရပ်ရပ်ဆောက်ထားသည်။

ထိုတဲနှင့် ကပ်လျက်ကား တစ်ထပ်တိုက်ပုပုရှိသည်။ ခေါ်ရောင်စုံဖြင့် ခြယ်ထားသော ခရစ်တော်၏ပုံကားကို ချိတ်ဆွဲထားသည်။ ထိုတိုက်ပုပုတွင် ရဟန်းလောင်းများ နေထိုင်လေသည်။

လေသည် တသုန်သုန်ပင် သုတ်ဖြူးလျက်ရှိလေသည်။ ဆောင်းလောင်း သိသည်လည်း လေထဲတွင် လွင့်မျောကာ မြည်ဟည်းလျက်ရှိနေသည်။

ဤဘုရားရှိခိုးကျောင်းမှ လယ်ကွင်းပြင်ကိုဖြတ်သွားသော လမ်း တစ်လမ်းရှိသည်။ ထိုလမ်းသည် တစ်ဖြောင့်ကြီးတန်းနေကာ တောင်ကြီး ကလောသို့ပေါက်သော ကားလမ်းမကြီးအထိ ရောက်လေသည်။

မှတ်ထိတ်ဖြူဖြူ ကျွဲကော်ကိုင်းမျက်မှန်တပ်လျက် ဝတ်ရုံအဖြူကြီးများ ကို ဝတ်ထားသော ဘုရင်ကိုးဘုန်းကြီးသုံးလေးပါးသည် ထိုလမ်းကလေးမှလာ၍





နေကြသည်။

လမ်းပေါ်၌ ဘာမျှမရှိ၊ နီမြန်းသော မြေကြီးများသည် နေရောင်တွင် မျက်စိကျိန်းစရာ ထင်းထင်းပြောင်ပြောင်ကြီး ရှိကြသည်။ ထိုလမ်းမကြီးပေါ်၌ မိန်းမပျိုနှစ်ယောက်ရပ်ကာ ဘုရားရှိခိုးကျောင်းကြီးဆီသို့ မျှော်ကြည့်လျက်ရှိကြ သည်။

နှစ်ဦးအနက် တစ်ဦးမှာ အပြာရောင် ပုသိမ်ထီးကို ဆောင်းထားသည်။ ထိုအပြာရောင်ကြောင့် မျက်နှာပြင် ပြာလဲ့လဲ့အရောင် ဟပ်နေသည်။

တစ်ဦးမှာကား ခမောက်ကို ဆောင်းထားသည်။ အင်းလေး ပိုး လွယ်အိတ်အနီကို လွယ်ထားသည်။ လွယ်အိတ်ထဲတွင် ဝါးနှီးဖြင့်ရက်ကာ စည်းနှောင်ထားသော ကြက်ဥက လွယ်အိတ်ထဲမှ ထိုးထွက်နေသည်။

ပုသိမ်ထီးနှင့် မိန်းမပျိုက...

'ဟော့ ဖလော်ရီရေ ကြက်ဥတွေ ဒီလောက် တော်ပါပြီနော်'

ဟု ခမောက်နှင့်မိန်းမပျိုအား လှမ်းပြောလိုက်သည်။

'မစောလင်း သဘောပေါ့'

'ဒါဖြင့် အိမ်ပြန်ကြမယ်'

'ပြန်ချင်ပြန်လေ'

အတန်ကြာ လျှောက်လာကြပြီးမှ ဖလော်ရီက သတိရဟန်ဖြင့်...

'မှားရည် လိုချင်တယ်ဆို'

'ဟုတ်တယ်လေ မှားရည်သောက်ချင်လို့'

'ဒါဖြင့် ဟိုဘက်က ရွာစုကလေးက မအေးချစ်ဆီမှာ သွားယူရအောင် လေ၊ သူတို့က မိုးပြကဆိုတော့ မှားရည်ကောင်းကောင်း ရတယ်'

'ဘယ်လောက်ဝေးသလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မဝေးပါဘူး။ အိမ်ပြန်မယ့်လမ်းမှာပါပဲ'

'ဒါဖြင့် ကောင်းသားပဲ'

'ဟော... ဟို... မြင်ရလား မြေနိမ့်ထဲက'

မစောလင်းသည် ဖလော်ရီပြရာဘက်သို့ ကြည့်လိုက်သည်။

'တဲအိမ်စုတွေ တွေ့တယ်မဟုတ်လား။ ခြေတံရှည်လေးတွေနဲ့လေ'

'အင်း... အင်း တွေ့တယ် တွေ့တယ်၊ ဝါးကတ်အမိုးတွေက ညိုညို ဝါဝါ'

'ဟုတ်တယ်၊ အဲဒီရွာကို'

အဝေးမှကြည့်လိုက်သောအခါ သဲသဲကွဲကွဲကား မတွေ့ရ။ သို့သော် ခြေတံရှည်တဲများဟုကား သိနိုင်လောက်သည်။ ထိုအိမ်စုများမှာ မြေအနိမ့်ထဲ ရောက်နေသည်။

လှိုင်ကော်မြို့မှာ တောင်ပေါ်မြို့မဟုတ်၊ ရှမ်းကုန်းမြေမြင့် ဒေသတစ်ခု ဖြစ်၍ တောတောင်အရှုပ်ပင် ဖြစ်သည်။ သို့သော် မြေပြန့်များရှိနေလေသည်။ မြေပြန့်ဆိုသော်လည်း တညီတညာတည်း စည်းမှက်နှာပြင်ကဲ့သို့ကား မဟုတ်၊ ကုန်းမြင့်မြင့်နေရာ၌ မြင့်မောက်မောက်ရှိ၍ နိမ့်နိမ့်လျှောလျှောနေရာတွင် နိမ့်နိမ့်လျှောလျှောရှိလေသည်။

ရွာစုကလေးကား မြေနိမ့်ထဲတွင်ရောက်နေသည်။ လမ်းပေါ်မှကြည့်လျှင် အကုန်မမြင်နိုင်၊ အိမ်များသည် ဝပ်၍နေကြသည်။

သူတို့နှစ်ယောက် လျှောက်လာကြရင်း လမ်း၌ ဝတ်စုံအပြာများကို ရုံထားသော ဘုရင်ဂိုဏ်းဘုန်းကြီးများနှင့် ဆုံကြသည်။ ဘုန်းကြီးများက လက်ဟန်ခြေဟန်နှင့် သူတို့၏သာသနာပြန့်ပွားရေးကို ဆွေးနွေးသွားကြဟန် တူလေသည်။





ကလောဘက်သို့သွားသော လမ်းမကြီးသို့ ရောက်သောအခါ ခေါင်းလောင်းထိုးသံမှာ သဲ့သဲ့မျှသာ ကြားရတော့သည်။ တစ်ခါတစ်ခါ လုံးလုံးပင် မကြားရတော့။

မစောလင်းက မလှမ်းမကမ်းမန်ကျည်းပင်အောက်ရှိ လူအုံနေသော နေရာသို့ လက်ညှိုးထိုးကာ...

'အဲဒါ ဘာလုပ်တာလဲ ဖလော်ရီ'

ဖလော်ရီက

'ခေါင်ရည်ရောင်းတာ'

မစောလင်းက ခပ်သုတ်သုတ်လျှောက်သည်။

'ခေါင်ရည်က လမ်းမှာရောင်းရသလား'

ဖလော်ရီက ရယ်မောနေသည်။

'ဈေးထဲမှာလည်း ရောင်းတာပါပဲ၊ ဒါက တောကလာတဲ့ခရီးသည်တွေ လမ်းမှာ သောက်ချင်သောက်နိုင်အောင်'

'ကောင်း... ကောင်းသေးတော့နော်'

'မစောလင်း ခေါင်ရည်သောက်ကြည့်ပါလား'

နှစ်ယောက်သား ရယ်မောကြသည်။

အတန်ကြာလျှင် သစ်ပင်ရိပ်အောက်သို့ ရောက်လာသည်။ ဈေးရောင်းသူများကား (ယင်းကော်)များဖြစ်သည်။ ထဘီမှာအနက်၊ အင်္ကျီမှာ အပြာဖြစ်သော်လည်း အပြာရောင်မရှိတော့။

သူတို့သည် ဆင်းရဲကြသည်။

ဘူးထဲတွင် ခေါင်ရည်ထည့်ထားသည်။ တစ်မူးဖိုး ဝယ်သည့်အခါ ခေါင်ရည်ကို ဖန်ခွက်တွင် ငှဲ့ထည့်လေသည်။ ဘေးတွင် မုန့်လက်ကောက်၊



www.burmeseclassic.com

www.burmeseclassic.com



ဆီထမင်း စသည်တို့လည်း ရောင်းသည်။

'တစ်မှုးဖိုး ပေးပါဦး'

ဈေးသည်မကြီးသည် ခေါင်ရည်ကို ထည့်ပေးနေသည်။

မစောလင်းက မတ်တတ်ရပ်ကာ ကြည့်နေသည်။ သူတို့က မစောလင်း၏ လှပသော ပုသိမ်ထီးကို စိုက်ကြည့်နေကြသည်။

'ဖလော်ရီရေ... ဒါက ဘာမုန့်လဲ'

'မုန့်လေပွေလို့ဟာလား'

'ဟုတ်တယ်'

'စီပေါင်းခေါ်တယ်၊ နွားသားရောကရတာ'

မစောလင်းသည် မြည်းစမ်းကြည့်သည်။

သူတို့သည် ခေါင်ရည်ရောင်းသည့် သစ်ပင်အောက်မှ ခွာကာ တစ်ဖက်ရှိ လမ်းနိမ့်ကလေးကို ဆင်းလိုက်ကြသည်။

'အခုတလော ပွဲရှိတယ်၊ ဒါကြောင့် မြို့ကို တက်လာကြတာ'

ဟု ဖလော်ရီက ရှင်းပြသည်။

'ဘာပွဲလဲ'

'မိုးမကျခင် လုပ်လေ့လုပ်ထ ရှိတယ်၊ ရွာတိုင်းမှာ ဒါ သဘာဝ လုပ်မြဲဓလေ့ထုံးစံပဲ၊ မိုးခေါင်တဲ့အခါ ဖားစည်တီးပြီး မိုးကိုပင့်ခေါ်ရတာပေါ့'

မစောလင်းက ဘာမျှပြန်မပြောဘဲ နားထောင်နေသည်။

'မိုးမကျခင် လုပ်ကြတာပဲ၊ ရွာတွေမှာဆိုရင် ဖားစည်တီးပြီး ကခုန်ကြ စားကြသောက်ကြပေါ့လေ၊ ခေါင်ရည်တလှိုင်လှိုင်နဲ့ပေါ့၊ အိမ်သစ်တက်ပွဲလို့လည်း ခေါ်တယ်၊ လယ်ယာလုပ်ကိုင်တယ်ဆိုတော့ မိုးမကျခင် အိမ်သစ် ဆောက်ကြရတယ်'





သူတို့သည် ချိုင့်ထဲသို့ ဆင်းလိုက်ကြသည်။

အိုးစည်သံ၊ ဗုံသံများကို ကြားရသည်။ ခရစ်ယာန်ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းထိုးသံ မကြားရတော့ပြီ။ တစ်ချက်တစ်ချက် မြည်ဟည်းသော ပဲ့တင်သံသည် လေအထုကို ဖောက်ထွင်းလာသည်။

'အဲဒါ ဖားစည်ကိုထုတာ'

နွေနှောင်းရာသီဖြစ်သဖြင့် ခြောက်သွေ့သော မြေပြင်မှာ မြေကြီးအခဲတို့ဖြင့် ပြွမ်းနေသည်။ မြက်ကြမ်းပင်တို့မှာလည်း ဝါရော်လျက်ရှိကြသည်။

ရေခန်းခြောက်နေသော မြောင်းတစ်ခုကို ဖြတ်ကျော်လိုက်ကြရသည်။ မြောင်းထဲတွင်ကား ဘာမြက်ပင်မှမပေါက် သဲများသာရှိသည်။ မြောင်းတစ်ဖက်၌ မယားကြီးပင်များကို တွေ့ရသည်။

မစောလင်းသည် ပုသိမ်ထီးကို လက်က လှည့်ကစားရင်း...

'အသံက တစ်မျိုးပဲနော်၊ ပဲ့တင်သံက လေထဲကို တစ်ခါတည်း ပျံ့ပွားတာပဲ၊ စူးစူးဝါးဝါး အသံမျိုးလည်း မဟုတ်ဘူး'

ဖားစည်ထုသံသည် ပေါ်လာပြန်သည်။

'တစ်ခါတည်း အသံဟာ စည်ပြီး ဟည်းနေတာပဲ၊ သားရေကိုထုတဲ့ အသံ မဟုတ်ပါဘူး။ ကြေးလား၊ အသံက သိပ်ဟည်းတာပဲ'

ဖလော်ရီက ဝင်ပြော ရသည်။

'သားရေစည် မဟုတ်ဘူး။ သံကိုလုပ်တာ'

'အင်း...ဟင် ဒါကြောင့်မို့ အသံက ဆန်းဆန်းကြယ်ကြယ်မြည်တာ'

ချိုင့်တစ်ခုကို ဆင်းလိုက်ကြသောအခါ ခြေတံရှည်နှင့် အိမ်များကို သဲသဲကွဲကွဲ မြင်လာရသည်။ အိမ်များမှာ အားလုံး ဝါးထရံကား ဝါးကတ်မိုး ယမနေသား။ သူတို့ ကရင်နီ၏ ထုံးစံသဘာဝ ဆောက်လုပ်ထား၍ တစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကောင်းလှသည်။

ဖားစည်ထုသံသည် နီးကပ်၍လာသည်။

'မအေးချစ်တို့အိမ်က ရွာရအဝင်မှာပဲ'

ရွာကလေးကဲ့သို့ တဲအိမ်များဖြင့် အစုအဝေးနှင့်ရှိနေ၍သာ ရွာရဟု အလွယ်ခေါ်ခြင်း ဖြစ်သည်။ အမှန်အားဖြင့်ကား ရွာရမဟုတ်၊ လှိုင်ကော်မြို့ပင် ဖြစ်သည်။ သို့သော် မြို့၏အစွန်တွင်ဖြစ်၍တစ်ကြောင်း၊ အများအားဖြင့် မိုးငြိမ်းနယ်မှပြောင်းရွှေ့လာကြသူများ နေထိုင်ကြ၍တစ်ကြောင်း၊ ရွာရကလေးလို ဖြစ်နေခြင်း ဖြစ်လေသည်။

နီကြောင်ကြောင် ခွေးကလေးတစ်ကောင်က အိမ်ထဲမှထွက်၍ ဟောင်သည်။ ခွေးသည် တစ်ချက်နှစ်ချက်ဟောင်ပြီး ဝင်းဝမှထွက်ကာ ဟောင်ပြန်သည်။

'မစောလင်းထီးကို မျက်စိနောက်လို့နဲ့တူတယ်'

ဖလော်ရီက ရယ်မောနေလေသည်။

မစောလင်းက ရယ်လျက်...

ကိုယ်ကြောက်တယ်ဟေ့၊ ကြည့်လုပ်ပါဦး။ ခွေးတော့ ကိုယ်ကြောက်တယ်'

မစောလင်းသည် ခွေးကို မျက်ခြည်မပြတ် ကြည့်နေသည်။

ဖလော်ရီက

'မအေးချစ်ရေ... မအေးချစ်ရေ'

ဟု ခေါ်ပြန်လေသည်။

ပြတင်းပေါက်မှ မိန်းမပျိုတစ်ဦး ပေါ်လာသည်။

'အော်... ဖလော်ရီလား'





ဟုဆိုကာ ပုသိမ်ထီးပြာနှင့် သူစိမ်းမိန်းမပျိုတစ်ဦးကိုတွေ့သဖြင့် တွေ၍ကြည့်နေလေသည်။

'ညီ့သည်လည်း ပါလာတယ်၊ ခွေးကြည့်ပါဦး'

'ခွေးက မကိုက်တတ်ပါဘူး။ အလကားဟောင်နေတာ၊ လာပါ၊ အထဲကိုဝင်ကြပါ'

အိမ်ရှင်က ခွေးကို မောင်းပစ်လိုက်သဖြင့် ခွေးလည်းနောက်ဖေးဘက် သို့ ပြေးသွားလေသည်။

အိမ်ကလေးမှာ သပ်ရပ်လှပသည်။ ရှမ်းကုန်းမြေပြင်မှ ဝါးများသည် အဝါရောင်တောက်ကာ သဘာဝဖွံ့ဖြိုးခြင်းဖြင့် ချစ်စဖွယ်ကောင်းသည်။ အိမ်မှာ ခြေတံရှည်အိမ်ဖြစ်သည်။ အိမ်ရှေ့တွင် ဝရန်တာသဘောမျိုး ကျယ် ပြန့်စွာထုတ်ထားသည်။

သူတို့သည် လှေကားမှတက်ကြလေသည်။

အိမ်ရှင်မအေးချစ်က တံခါးဝမှ ဆီးကြိုခေါ်သည်။

'အထဲကို ဝင်ပါရှင်၊ နွေကျောင်းပိတ်ရက်ဆိုတော့ ကျွန်မ အားနေတယ်၊ ဖလော်ရီလည်း အိမ်မရောက်တာ အတော်ကြာသွားပြီ'

ဖလော်ရီက...

'ညီ့သည်ရောက်နေလို့'

ဟုဆိုသည်။

မစောလင်းက ပြုံးရယ်လျက်...

'ကိုယ်ရောက်တာ တစ်ပတ်လောက်ရှိပါသေးတယ်ကွယ်'

ဟု ပြောလေသည်။

မအေးချစ်ကလည်း ရယ်မော၍နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မစောလင်းသည် အိမ်ကို ဟိုဟိုသည်သည်ကြည့်၍ နေသည်။

'ဟောဒါ ဒေါက်တာမစောလင်းဆိုတာလေ၊ ရန်ကုန်ကပဲ၊ ဒါက မအေးချစ်ဆိုတာ ကျောင်းဆရာမ'

ဟု ဖလော်ရီက မိတ်ဆက်ပေးလေသည်။

'အလည်လာတာပဲ ဆိုပါတော့နော်'

'ဟုတ်ကဲ့၊ အလည်သက်သက်ပါပဲ၊ ရန်ကုန်မှာ အလုပ်ပင်ပန်းတာနဲ့ အနားယူရင်းဆိုသလို ဒီက ဖလော်ရီနဲ့ကတော့ ကျောင်းနေဖက်သူငယ်ချင်း၊ ဆေးရုံကြီးမှာတုန်းက အတူတူပဲ၊ သူက နှစ်စ်ထရိန်နင် တက်နေတယ်'

ဖားစည်ထုသံသည် နီးကပ်စွာ ကြားလာရသည်။

'သိပ်မြည်တာပဲ'

'ဟိုဘက်အိမ်ကပဲ'

မစောလင်းသည် အသံဝင်လာရာ ပြတင်းပေါက်ဖက်သို့ စိုက်ကြည့်ကာ နားထောင်နေသည်။

'ကျွန်မ ကြည့်ချင်လိုက်တာ'

'ပြတင်းပေါက်ကနေကြည့်ရင် မြင်ရတယ်'

မစောလင်းသည် ပြတင်းပေါက်ရှေ့၌ သွားရပ်လေ၏။ ဝင်းခြံတစ်ဖက်က တဲကြီးသည် ယခု ပိမိတို့ထိုင်နေသော တဲအိမ်ထက်ကြီးသည်။

ခြေတံရှည်အောက်ထပ်တွင် လူတွေ ပြည့်လျက်ရှိသည်။ တစ်ဖက်၌ လောလောဆယ် အရေးပေါ်ရက်ထားသော ဝါးဖြင့် အဖီကလေးချထားလိုက်သေး၏။ ထိုအဖီအောက်တွင် လူများသည် ထိုင်သူထိုင်၊ အိပ်သူအိပ်လျက် တချို့ကား ဝိုင်းဖွဲ့ကာ ခေါင်ရည်ကို သောက်နေကြသည်။

ဝိုင်းဖွဲ့၍ထားသော အလယ်၌ ဖားစည်ကို အမြတ်တနိုးချထားသည်။





ဖားစည်မှာ သံကိုလုပ်ထား၍ စည်မျက်နှာဝ၌ မျဉ်းကြောင်းများ၊ အရစ်အရစ် အဝိုင်းများရေးပတ်ထားသည်။ စည်၏ထိပ်စက်ဝိုင်းအစွန်း၌ ဖားရုပ်ကလေး လေးရုပ်ကပ်ထားသည်။ ဖားသည် မိုးရာသီ၏ အမှတ်အသားပင် ဖြစ်သည်။

ထိုဖားစည်ကို ထောင်ထောင်မောင်းမောင်း လူကြီးတစ်ဦးက ထု၍နေသည်။ ဖားစည်၏အသံမှာ ပတ်ဝန်းကျင်ကို ပဲ့တင်ထပ်ကာ မြည်ဟည်း၍ထွက်လာသည်။ ဖားစည်၏ အသံသည် ကောင်းကင်ယံရှိ မိုးသားမိုးတိမ်များဆီသို့ တက်သွားသည် မှတ်ထင်ရတော့သည်။

တစ်နေရာတွင် ရှမ်းအိုးစည်ကြီးကို တီးကာ ကနေကြသည်။ သေးက မိန်းမတစ်သိုက်က ရယ်မောကာ တေးဆိုနေကြသည်။ တေးသံမှာ ပျော်စရာကောင်း၍ မြိုင်တူသီဆိုနေကြသဖြင့် တစ်ခါတစ်ခါ တစ်သံသံက ကြောင်၍ ထွက်လာသည်။

'ဒီမှာတော့ ဒါ ထုံးစံပဲ၊ ရွာတွေမှာဆိုရင် ဒီ့ထက်ပျော်စရာကောင်းသေးတယ်'

'တော်တော်ဆင်းရဲကြတယ်နော်'

ဟု မစောလင်းက ညည်းညူလိုက်သည်။

မိုးဖဲမကပ်နိုင်၊ သူတို့ပြည်နယ်တွင်ရက်သော တိုင်းရင်းဖြစ်အဝတ်အထည်များကိုသာ ဝတ်ဆင်ကြသည်။ အစိမ်း၊ အနီ၊ အပြာ၊ အဝါဟူ၍ အရောင်တောက်ပမှု မပြုနိုင်။ သူတို့၏ ဘာသာဘာဝဖြစ်သော အနက်နှင့် အနီသာ ဖြစ်သည်။ လည်ပင်းတွင် ကြေးခွေများ ခွေတပ်ထားသော ပဒေါင် အမျိုးသမီးများလည်း ရှိသည်။

'အားလုံးက ယာသမားများတယ်နော်'

'ဟုတ်ပါတယ်၊ တောမှာ ယာပဲလုပ်ကြတယ်၊ အဝတ်အထည်လုပ်ငန်း

www.burmeseclassic.com



လည်း အသင့်အတင့်တော့ ရှိပါကယ်၊ ဒီမှာ စော်ဘွားနယ်ရှင်တွေကလွဲရင် အားလုံး လုပ်စားကိုင်စား ဆင်းရဲသားချည်းပါပဲ'

သူတို့ဆီသို့ လက်ဖက်ရည်ကြမ်းအိုး လာချသည်။

'လက်ဖက်ရည်သောက်ပါရှင်၊ ကျွန်မတို့ဆီမှာတော့ ရန်ကုန်မှာလို အိုက်စကရင်တို့ဘာတို့ မရှိဘူး'

လက်ဖက်ရည်ပန်းကန်ထဲတွင် ဆားအနည်းငယ်ထည့်ပြီး လက်ဖက်ရည်ငှဲ့ပေးသည်။

'သောက်ပါရှင့်'

မစောလင်းသည် လက်ဖက်ရည်ပန်းကန်ကို ယူသောက်သည်။

'သိပ်မွှေးတယ်'

'လက်ဖက်ခြောက်ကို လှော်ထားတာ'

ဟု ဖလော်ရီက ဝင်ပြောသည်။

'ဒီမှာ ဘယ်လောက်ကြာကြာ နေမလဲ'

'ဘယ်လောက်ကြာကြာနေမယ်လို့တော့ မဟုတ်ပါဘူး။ ရက်ရှည လောက်ပါပဲ၊ ရှမ်းပြည်ဘက်မှာ နှစ်လသုံးလတော့ ကြာမှာပဲ၊ ကလောမှာ တစ်လကြာခဲ့တယ်'

'လွိုင်ကော်မှာလည်း ကြာကြာနေပါဦး'

ဟားစည်သံမှာ စဲသွားပြီးနောက် ရှမ်းအိုးစည်သံသာ ပြည့်နေသည်။ အမဲသားဟင်းနံ့သည် လေထဲတွင် ပါလာသည်။

'ဟိုဘက်အိမ်က ဒီကနေ့ သိပ်ပျော်ကြတာ၊ တောကလာတဲ့လူတွေကို ကျွေးမွေးပြီး ညှိခံရတာကိုး။ အဲဒီအိမ်မှာ သတင်းထောက်နေတယ်၊ သူက ကျောင်းဆရာလေ၊ ကျွန်မတို့နဲ့ တစ်ကျောင်းတည်းပဲ၊ ရန်ကုန်က ညှိသည်





တွေလာတိုင်း သူ့ဆီမှာ တည်းကြတယ်'

'ဩော်... ဩော်'

ဖလော်ရီက ယခုမှသတိရကာ...

'ဩော်... စကားကောင်းနေတာနဲ့ မေ့နေလိုက်တာ၊ မအေးချစ်ဆီမှာ ပျားရည်ရှိတယ်မဟုတ်လား'

'ရှိပါတယ်၊ ဒီက ညှိသည်ဖို့လား'

'မစောလင်းက သောက်ချင်လို့'

မအေးချစ်သည် ချက်ချင်း နေရာမှထကာ...

'ရှိပါတယ်၊ ပျားရည်တော့ အိမ်မှာမပြတ်ဘူး။ တောကလာတိုင်း အိမ်မှာပေးသွားကြတယ်၊ ကြက်ဥလည်းရှိတယ်၊ မနက်ကမှ လာပို့ကြတာ'

မစောလင်းက လက်ကာလျက်...

'ကြက်ဥတော့ တော်ပါပြီရှင်၊ ပျားရည်ကို ခုလို အလွယ်တကူရတာပဲ ကျေးဇူးတင်လှပါပြီ'

'ကိစ္စမရှိပါဘူး၊ ကြက်ဥလည်း ယူသွားပါ'

ဖလော်ရီက ရယ်မောနေသည်။

'ကဲ... မစောလင်း တစ်နေ့ ကြက်ဥ ဆယ်လုံးကျ စားပေတော့၊ ဒါမှလည်း ကုန်မှာပဲ'

'ဒီကလူတွေက သိပ်ရိုးသားဖြူစင်ကြတာပဲနော်၊ စေတနာလည်း သိပ်ကောင်းကြတာပဲ'

မအေးချစ် နောက်ဖေးမှထွက်လာသောအခါ ပျားရည်ပုလင်းအပြင် နှီးခြင်းဖြင့် ကြက်ဥများပါ ယူလာသည်။

'ကြက်ဥ နေပါစေရှင်'



www.burmeseclassic.com

www.burmeseclassic.com



'အို… ယူပါ၊ ကျွန်မတို့မှာက ဒါပဲရှိတယ်၊ အမဲခြောက်လည်း ပို့လိုက်ဦးမယ်'

မစောလင်သည် ကျေးဇူးတင်လွန်းသဖြင့် ဘာမျှ တုန့်ပြန်၍မပြောနိုင်တော့ဘဲ အရည်ရွှန်းလက်သော မျက်လုံးဖြင့်သာ ပြုံး၍ကြည့်နေရတော့သည်။

'ဖလော်ရီက တောင်ကြွဲဘုရားတို့ ဘာတို့ကော ပို့ပြီးပလား'

'ရောက်စကတည်းက ဖလော်ရီနဲ့ အတူတူသွားကြတယ်၊ လှိုင်ကော်က သာယာလိုက်တာ၊ မြို့လယ်ကိုဖြတ်ပြီး ဘိလူးချောင်းက စွေ့ဝိုက်စီးဆင်းနေတာ အင်မတန်လှတယ်'

'ရေတံခွန်တွေဆီကိုကော မသွားကြဘူးလား'

မစောလင်းက ဖလော်ရီအား ကြည့်လိုက်သည်။

'မပြန်ခင်တော့ ရေတံခွန်တွေဆီ ပို့ရမှာပေါ့။ မအေးချစ်လည်း လိုက်၊ လူများများသွားရအောင်၊ ဒီက စားစရာတွေပါ ယူသွားကြရအောင်'

တစ်ချက်တစ်ချက် ခေါင်ရည်ဝိုင်းမှ ပျော်မြူးကြသောအသံ၊ ရှမ်းအိုးစည်ဝိုင်းမှ သီကျူးကြသော အသံဗလံများကို ကြားရသည်။ သူတို့၏ ပျော်မြူးကြသည့်အသံကို ကြားရသည်မှာပင် ပျော်မြူးစရာ ကောင်းလှသည်။

သူတို့သည် မအေးချစ်အား နှုတ်ဆက်ကာ ပြန်ကြလေသည်။ ကျောင်းဆရာမ မအေးချစ်က ကြက်ဥခြင်းကို ဆွဲလာကာ ဝင်းဝအထိ လိုက်ပို့ပေးသည်။

'မပြန်ခင် လာပါဦးနော်'

'ဟုတ်ကဲ့… လာပါဦးမယ်၊ ကြက်ဥတွေလည်းပေးလိုက်တာ မနည်းပါဘူးရှင်'

ကရင်နီမကလေး၏မျက်နှာမှာ ရိုးသားဖြူစင်ခြင်း၏ အသွင်ကြောင့်





ကြည်လင်တောက်ပ၍ နေသည်။

'ကဲ… သွားပါဦးမယ်'

မစောလင်းသည် ထီးပြာကလေးကို ဘေးသို့ချရင်း နှုတ်ဆက်ပြီး မအေးချစ်လက်မှ ကြက်ဥခြင်းကို ယူသည်။

ဖလော်ရီက အတင်းလုယူပြီး…

'ကျွန်မယူခဲ့ပါမယ်'

ဟု အတင်းဆွဲယူသည်။

သူတို့ ရွာမှ ထွက်လာကြသောအခါ နေပင် အတော်ဖျော့နေလေပြီ။ ခွေးသည် ဝင်းနောက်ဖေးမှ ပြေးထွက်လာကာ တစ်ချက် ထိုးဟောင်လိုက်သည်။

ရှမ်းအိုးစည်သံ၊ ပဒေါင်ပလေးများ၏ တေးဆိုသံ၊ ခေါင်ရည်ဝိုင်းမှ ယောကျ်ားကြီးများ၏ တဟားဟား ရယ်မောသံတို့သည် နောက်တွင် သဲ့သဲ့သာကျန်ရစ်ခဲ့လေပြီ။ သူတို့သည် မြေနီလမ်းတစ်လျှောက် လျှောက်လာကြသည်။ ကုန်းမြေပြင်ပေါ်သို့ တက်လာကြရာ မြေအနိမ့်ထဲတွင် ရွာစုကလေးကျန်ရစ်ခဲ့လေပြီ။

မြေကမူတစ်ခုကို ကျော်ဖြတ်လိုက်ပြီးသောအခါမှကား ရွာစုကို မမြင်ရတော့။ မြေနီနီသည် နေရောင်တွင် တောက်၍နေသည်။ ဥသျှစ်ပင်၊ ပိန္နဲပင်၊ မယ်ဇလီပင်၊ သရက်ပင်တို့သည် မြေနီပေါ်၌ ပေါက်နေရာ အနီပေါ်၌ အစိမ်းတင်ထားဘိသကဲ့သို့ မှတ်ထင်ရသည်။

လမ်းတွင် တောမှ ဆန်ရောင်းလာသော လှည်းတစ်စီးနှင့် တွေ့သည်။ လှည်းတွင် အမိုးမိုး၍ အိမ်ကဲ့သို့ လိုက်ပါလာကြသည်။ ပုဂ္ဂိုလ်ရကလေးများလည်း ပါလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'မနက်ဖြန် ရေးနေ့'

ဟု ဖလော်ရီက ပြောသည်။

'ဟုတ်လား။ ဆန်းဆန်းပြားပြား ဘာများရသလဲ'

'အင်းလေ။ ကဗျာ မိုးထည့်တွေ ရမှာပေါ့။ ငွေတောင်ဘက်က ဆင်းလာရင် ငွေတောင်လွယ်အိတ် ရမှာပေါ့။ ငွေတောင်လွယ်အိတ်လေ သိပ်လှတယ်'

'ကိုယ်လိုချင်တာနဲ့ အတော်ပဲ'

မြေနီလမ်းမှ ကွေ့လိုက်သောအခါ ဘုရင်ကျိုကျောင်းကို မြင်ရသည်။ ထိုအရပ်မှာ အင်္ဂလိပ်လက်ထက်ကတည်းက ခရစ်ယာန်သာသနာပြုများ ကြီးစိုးသောနေရာဖြစ်လေရာ ဘုရင်ကျိုကျောင်းကြီးကား ခံ့ညားထည်ဝါလှပေ သည်။

ဝါးကာတ်မိုး၊ ဝါးထရံကာများဖြင့် ထူထပ်သောအရပ်၌ အုတ်မှန်တံခါး ဖြင့် ဆောက်လုပ်ထားသည့် ဘုရင်ကျိုသာသနာပြုကျောင်းသည် သားနားနေသည်။

'မနက်ဖန် ဖလော်ရီလိုက်ပို့နော်'

'ဘယ်ကိုလဲ ရေးကိုလား'

'အေးပေါ့'

ဖလော်ရီက...

'မနက်ဖြန် ဂျူတီကျတယ်၊ ဒါပေမယ့် လစ်ရမှာပဲ'

'ဆေးရုံကြီးတုန်းကလည်း လစ်တာပဲ မဟုတ်လား'

နှစ်ယောက်သား ရယ်မောလာကြသည်။

'ချိုချိုကို သိပ်သတိရတာပဲကွယ်'

ဟု မစောလင်းက ဖျတ်ခနဲ ညည်းလိုက်သည်။





ဖလော်ရီက နားမလည်သဖြင့် မစောလင်းကို ငေး၍ ကြည့်လေသည်။

'ချိုချိုဆိုတဲ့ ကိုယ့်သူငယ်ချင်း ရှိတယ်'

'ဆေးကောလိပ်ကလား'

ဟု ဖလော်ရီက ဝင်ထောက်လေသည်။

'ဆေးကောလိပ်က မဟုတ်ပါဘူး။ ကိုယ်နဲ့ သိပ်ချစ်တယ်၊ သူပါလာရင် သိပ်ပျော်စရာကောင်းမှာပဲ'

မစောလင်း၏အမူအရာသည် အနည်းငယ်ညှိုးသွားလေသည်။ ချိုချိုကို အောက်မေ့လာလေသည်။

'ချိုချိုက ကိုယ့်ကိုသိပ်ခင်တာပဲ၊ ယောကျ်ားတောင်မယူရဘူးတဲ့၊ သူက ကလေးလိုပဲ အားကြီးနားပူနားဆာလုပ်တတ်တယ်'

သူတို့အပါးသို့ လှည်းတစ်စီး ဖြတ်မောင်းသွားပြန်သည်။ လှည်း နောက်မြီးတွင် အကျီမပါသော အသားမည်းမည်းကလေးသည် ခြေထောက်များ ကို တွဲလောင်းချရင်း ကျွဲချိုကို မှတ်ပါသွားသည်။

'ချိုချိုဆိုတာ ဘယ်အရွယ်လောက်ရှိပြီလဲ'

ဟု ဖလော်ရီက မေးလေသည်။

'ဖလော်ရီတို့လောက်ပါပဲ၊ ကိုယ့်ထက် နှစ်နှစ်လောက်တော့ ငယ်တယ်'

'ဪ... ဪခဲ့ရောပေါ့'

'အဆင်မသင့်တာနဲ့ နောက်ပြီး မြန်ဆို လာခဲ့ရတာကိုး။ ရှမ်းပြည် ရောက်မှ စာထည့်ရတာ မဟုတ်လား။ ဆေးရုံတုန်းကအသိတွေ လျှောက်တွေး ကြည့်တော့ ဖလော်ရီကို ပြေးသတိရတာကိုး'

'ကျွန်မလည်း မစောလင်းဆီကစာရတော့ အံ့သြသွားတယ်'

သစ်ပင်အုပ်စုတစ်စုမှ ထွက်လာကြသောအခါ လှိုင်ကော်မြို့ကိုဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ကာ ကွေ့ပတ်၍ စီးဆင်းသော ဘီလူးချောင်းကို လှမ်းမြင်ရသည်။

နေရောင်သည် နေ့လယ်ကလို တောက်လောင်ခြင်းမရှိတော့ပေ။ ကွေ့ကောက်ကာ စီးဆင်းသော မြစ်ရေအလျှင်သည် တဖိတ်ဖိတ်တောက်လျက် ရှိသည်။

နွေရာသီဖြစ်၍ မြစ်မှာ တိမ်နေသည်။ မြစ်ကမ်းပါးမှာ စောက်မတ်သည်။ လမ်းသည် မြစ်နှင့်နီးကပ်လာသည်။ မြစ်ကိုအပေါ်က သီးကြည့်ရသကဲ့သို့ ရှိသည်။ ဘီလူးချောင်းတစ်ဖက်ကမ်းတွင် ဈေးရှိလေသည်။

ဘီလူးချောင်းတစ်ဖက် စိမ်းညို့ညို့ ပြာမှိုင်းမှိုင်းတောတန်းနောက်၌ မြူမှိုင်းလွှင်တို့ဖြင့် ယှက်လျက်ရှိသောတောင်များကို မြင်ရသည်။ တောင်ကို နောက်ကျောခံလျက် တောင်ကွဲစေတီကို ဖူးတွေ့နိုင်သည်။

သူတို့လျှောက်လာသော မြေနီလမ်းသည် ချောင်းနှင့်ကပ်လာတော့ သည်။

ရေစပ်သို့ လျှောဆင်းသွားသောနေရာတွင် ခရမ်းရောင်၊ ပန်းနုရောင် အမည်ခေါ်၍မတတ်နိုင်သော အလေ့ကျပန်းနွယ်ပွင့်များ တွယ်ကပ်ပေါက်လျက် ရှိသည်။ ကျောက်ဆောင်ကျောက်ကမှုန့်ကြားမှာ လူများ ရေချိုး အဝတ်လျှော် နှင့် လှုပ်လှုပ်ရွရွ လုပ်နေကြသည်။

အဝေးမှ တောတောင်စိမ့်စမ်းတို့၏ ရှခင်သည့် ငြိမ်ဝပ်လျက်ကြည် နူးဖွယ်ရာ အလှအာရုံကို ဖြစ်စေလေသည်။

မစောလင်းသည် စကားမပြောဘဲ လမ်းလျှောက်လာသည်။ ဖလော်ရီ က ဈေးနေ့အကြောင်းပြောပြသည်ကို ခေါင်းညိတ်ကာ နားထောင်လိုက်လာ လေသည်။

စိတ်ညစ်ညစ်နှင့် ရှမ်းပြည်နယ်ဘက်သို့ ထွက်လာခဲ့သည်မှာ တစ်လ





ကျော်ကျော်ရှိခဲ့လေပြီ။ စိတ်အေးလက်အေး အပူအပင်မရှိ သာယာသော ရှမ်းကုန်းမြေပြင့်၌ လည်ကာပတ်ကာနေခဲ့သည်။

တောင်ကြီး၊ ကလော၊ ရွှေညောင်ဘက်သွားစဉ်က ချယ်ရီပန်းများကို ခူးဆွတ်၍ ကြည်နူးခဲ့ရသောအခါ ရန်ကုန်တွင်ဖြစ်ခဲ့ရသော အညစ်အကြေးတို့ သည် လွင့်စင်၍သွားကြကုန်သည်။ စိတ်ညစ်ညူးခဲ့သမျှ ပြေပျောက်၍သွား သည်။

ယခု လွိုင်ကော်တွင် ဘယ်လောက်ကြာအောင်နေရမည်ကို မဆုံးဖြတ် သေး။ လွိုင်ကော်မှ ဘယ်ဘက်ကိုသွားရမည် မသိသေး။ ဒေါ်လေးထံသို့မူကား စာမှန်မှန်ထည့်ခဲ့သည်။ ဘယ်မှာရောက်နေသည်၊ ဘယ်ရောက်နေသည်ကို မှန်မှန်ရေးပို့သည်။ သို့သို့ထံမှလည်း စာများရသည်။ ကလေးများအကြောင်း နိုင်ငံခြားသွားရေးကိစ္စ…။

'မစောလင်း မသောသူးလား၊ ကျွန်မတို့ တစ်နေ့လုံးလျှောက်နေကြတာ'

ဖလော်ရီ၏အသံ နောက်ဆုံးစကားလုံးသာ ကြားလိုက်သည်။ မစော လင်းသည် အတွေးကိုရပ်လျက် ရွှင်ပျအောင် မျက်နှာကိုပြင်၍ ကြည့်လိုက် သည်။

စကားပြောရင်း ဘီလူးချောင်းကိုဖြတ်ကူးထားသည့် တံတားကိုရောက် လာကြသည်။ တံတားမှာ အခိုင်ခံ့တံတား ဖြစ်လေသည်။ ချောင်းက အနိမ့်တွင်ရှိလေရာ နေသည် အောက်သို့ ကျလာသော်လည်း နေရောင်မှာ မြစ်ရေယဉ်ပေါ်သို့ မထိုးရိုက်နိုင်ပေ။

ကမ်းပါးရှိ အမည်မခေါ်တတ်သော ပန်းပွင့်များပေါ်၌သာ နေရောင် သည် လဲ့လဲ့သန်း၍နေလေသည်။

ချောင်းရေသည် ပကတိကြည်လင်လှသည်။ တံတားပေါ်မှ သီးကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည့်အခါ ကျောက်ခဲများ ကျောက်စွန်းကျောက်ပုံများနှင့် သဲများကို အတိုင်းသား ထွင်းဖောက်၍ မြင်ရသည်။

'ရေက တိမ်တိမ်ကလေးရယ်နော်'

ဟု မစောလင်းသည် တံတားလက်ရန်းကိုမှီကာ အောက်သို့ငုံ့ကြည့်ရင်း ပြောလေသည်။

'ဟုတ်တယ်၊ နွေဆိုတော့ ရေမရှိဘူး'

'ဒါဖြင့် မိုးတွင်းကျတော့ကော'

'ဟောဟို... မြစ်ကမ်းနဖူးက မယားကြီးပင်တွေ့လား'

မစောလင်းသည် ဖလော်ရီညွှန်ပြသောနေရာသို့ ကြည့်လိုက်သည်။ သူတို့လာခဲ့သော မြေနီလမ်းမကြီးနှင့် ကပ်လျက် မယားကြီးပင် ပေါက်နေရာကို မြင်ရသည်။

'မိုးတွင်းကျတော့ အဲဒီအထိ ရေရောက်တယ်၊ အင်းလေးက သဘောတွေတောင် လာတာပဲ'

မစောလင်းသည် ဆက်မပြောဘဲ တံတားလက်ရန်းကိုထောက်ကာ ရေအောက်သို့ ငုံ့ကြည့်နေသည်။ ရေသည် ဒလဟောစီးဆင်းနေသည်။ ချောင်းအလယ်က ကျောက်ဆောင်များပေါ်နေသည်ကို မြင်ရသည်။

လော်ရီကားတစ်စင်း တံတားကို ဖြတ်မောင်းလာသည်။ တံတားသည်ကား၊ ကားအရှိန်ကြောင့် နည်းနည်းတုန်သွားသည်။

သို့သော် ယိမ်းယိုင်ခြင်းမရှိပေ။

မစောလင်းသည် လွယ်အိတ်ထဲမှ ကြက်ဥတစ်လုံးကိုယူကာ ရေအောက်သို့ ပစ်ချလိုက်သည်။ ကြက်ဥ ရေထဲသို့ကျသွားသည်ကို တပ်အပ်မြင်ရသည်။ ရေအောက်တွင် ကြက်ဥအခွံများကို တွေ့မြင်ရသည်။





ဖလော်ရီက အံ့အားသင့်လျက်ရှိစဉ် မစောလင်းသည် မှန်သားကဲ့သို့ ကြည်လင်သောရေယဉ်ကို ငုံ့ကြည့်ကာပြုံးရယ်လျက် ရှိလေသည်။

'အိမ်ပြန်စို့'

⁂ ⁂ ⁂

www.burmeseclassic.com

[ ၁၆ ]

ညက တော်တော်နှင့်အိပ်မပျော်သဖြင့် အိပ်ရာထနောက်ကျသည်ကို တွေ့ရလေသည်။

အိပ်ရာကနိုးနိုးချင်း ဥသျှစ်ပင်ကိုင်းများပေါ်မှ တကျိုကျိုအော်မြည်နေကြသောငှက်တို့၏အသံကို စတင်ကြားရပေသည်။ နေရောင်မှာပင် ပြတင်းမှဝင်၍ အခန်းတွင်းသို့ လင်းလျက်ရှိနေလေပြီ။

မစောလင်းသည် စောင်ကို ရုတ်တရက်မခွာသေးဘဲ မျက်နှာမူရာဘက်သို့ ငေးကြည့်မိလေသည်။ ခုတင်ဘေးရှိ ပန်းစိုက်အိုးထဲမှ ကြွေပန်းဖြူများသည်





လန်းလန်းစွင့်လျက်ရှိသည်။

'ဖလော်ရီတစ်ယောက်လည်း ဂျူတီကျတာနဲ့ ဆေးရုံကို စောစောထွက်သွားပြီနဲ့တူတယ်'

ဟု စိတ်ထဲက ရွတ်ဆိုမိသည်။

မစောလင်းသည် ကိုယ်လက်များကိုတစ်ချက်ဆန့်၍ အိပ်ရာမှထရင်း...

'ဪ ဒီကနေ့ ဈေးနေ့ပါလား'

ဟု သတိရလာလေသည်။ သတိရလျှင်ရချင်း ပွင့်းတွဲ၍မနေတော့ဘဲ ဆတ်ခနဲ ခုတင်မှထကာ ရပ်လိုက်သည်။

'မမ... နိုးနေပြီလား'

နွားနို့နှင့် ကြက်ဥများထည့်ထားသော လင်ပန်းကို ကလေးမကလေးက ယူလာပြီး စားပွဲပေါ်၌ တင်လိုက်သည်။

'ခုနက တစ်ခေါက်ဝင်ကြည့်သေးတယ်၊ မမ မနိုးသေးတာနဲ့'

'ဖလော်ရီကော'

ဟု မစောလင်းက တန်းပေါ်၌ တင်ထားသော မျက်နှာသုတ်ပဝါကို လှမ်းယူရင်း မေးလိုက်သည်။

'မနက်က အစောကြီးထသွားတယ်၊ မမ ဖလော်ရီ ဒီမနက် ဂျူတီကျ တယ်'

'ဒီနေ့ ဈေးနေ့၊ ဈေးမှာ သိပ်စည်မှာပဲ'

ကလေးမကလေးက နွားနို့ဖန်ခွက်နှင့် ကြက်ဥပန်းကန်ကိုချပြီး၍ လင်ပန်းကိုပိုက်လျက်...

'သိပ်စည်တယ်၊ အင်းလေး ပိုသည်တွေလည်း ဆင်းလာကြလိမ့်မယ်၊ အဆင်သင့်ရင် ငွေတောင်လွယ်အိတ်တွေလည်း ရတယ်'



www.burmeseclassic.com

www.burmeseclassic.com



'မမ သွားချင်တယ်'

'မမ ဖလော်ရီက ဆယ်နာရီလောက်မှ ပြန်လာမယ်'

မစောလင်းသည် မျက်နှာသုပ်ပဝါကို လည်ပင်းတွင်ပတ်ပြီး ကိုယ်ကို လှည့်လိုက်ရာ 'အမယ်... မှုန်ရိုင်ရိုင်နဲ့'ဆို၍ တန့်သွားပြီးမှ...

'ဖလော်ရီကို စောင့်နေလို့မဖြစ်ဘူး။ နေပူလိမ့်မယ်၊ ကိုယ့်ဘာသာကိုယ် ပဲ သွားမယ်၊ ညည်း ငါနဲ့လိုက်မလား'

ကလေးမက ခေါင်းညိတ်လေသည်။

မစောလင်းသည် မျက်နှာသစ်ပြီးသောအခါ ကပျာကယာ အဝတ် အစားလဲ နေသည်။

ခေါင်းကို ခါတိုင်းလို စိပ်ပြေနပြေမထုံးတော့ဘဲ ကြွပန်းကိုချိုးကာ တစ်နိုင် ခေါင်းမှာစိုက်လိုက်သည်။ ကလေးမကလေးမှာ မစောလင်းကို ငေးကြည့်နေသည်။

ဝန်ခွက်ထဲက နို့ကိုမော့ချပြီး လွယ်အိတ်ကိုဆွဲလွယ်ကာ...

'လာဟေ့ သွားရအောင်'

ဟု ဆိုသည်။

'ထီးမယူတော့ဘူးလား'

'နေမှမပူဘဲ ရှုပ်ပါတယ်'

အရှေ့ဘက်ရှိ မှုန်ပြာရီနေသော တောင်တန်းအထက်နား၌ နေသည် ထွက်ပြူလျက်ရှိသည်။ သစ်ပင်ထိပ်များပေါ်၌ ဝါးကာတ်အမိုးများတွင် နေရောင် သည် ထွန်းလျက်ရှိချေသည်။

ဈေးမှာ ကြိတ်ကြိတ်တိုးလျက် ရှိသည်။

နေရောင်ထဲ၌ လူများသည် ရှုန့်ရှုန့်နှင့် ဈေးဝယ်လျက်ရှိကြသည်။





ဈေးကွက်တစ်ခုလုံး၌ ဈေးရောင်းသူ၊ ဈေးဝယ်သူများဖြင့် ပြည့်ကျပ်၍နေသည်။

'လာဟေ့... အထည်တွေရောင်းတဲ့ဘက် တိုးရအောင်'

လူတွေက ကျပ်သဖြင့် တိုးဝှေ့၍ ဝင်ရသည်။ မြေကြီးပေါ်၌ခင်း၍ ချရောင်းကြသော ဈေးသည်များလည်း ရှိသည်။ ဈေးရှေ့မြစ်၌ တောရွာများမှ ဖိုင်တို့ရွာက ထွက်သော ကုန်များကို မြို့သို့သယ်လာပြီး ရောင်းချကြလေသည်။

အစားအသောက်ဆိုင်များတွင်လည်း လူတွေထူထပ်လျက် ရှိလေ သည်။ တိုဟူးသုပ်ဆိုင်တွင် ယောက်ျားမိန်းမတို့ဖြင့် အကျပ်ဆုံးပင်။ အမဲ သားနှင့် ထမင်းချဉ်၊ ဆီထမင်း၊ မုန့်လက်ကောက်၊ အမဲစီပေါင်း၊ ခေါင်ရည် ကိုလည်း အလွယ်တကူ ရနိုင်သည်။

တောထဲမှရသော သစ်ကြမ်းပိုး၊ စန္ဒကူးနီ၊ ဆေးပုလဲစသော ပရ ဆေးဖက်ပင်များကိုလည်း လမ်းပေါ်၌ခင်းကာ ရောင်းချကြသည်။

'နေဦးဟေ့... စန္ဒကူးနီ ဝယ်ရအောင်၊ ဒေါ်လေး အင်မတန်ပြောတယ်'

မစောလင်း ဝယ်လျက်ရှိစဉ် ကလေးမလေးက ရပ်စောင့်နေသည်။

'မမကို နီတာရွေးပေးပါ'

ပုံ၍ထားသော စန္ဒကူးများထဲမှ နီနီစွေးစွေးများကို ရွေးထုတ်ကြသည်။ မစောလင်းမှာ မွှင်မျှ၍နေသည်။ နေရောင်တွင် စန္ဒကူးနီတို့သည် သူတို့၏ အသွေးကိုဖော်ကြွားလျက် ရှိကြသည်။ ဟင်းသီးဟင်းရွက်ဆိုင်များကို လွယ်ကူ စွာဖြတ်၍ သွားနိုင်သည်။ လမ်းပေါ်တွင် နေရာမလပ်အောင်ခင်း၍ ရောင်းကြ သဖြင့် ရှောင်ဖယ်၍ သွားရသည်။

အထည်များရောင်းသည့်ဘက်ကို အတော်ရှာရသည်။

'လာဟေ့... ဟောဟိုမှာ လွယ်အိတ်ကလေးတွေ ဆွဲထားတာ မြင်လား'



www.burmeseclassic.com

www.burmeseclassic.com



ကလေးမက...

'အင်းလေးလွယ်အိတ်တွေပါ၊ ကျွန်မက ငွေတောင်လွယ်အိတ်ရှာနေတာ'

ဟု ဆိုလေသည်။

အင်းလေးလွယ်အိတ်များမှာ အရောင်သိပ်မစုံလှ။ အနီရင့်နှင့် အစိမ်းရောင်သာ ရှိသည်။ အနီရင့်မှာ အသွေးတော်တော်လှသည်။ မစောလင်းသည် ပို၍ ရင့်မှောင်သော အနီကိုရွေးလျက်ရှိသည်။

'မမ လွယ်အိတ်တွေ များလှချည်လား'

'မမ သူငယ်ချင်း ချိချိ့ဖို့ပါ။ ကြည့်စမ်းပေ့ ဒီအနီနှစ်ခု ဘယ်ဟာက ကောင်းသလဲ'

ကလေးမက မရွေးတတ်အောင် ဖြစ်နေသည်။

'ကျွန်မကတော့ အစိမ်းကြိုက်တယ်'

တန်းပေါ်က လွယ်အိတ်အစိမ်းကိုပြ၍ ပြောသည်။ မစောလင်းက ရယ်မောနေသည်။

သူတို့သည် လွယ်အိတ်ဝယ်ပြီး ဆိုင်တန်းတစ်ဖက်သို့ ကွေ့ပတ်လေသည်။ ပန်ချာပီကုလားအထည်များ ပုံ၍ရောင်းနေသောနေရာ၌ လူ အများအုံနေကြသည်။ အထည်များမှာ ပိုးထည်ဖဲထည်မဟုတ်။ အကြမ်းစားအထည်များဖြစ်၍ ဈေးချိုသည်။ ဆင်းရဲသားများသည် ဈေးပေါပေါဆိုင်တွင်သာ စုအုံလျက်ရှိကြသည်။

နေသည် ပူစွေး၍လာလေသည်။

မစောလင်းတို့သည် ဈေးမကွဲမီပင် ပြန်လာကြသည်။ ဖလော်ရီတို့အိမ်မှာ ဈေးနေရာကို ကွေ့ပတ်၍စီးသော ဘီလူးချောင်းအနီးတွင်ရှိ၍ နည်းနည်း





လမ်းလျှောက်မှ ရောက်သည်။

မစောလင်းသည် ဈေးကွက်မှထွက်လာသောအခါ မိုက်ခနဲဖြစ်သွားပြီး မူးရိပ်ရိပ်ဖြစ်လာသည်။ ကလေးမလေးမှာ ဖောင်လောက်အောင် စကားပြောလာသည်။

'ဪ တစ်ခါမှ ဒီလိုမဖြစ်ဖူးပါဘူး'

ဟု မိမိကိုယ်ကိုပင် အံ့ဩမိလေသည်။

လက်ထဲမှဆွဲလာသော လွယ်အိတ်ကိုပင် လေးသည်ဟုမှတ်ပြီး ကလေးမလေးအား ဆွဲစေသည်။ လော်ရီကားကြီးတစ်စီးသည် ကားနောက်မြီးတွင် ဖုန်တွေအလိပ်လိပ်ထစေကာ ဖြတ်သန်းသွားသည်။ ကားပေါ်တွင် ကုန်အပြည့်တင်ထားလေရာ မြေကြီးပင် တုန်သွားအောင် ဝန်လေးနေသည်။ ကားဆောင့်သွားသံသည် မစောလင်း၏ရင်ကို လာခုန်စေသည်။

မစောလင်းသည် မျက်စိကို တစ်ချက်မှိတ်လိုက်ပြီး...

'ရောက်ခါနီးပလား'

ဟု ကလေးမအား မေးလိုက်သည်။

သည်တော့မှ ကလေးမကလေးသည် မစောလင်း၏အမူအရာကို ကြည့်မိတော့သည်။

'မမ ဘာဖြစ်လို့လဲ'

'နည်းနည်း မူးတယ်ကွယ်'

အိမ်ကို အဝေးမှ လှမ်းမြင်ရသည်။ မစောလင်းသည် ရောက်ချင်ဇောနှင့် ခပ်သုတ်သုတ်လျှောက်သည်။ အိမ်ကို မိုး၍ပေါက်နေသည့် အင်ပင်ကြီး၏ အရွက်စိမ်းစိမ်းများကား ခပ်ဝါးဝါးဖြစ်နေသည်ဟု ထင်ရသည်။

အိမ်ဝင်းသို့ဝင်လိုက်သောအခါ ဖလော်ရီသည် လှေကားမှဆင်းကာ



www.burmeseclassic.com

www.burmeseclassic.com



ခြေတံရှည်အောက်တွင် ခင်းထားသော ကွပ်ပျစ်ကလေး၌ ထိုင်စောင့်နေသည်။

'ဈေးအတူသွားကြမယ်လို့ အမီလာတာ'

ဖလော်ရီက အော်၍ပြောလေသည်။ လက်ထဲတွင် စာအိတ်ကာကီရောင်အိတ်ကြီးကို ကိုင်ထားသည်။

ဖလော်ရီအပါးရောက်သောအခါ ကွပ်ပျစ်ပေါ်၌ ထိုင်လိုက်ပြီး...

'ကိုယ် လမ်းမှာမှုးလာလို့'

ဟု ပြောလိုက်သည်။

အသံပင် နည်းနည်းပျော့နေသည်။

ဖလော်ရီက နည်းနည်းပါးပါးမူးတာပဲဟု အောက်မေ့ပြီး...

'ပေါအိမှာ စာရောက်နေတယ်၊ မနေ့က လေယာဉ်ပျံနဲ့ ပါလာတာနဲ့တူတယ်၊ အစိုးရတံဆိပ်အမှတ်နဲ့'

မစောလင်းသည် လက်ကို နဖူးပေါ်၌ အသာအယာအုပ်ရင်း...

'ဖြစ်မီးပါ'

ဟုဆိုကာ လက်တစ်ဖက်က တကိုလှမ်းယူသည်။

စာအိတ်မှ တံဆိပ်အမှတ်အသားကိုကြည့်ကာ ဟိုဘက်သည်ဘက်လှည့်ကြည့်ပြီး...

'သံရုံးက လာတာ'

ဟု ဆိုလိုက်သည်။ မစောလင်းသည် စာအိတ်ကို ဖောက်လေသည်။ စာရွက်ကိုလှန်ရင်း...

မှုးလိုက်တာကွယ်'

ဟု ညည်းညူသည်။

ကလေးမလေးက ဖလော်ရီဘက်သို့လှည့်လျက်...





'မမ လမ်းမှာမူးနေလို့'

ဟု ပြောရာ ဖလော်ရီမှာ သည်တော့မှ မစောလင်းကို ကြည့်မိသည်။

မစောလင်းသည် နဖူးကို လက်နှင့်ဖိရင်း...

နိုင်ငံကူးလက်မှတ် (ဗီဇာ)အတွက် လက်မှတ်ထိုးဖို့ အကြောင်းကြားလိုက်တာ၊ ကိုယ် အင်္ဂလန်သွားရတော့မယ်'

ဟု ညင်သာစွာပြောသည်။

ဖလော်ရီက နားမလည်သကဲ့သို့ နားထောင်နေသည်။ သံရုံးကစာကို ဒေါ်လေးကတစ်ဆင့် လိပ်ပေး၍ ပို့လိုက်ခြင်းဖြစ်သည်။

မစောလင်းသည် တကိုယ်တည်း စာလုံးများသည် ပြာ၍ပြာ၍လာသဖြင့် မျက်နှာနှင့် ခွာလိုက်ရသည်။ ပါးစပ်မှလည်း...

'မူးလိုက်တာ ဖလော်ရီရယ်'

ဟု ညည်းတွားသည်။ ဖလော်ရီက လက်ကိုလာ၍ ဆုပ်ထားသည်။

အင်ပင်များသည် အရွက်အရွက်နှင့် အကိုင်းအကိုင်းနှင့်ဟူ၍ မသိသတော့။ ဟာတ်ကျွမ်းနေသော ပန်းချီဆရာတစ်ဦးက စုတ်တံနှင့် မွှေလိုက်သကဲ့သို့ အရွက်ဆိုသည်မှာ၊ အကိုင်းဆိုသည်မှာ မရှိတော့ဘဲ အစိမ်းပုပ်ပုပ် ဆေးများဖြင့် အတုံးလိုက် အတုံးလိုက် တင်နေသော ပုံသဏ္ဌာန်မျှသာ ပေါ်နေတော့သည်။

ကောင်းကင်ပြာသည် တရိပ်ရိပ်နှင့် ရွေ့လျားကာ ပြိုလဲကျသွားတော့မလားဟု မှတ်ထင်ရသည်။

မစောလင်းသည် အပေါ်သို့တက်ရန် ကွပ်ပျစ်မှ ထလိုက်သည်။ ဖလော်ရီက လာ၍ တွဲသည်။

'နေပေစေ ဖလော်ရီနေပေစေ၊ မတွဲပါနဲ့၊ ကိုယ် တက်နိုင်ပါတယ်၊ ညက အိပ်ပျက်လို့နဲ့ တူပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



မစောလင်းသည် ကိုယ်ကိုဟန်ကာ လှေကားထစ်ကို တက်လေသည်။

'မစောလင်း ခုလိုမှ တော်ဂတော်တွေ့ရခဲ့ပါတယ်'

ဟု ဖလော်ရီက စိတ်မချဘဲ လှေကားမှ ကပ်လိုက်လာသည်။ ရန်ကုန်ဆေးရုံကြီးတွင် မစောလင်းက ဆရာဝန်သင်တန်း တက်ရောက်နေစဉ် ဖလော်ရီကလည်း သူနာပြုဆရာမအတတ်သင်လျက်ရှိ၍ တွေ့ဆုံရင်းနှီးခဲ့ကြသည်။

'ကိုယ် တက်နိုင်တယ် ဖလော်ရီ၊ ဖယ်... ဖယ်'

မစောလင်းစိတ်ကို ဖလော်ရီ ကောင်းကောင်းသိသည်။

မစောလင်းမှာ အခြားမိန်းမမျိုးလို မဟုတ်။ ဖယ်ဆို ဖယ်မှကြိုက်လေသည်။ သူ့ဘာသာသူပင် မကြောက်မရွံ့ လုပ်တတ်၍ သူ့ဘာသာသူလည်း ကျလာသမှုကို ခံနိုင်သည်။ သူ့ကိုလာ၍ ဖေးမလျှင် မကြိုက်တတ်။

လှေကားအပေါ်ထစ်သို့ ရောက်သောအခါ မိုက်ခနဲဖြစ်သွားသည်။ ဖလော်ရီကသာ လှမ်းမဆွဲလိုက်လျှင် အောက်သို့ ဒလိမ့်ကောက်ကွေးကျသွားမည်ဖြစ်လေသည်။

'မစောလင်း ဖြည်းဖြည်းလေး ဖလော်ရီတွဲခေါ်မယ်'

မစောလင်းမှာ စိတ်ဆောင်နေသဖြင့် ကိုယ်က တရွတ်ဆွဲလိုက်ပါလာသည်။ သို့သော် ကောင်းကောင်းမဟန်နိုင်။

'အိပ်ခန်းပို့ပါ'

မှန်တင်ခုံရှိ ပေါင်ဒါဘူးများသည် ကျွမ်းထိုးမှောက်ခုန်ဖြစ်ကာ တလိမ့်တလိမ့်နှင့်လိမ့်ကျလာကြသည်။ မှန်ကြီးသည် စကြာကဲ့သို့လည်ကာ ပြတင်းပေါက်သို့ထွက်သွားသည်။ ကြွေပန်းသည် အခန်းထဲတွင် ဗရမ်ဗရပြန့်ကျဲသွားသည်။





'အသာမှိန်နေ၊ မထနဲ့... မထနဲ့'

မြင်ရသည့် ဝတ္ထုပစ္စည်းအားလုံး ဇောက်ထိုးဖြစ်ကုန်သဖြင့် မျက်စိကို အသာမှိတ်ထားရလေသည်။ ထို့နောက် ရင်ထဲတွင် ကျုပ်၍ကျုပ်၍လာကာ ပျို့တက်သည်။

'အန်မလို့လား'

မစောလင်းသည် ကိုယ်ကို ရှေ့သို့တစ်ချက်တွန့်ပြီး ပျို့လိုက်သည်။

ဖလော်ရီက...

'ဘာများမတည့်တာ စားလို့လဲ'

ဟု ပြောလေသည်။

နောက်တစ်ခါ အန်မည်ပြုသောအခါ မစောလင်းသည် မျက်လုံးများပြာသွားအောင်ပင် ထိတ်လန့်တုန်လှုပ်မိလေသည်။ တစ်လကျော်လောက်က မိမိ၏အမှတ်သညာကို ပြန်၍ကောက်မိပြီး တုန်လှုပ်ချောက်ချားကာ ဖလော်ရီကို ဖက်ထားလိုက်သည်။

'ငြိမ်ငြိမ်ကလေးနေ၊ ပျောက်သွားမှာပေါ့'

မစောလင်း၏နားထဲတွင် ဘာမှမကြား။ အပြင်အပမှ အသံဗလံများကို ဘာမှမကြား။ လက်ထဲမှ နိုင်ငံကူးလက်မှတ်စာရွက်သည် လွတ်ကျသွားသည်။

ပျို့တက်၍ လာပြန်သည်။

သည်တစ်ခါမှ ပို၍အန်ချင်လာသည်။ မိမိကိုယ်ကာယကြီးကို ရွံရှာလာလေသည်။ တစ်ခါတည်း အန်ချင်အောင် စိတ်ကိုထားသည်။

'သွေးတွေအန်ပါစေ၊ သွေးတွေအန်ပါစေ'

ဟု စိတ်ထဲက တတွတ်တွတ် ဆုတောင်းသည်။ အန်ရအောင် အစွမ်းကုန်ကြိုးစားသည်။ ရွံရွံလည်းလာသည်။ သို့သော် မအန်ဘဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သွေးတွေ အခဲလိုက် အခဲလိုက် အန်လိုက်စမ်းပါရှင်။

ဖလော်ရီပြောတာဆိုတာ မကြားရ။ အပြင်အပက အသံဆိုလျှင် ဘာသံမှမကြားရ။ မိမိ၏ ရင်ခုန်သံကိုသာ ကြားနေရသည်။ ရင်ထဲက ခုန်သည့်အသံမှာ ကျယ်လောင်လှသည်။ ရင်တစ်ခုလုံးကို ဒိန်းခနဲ ဒိန်းခနဲ လာဆောင့်သည့်အခါ နားထင်တွင် ပွဲတင်ရိုက်သွားသည်။

'အန်ပစ်လိုက်ရင် ကောင်းမယ်'

ဖလော်ရီ၏အသံကို နားက လက်ခံသည်။ ဖလော်ရီပြောသလို အန်လိုက်လျှင် ကောင်းမည်။ သွေးတွေ အန်ချလိုက်လို့လည်း သေသွားပါစေ။

သို့သော် အန်ကို မအန်။

မစောလင်းသည် မိမိကိုယ်ကို ရွံရှာသောစိတ်ဖြင့် တအားကုန် ရှုန်းကန်လေသည်။

ကလေးအမေ ဖြစ်ရတော့မှာပါကလား။ မစောလင်းအပေါ်သို့ အမှောင်ကြီးကျလေသည်။ မစောလင်းသည် မူးမေ့သွားလေသည်။

* * *

[ ၁၅ ]

အမှောင်မည်းမည်းကြီးထဲတွင်ပင် ရုန်းကန်နေရလေသည်။

မြင်နိုင်သော အာရုံက လုံးဝမရှိ။ အမှောင်ကြီးအတိ ကျနေသည်။ မိမိရောက်နေသည့်နေရာမှာ အမြင့်ဆုံးမှာလား။ အောက်ဆုံးမှာလားဟု၍ မသိ။ အလွန်တစ်ရာနက်သော ချောက်ကြီးထဲမှာလိုလို သို့မဟုတ် အောက်ကို ပြန်၍ ဆင်းမရသော လေထဲမှာလိုလို၊ စိတ်ညစ်ညူးစရာ အကောင်းဆုံး အမှောင်တကာ့ အမှောင်ဆုံးသောအဖြစ်သို့ ရောက်နေသည်။

စိမ်းစိမ်းဝါဝါတွေက မော၍ မော၍လာတိုင်း ပေါ်လာကြသည်။ အမှောင်ကြီးထဲတွင် ဤစိမ်းစိမ်းဝါဝါများသည် တဝီဝီ လည်နေကြလေသည်။

ဘာသံမှလည်း မကြားရ။ တိတ်ဆိတ်လွန်း၍ ကြောက်စရာပင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလှပေသည်။

ဤအမှောင်ထဲမှာပင် ရှန်းကန်နေရလေသည်။ မိမိအား ဖျစ်ညှစ်ပြီးထားသူကို မြင်လည်းမမြင်ရ။ အသံကိုလည်း မကြားရ အားကုန်းပင် ရှန်းရသည်။ ဘယ်လိုရှန်းလို့မှလည်း မလွတ်။ ရှန်းလေမိလေ ဖြစ်နေသည်။ မိမိမှာသာ အမောကြီးမောလျက် ရှိလေသည်။ ရုပ်ပုံကို မမြင်ရ၊ အသံကို မကြားရသော်လည်း ဒေါက်တာဖေဦးဟု၍ကား တပ်အပ်ကြီးသိနေသည်။ ဤအသိကား အဆိုးရွားဆုံးပင်။

သိလေရှုံလေလေ။ ရှုံသော်လည်း မရ။ မိမိကို အတင်းဖျစ်ညှစ်ချုပ်ဖိထားသည်။ ရှန်းလိုက်ရသည်မှာ လွတ်ကိုလည်း မလွတ်နိုင်၊ တစ်ကိုယ်လုံးရှိသမျှသွေးအားနှင့် ရှန်းပြန်လေသည်။

တစ်ကိုယ်လုံးမှာ နာကျင်လာသည်။ နောက်ဆုံး မခံမရပ်နိုင်တော့ဘဲ အော်လိုက်လေသည်။

BURMESE CLASSIC .com

'အင်... အင်'

အမှောင်ထဲမှထွက်ကာ အလင်းရောင်ဖြင့် ဝင်းသောကမ္ဘာလောကကြီးသို့ ပြန်ရောက်သွားလေသည်။

အိုဒီကိုလုံးရေမွှေးနံ့နှင့် ဖဝက်သာရောထားသော ရနံ့ကို အမှောင်မှ လွတ်လာလာခြင်း ရှူရှိုက်ရသည်။ နဖူးပေါ်တွင် အိုဒီကိုလုံးရေမွှေးဆွတ်ထားသော လက်ကိုင်ပဝါ တင်ထားသည်ကို သိလိုက်သည်။

'ဘယ့်နှယ်နေသေးလဲ'

ဖလော်ရီ၏အသံမှာ ခါတိုင်းထက် သာယာချိုအေးသည်ဟု ထင်ရသည်။

ယခုမှ သာယာခြင်းကို ထိတွေ့ခံစားရတော့သည်။ ခုတင်ဘေးက





စားပွဲပေါ် တွင်တင်ထားသော ပန်းဗိုက်အိုးထဲမှ ကြွေပန်းများသည် လန်းလန်းဆန်းဆန်းရှိကြသည်။

မစောလင်းသည် လက်ကို ဝမ်းဗိုက်ပေါ်၌ တင်လျက်ရှိ၏။

'ဘယ့်နှယ်နေသေးလဲ'

နှုတ်က ဘာမှမပြောဘဲ ခေါင်းကို အသာညိတ်ပြသည်။ ဖလော်ရီကခုမှ မျက်နှာရွှင်လာလေသည်။ မစောလင်း၏မျက်နှာကား ညှိုးကျလျက်ရှိလေသည်။ နှုတ်ခမ်းများပင် ဖျော့တော့တော့ ဖြစ်လာသည်။ အသက်ကို ပြင်းပြစွာရှူရသဖြင့် ရင်မှာ နိမ့်လိုက်မြင့်လိုက်နှင့် ဖြစ်နေသည်။

လက်ကို ဗိုက်ပေါ်မှာတင်ထားသဖြင့် ဖလော်ရီက...

'ဗိုက်နာသလားဟင်'

ဟု မေးလေသည်။ ထိုအခါမှ သတိရ၍ လက်ကို ဖယ်ရှားပစ်မိလေသည်။ သို့သော် နာကျင်သောဝေဒနာတို့သည် ပျောက်၍မသွားသေး။ မူးမော်ခြင်းမရှိသော်လည်း တစ်ကိုယ်လုံးကို တင်းကျပ်စွာ ညှစ်ထားသောနာကျင်သည့်ဝေဒနာကိုကား တမှုန်းမှုန်းခံစား၍ နေရရှာသည်။

မိမိမှာ ဘာမျှမကြာတတ် မလုပ်တတ်။ လောလောဆယ်အားဖြင့်ကား ဤအချိန်ကာလသည်သာလျှင် အရာရာကို ဆုံးဖြတ်ပေတော့မည်။ အချိန်ကိုပဲ စောင့်ရပေတော့မည်။ မူးမော်သော ဝေဒနာကား မရှိတော့ပြီ။ သို့သော် စိတ်နာကျင်ခြင်းကြောင့် တစ်ကိုယ်လုံး လေးနေသည်။

'ဖလော်ရီရေ ကိုယ်ထချင်တယ်ကွယ်'

'ခဏလှဲနေဦးလေ၊ မူးနေဦးမယ်'

မစောလင်းသည် ကိုယ်ကို နည်းနည်းကြွရင်း...

'မမူးတော့ပါဘူး။ သက်သာပါပြီ'



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ထလေသည်။ ဖလော်ရီက မစောလင်း၏မျက်နှာကို စိုက်ကြည့်နေသည်။

'မစောလင်းကြည့်ရတာ အားနည်းနေသလိုပဲ နှုတ်ခမ်းတွေလည်း ဖြူနေတယ်'

မစောလင်းသည် သူ၏နှုတ်ခမ်းများကို လက်နှင့်ပွတ်လိုက်သည်။

'ဟုတ်လား'

'ဖလော်ရီတို့ဆီမှာ နေပါဦး။ လတ်ဆတ်တဲ့ အသီးအနှံတွေစားပြီး အေးအေးဆေးဆေး အနားယူနေ၊ ဒါမှ အားရှိလာမယ်'

စားပွဲပေါ်တွင်တင်ထားသော သံရုံးမှလာသည့် စာအိတ်ဝါဝါကို သွားမြင်၍ မစောလင်းက...

'မကြာဘူး အင်္ဂလန်သွားရတော့မယ်'

ဟု ပြောသည်။

'မသွားခင် ဒီမှာ အနားယူပေါ့'

မစောလင်းအဖို့မှာကား ဘာမျှမပြောနိုင်။ ရင်ထဲတွင် အလေးကြီးလေး လျက်ရှိသည်။ ဖလော်ရီအား ဘာမှုပြန်မပြောနိုင်ဘဲ တွေဝေ၍နေမိလေသည်။

ရင်ထဲတွင် ကျပ်၍လာပြန်သည်။ မျက်နှာမှာ ညှိုးနွမ်း၍နေသည်။ ဖလော်ရီက အကဲခတ်မိ၍...

'မစောလင်း ခဏလှဲနေပါဦးလား၊ ကိုယ်တွေလက်တွေ သက်သက် သာသာထားပြီး မှိန်းနေလိုက်ပါဦးလား'

မစောလင်းသည် ခေါင်းကိုအသာအယာညိတ်လေသည်။ ဘာမျှပြန်မ ပြောတော့ဘဲ အိပ်ရာပေါ်သို့ လှဲချလိုက်သည်။ ခေါင်းအုံးတွင် အိုဒီကိုလုံး ရေမွှေးများ ဆွတ်ထားသဖြင့် မွှေးမွှေးကြိုင်နေသည်။





မစောလင်းက မျက်စိကို မှိတ်၍ထားလိုက်သည်။

'မစောလင်း အသာမှိန်းနေဦး'

ဖလော်ရီနှင့် ကလေးမလေးတို့သည် ခြေဖျားထောက်ကာ အခန်းထဲမှ ထွက်သွားကြသည်။ မစောလင်းသည် သက်ပြင်းကြီးချလိုက်သည်။

ကလေးအမေဖြစ်ရတော့မည်ကား သေချာပေပြီ။ တစ်လကျော် ကတည်းက မသက်သာခဲ့သည်။ သို့သော် ယခုလတွင်ကား ထင်ရှားစွာပြနေလေ ပြီ။ မိမိမှာ ဆရာဝန်ဖြစ်၍ ပိုသိသည်။

အခန်းထဲတွင် မိမိတစ်ယောက်တည်းသာရှိသဖြင့် လွတ်လွတ်လပ်လပ် တွေးရတောရနိုင်သည်။ မျက်စိကို အသာမှိတ်ထားသည်။ မျက်စိမှိတ်ထားသဖြင့် မှောင်ပိန်းနေသည်။ မှောင်းပိန်းနေသည့်ကြားထဲမှ စိမ်းစိမ်းဝါဝါ မြင်လာရကာ ဒေါက်တာဖေဦး၏ပုံသဏ္ဌာန်သည် ပေါ်လာသည်။

မစောလင်းသည် ဒေါသဖြင့် တုန်ယင်လာသဖြင့် မျက်စိကိုပြန်ဖွင့် လိုက်သည်။ ဒေါက်တာဖေဦး၏ ပုံသဏ္ဌာန်လည်း ကွယ်ပျောက်သွားသည်။

မျက်စိဖွင့်ထားသော်လည်း ဒေါသဖြင့် တဆတ်ဆတ်တုန်နေသေးသည်။ မိမိမှာ မေ့ပျောက်နိုင်သလောက် မေ့ပျောက်ပစ်လျက်ရှိသော်လည်း ဘယ်လိုမှ မေ့ပျောက်၍မရသော ဒဏ်ရာသည် ယခုအခါ အနာရွတ်အဖြစ် ထင်ရှားစွာ ပေါ်ပေါက်တော့မည်။

ခွန်အားကြီးသော ယုတ်မာသည့်ယောက်ျားတစ်ဦး၏ နိုင့်ထက်စီးနင်း မှုကြောင့် ညစ်ညမ်းဆိုးရွားစွာ ကြုံတွေ့ရသော အဆုံးအရှုံးသည် ဤမျှနှင့် အပြီးမသတ်သေးဘဲ ဖုံးကွယ်၍မရအောင် အကောင်အထည်နှင့် ပေါ်ပေါက်ရ လေဦးတော့မည်။

အဖြစ်အပျက်ကား နှစ်ယောက်ချင်းဖြစ်ပျက်ခြင်းမျှသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်မှန်ကို သူနှင့် မိမိသာ သိသည်။ ဘယ်လူသားမှ မသိ။

ရက်ကြောက်လွန်းသဖြင့် ခွန်အားရှိသမျှ ရုန်းကန်ခဲ့သည်။ အစွမ်းကုန်ကျုံး၍ တွန်းလှန်ခဲ့သည်။ သို့သော် အားခြင်းမမျှသော မိန်းမသားဘဝသည် ရေတိမ်တွင် နစ်ခဲ့ရသည်။

သက်သေအဖြစ်ကား အင်းလျားက ရေပြင်ကြီးနှင့် မရန်းပင်များသာ ဖြစ်သည်။ သူတို့ကား သက်မဲ့ဖြစ်၍ လူ့လောကကို ဘာတစ်ခွန်းမှ ဝင်မပြောနိုင်။

သို့သော် ယခုကား လူသားများနေထိုင်သော ကမ္ဘာလောကကြီးအလယ်သို့ သက်သေအဖြစ် ကလေးမွေးရန် သန္ဓေသည် တည်လေပြီ။ ဤသက်သေကိုသာလျှင် လောကကြီးက မြင်ရလိမ့်မည်။ ဤသက်သေကိုသာလျှင် လူတွေက အသိအမှတ်ပြုလိမ့်မည်။

'ဩော်... မိန်းမဘဝ၊ မိန်းမဘဝ'

ဟု ညည်းညူမိလေသည်။

မစောလင်းသည် လူ့ရွာသို့ ရောက်ကတည်းက ဤသို့ ပထမဆုံးအကြိမ် ညည်းမိခြင်းဖြစ်သည်။

မိမိမှာ မိန်းမဘဝတွင် ဂုဏ်သရေကို အထိခိုက်ဆုံးသောအဖြစ်နှင့် လူ့လောကကြီးကို မျက်နှာပြရတော့မည်။

ဖအေမပေါ်ဘဲ ကလေးရှိခြင်းသည် မိန်းမ၏ဂုဏ်သရေတွင် အမည်းဆုံးသော၊ အညစ်အထေးဆုံးသော အမှတ်တံဆိပ်ဖြစ်သည်။

အကြောင်းမှန်ကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ လူ့လောက,က ဤအဖြစ်ကို မညှာမတာ ကဲ့ရဲ့သကြိုဟ်ခြင်းပြုကြလိမ့်မည်။

မိမိရှေ့၌သာ ပြောဆိုကြမည်ဆိုပါက ဤအဖြစ်ကိုဖုံး၍ထားလိမ့်မည်





မဟုတ်ပေ။ ဤအဖြစ်ကို ဖော်ပြရန် ဘာမျှဝန်မလေး၊ မှန်သားလို ဖောက်ထွင်း၍မြင်ရသော ကြည်လင်တောက်ပသော သစ္စာတရားကို ထောင်ပြလိုက်နိုင်မည်။

လူတွေကိုလည်း အပြစ်ထားရန်မဖြစ်သေး၊ လောလောဆယ် သက်သေကိုသာ သူတို့က မြင်ကြမည်မှာ ဓမ္မတာပင်၊ ကလေးရလျှင် ဖအေကို ပြနိုင်ရပေမည်။

မိမိ၏အဖြစ်ကား အဖေမပေါ်သည့် အဖြစ်မျိုးသက်သက်လည်း မဟုတ်။ အဖေဖော်နိုင်ပါ၏။ မိမိအား အမုအရှုးလိုချင်နေသော ဖေဦးကို နားရွက်ဆွဲ၍ လောကကြီးကို ပြလိုက်နိုင်သည်။ ဖေဦးကလည်း 'မစောလင်း ကျွန်တော့်မယားဖြစ်ပြီလေ' ဟု ပက်ပက်စက်စက် ပိုင်ပိုင်နိုင်နိုင် ပြောခဲ့သည် မဟုတ်လော။

မောလွန်းသဖြင့် အင်အားကုန်ခမ်းကာ မလှုပ်နိုင်မရုန်းနိုင်သော ကိုယ်ကာယကို ပိုင်ခဲ့သည်ကား မှန်ပေသည်။ မတတ်သာ၍သာ ကိုယ်ကာယ သူ့လက်ထဲ တဒင်္ဂရောက်ခဲ့ရသည်။ ကိုယ်ကာယ၏ အမြင့်မားဆုံးဖြစ်သော စိတ်ကိုကား မပေးအပ်ခဲ့။

မိမိကို အနုနည်းပြော၍ ရမည်မဟုတ်မှန်းသိသဖြင့် အကြမ်းကိုင်ကြည့်လိုက်သည်။ မိန်းမများသည် အရှက်နှင့် လုလုပ်ကြသူများဖြစ်၍ ဖက်ရဲရင် ရမည်ဟူသော ယောကျ်ားတို့၏ ခွန်အားတွင် မိန်းမတွေ အနုတဏှာ အရှုံးပေးကြရသည်။ သို့သော် မိန်းမတိုင်း မျက်စိမှိတ်ကြမည် မဟုတ်။

အရှက်တရားဆိုသည်မှာ မကောင်းမှုပြုလုပ်ရမည်ကိုသာ အမှန်စင်စစ် ရှက်စရာကြောက်စရာဖြစ်သည်။ ဤအရာ၌သာ အရှက်အကြောက်ထားဖို့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ မိမိကသာ ဖြစ်ပြီးတာ ဖြစ်ပေစေတော့ အရှက်ရပြီ မထူးတော့ဘူး။ မျက်စိမှိတ်လိုက်မယ်ဟု သဘောထားက ဒေါက်တာဖေဦးကို ယူလိုက်လျှင် ကလေးဖအေအတွက် စိုးစဉ်းမျှ ပူစရာမရှိ။ လောကကြီးကို လှလှကလေး မျက်နှာပြနိုင်မည်။

သို့သော် လင်မယားကိစ္စကို အချစ်မပါဘဲ ဘယ်တော့မှ လက်မခံသူမှာ မစောလင်းဖြစ်သည်။ မေတ္တာမရှိဘဲ ဘယ်တော့မှ လက်ထပ်လိမ့်မည်မဟုတ်သူမှာ မစောလင်းသာ ဖြစ်သည်။

အချစ်သာလျှင် ဘဝတစ်ခုလုံး၏ အသက်ဖြစ်ရမည်။ အချစ်ကြောင့်သာ ဘဝ၏ အသက်သည် လှုပ်ရှားလှုပ်လွန့်ကာ အဓွန့်ရှည်စွာ ရှင်သန်နိုင်ရမည်။

ခက်သည်မှာ ဒေါက်တာဖေဦးကို နည်းနည်းကလေးမျှ မေတ္တာမရှိ။ မိန်းမသားတစ်ယောက်ကို အလိုမတူဘဲ အတင်းအဓမ္မ နိုင်ထက်စီးနင်းပြုကျင့်သည့် သည်လိုယောက်ျားမျိုးအား ကျောက်ကိုကြိတ်၍ ဆီထွက်ရင်ထွက်မည်သာ၊ မစောလင်းစိတ်က ဘယ်လိုအကြောင်းမျိုးနှင့်မှ ညွတ်လာလိမ့်မည်မဟုတ်။

မိမိ၌ ကလေးရှိမှန်းသိလျှင် သူ့ကလေးဟု လက်မထောင်ကာ ပြောလာလိမ့်မည်။ မိမိအား သူ့မယားဖြစ်ပြီပဲဟု ဆိုခဲ့စဉ်က 'ဝေးလိုက်တာ ဘယ်တော့မှ မယူဘူး' ဟု မာမာကြီးပြောပစ်ခဲ့သည်။ မိမိအဖို့ သူ့မယားဟူ၍ မတော်ဘဲ နေ၍ရနိုင်သည်။ သူ့သားကို သူနှင့် ဘယ်လိုမှ မတော်ဘဲထား၍ကား ရမည်မဟုတ်။ ကလေး၏တစ်သက်တာတွင် သူသာလျှင် အမှန်အဖေဖြစ်၍ သူ၏သားသာလျှင် ဖြစ်ရပေတော့မည်။

သူ့သားဟူ၍ ပြောနိုင်ခွင့်ရသွားတော့မည့်အဖြစ်မှာ အသည်းတွင် ဆတ်ဆတ်ခါအောင် နာကြည်းသွားသည်။ ဒေါသဖြင့် မွန်ထူလာပြန်သည်။





သူက အဖေဖြစ်လျှင် မိမိက ကလေးအမေဖြစ်ရမည့်အဖြစ်ကို ထိတ်လန့်လာပြန်သည်။ ဘာဖြစ်လို့ ငါ့စိတ်ထဲက နည်းနည်းမှ အလိုမတူဘဲ ကလေးရရမှာလဲ။ ဘာဖြစ်လို့ ငါမဖြစ်ချင်ဘဲ အမေဖြစ်ရမှာလဲ...။

ယုတ်မာတဲ့အမှုက ပေါက်ဖွားလာမယ့်အမွေကို ငါက လက်ခံရမှာလား။ အယုတ်တမာမျိုးစေ့ကို ငါ့ဝမ်းထဲမှာ ထားရမှာလား။

ကလေးကို ဖျက်ပစ်မယ်...ဟု မစောလင်းသည် ဆုံးဖြတ်လိုက်လေသည်။

ကြုံတွေ့ရသည့်အဖြစ်၏ ပြဿနာကို ဖြေရှင်းလိုက်ရသဖြင့် ရင်ထဲတွင် ပေါ့သွားသည်။ စောစောက လေး၍နေသမျှ ပျောက်ကုန်သည်။

သွေးနုသေး၍ ကလေးကို လွယ်ကူစွာပင် ဖျက်နိုင်လိမ့်မည်။ မိမိမှာ ဆရာဝန်ဖြစ်၍ ခက်ခဲလှသော အလုပ်တစ်ခုမဟုတ်။ ကလေးကို ဖျက်ချခြင်းဖြင့် သွေးဆိုးသွေးဆိပ်များ တစ်စက်မျှ မိမိတွင် ကပ်၍မနေတော့၊ အညစ်အကြေး တစ်စက်မျှ တင်၍မနေတော့။

မစောလင်းသည် ရွှင်ပျ၍လာကာ...

'ဖလော်ရီရေ... ဖလော်ရီ'

ဟု လှမ်းခေါ်လိုက်သည်။ ရွှင်မြူးလာသဖြင့် အသံမှာ ကျယ်လောင်ထက်သန်နေပေသည်။

'မစောလင်း'

ဟုထူးကာ ဖလော်ရီသည် အခန်းထဲသို့ ပြေးဝင်လာသည်။

'နိုးပလား'

ဖလော်ရီသည် ခုတင်ဘေးတွင် ဝင်ထိုင်လေသည်။

'ခုနက တံခါးက အသာကြည့်သေးတယ်၊ အိပ်ပျော်နေတယ်'



www.burmeseclassic.com

www.burmeseclassic.com



မစောလင်းက ပြုံးရယ်နေသည်။

'အိပ်တာမဟုတ်ပါဘူး ဖလော်ရီရဲ့၊ မှိန်းနေတာပါ'

ဖလော်ရီသည် မစောလင်း၏ လိပ်တက်သော အင်္ကျီကလေးကို ဆွဲချပေးရင်း...

'နည်းနည်း လန်းလာပြီနော်၊ ဟိုတုန်းက မစောလင်း မမူးတတ်ပါဘူးနော်'

အရာအားလုံးတို့မှာ သာယာနေပြန်သည်။ ကောင်းကင်မှာ တိမ်ကင်းစင်၍ လင်းသည်။ သစ်ပင်တို့သည် စိမ်းရောင်စိုနေကြသည်။

'သာလိုက်တာကွယ်'

'အခုစားတာပေါ့ မစောလင်းကို စောင့်နေတာ၊ ဒါဖြင့် စားကြရအောင် ထမင်းပြင်နိုင်းလိုက်မယ်လေ'

သွားတော့မည်လုပ်သော ဖလော်ရီ၏လက်ကို လှမ်းဆွဲပြီး...

'ထမင်းစားပြီးရင် ဖလော်ရီ ဆေးရုံသွားရဦးမယ် မဟုတ်လား'

မစောလင်းက မေးသည်။

'နေ့လယ်ဘက် သွားရမယ်၊ ဘာလုပ်မလို့လဲ ဟင်'

'ကိုယ်လည်း ဆေးရုံလိုက်ချင်တယ်'

ဖလော်ရီက မျက်တောင်ကလေးပင့်လိုက်လေသည်။

'ဆေးရုံမှာ ဆေးနည်းနည်းပါးပါး လိုချင်တာကလေးတွေရှိတယ်၊ လိုက်ယူချင်လို့ ဆေးသောက်ဦးမှ၊ သူများရပ်ရွာမှာ မကျန်းမမာဖြစ်နေလို့ မဖြစ်ဘူး'

'ဒါကတော့ မပူပါနဲ့၊ ကျွန်မတို့ရှိပါတယ်၊ ဆေးယူချင်ရင် လိုက်ယူလေ၊ ကွန်ပေါင်ဒါနဲ့ သိပ်ခင်တာ'





မစောလင်းသည် ခုတင်ပေါ်မှ ထလိုက်သည်။

ဖလော်ရီက...

'နေဦးလေ၊ ထမင်းပြင်ပြီးမှ ခေါ်လိုက်မယ်'

'ကိစ္စမရှိပါဘူးကွယ်၊ အပြင်မှာ စောင့်မှာပေါ့'

မစောလင်းသည် စောစောကထက် ပေါ့ပါးသောဟန်ဖြင့် အပြင်သို့ လိုက်လာသည်။

ထမင်းစားပြီးကြသောအခါ နေသည် အင်ပင်ကြီးပေါ်သို့ ရောက်နေလေသည်။ နေ့လယ်တွင် မစောလင်းသည် ဖလော်ရီနှင့်အတူ ဆေးရုံကြီးသို့ လိုက်သွားလေသည်။

***

www.burmeseclassic.com

www.burmeseclassic.com

[ ၁၈ ]

ညနေစောင်းသောအခါ မစော်လင်းသည် မိမိအလိုရှိသောဆေးများ ကိုယူပြီးနောက် ဖလော်ရီကို မစောင့်တော့ဘဲ အိမ်သို့ပြန်နှင့်လေသည်။

'ကျွန်မတော့ မှောင်မှာမို့ ပြန်ရမယ်'

ဟု ဆေးရုံဝင်းအထိ လိုက်ပို့သော ဖလော်ရီက ပြောလေသည်။

'ကိစ္စမရှိပါဘူး။ လမ်းလည်း လျှောက်ရင်းပေါ့'

သာယာသော ရှုခင်းကိုကြည့်ချင်သဖြင့် ဘီလူးချောင်းကမ်းနားမှ





လျှောက်ပြန်လာလေသည်။

လွယ်အိတ်ထဲတွင်ကား သနွှေကိုဖျက်ဆီးရန် ဆေးဝါးများ ပါလာသည်။ ဝိဇ္ဇာ မျိုးစေ့၏ တည့်စ သွေးဆိုးသွေးဆိပ်ကို အစဝှဲးအောင် အခုံးစိရင်ရတော့မည်။ သည့်အတွက် သူ မှာ းစွာကျေနပ်မိလေသည်။

မိမိမှာ ဆရာဝန်ဖြစ်၍ ကလေးမွေးခြင်းနှင့် စပ်ဆိုင်သောအလုပ်မျိုးကို ကြိမ်ဖန်များစွာ တွေ့ကြုံခဲ့ရသည်။ ကိုယ်ဝန်ဆောင်များ၏ ကျန်းမာရေးကို ကုသပေးခဲ့ပေါင်းများလည်း မရေမတွက်နိုင်တော့ပြီ။ ယခုမှ ကိုယ်တိုင်ကြုံရပြီ။ သို့သော် ဆေးပညာက အားမပေးသော ပဋိသန္ဓေဖျက်ချသည့်အမှုကို ကျူးလွန်ရပေတော့မည်။

မကျူးလွန်၍လည်း မဖြစ်။ မိမိတွင် ယုတ်ညံ့သော သည့်သွေးမျိုး တစ်စက်ကလေးမှ ကူးယှက်လာခြင်းကို အလိုမရှိ။ ပတ်လည်း မပတ်သက်လို။

လေတိုက်သဖြင့် အင်ပင်ဝါးပင်များသည် အရွက်ချင်းထိပွတ်မိသော အသံကို ဖြစ်စေသည်။ တချို့သော သစ်ပင်များမှ သစ်ရွက်ခြောက်တို့သည် မြေအောက်သို့ ဆင်းသက်လာကြသည်။ မြေနီပေါ်၌ ဤရွက်ဝါတို့သည် အလျားထိုး၍ ပြေးနေကြသည်။

သည်ည ဆေးတွေသောက်ချလျှင် လျှောကျဖျက်စီးသွားရမည်။ အမှန်အားဖြင့် ရင့်မာ၍လာလျှင် ဖျက်ရသည်မှာ ခက်ခဲတတ်သည်။ ယခုမှ အနုကလေးရှိ၍ အလွတ်တကူပင် ဖျက်သွားလိမ့်မည်။

ဘီလူးချောင်းတံတားကို ဖြတ်ကျော်လိုက်လေသည်။

အိမ်ရှေ့သို့ရောက်လျှင် မဝင်သေးဘဲ အဝေးမှနေ၍ ကလေးမကလေး အား လှမ်းခေါ်လိုက်သည်။

'မမ ကမ်းနားခဏသွားထိုင်ဦးမယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



ဟု မှာကြားကာ ဘီလူးချောင်းစပ်သို့ လာခဲ့လေသည်။

ယခုလိုအခါတွင် တစ်ယောက်ထီးတည်း လွတ်လွတ်လပ်လပ်လျှောက်သွားချင်နေသည်။ ဖလော်ရီပြန်ရောက်မှပဲ အိမ်သို့ပြန်မည်ဟု တွက်သည်။ အိမ်နှင့်ကမ်းစပ်ကား သိပ်မဝေးလှ။

ရေချိုးသူ၊ အဝတ်လျှော်သူ၊ လှေသူများနှင့် မနီးသော ခပ်လှမ်းလှမ်းရှိ သစ်ပင်တစ်ပင်အောက်တွင် သွားထိုင်သည်။ မြစ်မှာ ရေစပ်နေရာ ကမ်းနဖူးပေါ်မှ ဆီး၍ကြည့်ရသည်။

ဘီးလူးချောင်းသည် ပေ ၁၅၀ခန့် ကျယ်သည်။ ကမ်းတစ်ဖက်တွင် မြေပြန့်ဖြစ်၍ လယ်ကွင်းနှင့်တူသည်။ ကမ်းစပ်တွင် ဘာပင်မှပေါက်နေသည် မတွေ့ရ။ ချောင်းမှာ တစ်ဖြောင့်တည်းမဟုတ်၊ ကွေ့ကွေ့ကောက်ကောက်နိုင်လှသည်။

မိမိထိုင်နေသော ကမ်းဘက်တွင် သစ်ပင်များ အုပ်လျက်ရှိသည်။ တချို့အိမ်များမှာ ကမ်းနဖူးပေါ်တွင်ပင် ဆောက်ထားကြသည်။ ခြံစည်းရိုးများမှာ ကမ်းစပ်သို့ ခပ်လျှောလျှောရောက်သည်။

မစောလင်းသည် ဆေးများထည့်ထားသော လွယ်အိတ်ကို အသာမြက်ခင်းပေါ်သို့ ချလိုက်သည်။ မိမိရှေ့ရင်မှာ တဒိတ်ဒိတ်ခုန်လျက်ရှိသည်။

မလှမ်းမကမ်း ကမ်းစပ်ရှိ ကျောက်ပြားထက်၌ မိသားတစ်စုရေချိုးနေကြသည်။ အမေလုပ်သူမှာ အဝတ်လျှော်နေသည်။ ထဘီမလျှားဘဲ အတွင်းခံဘော်လီအင်္ကျီအတိုင်း ဝတ်ထားသည်။ အမေ၏အနီး သရက်ပင်အောက်၌ ငါးနှစ်အရွယ် ကလေးမကလေးက တစ်နှစ်မပြည့်သေးသော ကလေးလေးကို ရင်ခွင်ပိုက်ကာ ထိန်း၍နေသည်။ မအေကြီး အဝတ်လျှော်နိုက် ကလေးကို ထိန်းနေဟန် တူသည်။





နှစ်ယောက်စလုံး အဝတ်မပါကြ။ မွေးစကလေးမှာ အသားညိုညိုပိန်ပိန်သေးသေးကလေးနှင့် မလိုက်အောင် ဝမ်းဗိုက်ကြီးပူနေသည်။ ကလေးသည် အငြိမ်မနေ ယက်ကန်ယက်ကန်လုပ်ကာ အစ်မွှာယ်ဖော်၍မရသော ကလေးသံကို တအင်အင်ပြုနေသည်။ သည်ကလေးကို ရင်ခွင်ဝယ်ပိုက်ထားသည့် ကလေးမကလေးမှာ ပိုးဟပ်ဖြူလို ပိန်ပိန်ဖျော့ဖျော့ ဖြူဖပ်ဖြူရော်။

မစောလည်းသည် သူတို့ကို စိုက်မကြည့်ဘဲ မနေနိုင်။

'ကလေးတွေကြည့်ရတာ အားမရစရာကောင်းလိုက်တာ'

ဟု ညည်းတွားမိသည်။

သရာဝန်မျက်စိနှင့်ကြည့်လျှင် ကလေးများကို ယေဘုယျအားဖြင့် အထူးဂရုစိုက်ပြုစုတတ်ရမည်။ သွေးအားနည်းသည့်ရောဂါဖြစ်က ကြီးပြင်းလာသည်အထိ ချူချာချာ ဖြစ်လာတတ်သည်။ သူမသည် သရာဝန်ဖြစ်မှ ဤအချက်ကို မိဘများအား နားဝင်အောင် သတိပေးလေ့ရှိသည်။

'ကလေးကို ကျန်းမာသန်စွမ်းအောင် ဂရုစိုက်မွေးမြူတတ်ရမယ်၊ ကလေးဆိုတာ ဖူး၊ ငုံ၊ အညွှန့်အကင်းလေးပဲ'

ဟု နောက်နောက် သားသမီးများအား တဖွဖွပြောခဲ့သည်။

ကလေးလေးက ယက်ကန်ယက်ကန် လုပ်လွန်းသဖြင့် ထိန်းရသော ကလေးမကလေးက စိတ်မရှည်နိုင်တော့ဘဲ မြက်ခင်းပေါ်သို့ အသာချထားလိုက်သည်။ ကလေးသည် အအော်တိတ်သွားကာ ဝမ်းလျားမှောက်၍ မြက်ပင်ကို ပါးစပ်နှင့် ငုံးကာစားလျက် ကျေနပ်သွားလေသည်။

မိမိသည် လူ့သတ္တဝါအပေါင်း၏ အသက်ပေါင်းများစွာကို မိမိတတ်သိသော ဆေးပညာဖြင့် ကယ်ခဲ့သည်။ လူ့သတ္တဝါတို့အနက် အမယ်အိုအဘွားအို စသော ရောဂါထောင်းနေသည့်အရွယ်များသာမက လောကကြီးသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်စကလေးများလည်း ပါဝင်ခဲ့သည်။ ကလေးများသာမက မမွေးရသေးသော ကလေးလောင်းလျာတို့ကိုလည်း မပျက်မစီး မတိမ်းမစောင်းရအောင် စောင့်ရှောက်ပေးခဲ့သည်မှာ မရေမတွက်နိုင်အောင် ရှိခဲ့သည်။

ကလေးလေးသည် ဝမ်းလျားမှောက်ကာ ကစားရင်း နေရာရွှေ့သွားသည်။ ကလေးမကလေးက ကလေးနှင့်ယှဉ်၍ အိပ်ချလိုက်ကာ မြူနေပြန်လေသည်။ အဝတ်လျှော်နေသော မအေကြီးက…

'ကလေး ကျလာမနော်'

ဟု လှမ်းအော်လိုက်သည်။

မစောလင်း၏ ရင်တွင်း၌ကား လှုပ်ရှားလျက်ရှိလေသည်။

ထိုင်နေသောနေရာနှင့် အနီးဆုံးမြို့ပွန်းတွင် ဂန္ဓမာပန်းများစိုက်ထားသော ပန်းစိုက်မြေကွက်ကလေးကို တွေ့ရသည်။ အလယ်တွင် မြောင်းကလေးကို မြေကြီးများတူးကာ လုပ်ထားသည်။ ပန်းစိုက်သည့်အထဲ၌ကား မြေကြီးကို ဆွထားသည်။

ဂန္ဓမာပန်းတို့မှာ လန်းလန်းစွင့်စွင့် ပွင့်နေကြသည်။ အမျိုးမကလေး တစ်ဦးသည် ထိုပန်းကွက်သို့လာကာ ရေလောင်းပေးသည်။ ဆွထားသဖြင့် မို့မို့မောက်မောက်ဖြစ်နေသော နေရာများတွင် အကင်းထွက်စ, အညှောင့်ထွက်စ အပင်ပေါက်ကလေးများလည်း တွေ့ရသေးသည်။

ပျိုးထားသော ပန်းခင်းဖြစ်ဟန်တူသည်။ သစ်ပင်တို့သည် မျိုးစေ့မှ တစ်ဆင့်ပေါက်ဖွားကာ ပွားရတော့သည်။ ဂန္ဓမာပန်းမှာ အေးမြလှသော ရာသီဥတုနှင့်မှ ထွားသည်၊ ရှင်သည်။ ဗီဇမျိုးစေ့ကိုယူကာ ပျိုးထားဟန်တူသည်။

ရေစိုလျက်ရှိသော ယည်းမည်းပွပွမြေခင်းလေးပေါ်၌ကား မျိုးစေ့များကြဲ





ထားသဖြင့် အညွန့်အညှောက်တက်စ, ပန်းများသည် ဖိုဖိုဖွဖွ ထွက်ပြူနေကြသည်။ သစ်ပင်တို့မှာလည်း လူကဲ့သို့ပင် ဗီဇမျိုးစေ့မှသာ ဆင်းသက်ပေါက်ဖွားရသည်။ သူတို့မှာလည်း သူတို့သဘာဝ သူတို့အသက်ရှင်၍ နေကြခြင်း ဖြစ်သည်။

မစောလင်းသည် သက်ပြင်းချလိုက်သည်။

မတော်မတရား စော်ကားမှုကြီးမှရသည့် ဗီဇသွေးကို အစဝတုံးပစ်ခြင်းဖြင့် ဖျက်ဆီးပစ်ရတော့မည်။ ဆေးပညာကိုသောက်ခြင်းဖြင့် သွေးသားတည်စ နုနယ်လှသော လူလောင်းလျာကလေးသည် ဖျက်လျှော့သွားရတော့မည်။ သည်သွေးကို ငါ မွေးမထားနိုင်ပါဘူး။

သို့သော် သူမ၏နှလုံးသားကမူ ငြင်းဆန်လျက်ရှိသည်။

ဖိုးဖိုး၏ ဆေးပညာဖြင့် လူအပေါင်းတို့၏ အသက်များစွာကို ကယ်ဆယ်ခဲ့သည်။ လူအပေါင်းတို့၏ အသက်ရှင်ရေးကိုသာ နေ့ညမပြတ် နှလုံးသွင်းကာ ရှေးရှုခဲ့ရသည်။ ကမ္ဘာလောကကြီးတွင် ဘဝသက်တာတို့၏ ရှင်ရေးကိုသာ ဖိုးဖိုးလုပ်လာခဲ့သူ ဖြစ်သည်။

အသက်တစ်ချောင်း၏ သေစေလိုသော စေတနာကို တစ်ကြိမ်တစ်ခါမှ မထားခဲ့။ လူမှန်းသိတတ်သည့် အရွယ်ကစ၍ အသက်တစ်ချောင်းကို သေတော့ဟူ၍ ကာယကံ၊ မနောကံနှင့်မှ မပြစ်မှားခဲ့။

ဤအသက်၏ အစကို ဖျက်ဆီးပစ်ရမည်မှာ တရားပါသလား။ တရားသည် မတရားသည်ကို ဘယ်အပေါ်တွင်တည်၍ ဆုံးဖြတ်ရမည်နည်း။ တရားသည် မတရားသည်ဆိုသည်မှာ ဖိုးဖိုးအပေါ်တွင် တည်သလော။ ဖိုးဖိုးလည်း ပါဝင်လျက်ရှိသည့် လူ့လောကကြီး၏ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းပေါ်မှာ တည်သလော။



www.burmeseclassic.com

မိမိပြုသည့်အမှုကို မိမိသာဆိုင်သည်။ လူ့လောကကြီးက ဝင်၍ဆိုင်လိမ့်မည်မဟုတ်။ တရားသည် မတရားသည်ကို မိမိပြုမည့်အမှုနှင့်သာ ဆုံးဖြတ်ရမည်။ မိမိအမှုကို မိမိသာ အသိဆုံးဖြစ်သည်။ လူ့လောကကြီးက သိသည်မဟုတ်။ မသိသူများကမှ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း ပြုတတ်ကြကုန်သည်။

မစောလင်းသည် မြစ်ပြင်ကို စိုက်၍ လေးလေးနက်နက်ဖြစ်နေသည်။

တရားသည် မတရားသည်ကို အမှန်တရားကသာ ဆုံးဖြတ်ပေးရလိမ့်မည်။

အမှန်ကို ဖုံးကွယ်၍မရ၊ ပိတ်လှောင်ထား၍လည်း မရ၊ တစ်ပန်းရှုံး၍ နေသော မိန်းမ၏အဖြစ်ကြောင့်သာလျှင် နိုင့်ထက်စီးနင်းလုပ်သွားသောကျင့်ကြံမှုက အောင်မြင်လျက် မိမိမှာ သက်သက်မဲ့ ကလေးအမေ ဖြစ်ရတော့မည်။

ဒေါသဖြင့် တဆတ်ဆတ်တုန်သွားပြန်သည်။

သို့သော် ဤအမှုကို တရားသဖြင့်သာလျှင် ဆုံးဖြတ်ရမည်။

သူနှင့် မိမိနှင့် နှစ်ယောက်တည်းသာလျှင် နားလည်သည့်အဖြစ်အပျက်မှန်နှင့် ဆုံးဖြတ်ရမည်။

သူနားလည်သည်ကား၊ အချစ်ကို ကိုယ်ကာယနှင့် ရင်းနှီးမှုဖြင့် ရရမည်၊ ဖြစ်ပြီးလျှင် ယူရချိမ့်မည်။ မချစ်၊ ချစ်ချစ် အရှက်ကြောင့် ဖွတ်ကြိတ်မှိတ်ယူရမည်။

မိမိနားလည်သည်ကား ဘယ်ဘဝရောက်ရောက် မချစ်ဘဲ မယူ။ ဤအဖြစ်အပျက် အမှန်နှင့်သာ ဆုံးဖြတ်မှသာလျှင် တရားမည်။

နောက်ပေါက်လာမည့် ကလေးလောင်းလျာမှာ မိဘတို့၏အဖြစ်အပျက်ကို သိပင်မသိ၊ အပြစ်လည်း တစ်စုံတစ်ရာ မရှိ။

မတရားတာက စ,သည့်အဖြစ်တွင် မိမိကပါ မတရားတဲ့အထဲ ဝင်





၍ သည်ကလေးကို ဖျက်စီးစေရမည်လော၊ သူ့အကုသိုလ်ကို ကိုယ့်အကုသိုလ်ဖြစ်ရဦးမည်လော။

ဘဝသက်တာတွင် ကြီးကျယ်လှသော အဖြစ်ကြောင့် နလုံးတုန်၍လာလေသည်။ အသက်တစ်ချောင်းကို ဖျက်ဆီးရမည့်အတွက် ရှက်ကြောက်ထိတ်လန့်လာသည်။

အမှန်၊ အမှန်၊ အမှန်ကား အဖြစ်အပျက်မှ သန္ဓေတည်သော ကလေးအား ကမ္ဘာလောကကြီး၏ ဓာတ်ကြီးလေးပါး အငွေ့အသက်ကို ရှူရှိုက်ခံယူစေ၍ လူဖြစ်လာရမည်၊ အသက်ရှင်လာစေရမည်။

မစောလင်းသည် အမှန်ကို ဘယ်တော့မှ ကြောက်သူမဟုတ်။ အမှန်ကို ဘယ်တော့မှ ဖုံးကွယ်ထားလိုသော မောဟစိတ်မရှိ။ အမှန်ဖြင့် လူ့လောကကြီးကို ရဲရဲကြီး ရင်ဆိုင်ဝံ့သည်။

မစောလင်းသည် မမှန်တာကို လုပ်ရမည့်အတွက် ကိုယ့်ကိုယ်ကို ရှက်ကြောက်မိသည်။ မှန်တာကိုလုပ်၍ လူ့လောကကြီးတွင် မျက်နှာပြဖို့ရန် ရှက်ကြောက်ခြင်းမဖြစ်၊ လောကကြီးကို အမှန်နှင့် မျက်နှာပြရဲ၏။ လောကကြီးတွင် အမှန်ကိုလုပ်တာထက် မလုပ်ရဲစရာ ဘာမှမရှိ၊ လက်ညှိုးပေါက်ပေါက် ဝိုင်းထိုးကြမည်ကို ခံရဲသည့်စိတ် ရှိ၏။

သို့သော် မိမိကိုယ်ကာယကို ရှုရာခြင်းကတစ်ဖက်မှ လှုပ်ရှားလာပြန်၏။ တစ်စက်ကလေးမျှ မနှစ်သက်သည့် သည်သွေးနှင့် စပ်ယှက်လာမှာကိုကား အရွံတကာ့အရွံဆုံး၊ အမုန်းတကာ့အမုန်းဆုံး။

ဂန္ဓမာပန်း အဖူးအညွန့်တို့၏ ရနံ့သည် ညနေခင်းလေပြည်လေညင်းကိုစီးကာ သင်းပျံ့ကြိုင်လှိုင်လာလေ၏။

ထိုသင်းပျံ့သော ရနံ့နှင့်အတူ ရေစပ်မှ ကလေးငိုသံသည် ရောနှ

www.burmeseclassic.com



ပါလာ၏။ ဤပန်းခန့်နှင့် အသံဗလံတို့ကား စိတ်နှလုံးကို ကြည်မွေ့စေသော ရန့်မှာ လန်းဆတ်၍ ကလေးငိုသံမှာ သာယာပျိုနု၏။

အမှန်တရားနှင့် အလိုမတူဘဲ လက်ခံရမည့်အဖြစ်ကြောင့် ရှုံးခြင်းတို့သည် တစ်ဖက်နှင့်တစ်ဖက် တိုက်လျက်ရှိသည်။

တိုက်ပွဲမှာ မပြီးပြတ်၊ မစောလင်းသည် အမှောင်သမ်းစပြုလာသော မြစ်ပြင်ကို ငေးလျက်ရှိသည်၊ ရင်းတွင်း၌ကား ဝေခွဲ၍မရနိုင်ဘဲရှိနေရာ သက်ပြင်းကို မှုတ်မှုတ်ထုတ်နေသည်။

'မမ... ညီသည်တစ်ယောက် မမကိုတွေ့ချင်လို့တဲ့'

မစောလင်း လန့်သွားလေသည်။

ဖလော်ရီအိမ်မှ ကလေးမလေး၊ အနောက်မှရပ်လျက် ရှိသည်။ မစောလင်းမှာ လန့်သွား၍ ပြုံးကြည့်နေသည်။

ညီသည်ဆို၍ အံ့ဩရပြန်သည်။ မိမိအသိဆို၍ လှိုင်ကော်တွင် မရှိ။

'ဆန်းလှချည်လား... မမအသိ ဘယ်ကလာရှိရမှာလဲ'

ဟုဆိုကာ မြက်ခင်းမှ ထလေသည်။

မစောလင်းသည် ကလေးမလေးနောက်မှ လှမ်းဒီတ်ကိုလှမ်း၍ လိုက်သွားသည်။

'မမ ဖလော်ရီလည်း ပြန်မလာသေးဘူး'

'ညီသည်တ ယောက်ျားလား။ မိန်းမလား'

ကပ်လျက်ရှိသော ခြံစည်းရိုးမှ ဖြတ်သွားကြရသည်။

'ယောက်ျား မမ'

'သိပ်ထူးဆန်းတာပဲ'





ဘယ်သူများပါလိမ့်ဟု သိချင်ဇောနှင့် ခပ်သုတ်သုတ်လျှောက်မိလေသည်။

အိမ်နားသို့ရောက်လျှင် ခြံထဲသို့ မဝင်ရဲအောင် ရွံ့တွန့်တွန့်ဖြစ်နေသည်။

အိမ်ပေါ်သို့ လှေကားမှလှမ်းတက်၍ ညေ့ခန်းသို့ ကြည့်လိုက်သောအခါ အံ့ဩခြင်းမက အံ့ဩသွားသည်။

'ဟင်... ကိုသက်ရှင်'

ကိုသက်ရှင်သည် ထိုင်လျက်ရှိသည်။ ဆံပင်တို့မှာ ရှည်နေသည်။ အသားများ ပို၍ဖြောင်နေသည်။ သို့သော် ကျန်းမာလန်းဆတ်ပုံရသည်။

ကိုသက်ရှင်ကို မြင်လိုက်သောအခါ အံ့ဩရုံတင်မက ရင်ထဲတွင် ဘယ့်နှယ်နေမှန်းမသိ၊ ဖိုလှိုက်သောဝေဒနာကို ခံစားမိသည်။ ယောက်ျားကို မုန်းတီးရွံရှာနေခိုက် ဘဝတွင် အကြီးအကျယ်ဆုံးသော တိုက်ပွဲတွင် ရင်ဆိုင်နေခိုက် ကိုသက်ရှင်ကို တွေ့ရသည်မှာ ရင်ထဲတွင် ခုန်၍သွားလေသည်။

မစောလင်းသည် အံ့ဩသောအမူအရာကြောင့် ကိုသက်ရှင်က စကားဝတင် ပြောရသည်။

'သတင်းထောက်တစ်ယောက်အိမ်မှာ တည်းနေတုန်း ကပ်လျက်အိမ်က ဆရာမ မအေးချစ်ကပြောလို့ သိရတာ၊ ဘယ့်နှယ် ဒီရောက်နေသလဲ'

မစောလင်းက ပြုံးရယ်၍ လာလေသည်။

'ကိုသက်ရှင်ကော ဘယ့်နှယ် ဒီရောက်နေသလဲ၊ မြစ်ကြီးနားသွားတယ်ဆို'

ကိုသက်ရှင်ကလည်း ပြုံးရယ်လေသည်။

'ကျွန်တော် မြစ်ကြီးနားကနေပြီး ရှမ်းပြည်နယ်ဘက်ဆင်းလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



လားရှိုးဘက် လျှောက်လည်နေသေးတယ်၊ နောက် ပင်လုံကနေပြီး လွိုင်ကော်ကို လာတာ'

'ချိန်းထားရင် တွေ့ချင်မှတွေ့မယ်၊ ကျွန်မလည်း ကလောကလှည့်လာတာ၊ ဒီမှာလာတွေ့ရတာ ဝမ်းသာပါတယ်'

မစောလင်းသည် ပါးခွက်ကလေး ပေါ်နေအောင် ပြုံးနေသည်။ အတန်ကြာ ကိုသက်ရင်၏ကိုယ်ဟန်ကို အကဲခတ်သလိုကြည့်နေပြီးမှ 'ရှင် အခု တော်တော်ကျန်းမာလာပြီလား။ အိပ်လို့ကော ရပြီလား၊ မူးကောမူးသေးသလား'

မစောလင်း၏ မရပ်မနားမေးနေခြင်းကြောင့် ဖြေဖို့အတွက်မရဘဲ အသာနားထောင်နေရသည်။ ဤကဲ့သို့ ဘာမျှမပြောသေးဘဲနေလေ မစောလင်းက အားမရဖြစ်ကာ...

ပြောစမ်းပါဦး၊ ရှင် အခုနေကောင်းရဲ့ မဟုတ်လား။ အသားအရေတောင် အတော်ကောင်းလာတယ်'

ဟု ပြောလေသည်။

မစောလင်း စကားရပ်သွားမှ ကိုသက်ရင်က ပြောခွင့်ရပြီး...

'နေကောင်းပါတယ်၊ ခရီးထွက်ကတည်းက ဘာမှမဖြစ်ပါဘူး'

'အိပ်လို့ကော'

'ပျော်ပါတယ်'

'ဝမ်းသာတယ်ရှင်၊ ကျွန်မက ပူနေတာ၊ ရှင်က ဖြုန်းခနဲ ရန်ကုန်က ထွက်သွားတယ်ဆိုတော့ ဆေးတိုးတာကလည်း မကုန်သေဘူး မဟုတ်လား'

သူတို့စကားပြောနေခိုက် ဖလော်ရီ ဆေးရုံမှ ရောက်လာလေသည်။ မစောလင်းက ဖလော်ရီကို ကိုသက်ရင်နှင့် မိတ်ဖွဲ့၍ပေးသည်။





အတော်မှောင်သည့်အထိ စကားကောင်းနေကြသည်။ ကိုသက်ရင်၏ ဝတ္ထုသစ်၊ ချိုချို၊ ရှမ်းပြည်နယ်အုပ်ချုပ်ရေး၊ ရေတံခွန်၊ အမျိုးသားလူနည်းစုတို့၏ ဓလေ့ထုံးစံများ စသည်ဖြင့် စုံလောက်အောင် ပြောကြသည်။

ကိုသက်ရင်ထပြန်သောအခါ မစောလင်းသည် လမ်းမအထိ လိုက်ပို့လေသည်။ မစောလင်း၏ ရင်ထဲဝယ် ယခုလို တစ်ရွာတကျေး၌ လူသိမခံ့ဝံ့သော အတိဒုက္ခနှင့် တွေ့ကြုံနေခိုက် ကိုသက်ရင်နှင့် လာတွေ့ရသည့်အတွက် အားတက်သလိုဖြစ်မိသည်။ ထို့အပြင် ရင်ထဲကပါ နိုမိလေသည်။

လသာသောညဖြစ်လေရာ တစ်ဝက်အလင်း၊ တစ်ဝက်အမှောင်ကျနေသောမျက်နှာမှာ ကြည်လင်ရွှင်ချိုသောအရိပ်က သန်းနေသည်ကို တွေ့နိုင်သည်။ မစောလင်းက...

'မပြန်ခင် လာလည်ပါနော်'

ဟု အခါခါမှာကြားသည်။

လမ်းအကွေ့တွင် ကွယ်ပျောက်သွားသည်အထိ လှမ်းမျှော်၍ကြည့်နေသည်။ လူသဏ္ဌာန်ကိုမမြင်ရတော့မှ အိမ်ပေါ်သို့တက်သည်။ လှေကားကိုတက်ရင်း ရင်ထဲက တဒိတ်ဒိတ်ခုန်နေ၍ ဖြည်းဖြည်းတက်ရသည်။

'မစောလင်းနဲ့ သိပ်ရင်းနှီးတာပဲနော်'

ဟု ဖလော်ရီက ထမင်းပွဲတွင် ပြောလေသည်။

မစောလင်းက ဘာမျှပြန်မပြော၊ ခေါင်းကိုသာ ညိတ်၍ ငြိမ်သက်စွာ ထမင်းစားနေလေသည်။

'ချိုချိုနဲ့လည်း ခင်ပုံရတယ်'

ထိုည မစောလင်းသည် အိပ်ရာသို့ အစောကြီးဝင်လေသည်။ လွိုင်ကော်မှာ စောစောပင် တိတ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းမပေါ်မှ ဘာသံမျှမကြားရချေ။ ဖြတ်သန်းသွားလာသူများပင် မရှိလှ။ လေတိုက်သဖြင့် သစ်ရွက်များပင် လှုပ်သံသာ ကြားရသည်။

တစ်ဖက်အိမ်မှ ကလေးငိုသံသည် ညအေး် တိတ်ဆိတ်ခြင်းကို ဖောက်ထွင်းလာသည်။ မအေလုပ်သူ၏ ကလေးချော့တေးသံမှာ လွင့်သွားလေသည်။

မစောလင်းသည် ဘယ်ပြန်ညာပြန်လှိမ့်နေရာမှ ငြိမ်သက်သွားသည်။ ကလေးငိုသံလည်း မကြားရတော့ပြီ။ တေးညည်းသံလည်း ရပ်စဲသွားသည်။

သူယုတ်မာတိုင်း ငါကပါလိုက်ပြီး မိုက်မဲရမှာလား။ ဘာမှမသိတဲ့ အသက်တစ်ချောင်းကို ထိခိုက်ရမှာလား။

မမှန်တာကို ပြန်၍ မမှန်တာလုပ်ခြင်းဖြင့် အမှန်သို့ရောက်မည် မဟုတ်။ ဘယ်သူကမှားမှား မိမိကအမှန်နှင့်သာ ဖက်ပြိုင်ရမည်။ ဘယ်သူ ကောက်ကျစ် ကောက်ကျစ် မိမိက ဖြောင့်မတ်ခြင်းဖြင့်သာ ဖက်ပြိုင်ရမည်။ မတရားမှုကို တရားမှုဖြင့်သာ ဖြေရှင်းရမည်။ လောကတွင် တရားခြင်းမှ တစ်ပါး အခြားဖြေရှင်းနိုင်သည် မရှိ။

မစောလင်းသည် ယောက်ျားမပီသ၍ ယုတ်မာမှုကိုနာကြည်းတိုင်း ထွက်လာသည့် ဒေါသတရားအား ဖြူစင်သည့်အမှန်တရားဖြင့် ဖက်ပြိုင်တိုက် ခိုက်သည်။ မောဟအမှောင်ကြီးကို အလင်းဖြင့် ခွင်းသည်။

အမှန်အတိုင်းသာလျှင် ဆုံးဖြတ်ရမည်။ ကလေးလောင်းလျာကို အသက်ရှင်ခွင့်ပေး၍...

'ဒီကလေးကို ကျွန်မမွေးတာ'

ဟု လူ့လောကကြီးအား ရဲရဲဝံ့ဝံ့ ပြမည်။

တစ်လောကလုံး ကဲ့ရဲ့ချင်လည်း ကဲ့ရဲ့ကြစေ။ တစ်လောကလုံးက





လက်ညှိုးတငေါက်ငေါက်ထိုးလျက်...

'အကျင့်မကောင်းဘူး'

ဟု ရှုတ်ချချင်လည်း ရှုတ်ချကြစေ။ ကိုယ့်ကို မှီခိုဖြစ်လာမည့် အသက်တစ်ချောင်းကိုသာလျှင် ကြည့်တော့မည်။ ကိုယ့်အဖို့ ကိုယ်မကြည့် တော့။

မစောလင်းသည် ကလေးဖျက်မပစ်တော့ဘူးဟု တစ်ထစ်ချဆုံးဖြတ် လိုက်လေသည်။

တိုက်ပွဲမှာ ရပ်စဲသွား၍ ငြိမ်သက်သွားလေသည်။ ညသည် တိတ်ဆိတ် နေလေသည်။ အပြင်ဘက်တွင်ကား လသည် တထိန်ထိန်သာလျက်ရှိသည်။ တစ်ဖက်ခန်းမှ အိပ်မောကျသဖြင့် အသက်ရှူသံများကိုပင် ကြားရသည်။

တဒိတ်ဒိတ်ရင်ခုန်လျက်က ငြိမ်ကျကာ အိပ်ပျော်သွားသည်။ အိပ် မက်တွေ ကယောင်ချောက်ချားမက်ပြီး လင်းအားကြီးလောက်တွင် နိုးလာသည်။ ကျေးငှက်များပင် သိုက်မြုံထက်မှ မထကြသေးချေ။

တစ်ဖက်အိမ်မှ ကလေးငိုသံ ပေါ်လာပြန်သည်။ အမေ၏ ချော့သံကို မကြားရ။ ကလေးသည် အိပ်ရာမှနိုးကာ ဆာလောင်၍ ငိုနေဟန်ရှိသည်။ အမေက အိပ်ပျက်၍ထင့်၊ မနိုး။ ကလေးသာ ငို၍နေသည်။

ယခုအကြိမ်တွင်မူကလေးငိုသံမှာ သာယာသည်ဟုမှတ်ထင်နေသည်။ 'ဘာဖြစ်လို့မှား အမေက မနိုးပါလိမ့်' ဟု ကလေးအတွက် ပူပန်သောစိတ် ပေါ်လာပြီသည်။

ကလေးသည် ထပ်၍ ငိုလိုက်ပြန်လေသည်။ မစောလင်းသည် ကလေးငိုသံကို စိုက်၍ နားထောင်နေသည်။ ချော့သံ၊ ပြုံးသံ၊ အိုအို့အေ့အေ့ အသံ မကြားရ။ ကလေးသည် ဒေါသဖြင့် အော်ငိုပြန်သည်။ သည်အခါတွင်



www.burmeseclassic.com

www.burmeseclassic.com



'မအေကလည်း နိုးရောပေါ့'ဟု အပြစ်တင်မိသည်။

မနက်အစောကြီး မစောလင်းသည် မနေ့ကယူလာသော သင်္ဘောချက် ဆေးထည့်ထားသည့် လွယ်အိတ်ကိုလွယ်လျက် ဘီလူးချောင်းသို့ သွားလေသည်။ နံနက်စောစောကြီးဖြစ်၍ မြစ်ယံတွင် လူရှင်းနေသည်။ မြူများရစ်ဆိုင်း၍ နေသည်။

မစောလင်းသည် ကမ်းနဖူးရှိ မယားကြီးပင်အောက်၌ရပ်လျက် လွယ်အိတ်ထဲမှ ဆေးပုလင်းကိုထုတ်ယူသည်။ ပုလင်းကို လက်ဖြင့်ဆုပ်၍ ဆကာ ဆကာလုပ်ပြီး၊ တအားလွှဲကာ မြစ်လယ်သို့ပစ်လိုက်လေသည်။ မြစ်ထဲတွင် ပလုံသံကြားရကာ သားဖျက်ဆေးပုလင်းသည် ရေအောက်သို့ ကျရောက်သွားလေသည်။

မစောလင်းသည် မလှုပ်မယှက် မတ်တတ်ရပ်လျက် မြစ်ထဲတွင် ပလုံစီကာ ဝိုင်းဝိုင်းရစ်ရစ်ဖြစ်၍သွားသော လှိုင်းကလေးများကို စိုက်ပြီး ကြည့်နေသည်။

ချောင်းတစ်ဖက်တွင်ကား မြူတွေဆိုင်းလျက်ရှိသဖြင့် ဘာမျှ သဲသဲကွဲကွဲ မမြင်ရ။ တောင်ကွဲစေတီတော်မှ တတင်တင်မြည်နေသော ဆည်းလည်းသံမှာ လွင့်၍လာသည်။ မြစ်ကြောတွင် သစ်ရွက်ခြောက်များ မျောနေလေသည်။

'အသက်ရှင်ခွင့် ပေးမယ်'

ဟု အသံထွက်အောင်ပင် ရေရွတ်လိုက်သည်။

မစောလင်းသည် မိမိကိုယ်ကို ယုယနိုင်သမျှ ယုယကာ ဖြည်းညင်းစွာ လမ်းလျှောက်၍ပြန်လာခဲ့သည်။

* * *

[ ၁၉ ]

ညနေတိုင်း ညနေတိုင်း ကိုသက်ရှင်လာလည်လေ့ရှိသည်။ လာလည်တိုင်း မစောလင်းသည် စိတ်သက်သာယာမှုရှိသည်။ အလာနောက်ကျသည့် အခါ တမျှော်မျှော်နှင့် ရှိနေတတ်သည်။

'ဘယ့်နှယ်... ဒီနေ့ နောက်ကျပါလား'

'ဟုတ်တယ်... မနက်အစောကြီးကတည်းက မဒေါ်ရွှာကလေးတစ်ရွာ သွားလည်ခဲ့တာ'

'ကျွန်မတော့ ဘယ်မှတောင် ခရီးမြို့မရောက်သေးပါဘူး။ ဆရာမ မေအေးချမ်းကတော့ ရေတံခွန်သွားရအောင် ပြောတယ်၊ ဘယ်တော့သွားဖြစ်မလဲ မပြောတတ်ပါဘူးရှင်'

'မြစ်ကြီးနားသွားတုန်းကလည်း ပူတာအိုနားအထိ ရောက်သွားတယ်'

[illegible]

www.burmeseclassic.com



ကချင်ပြည်နယ်ဟာ အင်မတန်အဖိုးတန်တဲ့ သတ္တုတွေထွက်တဲ့ နယ်မြေပဲဗျ။ အင်္ဂလိပ်လက်ထက်တုန်းကတော့ သူတို့ချည်း လက်ဝါးကြီးအုပ်ထားတယ်၊ မြန်မာတွေမသိရအောင် လုပ်ထားတယ်၊ ကိုယ့်မြန်မာနယ်မြေဖြစ်လျက်နဲ့ မြန်မာမရောက်နိုင်အောင် ပရိယာယ်အမျိုးမျိုးနဲ့ လုပ်ထားတယ်၊ သိပ်ဆိုးတာပဲ'

ကိုသက်ရှင်က စတီးဘရားသား၊ စသော ကုမ္ပဏီများက မြစ်ကြီးနား ရှိ သစ်တောများကို လက်ဝါးကြီးအုပ်ပုံ၊ အဖိုးတန် သတ္တုထွက်သည့်နေရာများ ကို နိုင်ငံရေးသမားများမလာနိုင်အောင် အင်္ဂလိပ်များ ပိတ်ပင်ထားခဲ့ပုံများကို ပြောပြလေသည်။

'ဟုတ်တယ် ကိုသက်ရှင်၊ ကျွန်မလည်း ဒီရောက်မှ တောင်တန်းဒေသ မှာ တကယ့်အဖိုးတန်ပစ္စည်းတွေရှိမှန်း သိရတယ်၊ ဒီမှာဆိုရင် ဖော်ချိုးသတ္တု တွင်းဟာ ဘယ်လောက်အဖိုးတန်သလဲ၊ ဒါပေမယ့် နိုင်ငံခြားသားကုမ္ပဏီ လက်ထဲမှာပဲ ရှိတယ်၊ လုပ်ဖို့ကောင်းတာက ဒီတောင်တန်းဒေသတွေကို ခေတ်မီလာအောင် အစစအရာရာ လုပ်ပေးဖို့လိုတယ်၊ အင်္ဂလိပ်လက်ထက်က ဆိုရင် သူတို့ကို တစ်ခါတည်း မျက်စိမပွင့်အောင် ပိတ်ထားတာပဲ၊ သူတို့မျိုးကြား မှ သူတို့ရဲ့ ပစ္စည်းတွေကို ယူနိုင်မှာကိုးနော်'

ကိုသက်ရှင်က မစောလင်းပြောသည်ကို သဘောတူသည်။

'ကျွန်တော်လည်း တောင်တန်းဒေသတွေအကြောင်းတည်းပြီး ဝတ္ထုတစ်ပုဒ် ရေးနေတယ်'

'ရှင် အနားယူနေတယ်ဆို ဝတ္ထုရေးပြန်ပြီလား'

မစောလင်းက ဆရာဝန်စိတ် ပေါ်လာကာ မှုပင်သွားသည်။

'ဒီလိုပါလေ၊ အခုရေးနေတယ်လို့ဆိုတာ မဟုတ်ပါဘူး၊ အချက် အလက်တွေကို စုဆောင်းရေးမှတ်နေတာလို့ ပြောတာပါ'





သည်တော့မှ မစောလင်းသည် ပြုံးရယ်နေလေသည်။

'ရှင် အခု ခရီးထွက်လာတာ ကျန်းမာလာတယ်၊ အခုဆိုရင် တော် တော်ဝလာတယ်၊ ရှမ်းပြည်နယ်နဲ့ တည့်တယ်ထင်တယ်'

'သူတို့ဓလေ့ထုံးစံကို လေ့လာရတာ အင်မတန်စိတ်ဝင်စားဖို့ကောင်း တယ်၊ ကချင်ပြည်နယ်ရောက်တုန်းကဆိုရင် တစ်ရွာပြီးတစ်ရွာ ကျွန်တော် လျှောက်သွားနေတာပဲ၊ ဆင်းရဲတော့ တော်တော်ဆင်းရဲကြတယ်၊ ဒါပေမယ့် ရိုးသားဖြူစင်တဲ့နေရာမှာ ပထမတန်းပဲ၊ ညီ့သည်များလာရင် ဘယ်လိုညီ့ဝတ် ပြုရမယ်ဆိုတာ ကြည့်နေတာပဲ၊ ဧည့်သည်ကို အိမ်ဦးခန်းကထားပြီး ပြုစု တော့တာပါပဲ'

'ဒီမှာလည်း ဒီလိုပါပဲရှင်၊ သိပ်ရိုးသားဖြူစင်ကြတယ်၊ တကယ့် ပင်ကိုမေတ္တာစိတ်ပဲ'

'ဓလေ့ထုံးစံတွေဆိုရင်လည်း သူ့ရွာနဲ့သူ၊ ကချင်ပြည်နယ်ဘက်က တော့ ယမ်းပုဓော်ပွဲဆိုတာရှိတယ်၊ အဲဒါတော့ သူတို့ယဉ်ကျေးလာအောင် မျက်စိပွင့်ပေးဖို့ လိုတာဗျာ'

မစောလင်းသည် ကချင်ပြည်နယ်မရောက်ဘူး၍ ကိုသက်ရှင်ပြောသမျှ မြိမ်သက်စွာ နားထောင်နေလေသည်။

'မနက်က ပဒေါင်ရွာသွားလည်တော့ တော်တော်ထူးထူးဆန်းဆန်းတွေ တွေ့ခဲ့တယ်'

'လည်ပင်းမှာ ကြေးခွေတွေ ပတ်ထားတာကတော့ စိတ်ညစ်စရာပဲ နော်'

ဟု မစောလင်းက ပြုံး၍ပြောသည်။

'ဒါကတော့ သူ့ဘာသာဘာသနဲ့ သူကိုး၊ သူတို့အဖို့မှာတော့ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်စရာဟုတ်ပုံပါလား ကြေးနွေများလေ ဂုဏ်ယူရလေပေါ့။ အလှဆိုတာ သူ့မျက်စိနဲ့သူပဲ မဟုတ်ဘူးလား'

'ဟုတ်… ဟုတ်မှာပါပဲ၊ ကျွန်မတို့အနေနဲ့သာ စိတ်ညစ်စရာကောင်းတယ် ထင်ရတာ'

'သူတို့လေ့ထုံးစံတွေထဲမှာ အိမ်ထောင်ရေးနဲ့ပတ်သက်တာ တစ်ခုက တော်တော်စိတ်ဝင်စားစရာပဲ'

မတေလင်းက ခေါင်းကိုမော့၍ ကိုသက်ရင်ကို ကြည့်နေသည်။

'သူတို့အစုထဲကသူကိုသာ ယူရတယ်၊ ဒို့ပြင် မယူရဘူး။ ယူရင် သတ်ပစ်သတဲ့၊ နောက်ပြီး ကြိုက်ရင်ယူရတယ်၊ မယူဘဲနဲ့ထားရင် သတ်ပစ်တယ်၊ စည်းကမ်းကြီးတယ်နော်'

မတေလင်းသည် ဤနေရာသို့ရောက်သောအခါ ဗိုက်၍ နားထောင်ရင်းရင်ထဲတွင် တစ်မျိုးကြီးဖြစ်လာသည်။

တောတောင်ဒေသရှိ လူများကို ရိုင်းသည်ဟု လူယဉ်ကျေးများက ပြောကြသော လူများကား အိမ်ထောင်ရေးနှင့်ပတ်သက်၍ မချိုးမဖောက်ရသော သတ်မှတ်ချက်ရှိပေသည်။ ဘာပဲဖြစ်ဖြစ် ဤဒေသရှိ လူများသည် အရိုးခံဖြစ်ကြသည်။ ရိုးသားခြင်းသည် အမှန်ဆုံးဖြစ်ခြင်းပင် ဖြစ်သည်။

ရိုးသားခြင်းသည် ဖြူစင်လေသည်။ တွေတွေပြားပြားတို့မှ ကင်းရှင်း၍ ပိန္နဲဖလာ အရိုးခံ နေထိုင်စားသောက်ကြသော တောတောင်ဒေသရှိလူများကား ပကတိပင် ဖြောင့်စင်းကြသည်။ ယဉ်ကျေးသည်ဟု မိမိတို့မှတ်ထားသော လူယဉ်ကျေးလောက၌ကား အမျိုးမျိုးအပြားပြားသော မာယာတို့ဖြင့် ရောစပ်ကူးယှက်နေသဖြင့် အရိုးခံမရှိကြတော့ပေ။

ကိုသက်ရင် ပြန်သွားသောအခါ မတေလင်းသည် တွေးတောစဉ်းစား





လျက် ကျန်ရစ်လေသည်။

မိမိသည် သန္ဓေကိုမဖျက်တော့ဟု ဆုံးဖြတ်လိုက်ပြီးပြီ။ မဖျက်သည့်နောက် တစ်လထက်တစ်လ ရင့်မာလာပေမည်။ ယခုပင် အားနည်းနေသည်။ ယခင်ကလောက် ဖျတ်ဖျတ်လတ်လတ် မရှိတော့ပေ။ ကိုယ်လက်လေးလံကာ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေလေသည်။

သူများရပ်ရွာတွင်ပဲ ကိုးလဝေ့အောင် နေမည်လော။ ဖလော်ရီမှာ ဘယ်လောက်မိမိအား ခင်မင်သည်မှန်သော်လည်း ကြာရှည်လေးမြင့် သူ့ဆီမှာနေလျှင် တော်မှတော်ပါ့မလား။ ဖလော်ရီကိုအသိပေးရလျှင် ကောင်းမည်လား။

ရှက်စရာဟူ၍ အသိမပေးဘဲနေမည်မဟုတ်။ အသိမပေးဘဲစရာဟူ၍ စိတ်ထဲတွင် မရှိ။ မိမိမှာ ဤကလေးကို အသက်ရှင်ခွင့်ပေးကာ လူ့လောကကြီးနှင့် မျက်နှာချင်းဆိုင်ရန် ဆုံးဖြတ်ပြီးချေပြီ။ နောက်နှစ်လခန့်ကြာလျှင် လူမြင်သူမြင်အခြေသို့ရောက်တော့မည်ကား မလွဲ။ အသိပေးရမလား။ အခုကတည်းက ပြောလိုက်ရမည်လား။

ဖလော်ရီနှင့် ခင်မင်သည်ဆိုသော်လည်း ရင်းရင်းနှီးနှီး အတွင်းအပြင်ပုံအပ်၍ ခင်မင်ကြသည်မဟုတ်။ ဥပမာဆိုလျှင် ချိုချိုနှင့်လို ဆိုးတိုင်ပင်ကောင်းတိုင်ပင်၊ တစ်ယောက်လည်ပင်း တစ်ယောက်ဖက်ကာ တစ်ယောက်အဖြစ် တစ်ယောက်ဖွင့်ပြောတတ်တာမျိုး မဟုတ်။

သို့ဖြစ်ရာ ဖလော်ရီအား အသိပေးရမည်ကို စဉ်းစားရဦးမည်။ ဖလော်ရီသဘောထားကို မိမိဘာမျှမသိသေး။ အထူးသဖြင့် ယခုကဲ့သို့သော ကိစ္စမျိုးနှင့်ပတ်သက်၍ ဘယ်လိုထင်မြင်မည် မပြောတတ်။

အထင်သေးမှာလား။ ဘယ်လိုမျှား ထင်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



မိမိအဖို့မှာကား အသက်တစ်ချောင်းအတွက် တစ်လောကလုံးက တလွဲထင်မှာကို အမှတ်မထားဘဲ ရဲရဲရင်ဆိုင်တော့မည်ဟု ပိုင်းဖြတ်ပြီးဖြစ်၍ သည့်ပြင် ဘာတစ်ခုမှ ထည့်သွင်းစဉ်းစားစရာ မလိုတော့ပြီ။

သို့သော် ဖလော်ရီထံတွင် ဘယ်လောက်ကြာအောင် နေရမည်ကို ကြည့်ရပေမည်။ အမှန်အားဖြင့် လှိုင်ကော်မှာနေချင်စဖွယ် သာယာသော တောင်တန်းဒေသ နယ်တစ်နယ်ဖြစ်၏။ ရာသီဥတု အစားအသောက်မှာလည်း ဆိုစရာမရှိ။ ဤလှိုင်ကော် ဖလော်ရီထံတွင် ကိစ္စပြီးသည်အထိ နေမနေကိုသာ ချင့်ချိန်ကြည့်ရမည်။

မစောလင်းသည် ဤအရေးကို တွေးရင်းတွေးရင်း ဘယ်မှာနေရမည့် ပြဿနာသည် လောလောဆယ် ဖြစ်လာလေသည်။ ကလောကိုပြန်၍သွားပြီး ဟိုမှာပဲ ကိစ္စပြီးသည်အထိ နေရမလား။ ကလောမှာ လှိုင်ကော်ထက် အေးမြသည်။ ထင်းရှူးနံ့တို့ကလည်း တသင်းသင်းရှိသည်။ ကညင်တောကြီးထဲ သွားလာလည်ပတ်နိုင်သည်။

သို့သော် မိမိတည်းခိုရမည့် ကြီးကြီးတို့အိမ်မှာ ခန်းနားထည်ဝါပါသော်လည်း မလွတ်လပ်။ ကြီးကြီးမှာ ရှေးဆန်သော အယူအဆရှိသည်။ ဤကိစ္စမျိုးကို ဘယ်လိုအဆုံးအဖြတ်ပေးမည်မသိ။ မိမိအတွက်နှင့် တစ်အိမ်လုံး စိတ်မချမ်းသာစရာလည်း မဖြစ်သင့်။ မိမိအသက်ရှင်ခွင့် ပေးပုံကိုလည်း ကြိုက်ချင်မှ ကြိုက်ကြမည်။ ယခုကဲ့သို့ မိန်းမဘဝတစ်သက်တာတွင် မိန်းမများဒုက္ခထဲ၌ တစ်ပါးအပါအဝင်ဖြစ်သော မီးဖွားကိစ္စမှာ စိတ်ချမ်းချမ်းမြေ့ သာယာခြင်းရှိမှလည်း ကျန်းကျန်းမာမာ ဖွားမြင်နိုင်မည် ဖြစ်ပေမည်။ သူများအိမ်တွင် ဒီဒုက္ခနှင့်လည်း ကြာရှည်လေမြင့်ကြီး မနေချင်။

မိမိမှာ ဆရာဝန်ဖြစ်သည်။ မိန်းမများ မီးဖွားရေးကိစ္စများတွင်





ပါဝင် ကူညီလုပ်ကိုင်ပေးခဲ့သည်မှန်သော်လည်း မိမိအရေးကျသောအခါ ယောင်တီး ယောင်တ ဖြစ်ချင်ဖြစ်မည်။

အခြားသူများကို စမ်းသပ်ကြည့်ရာ၌ သိရှိနားလည်သော်လည်း မိမိကိုယ်တိုင်ကိုယ်ကျသောအခါမှ ဇဝေဇဝါဖြစ်နေတတ်သည်။ ဤအရေးများမှာ စိတ်ရှုပ်စရာ ကောင်းလှသေးသည်။

နောက်ဆုံး ဖလော်ရီထံသို့ ပြန်ရောက်လာပြန်သည်။ ဖလော်ရီမှာ ဆရာမဖြစ်၍ ဤကိစ္စအတွက် စိတ်ချရသည်။ ဖလော်ရီမှာ သားဖွားသည့်ဘက်မှ လက်မှတ်ရဆရာမ မဟုတ်သော်လည်း ပြုစုသည့်နေရာတွင် အင်မတန်မှ ကြင်နာစိတ်ထားတတ်သည်ကို မိမိကောင်းကောင်းသိသည်။

နောက်ထပ် ခုနစ်လခန့်သာ နေရဦးမည်ကို စဉ်းစားကြည့်မိပြန်သည်။ နိုင်ငံခြားသို့ရှုလာသော (ဗီဇာ)အတွက်ကား တပြန်လိုက်ပြီးပြီ။ ဆေးမင်းကြီး ထံသို့လည်း မိမိအင်္ဂလန်သို့ မလိုက်နိုင်တော့ကြောင်း ပြန်ကြားလိုက်ပြီးပြီ။

ထိုသို့ တိုင်တွေးနေစဉ် ဖလော်ရီဆေးရုံမှ ပြန်လာလေသည်။

'ဒီနေ့ နေကောင်းတယ် မဟုတ်လား… ဟင်'

ဟု နှုတ်ဆက်လေသည်။

'နေကောင်းပါတယ်'

ဖလော်ရီမှာ မစောလင်းကို နေကောင်းမကောင်း အကဲခတ်သလို ကြည့်လေသည်။

'အခုပဲ ကိုသက်ရှင် ပြန်သွားတယ်'

ဖလော်ရီသည် အဝတ်အစားလဲရန် အခန်းတွင်းသို့ ဝင်သွားသည်။

မစောလင်းမှာ ဖလော်ရီ၏ မိမိအား ဂရုစိုက်ပုံကို စဉ်းစားမိလေသည်။ ထိုအခါ ဒီမှာပဲ ကောင်းမှာပဲထင်ပါရဲ့ဟု စိတ်၌ ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိမှာ ယခင်ကလောက် အမောမခံနိုင်။ ချိုချိုနှင့် ဒေါ်လေးကို ပြေးသတိရသည်။

အဝတ်အစားလဲပြီး၍ ဖလော်ရီက အနားသို့လာထိုင်သည်။

'ဒီကနေ့ မစောလင်းရယ်... လူနာက လက်ကိုအတင်းဆုပ်ပြီး ဖျစ်ညှစ်ကိုင်လို့ လက်တွေတောင် နာနေတယ်'

မစောလင်းသည် အသာနားထောင်နေသည်။

'ညည်းလိုက်တာလည်း မပြောနဲ့တော့'

ဟု ပြောပြီး ဖလော်ရီသည် ပြုံးရယ်နေသည်။

'ဘယ်လိုလူနာလဲ'

'မီးဖွားတာ'

ဖလော်ရီကပြောပြီး ရယ်နေသည်။ မစောလင်းကမူ တိတ်နေလေသည်။

'သားဦးမွေးတာ၊ ပထမကလေးဆိုတော့ နည်းနည်းပင်ပန်းတာပေါ့၊ ခဲခဲရင်းရင်းပဲ မွေးရတယ်။ လူနာက သိပ်ညည်းတာပဲ၊ ဝမ်းနာတိုင်း ကျွန်မ လက်ကို ဖျစ်ညှစ်ထားလိုက်တာ မပြောနဲ့တော့၊ သူ့ယောကျ်ားကိုလည်း တ,လိုက်တာဆိုတာ'

ဖလော်ရီသည် ရယ်မောနေသည်။ မစောလင်းက ဖြတ်၍ မေးခွန်း မထုတ်၊ ပြောပြသည့်အတိုင်းသာ နားထောင်နေ၏။ ခါတိုင်းလိုဆိုလျှင် 'သူ့ယောကျ်ား အနားမှာမရှိဘူးလား' ဟု မေးမိမည်ဖြစ်သည်။ သို့သော် ဖလော်ရီက ဆက်လက်ပြောပြသည်။

'သူ့ယောကျ်ားက တောတက်နေလို့ မရှိဘူး။ ကလေးကခက်တော့ ညည်းလိုက်တာလေ သနားစရာပဲ၊ ချွေးဒီးဒီးကျလာတာပဲ၊ ပါးစပ်ကလည်း





သူ့ယောကျ်ားနာမည် တတပြီး ညည်းသေးတယ်၊ ကျွန်မဖြင့် ခက်ခက်ရ ချည်ရော အောက်မေ့တယ်'

မစောလင်းက သူ့အတွေးနှင့်သူ ငြိမ်သက်စွာ နားထောင်နေသည်။ တစ်ခွန်းတစ်ဘာသာမှ ဝင်မပြော။

'ညကျတော့ သူ့ယောကျ်ားလာတော့မှ မညည်းတော့ဘူး။ မွေးပြီး တော့လည်း သူ့ယောကျ်ားနဲ့ ရယ်လိုမောလို့ ပြောဆိုနေလိုက်တာ အကောင်းသား'

ဖလော်ရီက စကားကိုဖြတ်ထားပြီးမှ တစ်ခါ...

'သားဖွားရတာ သက်စွန့်ဆံဖျားဖွားကြရတာ ဒုက္ခကြီးပဲနော်၊ မီးဖွား တယ်ဆိုတာလည်း၊ လင်သား အနားမှာရှိမှလည်း အားရှိတာပဲ'

ဖလော်ရီက မီးဖွားပုံကိစ္စများကို လျှောက်ပြောပြနေခိုက် မစောလင်း ၏ရင်ထဲ၌ တလှပ်လှပ်ဖြစ်နေလေသည်။

မိမိရှေ့ရေးအတွက်လည်း လုပ်စရာအစီအစဉ်များ တစ်ပုံကြီးကျန်ပါ သေးကလားဟု မတွေးဘဲမနေနိုင်အောင် ဖြစ်လာသည်။ ဒေါ်လေးကိုပဲ သတိရသည်။

ဒေါ်လေးက ကြုံဖူးသူဖြစ်၍ ဤကိစ္စ ကောင်းကောင်းနားလည်သည်။ ဖေဖေရှိလျှင်ကား ပြောဖွယ်ရာမရှိ။ ဆရာဝန်လည်း ဖြစ်သည်။ မိမိကိုလည်း ချစ်ခင်ယုယ၍ အစစအရာရာ အားကိုးရသည့် ဖေဖေ။ ယခုကား ဖေဖေ မရှိမှ မတော်မတရား အစော်ကားခံရသည်။

မစောလင်းသည် ဝမ်းနည်းခြင်းဖြင့် အတန်ကြာ ငြိမ်သက်နေပြန်သည်။

ဘာပဲဖြစ်ဖြစ် ဒီမြို့ကလေးမှာပဲ ကိစ္စပြီးအောင်နေပြီးမှ ရန်ကုန်ပြန်မည် ဟု တွေးနေလေသည်။

ဒေါ်လေးနှင့် ချိုချိုတို့ထံ ဘယ်လိုစာရေးရမှန်းမသိ၊ ရက်ကြာနေမည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုက ဖြစ်သမျှကို အကြောင်းကြားလိုက်ဖို့ပင် ရှိသည်။ သို့မဟုတ်က အင်္ဂလန်သို့ မသွားဖြစ်လျှင် ရန်ကုန်ပြန်၍ ဆေးတိုက်ဖွင့်ရန်မှတစ်ပါး အခြားမရှိ။ မနေ့ကပင် ချိုချိုထံသို့ ကျန်းမာလာအောင် ဂရုစိုက်မည့်အကြောင်း စာထည့်လိုက်သေးသည်။

ထို့နောက် ကိုသက်ရင်ကို သတိရသွားသည်။

လှိုင်ကော်တွင် ဖလော်ရီအပြင် ကိုသက်ရင်လည်း ရှိသေးသည်ဟူသော အသိသည် ဝင်၍လာသည်။ ကိုသက်ရင် ညနေတိုင်းလာ၍ စိတ်ပြေလက်ပျောက် ဖြစ်ရသည်။ ဒီအကြောင်းတွေကို ကိုသက်ရင်အား အသိပေးရရင် ကောင်းမလား။

'ဖလော်ရီက မစောလင်းရေ ထမင်းစားရအောင်နော်။ ပြီးရင် ဘီလူးချောင်းကို သွားရအောင်'

ဟု ခေါ်လေသည်။

ထိုညဉ့် မစောလင်းသည် ပြတင်းကိုဖွင့်လိုက်ကာ အဝေး၌ ညို့ညို့မှိုင်းမှိုင်း တောတောင်များကို ငေးမိလေသည်။ တောင်တန်းကြီးမှာ ဘယ်အထိ ပေါက်သည်ရောက်သည်ကို မမှန်းဆတတ်နိုင်ပေ။ အဝေးကြီးဟု၍သာ ရမ်းရော်ရသည်။

ထိုသို့ အဝေးသို့မျှော်မှန်းရင်း ရင်ထဲ၌ တစ်စုံတစ်ရာကို တမ်းတမိသည်။ ကြင်နာမည့်သူ၊ ယုယုယယ ဖေးမမည့်သူ၊ ယခုလို မကျန်းမမာနှင့် တစ်ယောက်တည်းဖြစ်နေခိုက် ယုယုယယ ဂရုစိုက်မည့်သူ။

မစောလင်းသည် ထိုညဉ့် နဖူးပေါ်လက်တင်လျက် တော်တော်နှင့် အိပ်မပျော်နိုင်ဘဲ ဖြစ်နေသည်။

✻ ✻ ✻

[ ၂၀ ]

စိတ်ထဲက ညစ်ညူးနေသမျှ သူနှင့်တွေ့သောအခါ မေ့ပျောက်သွားသလိုလို ဖြစ်ရသည်။

စားလို့သောက်လို့မကောင်းသည်မှာ ရက်အတန်ကြာရှိပြီ။ ထမင်းကိုမြင်လိုက်လျှင် ဖို့ချင်အန်ချင်စိတ်ပင် ဖြစ်သည်။ ဆီပြားများကို သာ၍ပင် နှလုံးနာသေးသည်။ ဖလော်ရီကပင် ထမင်းမစားပါလားဟု အံ့သြရသည်။ မစောလင်း ကောင်းကောင်းနေမကောင်းသည်ကို တွေ့ရသဖြင့် ယခင်ကထက်ပို၍ ကြင်နာလာသည်။ သို့သော် မစောလင်းကမူကား နေကောင်းတယ်ဟု၍ ချေး (ကိုး)ကျူမများဘဲ ခပ်အေးအေးပင် နေသည်။

ကောင်းကောင်းမကျန်းမာ၍ သရီးသရီဖြစ်လာသည့်အခါ ချိုချိုနှင့် ဒေါ်လေးကိုပဲ သတိရနေသည်။ စိတ်ထဲက အားငယ်ငယ်နှင့်ဖြစ်နေစဉ် သူနှင့်တွေ့သောအခါ အားတက်မိပြန်သည်။ သူပေါက်လာလျှင် အားငယ်စိတ်များ ပျောက်ကာ လန်းသလိုလို ဖြစ်လာသည်။

သိဟရုဏာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်း ညနေစောင်းကဲ့သို့ပင် အပင်ကြီး၏ အရိပ်သည် မြေပြင်ကို ပြည့်သွားအောင် အရိပ်ထိုးနေသည်။ ခါတိုင်းကဲ့သို့ပင် လေဟာပြင်ဖြူးဖြူးတိုက်ခတ်လျက်ရှိသဖြင့် သစ်ရွက်သစ်ကိုင်းများကြားထဲသို့ ဖြတ်သန်းတိုးဝှေ့သည် ပြည်ရှုံ့နေလေသည်။ ခါတိုင်းကဲ့သို့ပင် အဝေးမှ မြူတွေနှင့် မှိုင်းမှိုင်းပြာနေသော တောင်တန်းကို မြင်ရသည်။

သူလာဘော့မည်ကို စိတ်ထဲက သိနှင့်လေသည်။ အမှောင်သည် မြူများနှင့်ရောကာ ဝင်လာသည်။ ခြေသံလို ကြားရသည်။ လေတိုက်သဖြင့် လွင့်နေသော သစ်ခက်ခြောက်များ၏ လွင့်လျားသံနှင့်အတူ သူ့ခြေသံမှ သူ့ခြေသံ။

သူသည် အသားအရေစိုပြည်ကာ ဝဖြိုးနေသည်။ ရန်ကုန်တုန်းကလို ဖြူ ဖျော့ဖျော့ မဟုတ်တော့ပြီ။ နေမှထဲ လျှောက်လည်ပတ်ခဲ့လား။ မသိ။ မျက်နှာမှာ အနည်းငယ် ညိုသွားသည်။ ဆံပင်ကို ဘယ်တော့မှ ဖြီးမထားသဖြင့် ပွယောင်းယောင်းပင်။

ခါတိုင်းကဲ့သို့ပင် လက်ဖက်ရည်ကြမ်းကို သူ့ဟာသူငှဲ့၍ သောက်လေသည်။ ပန်းကန်ထဲတွင် မငှဲ့ခင် ဆားလေး အရင်ထည့်လိုက်သည်။

'ကိုသက်ရှင် တော်တော်ဝလာတယ်၊ ရှုပ်ပြည်နယ်နဲ့ တည့်တယ်ထင်တယ်'

ကိုသက်ရှင်က ဘာမှပြန်မပြောဘဲနေနေသည်။

အတန်ကြာမှ မစောလင်းကိုမကြည့်ဘဲ လက်ဖက်ရည်ကိုငှဲ့လျက်က

'မစောလင်း ဒီမှာ ကောင်းကောင်းနေမကောင်းဘူးလား'

ဟု မေးလေသည်။

မမေးစဖူး။





'ဘာဖြစ်လို့လဲ'

ဟု မစောလင်းက ပြန်မေးသည်။ သူကြည့်ရသည်မှာ ဘာမှုမသိမြင်သလို၊ သူ့စိတ်ကူးနှင့်သာနေတတ်သလိုနှင့်၊

'မစောလင်းကြည့်ရတာ တစ်မျိုးပဲ၊ ရန်ကုန်မှာတုန်းကလို ကျန်းကျန်းမာမာ မဟုတ်သလိုဘဲ၊ နေကောင်းရဲ့လားဟင်'

သူ့အသံမှာ ညင်သာပျော့ပျောင်း နူးညံ့လေသည်။

မစောလင်းရင်ထဲတွင် တဒိတ်ဒိတ်ခုန်နေသည်။ နေမကောင်းဘူးပြောရမလား။ နေကောင်းတယ်ပြောရမလား။ နေကောင်းတယ်ပြောလိုက်လျှင်လည်း အမှန်အကန်ကို ပြောတာမဟုတ်။ ဝတ်ကျေဝတ်ကုန် ယဉ်ကျေးမှုထုံးစံ ပြောမှုဖြစ်သည်။ နေကောင်းသည်ဖြစ်စေ၊ နေမကောင်းသည်ဖြစ်စေ နေကောင်းပါတယ်ဟု ပြောခြင်းကား ယဉ်ကျေးမှုပင်။ ဗိုဗိုး၏ အသိအကျွမ်းထဲကဆိုလျှင် သည်လိုပဲ ပြောကြမြဲပင်။

ကိုသက်ရှင်ကား ခင်မင်ရင်းနှီးသော မိတ်ဆွေဖြစ်သည်။ ယခုကဲ့သို့ တာ်ရွာတကျေးမှာ တွေ့ရသည်မှာ ပို၍ပင် ခင်မင်မိသည်။ သူ့အကြောင်း သူ့သဘောသဘာဝကို နားလည်ကာမှလည်း နီးကပ်ခင်မင်၍ လာသည်။

ကိုသက်ရှင်လို ခင်မင်ရင်းနှီးသောသူကို ဝတ်ကျေဝတ်ကုန်ပြော၍မဖြစ်။ အမှန်အတိုင်းပင် ပြောရမည်။ သို့မှလည်း ခင်မင်မှုသည် နက်နဲပေမည်။ ဗိုဗိုက နေမကောင်းဟုပြောလိုက်လျှင် ဘာကြောင့်နေမကောင်းဘူးဆိုသည်ကို လည်း နောက်ထပ် ပြောရပေမည်။ အကြောင်းအကျိုးသည် ဆက်စပ်လျက် ရှိသည်။

မစောလင်းက ဘာမှုပြန်မပြောဘဲနေသဖြင့် သူက ဆက်လက်၍...

'အနားယူနေတုန်းဆိုတာ ကျန်းကျန်းမာမာရှိရမှာပေါ့၊ ကျွန်တော်တော့



www.burmeseclassic.com

နားထင်မှိုးတွေတောင် နည်းနည်းကျသွားသလားလို့'

သူ့အပေါ်တွင် သည်လောက်အနှစ်ဝင်လိမ့်မည်ဟု မထင်ခဲ့။ သူ၏စာအုပ်များကိုဖတ်၍ကား၊ အင်မတန်ထက်မြက်တဲ့ စာရေးဆရာတစ်ဦးပဲဟု နားလည်ခဲ့သည်။

အကြောင်းအရာကို အရှစ်ဖော်ရေးသည့်အခါ သူ့လောက် ဘယ်စာရေးဆရာမှ ပေါ်အောင်မဖွဲ့ပြတတ်။ သူ့စာအုပ်ကို ဖတ်ရသည့်အခါ ထိတွေ့ခံစားလာရသည်။ သည်လောက်ပင် မှုးရှထက်မြက်သောပညာဖြင့် ရေးသားနိုင်သည်။ အနှစ်ဝင်လှသည်။ သို့သော် မိမိအပေါ်တွင်မူ သည့်လောက် အနှစ်ဝင်လိုက်မည်ဟု မထင်ခဲ့။ ယခုမှ နားလည်လာသည်။

ထို့ကြောင့် ခင်မင်ရင်းနှီးခြင်ကို လေးနက်စေမည်ဟု မှိုင်းဖြတ်လိုက်လေသည်။

'ကိုသက်ရှင်... ကျွန်မ တစ်ခုမေးပါရစေရှင်'

'မေးပါ'

'လောကကြီးမှာ လူတွေဟာ ဘာနဲ့နေသလဲရှင်'

မစောလင်းအမေးကို ကိုသက်ရှင်က နားမလည်သဖြင့် မျက်စိကိုမှေးကာ တွေးနေသည်။ မစောလင်းက ဤအဖြစ်ကို သတိထားမိလိုက်သည်။

'ကျွန်မပြောတာ လောကြီးသွားတယ်'

မစောလင်းက သူ့ဘာသာ သဘောကျပြီး ရယ်မောလေသည်။

'ကျွန်မဆိုလိုချင်တာက ဒီလိုလေ၊ လောကကြီးမှာ လူတွေနေကြထိုင်ကြတာတွေမှာ လူတွေရဲ့ ထင်မြင်ချက်ဆိုတာ ရှိတယ်မဟုတ်လား။ ဟို... ရှေးရှေးကတည်းက လူရယ်လို့ဖြစ်လာကတည်းက ဘယ်လိုအမှုကိုပြုရင် ဘယ်လိုဖြစ်ရမယ်၊ ဒါဟာဖြင့် မပြုအပ်တဲ့အမှု၊ အဲဒီလို လူအပေါင်းက





သတ်မှတ်ထားတဲ့ အထင်အမြင်တွေနဲ့ ဒီထင်မြင်ချက်တွေဟာ ကြာတော့ အတည်ဖြစ်လာပြီး လူတွေရဲ့ ကိုယ်ကျင့်ဥပဒေတွေရယ်လို့ ရှိလာကြတယ် မဟုတ်လား'

'မစောလင်းက ကိုယ်ကျင့်တရားတွေကို ပြောနေတာလား'

'ဟုတ် ဟုတ်ပါတယ်၊ လူ့လောကကြီးမှာ လူတွေက သတ်မှတ်အတည်ပြုထားတဲ့ ကိုယ်ကျင့်တရားတွေကိုပေါ့၊ အဲဒီမှာ လူအပေါင်းက ကဲ့ရဲ့သဘောပြုကြတာတို့၊ အပြစ်ဆိုတာတို့ဆိုတာ ရှိရတယ်နော်၊ ဘယ်လို ဘယ်ဝါ ကိုယ်ကျင့်တရားနဲ့မညီရင် ကဲ့ရဲ့ပြစ်တင်ကြမှာလဲ'

ကိုသက်ရှင်သည် စိတ်ဝင်စားလာသည်။

'ဟုတ်ပါတယ်၊ လူတွေနေထိုင်တဲ့ အဖွဲ့အစည်းနဲ့ နေထိုင်တဲ့အခါမှာ ဒီလူတွေက နှစ်အဆက်ဆက် ခေတ်အဆက်ဆက်က သတ်မှတ်အတည်ပြုထားကြတဲ့ ကိုယ်ကျင့်တရားတွေအောက်မှာ နေကြရတာပေါ့'

'အဲဒီတော့ရှင် လူတွေက ဒီသူတို့လိုက်နာနေတဲ့ ကိုယ်ကျင့်တရားတွေနဲ့ ဆန့်ကျင်နေရင်ဖြင့် ကဲ့ရဲ့ကြမှာပေါ့'

'ဒါက လူ့သဘာဝပါပဲ၊ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းဆိုတာ ဒီလူကျင့်တရားတွေအလိုက် ရှိရတာပေါ့'

မစောလင်းက နည်းနည်းငေးပြီးမှ ဆက်၍ပြောလေသည်။

'အဲသလိုဆိုတော့ရှင် လူတွေက နားလည်ထားတဲ့ ကိုယ်ကျင့်တရားတွေနဲ့ပဲ ကျွန်မတို့က နေရမှာလား။ ဒီလူတွေထက်ဝိုသိတဲ့ ကိုယ့်အမြင်မှန် အမှန်မှန် ကရတဲ့ တရားနဲ့နေရမှာလား။ တစ်ခါတလေမယ် အများထင်တာက တစ်မျိုးတကယ်ဖြစ်နေတာက တစ်မျိုးဖြစ်တာမျိုး ရှိကြသေးတယ် မဟုတ်လားရှင်'

ကိုသက်ရင်က စဉ်းစားသည့်ဟန်ဖြင့် နားထောင်နေပြီး 'လူတွေရဲ့ ထင်မြင်ချက်နဲ့ နေတယ်ဆိုတာမျိုးကတော့ စိတ်အားနည်းတဲ့လူတွေအဖို့ပါ၊ အများက ကဲ့ရဲ့တာမခံနိုင်ဘူး၊ အများက ထင်မြင်တာ ဂရုထားရမယ်၊ ဘာရယ်ညာရယ်ဆိုတာက ကိုယ့်စိတ်ကို အားမကိုးတဲ့လူတွေအဖို့ပါ၊ တကယ်ဆိုတော့ လူ့ကျင့်တရားကို လူတွေကပဲ လုပ်ခဲ့ကြတာပါ၊ ကိုယ်သာသိတဲ့ ကိုယ့်အဖြစ်အပျက်နဲ့လည်း၊ ကိုယ့်ဘာသာကိုယ် ကိုယ့်တရားနဲ့လည်း ကိုယ်နေနိုင်ပါတယ်၊ ဒါကတော့ ကိုယ့်စိတ်ကိုသာ ကိုယ်အားကိုးပြီး စိတ်ထားကြီးမားတဲ့ လူများအဖို့ကိုသာ ကိုယ်အားကိုးပြီး စိတ်ထားကြီးမားတဲ့ လူများအဖို့ကို'

မစောလင်းသည် ကိုသက်ရင်၏ ထင်မြင်ချက်ကို တွေးကြည့်နေလေသည်။

'သူများတွေလုပ်ခဲ့တဲ့ ကိုယ်ကျင့်တရားတို့ လူ့ထင်မြင်ချက်တို့နဲ့ပဲ နေမလား၊ ကိုယ်က နောက်ထပ်တွေ့ရှိတဲ့ အဖြစ်အပျက် အတွေ့အကြုံနဲ့ တရားသစ်ကို ထူထောင်မလား၊ အဲဒီတော့ ပြဿနာကလည်း ရှိသေးတယ်၊ မိမိရဲ့ အမှန်အကန်ဆိုတာကတော့ ဘယ်လောက်အထိ မှန်ကန်သလဲဆိုတာ'

မစောလင်းသည် မိမိအလှည့်သို့ ရောက်ပြီကို သိလေသည်။

'ကျွန်မ ကောင်းကောင်းနေမကောင်းဘူးရှင်'

ဟု စ၍ အစချီကာ မစောလင်းသည် သူ့အတ္ထုပ္ပတ္တိကို ပြောပြလေသည်။

မစောလင်းသည် သည်အဖြစ်အပျက်ကို ပြောပြရာ၌ အပိုအဆာ တစ်ခုမှ ဖြည့်စွက်ခြင်းမရှိ၊ ထိမ်ဝှက်ထုတ်နုတ်ထားခြင်းမပါ။ ပကတိဖြစ်သည့် အတိုင်းသာ ပြောလေသည်။

နိဂုံးချုပ်သောအခါ မိန်းမဘာဝ၏ ဆုံးရှုံးခြင်း၏ အချက်ကို ထင်မြင်





ချက်များပေးသည်။ သူမ ယူဆထားသော အချစ်နှင့် လက်ထပ်ခြင်းသဘောကို ခွဲခြား၍ပြလေသည်။

'ကျွန်မတို့ မိန်းမဆိုတာ မိန်းမဘာဝကိုက တစ်ပန်းရှုံးပြီးသား ဖြစ်နေတယ်၊ ဒီလိုရှုံးနိမ့်ပြီးသားဘဝမှ ဒီလိုတစ်ခါထပ်ဖြစ်ရတယ်ဆိုတော့ ကျွန်မစိတ်ထဲမှာ ဒီအဖြစ်ကို အားချင်းမမျှလို့ ဘယ်လောက်နာကြည်းမိသလဲ ဆိုတာတော့ မပြောနဲ့တော့၊ ဒါပေမယ့်လေ မိန်းမအဖြစ်မှာသာ ရှုံးနိမ့်ရင်း ရှုံးနိမ့်ပစေတော့ စိတ်ကိုတော့ ဘယ်တော့မှ မယုတ်ညံ့စေခဲ့ပါဘူး'

ကိုသက်ရင်က စိုက်၍ နားထောင်သည်။

'ပြီးတော့ရှင် ကျွန်မစိတ်က တစ်စက်ကလေးမှ မချစ်တဲ့ ဘယ့်နှယ်ယူနိုင်မလဲရှင်၊ ဒီလို မိုက်ရိုင်းတဲ့ယောကျ်ားမျိုးကို ကျွန်မက ဘယ်တော့မှအိမ်ထောင်ဖက်မလုပ်လိုဘူး။ သူက ဒီလိုဖြစ်ပြီးရင် သူ့ကိုယူလိမ့်မယ်ထင်တယ်ပေါ့ရှင်၊ ဆေးတိုက် နောက်ထပ်လာရင် တွေ့ရမှာစိုးလို့ တစ်ခါတည်း ပြတ်သွားအောင် ဒီကိုထွက်လာခဲ့တာ၊ ဟော… အခုတော့'

ကိုသက်ရင်က ဘာမျှပြန်မပြောချေ။

ပြန်လည်း မပြောနိုင်သေး။ လောလောဆယ်အားဖြင့် ဘယ်လိုလုပ်ရမည်ဆိုတာလည်း မပြောတတ်။ သို့သော် အံ့ဩခြင်းဖြင့် နားထောင်နေသည်။ မစောလင်း၏ အတ္ထုပ္ပတ္တိကိုနားထောင်ရင်း သူနှင့်ပိုမိုရင်းနှီးကပ်လာသည်ဟု အောက်မေ့မိသည်။

ဖြစ်သမျှပျက်သမျှကို တစ်လုံးတစ်ပါဒမှ မကျန် ချန်လှပ်ခြင်းမရှိ ပွင့်လင်းစွာပြောပြသည်မှာ ရင်းရင်းနှီးနှီးအသိကို ခံစားမိသည်။ မစောလင်း၏ အကြောင်းအရာတို့ကို မကွယ်မထောင့်သိရသည်မှာ တနာစိတ်ပေါ်လာသည်။ အဖြစ်အပျက်မှာကား မိန်းမတို့အဖို့ အရေးကြီးလှသောကိစ္စဖြစ်သည်။

www.burmeseclassic.com



အချစ် ကိစ္စကား မဟုတ်။ မစောလင်းက မေတ္တာမရှိ၍ အချစ်ကိစ္စထဲတွင် ဆွဲမသွင်းနိုင်။

'ကျွန်မ ဒီမှာပဲ ဒီကိစ္စပြီးအောင် နေမယ်စိတ်ကူးတယ်၊ ပြီးတော့မှ ဒီကလေးနဲ့ ရန်ကုန်ပြန်ရမှာပဲ'

ကိုသက်ရှင်က အံ့အားသင့်ပြီး ကြောင်ကြည့်နေသည်။ သည်ပြဿနာ၌ ဖြေရှင်းပေးရန်၊ အကြံဉာဏ်ပေးရန်မှာ မလွယ်ကူလှ။ ၎င်းက ယောကျ်ားဖြစ်၍ မိန်းမတစ်ဦး၏အဖြစ်ကို ဘယ်နည်းနှင့်မှ ဝင်၍ဆုံးဖြတ်ပေးရန် မဖြစ်။ ယောကျ်ား၏ခံစားမှုနှင့် မိန်းမ၏ခံစားမှုမှာ မတူ။

'ကျွန်မဆုံးဖြတ်ရတာက ဒီလိုလေ၊ ပထမကတော့ ကလေးကိုဖျက်ပစ်လိုက်ဖို့ ကျွန်မစိတ်ထဲမှာရှိတယ်။ နောက် သေသေချာချာ တွေးကြည့်တော့မှ လူ့ရဲ့အသက်ဟာ အင်မတန်အဖိုးတန်ပါတယ်၊ ဖြစ်လည်းဖြစ်ခဲ့ပါတယ်၊ ဒီတော့ ဘာပဲဖြစ်ဖြစ် အသက်တစ်ချောင်းကို ရှင်ခွင့်ရစေမယ်လို့ ပိုင်းဖြတ်လိုက်တယ်၊ ကျွန်မရဲ့ အမှန်အကန်ကို ထိမ်ဝှက်ထားဖို့ မလိုဘူး။ အမှန်အကန်ရဲ့ ဘယ်လိုသဏ္ဍာန်မျိုးအဖြစ်နဲ့ဖြစ်ဖြစ် လူ့လောကကြီးကို ရင်ဆိုင်ရဲပါတယ်၊ ဘယ်သူက အထင်လွဲလွဲ ကျွန်မအဖြစ်အတိုင်း ရှိပါစေရှင်'

ကိုသက်ရှင်သည် မစောလင်း၏အဖြစ်ကို သနားကြင်နာမိလေသည်။ မစောလင်း၏မှန်ကန်မှုကို ရဲရဲဝံ့ဝံ့ပြုသော စိတ်ကိုလည်း ချီးကျူးမိလေသည်။

'လောကကြီးမှာ မစောလင်း၊ အမှန်အကန်လောက် ပြောင်လက်တာ ဘယ်မှာရှိပါ့မလဲ၊ အမှန်အကန်လောက် ကြည်လင်တာ တောက်ပတာ ဘယ်မှာရှိပါ့မလဲ၊ ဒါပေမယ့် အမှန်တရားကို ဘယ်ပုံဘယ်သဏ္ဍာန်နဲ့ပြမလဲ ဆိုတာ စဉ်းစားချင်ပါသေးတယ်'

မစောလင်းက ငေးကာ...





'ကျွန်မကတော့ အခု ဒီကိစ္စကို အမှန်အတိုင်းလုပ်တာပါပဲ၊ တစ်ခုမှ မမှန်တာမပါပါဘူးရှင့်'

'ဟုတ်ပါတယ်၊ မစောလင်းရဲ့အယူအဆကို ကျွန်တော်လက်ခံပါတယ်၊ ဒါပေမယ့် ဒီအမှန်ကို လူ့လောကကိုပြတဲ့အခါမှာ အမှန်ပိန်းပိန်းကြီးပြဖို့ မဖြစ်ဘူးလို့ထင်တယ်၊ လူ့လောကက လက်ခံနိုင်အောင်ပေးဖို့ လိုပါတယ်၊ ဒါကိုသာ ကျွန်တော်က စဉ်းစားစေချင်တယ်'

'ကျွန်မ ဒီမှာ အဖော်မရှိပါဘူးရှင်၊ ကိုသက်ရှင်လို ခင်မင်ရင်းနှီးတဲ့သူနဲ့ လာဆုံရတာ အများကြီး အားလည်းတက်လာတယ်၊ ကျေးဇူးလည်း တင်ပါတယ်၊ ကျွန်မသဘောကတော့ ဒီမှာပဲ ဒီကိစ္စပြီးတဲ့အထိ ဆက်လက်ပြီးနေရမလား၊ ဒါမှမဟုတ် ရန်ကုန်ကို ပြန်ရမလားဆိုတာ မဝေခွဲနိုင်အောင် ဖြစ်နေပါတယ်'

ကိုသက်ရှင်သည် အဝေးရှိ မြူတို့ဖြင့်ပြာမှိုင်းသော တောင်တန်းကြီးဆီသို့ ငေးမောစဉ်းစားကာ နေသည်။ မစောလင်းသည် ဘာမျှမပြောဘဲ ရှေ့သို့သာ စိုက်ကြည့်ကာ ငေးမောနေသည်။

ယောကျ်ားတစ်ယောက်၏ အမြင်နှင့် မိန်းမတစ်ယောက်၏အမြင်မှာ မတူချေ။ သို့ဖြစ်ရာ အဘယ်ပုံပြုလုပ်ရမည်ဟူသော အကြံဉာဏ်မှာလည်း ထုတ်မလာနိုင်ပေ။ ယခုအဖြစ်အပျက်တွင် မိန်းမဘက်က နစ်နာလျက်ရှိလေပြီ။ ယောကျ်ားဘက်ကမူ လွယ်လွယ်ကူကူနှင့် မေ့ပျောက်သွားနိုင်မည်။

ကိုသက်ရှင်ကိုမူ အခြား သာမန်ယောကျ်ားများကဲ့သို့ သဘောမထား။ သူ၌ ကြီးမားသော ပညာဉာဏ်ရှိသည်ဟု မစောလင်းက နားလည်ထားသည်။ သူ၏ဝတ္ထုများမှတစ်ဆင့် သူ၏ မှန်ကန်သော အယူအဆတို့ကို နားလည်နှစ်သက်ပြီးဖြစ်နေသည်။ ခင်မင်ခြင်းကြောင့် မိမိ၏ကိစ္စကို အရင်းနှီးဆုံးအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မှုင်ဟုတိုင်ပင်ခြင်း ဖြစ်လေသည်။

'ဒီကိစ္စကို ချိုချိုသိသလား'

ဟု တွေးနေရာမှ ကိုသက်ရှင်က ကောက်မေးလိုက်သည်။

'လုံးလုံးမသိပါဘူး'

ပြောတော့မှပဲ ချိုချို့ကို ပို၍သတိရအောက်မေ့လာပြန်သည်။

ချိုချိုမှာ အချစ်ဆုံးသူငယ်ချင်းဖြစ်သည်။ မိမိ မျက်နှာမကောင်းလျှင် သူလည်း မနေတတ်။ မိမိအရိပ်ကိုသာ ကြည့်၍ ချစ်လှ ကြင်နာလှသော ချိုချို။

'ရှမ်းပြည်နယ်ထွက်လာတုန်းက ချိုချို့ကိုတောင် အသိမပေးခဲ့ရပါဘူး။ ဆေးတိုက်လာပြီး နောင့်ယှက်နေတာနဲ့ တစ်ခါတည်း စိတ်ကို ပိုင်းဖြတ်ပြီး ထွက်လာတာနဲ့ သူနဲ့လည်း မတွေ့ချင်ဘူး။ သူ့အသံကို ကြားလည်းမကြားချင်ဘူး။ ဆေးတိုက်မှင့်နေရရင် တွေ့နေဦးမှာ မဟုတ်လား။ သူကတော့ ဒီလိုဖြစ်ပြီးလို့ သူ့ကိုယှရှေမှာပဲလို့ တွက်ထားတာကိုး။ ကျွန်မက ဒီလိုဖြစ်ရတာကိုပဲ ရွံရှာစက်ဆုပ်တာနဲ့ ချက်ချင်းထွက်လာခဲ့တာ ချိုချို့ဆီတောင် သွားဖို့ အချိန်မရပါဘူးရှင်'

ပြောရင်းပြောရင်း၊ မဘောလင်းသည် ညှိုးလျက်ရှိလေသည်။

'ကျွန်တော့်သဘောကတော့ ချိုချိုနဲ့ တိုင်ပင်ချင်တယ်၊ ချိုချိုက မစောလင်းကို သိပ်ချစ်တယ်၊ ဒီလိုအရေးမျိုးမှာ သူ့အကြံဉာဏ်ဟာ အဖိုးတန်ပါလိမ့်မယ်၊ နောက်ပြီး ကူလည်းကူညီပါလိမ့်မယ်'

မစောလင်းသည် ချိုချို့ကိုတွေ့ချင်စိတ် ပြင်းပြလာလေသည်။

'ကျွန်မလည်း ချိုချို့ကို ပြောချင်ပါတယ်၊ ချိုချို့အကြံကို လိုချင်ပါတယ်။ ဘယ့်နှယ်လုပ်မလဲ၊ ချိုချိုက တစ်နယ်တဝေး ခြားနေတာကိုး'





'လောလောဆယ်ဆိုတော့ ကျွန်တော်လည်း ဘယ်လိုလုပ်ရမလဲဆိုတာ မကြံတတ်အောင် ဖြစ်နေတယ်'

အတန်ကြာ တိတ်ဆိတ်၍နေပြန်သည်။

'ချိုချို့ကို သိပ်သတိရမိတာပဲ၊ ချိုချိုရှိရင် ဘယ်လောက်များကောင်းမလဲနော်'

ဟု မစောလင်းက ညည်းလေသည်။

'ချိုချို့ဆီ တခေါ်လိုက်ပါလား၊ ဘယ်လိုလုပ်ရင်ကောင်းမယ်ဆိုတာ သူကတော့ ပြန်ရေးမှာ၊ သူက စိတ်ပူပန်တတ်တယ်'

'ဟုတ်တယ်၊ ချိုချိုသာသိရင် သိပ်စိတ်ပူမှာ၊ စိတ်မကောင်းလည်း ဘယ်လောက်ဖြစ်လိုက်မလဲ'

'စိတ်ပူတတ်တာတော့ မပြောနဲ့တော့၊ ကျွန်တော် ညအိပ်မရဘူးဆိုတာနဲ့ တစ်ခါတည်း မစောလင်းဆီသွားပြီး ဆေးထိုးဖြစ်အောင် လျှောက်လုပ်တာကို ကြည့်တော့'

'ချိုချိုက ကလေးလိုပဲ၊ ကိုသက်ရှင်ကိုလည်း အတော်ခင်တယ်'

ကိုသက်ရှင်က ဘာမျှမပြောချေ။ အတန်ကြာမှ...

'ဒီအရေးမှာ မိန်းမတွေရဲ့အကူအညီ သိပ်လိုလာလိမ့်မယ်၊ ချိုချို့နဲ့ သေသေချာချာတိုင်ပင်နိုင်အောင် ဘယ်လိုလုပ်ရပါ့မလဲ'

မစောလင်းသည် တစ်စုံတစ်ရာ မပြောဘဲ ငေး၍သာနေသည်။

'မစောလင်းက ကိုယ့်ကိုယ်ကိုကျွန်းမာအောင် အထူးဂရုစိုက်ပြီးနေပါ။ သူများရပ်ရွာမှာဆိုတော့ ပိုပြီးနေထိုင်ကောင်းဖို့ လိုတယ်၊ မစောလင်းက ကျွန်တော့်ထက်နားလည်ပါတယ်လေ၊ ကိုယ့်ကိုယ်ကို ဂရုစိုက်ပါ'

မစောလင်းသည် ညှိုးငယ်နေသောမျက်နှာနှင့် ငေး၍သာနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'မစောလင်းရဲ့ အယူအဆကို ကျွန်တော်နားလည်ပါတယ်၊ နားမလည်လို့ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီကိစ္စကို လူသိခံဖို့ကတော့ စဉ်းစားစေချင်ပါတယ်. ကလေးကို အသက်ရှင်စေချင်တာကိုတော့ သဘောကျပါတယ်၊ အသက်တန်ဖိုးကို လေးစားတာလည်း အံ့ကြီးနှစ်သက်မိပါတယ်၊ ဒီကိစ္စမှာ ချိုချိုနဲ့တိုင်ပင်ပြီး အစစအရာရာ လုပ်သွားစေချင်ပါတယ်'

'ချိုချိုက ရန်ကုန်မှာ'

မစောလင်းသည် မချိုသည့်အပြုံးမျိုးဖြင့် ပြုံးလျက်ပြောသည်။

'ဒီလိုလုပ်ရင် မကောင်းဘူးလား။ ကျွန်တော် ချိုချို့ဆီပြန်ပြီး အကျိုးအကြောင်းပြောချေမယ်လေ။ ဘယ်လိုစီစဉ်ရင်ကောင်းမယ်ဆိုတာ သူနဲ့တိုင်ပင်ပြီး လုပ်ရင်မကောင်းဘူးလား'

မစောလင်းသည် အသာငြိမ်၍ စဉ်းစားနေသည်။

'ဒီကိစ္စမှာ ချိုချိုအများကြီး ကူညီနိုင်မယ်လို့ ကျွန်တော်ယုံကြည်တယ်၊ မိန်းမချင်းမှ ဖြစ်တာတွေ အများကြီးရှိပါတယ်၊ နောက်ပြီး သူက မစောလင်းကို သိပ်ချစ်တာ'

မစောလင်းက စဉ်းစားနေလေသည်။ ချိုချိုနှင့် စီစဉ်မည်ဆိုတာကို နှစ်သက်သည်။

'ဒီလိုဆိုရင် ကိုသက်ရင် ဒုက္ခခံပြီး သွားလာနေရမှာပေါ့'

'ကိစ္စမရှိပါဘူး။ ဒါအကောင်းဆုံးပဲလို့ ကျွန်တော်ထင်တယ်၊ ကျွန်တော်က အစစအရာရာ လုပ်ပေးနိုင်မယ်ဆိုရင် လုပ်ပေးပါတယ်၊ ခုဟာက ကျွန်တော်ချည်းမဖြစ်ဘူး။ ချိုချိုပါမှ ဖြစ်မယ်၊ ကျွန်တော် မနက်ဖြန်ပဲ ရန်ကုန်လိုက်သွားမယ်လေ'

မစောလင်းက အားနာလျက်...



'ကိုသက်ရင် ဒီမှာလည်းပတ်ပြီး အေးအေးဆေးဆေးနေတာကို ကျွန်မ ဒုက္ခပေးသလို ဖြစ်နေပါပြီရှင်'

'ကိစ္စမရှိပါဘူး။ မစောလင်းဒီမှာ အနားယူနေတယ်ဆိုတာ အင်မတန်ကောင်းပါတယ်၊ ကျွန်တော် ချိုချိုနဲ့တွေ့ပြီး သူနဲ့ အစီအစဉ်တွေလုပ်မယ်'

မစောလင်းသည် ကိုသက်ရင်အားကြည့်ပြီး ကြည်နူးလာလေသည်။ ကိုသက်ရင်မှာ အစစအရာရာ မိမိအပေါ်တွင် ကြင်နာထောက်ထားသည်။ ရှေးက မမျှော်လင့်ခဲ့သော ကြင်နာမှုများတွေ့ရပြီး အားရှိလာသည်။

ညနေစောင်းဖြစ်၍ နေဓါးအလင်းရောင်ကွယ်နေပြီဖြစ်ရာ ကိုသက်ရင်၏မျက်နှာတစ်ခြမ်းမှာ မှောင်နေလေသည်။ ညိုသောအသား၌ သွေးအားကောင်းသောအမှတ်လက္ခဏာဖြင့် နီရောင်သန်းကာ ပြောင်လက်နေသည်။ မျက်နှာမှာ ယောကျ်ားတို့၏ ကျက်သရေနှင့် ပြည့်စုံသည်။

သူတို့သည် ချိုချိုနှင့်ပတ်သက်၍ အတန်ကြာပြောနေကြသည်။

ကိုသက်ရင်ထပြန်သောအခါ...

'ကိုသက်ရင် သိပ်လည်းမကြာပါနဲ့၊ မြန်မြန်ပြန်ခဲ့ပါ။ မှာလိုက်တဲ့ဆေးတွေလည်း မမေ့ပါနဲ့'

ဟု မှာကြားလိုက်သည်။

ထိုညအိပ်ရာဝင်သောအခါ မစောလင်းသည် ကိုသက်ရင်အကြောင်းကို တွေးတောနေလေသည်။ တစ်ကိုယ်ကောင်းကိုသာကြည့်ပြီး ရက်စက်၍ညစ်ညမ်းသော ယောကျ်ားများအပြင် ကိုသက်ရင်ကဲ့သို့ ကြင်နာ၍ ဖြူစင်သောစိတ်ရှိသည့်သူများလည်း ရှိသေးသည်ဟု သက်သာရာရလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

[ ၂၁ ]

အင်းစိန်မြို့၏ အစွန်ရှိခြံကြီးကား သရက်ပင်၊ မရန်းပင်များဖြင့်အုပ်ဆိုင်းကာ သစ်ပင်ကြီးများ နေရာမလပ်အောင် ပတ်ပတ်လည်ပေါက်နေသဖြင့် တောတောင်ထဲ ရောက်နေသလားဟု အောက်မေ့ရသည်။

ခြံကြီးမှာ အတော်ကျယ်ဝန်းသည်။ ခြံအစွန်းတစ်ဖက်၌ မာလီနေသော ဓနိတဲတစ်တဲရှိသည်။ တဲရှေ့ပတ်ဝန်းကျင်တွင် မြေကွက် အကန့်အကန့်များ လုပ်လျက် မှန်လာ ခရမ်းစသည့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထားသည်။ စိုက်ပျိုးထားသော မြေကွက်နှင့်ကပ်လျက်သား အပွင့်နီတို့ဖြင့် ရဲနေသော တိုက်ပန်းပင်အုပ်များ ရှိလေသည်။ ခြံထောင့်တစ်နေရာတွင် ငှက်ပျောပင်များ ရှိသည်။ သို့သော် များများစားစားမဟုတ်ကြဘဲ ကျိုးတိုးကျဲတဲပင် ပေါက်နေသည်။



ခြံနောက်ဘက်တွင်ကား သစ်တောကြီးဟု ထင်ရလောက်အောင် မရန်း၊ သရက်၊ မာလကာပင်တို့ဖြင့် ပြည့်နေလေသည်။ သစ်ပင်အုပ်များ များပြားသောကြောင့် အုပ်အုပ်ဆိုင်းဆိုင်းရှိကာ နေပြောက်မထိုးနိုင်သဖြင့် ခပ်မှောင်မှောင်ပင် ဖြစ်နေပေသည်။

ခြံကြီး၏အလယ်တွင် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးတစ်အိမ် ရှိသည်။ အိမ်ပုံမှာ ဘိုအိမ်ဖြစ်သည်။ အိမ်ရှေ့ဆင်ဝင်ထုတ်၍ ထားသည်။ အိမ်မိုးမှာ သွပ်မိုးဖြစ်သော်လည်း ဆေးအနီသုတ်ထားသဖြင့် ကြည့်၍ကောင်းသည်။ ဆေးရောင်မှာ ကြာပြီဖြစ်၍ အရောင်ပျက်နေလေပြီ။

အိမ်ကို ရေနံသုတ်ထားသဖြင့် ခပ်ညိုညိုဖြစ်နေသည်။ အိမ်ခါးပန်းတွင် ဆေးအဖြူသုတ်ထားရာ မိမိ၏ပုံသဏ္ဌာန်ကို ထင်ရှားအောင် ဖော်ပြသကဲ့သို့ မှတ်ထင်ရသည်။ အိမ်ကြီးမှာ အိုပြီဖြစ်၍ ခပ်မှောင်မှောင် ခပ်ညိုညိုအသွင်ကို ဆောင်လျက်ရှိသည်။

အိမ်ရှေ့ဆင်ဝင်ကား အရှည်ကြီးဖြစ်သည်။ ဆင်ဝင်အပေါ်မှ ပန်းဆွဲမှာ ဆေးအဖြူသုတ်ထားသော်လည်း အိမ်က ဘိုပင်ကာ နောက်ထပ်ဆေးသုတ်ထားခြင်းမရှိသဖြင့် အဖြူရောင်မပေါ်ဘဲ ဝါရော်ရော်အဆင်းရှိနေသည်။ ဆင်ဝင်၏ဝရန်တာလက်ယာန်းပေါ်၌ ဝင်ကလေးထုတ်ကာ ပန်းအိုးများ စီရရီ တင်ထားသည်။ ဂမုန်း၊ ဂန္ဓမာ စသည့်အပင်များ စိုက်ထားသည်။

မိုးရွာထားသဖြင့် မြေကြီးမှာ စိုစွတ်လျက်ရှိသည်။ သစ်ပင်များသည် မိုးရေ၏ ပက်ဖျန်းခြင်းခံရသဖြင့် စိမ်းလန်းလျက်ရှိကြသည်။ ခြံနောက်ဘက်ရှိ မြေကြီးများသည် မညီမညာဘဲ ချိုင့်များဖြင့် ပြည့်နေလေရာ မိုးရေသောင်နေသောကြောင့် ရေကွက်များဖြင့်သာ တလက်လက်ဖြစ်နေကြသည်။ အိမ်ရှေ့မြေညီတွင် သိပ်သိပ်ညှံ့ညှံ့ရှိလျက် နီနေလေသည်။ ခြံဝညီးရှိ ပတ်ပတ်လည် စိုက်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့် ဝါးပင်များသည် အပြင်လမ်းမှ ကြည့်လိုက်လျှင် အတွင်းသို့မမြင်နိုင်အောင် ပိတ်နေအောင် ကာပေါက်နေကြသည်။

ညနေဝင်ရီတရောအချိန်၌ ရေညှိရောင် တက်စီအငှားမော်တော်ကားတစ်စီးသည် ထိုခြံကြီးထဲသို့ မောင်းဝင်လာပြီး ထိုးရပ်လိုက်သည်။ ကားရပ်လျှင်ရပ်ချင်း ခေတ်ဆန်ဆန်ဝတ်ထားသော မိန်းမပျိုတစ်ဦးသည် အလျင်ဆင်းလာကာ...

'အန်တီ အန်တီ'

ဟု အပေါ်သို့မော့လျက် လှမ်းခေါ်လေသည်။

အပေါ်ထပ်မှ ချက်ချင်းမထူးသဖြင့် မိန်းမပျိုသည် ထပ်မံကာ...

'အန်တီ... အန်တီ'

ဟု ခေါ်ပြန်လေသည်။

အတန်ကြာလျှင် ဆင်ဝင်လက်တန်းမှ ဂါဝန်ဝတ်ဘိုကပြားအမယ်ကြီးတစ်ဦးပေါ်လာကာ အောက်သို့ငုံ့ကြည့်ပြီး...

'ချိုချိုလား'

ဟု မေးလိုက်သည်။ အမယ်ကြီးမှာ မျက်စိမှုန်ဟန်တူလေသည်။

'အန်တီ... ချိုချိုလာတယ်'

သည်တော့မှ မှတ်မိကာ...

'လာ...လာ တစ်နေ့လုံးစောင့်နေတာ မနက်ဖြန်လာမယ်လို့ ထင်နေတာ'

ဟု အော်၍ပြောလေသည်။

ပြောရင်းဆိုရင်းပင် ဘိုမကြီးသည် လှေကားမှ ဆင်းလာလေသည်။ လှေကားမှာ အတွင်းလှေကားမဟုတ်၊ အိမ်ဘေးမှ သက်သက်ထုတ်ထားသည်။





ဘိုကပြားမကြီးမှာ အသက် ၆၀ခန့်ရှိ၍ အဖြူပေါ်တွင် အပွင့်သေးသေးများပြောက်ထားသော သရက်ထည်ဂါဝန်ကို ဝတ်ထားသည်။ တစ်ခေါင်းလုံးဆံပင်များ ဖြူနေသည်။

ကားနားသို့လျှောက်လာပြီး...

'အန်တီက မောင်တော့ ဒီနေ့မလာဘူးအောက်မေ့တယ်'

ဟုပြော၍ ကားထဲသို့ လှမ်းကြည့်လေသည်။

နေဝင်ရီတရောဖြစ်သဖြင့် ကားထဲ၌ မည်သူမည်ဝါဆိုသည်ကို မမြင်ရ။ ကားရှေ့ခုံအနောက်တွင် ထိုင်နေသောယောက်ျားပျိုတစ်ယောက်ဆင်းလာသည်။ ယောက်ျားပျိုမှာ ပင်နီအင်္ကျီ မန္တလေးလုံချည် တစ်ပတ်နွမ်းနှင့် စာအုပ်တစ်အုပ်ကိုင်ထားသည်။ သူသည် အိမ်ကြီးကို မော့ကြည့်နေလေသည်။

'ကဲ... ဆင်း'

ချိုချိုက အတွင်းသို့လှမ်းကာ အသံအုပ်၍ တိုးတိုးပြောလိုက်သည်။

ဆံပင်ကို [စကပ်]ခေါ် ပိုးစပဝါစည်းနှောင်လျက် မျက်မှန်အညိုနှင့် ကုတ်အင်္ကျီအနက်ခွံရောင်ဝတ်ထားသော မိန်းမပျိုတစ်ဦးဆင်းလာသည်။ ချိုချိုကလှမ်း၍ လက်ကိုပြန်မဆွဲဘဲ သူ့ဟာသူပင် ဆင်းလာသည်။

ဘိုမကြီးက အသာကြည့်နေသည်။

'အန်တီ... ဒါ ကျွန်မ သူငယ်ချင်း နုနုလေ၊ ကျွန်မတစ်နေ့ကလာပြောထားတာပေါ့၊ ပုသိမ်မပြန်နိုင်သေးခင်တော့ ဒီမှာပဲ နေရမှာ'

ဟု ချိုချိုက ပြောလေသည်။

နုနုဆိုသူသည် ဘာမျှမပြောဘဲ ရပ်လျက်သာနေသည်။

ဘိုမကြီးက ဝမ်းသာအားရနှင့်...

'နေပါ ဘယ်လောက်ကြာကြာနေနိုင်ပါတယ်၊ အခန်းတစ်ခန်းကို



www.burmeseclassic.com

www.burmeseclassic.com



မနက်ကပဲရှင်းထားတယ်၊ ကဲလာ... အပေါ်တက်ပေ့ ... ဆုစီ... ဆုစီ'

ဟု အပေါ်က တစ်ယောက်ယောက်ကို လှမ်းခေါ်နေပြန်သည်။

ချိုချိုက ကားမောင်းသူအား...

'သားရေသေတ္တာနှင့် အိပ်ရာလိပ်ချပေးပါ'

ဟု လှည့်ပြောလိုက်သည်။

လှေကားထိပ်မှ မြန်မာလို၀တ်ထားသော ကုလားမလေးတစ်ယောက် ပြေးဆင်းလာသည်၊ ကုလားမလေးမှာ မြန်မာပြည်ပေါက်နှင့် တူသည်။ မြန်မာရည်လည်ပုံရသည်။

'ဒီမှာ အင်မတန်လွတ်လပ်ပါတယ်၊ အန်တီရယ်၊ ထမင်းချက်တဲ့ ဆုစီရယ်၊ ဒါပဲ၊ မာလီကုလားကလည်း သူ့တဲမှာ'

ဟု နန့ဘက်သို့လှည့်၍ ဘိုမကြီးက ပြောနေသည်။

ချိုချိုက မော်တော်ကားခေါင်းနား၌ ရပ်လျက်ရှိသော ယောကျ်ားပို၏ အပါးသို့ကပ်လျက်...

'ကိုသက်ရှင်ကြိုက်ကဲ့လား။ မြို့ကြီးက အကျယ်ကြီး တိတ်တိတ်ဆိတ်ဆိတ်တော့ အတော်ရှိတယ်၊ လူသူအဝင်အထွက်လည်းရှင်းတယ်၊ မစောလင်း အဖို့ လုံလည်းလုံခြုံတယ်၊ အေးလည်းအေးဆေးပါတယ်နော်'

ဟု အသာတိုးတိုးကပ်ပြောသည်။

'အောက်ထပ်မှာ ဘယ်သူတွေနေကြသလဲ'

'အစကတော့ ကုလားရှေ့နေတစ်ဦးနေတယ်၊ ပြောင်းသွားတာ မကြာသေးဘူးတဲ့'

ဘိုမကြီးက...

'ကဲ... ပစ္စည်းတွေတင်လေ၊ အပေါ်တက်ကြရအောင်'





အိမ်ထဲတွင်ကား အပြင်မှာထက် မှောင်လျက်ရှိလေသည်။ မီးမထွန်းရသေးသဖြင့် ဝိုးတိုးဝါးတားသာမြင်ရရာ ချိုချိုတို့သည် ဆင်ဝင်အဝ၌ ရပ်၍စောင့်ကြည့်နေသည်။ မီးထွန်းလိုက်တော့မှ အိမ်ထဲရှိ အိမ်ထောင်ပရိဘောဂ ဝတ္ထုပစ္စည်းများကို မြင်ရလေသည်။

ဆင်ဝင်၌ ကြိမ်ကုလားထိုင်များဝိုင်းကာ အလယ်၌ စားပွဲဝိုင်းကလေး ရှိသည်။ ကြိမ်ကုလားထိုင်များမှာ နဂိုက ဆေးစိမ်းသုတ်ထားဟန် တူသည်။ ယခုအခါ ပစိမ်းနိုင်တော့ဘဲ အရောင်ဖျော့မှိန်လျက်ရှိနေသည်။

အိမ်မ အလယ်ဆောင်တွင်ကား ဘေးနှစ်ဖက်မှ အိပ်ခန်းနှစ်ခန်း မျက်နှာချင်းဆိုင် ရှိလေသည်။ အလယ်၌ ထမင်းစားရန် စားပွဲ၊ ကုလားထိုင်များ ချထားသည်။ အိမ်ထောင်ပရိဘောဂတို့ကား အကောင်းစားဖြစ်သော်လည်း ဟောင်းအိုနေကြသည်။

မျက်နှာကြက်၊ အခန်းနံရံစသည်တို့မှာ နဂိုက ဆေးအဖြူသုတ်ထားသော်လည်း ယခုအခါ ဆေးပြန်၍ မသုတ်သည်မှာ ကြာမြင့်ဟန်ဖြင့် ဝါကြင့်ကြင့်အဆင်အရောင်ပေါက်နေသည်။ မီးဖိုချောင်ဘက်ထောင့်တစ်နေရာတွင် မိုးယိုသဖြင့် ရေစီးကြောင်းများကို မြင်နိုင်သည်။

ဘိုမကြီးနောက်မှ ချိုချိုက အိမ်ထဲသို့လိုက်ပါသွားသည်။ မစောလင်းသည် ကိုသက်ရှင်နှင့်အတူ ယှဉ်ရပ်ကာ နေရစ်သည်။

'ဒီအခန်းပဲ ရှင်းထားတာ'

ဟု ပြောပြီး အခန်းထဲသို့ဝင်ကြသည်။ ကုလားမလေးက သားရေသေတ္တာကိုဆွဲလျက် လိုက်ဝင်သွားသည်။

ချိုချိုက မစောလင်းလိုက်မလာ၍...

'လာလေ နန'



www.burmeseclassic.com

www.burmeseclassic.com



ဟု လှမ်းခေါ်လေသည်။ သူမ၏အသံမှာ တိုးနေသည်။ ဝမ်းနည်းနေ၍ အသံပင် သိပ်မထွက်တော့။

မစောလင်းသည် ခေါ်သံကြားမှ အသာ ဖြည်းညင်းစွာလျှောက်လာလေသည်။ ကိုသက်ရင် ညွှန်ခန်းရှိ ကုလားထိုင်တွင်ထိုင်ပြီး နေရစ်သည်။

ဘိုမကြီးက...

'အခန်းက လေလည်းရတယ်၊ ကျယ်လည်းကျယ်ပါတယ်'

ဟု မစောလင်းအားပြောပြီး အခန်းထဲသို့ဝင်ရန် နေရာဖယ်ပေးလေသည်။

ဘိုမကြီးပြောသည့်အတိုင်း အခန်းကြီးမှာ ကျယ်သည်။ ပြတင်းပေါက်သုံးပေါက်ရှိသည်။ ပြတင်းပေါက်အနီးတွင် သံခုတင်တစ်လုံးရှိသည်။ ခုတင်ဘေးတွင် သစ်သားစားပွဲတစ်လုံးရှိသည်။ အိမ်ထောင်ပရိဘောဂဆို၍ သည်ပစ္စည်းပဲရှိသည်။ စားပွဲပေါ်တွင် ရေနံဆီမီးခွက်တစ်ခွက်ကို တင်ထားသည်။ ကုလားမကလေးက မီးထွန်းလိုက်ပြီး တစ်ဝက်ပိတ်ထားသော တရုတ်ကပ်မှန်တံခါးကို သွားဖွင့်လိုက်သည်။

အပြင်ဘက်တွင်ကား လေသည် ပြင်းထန်းစွာ တိုက်ခတ်လျက်ရှိလေသည်။ သစ်ပင်များကို တိုးဝှေ့တိုက်ခတ်သည့်အသံမှာ ပြင်းထန်လှသည်။ ပြင်းထန်လွန်း၍ ကြောက်စရာပင် ကောင်းနေသည်။ တစ်ခါတလေ လေကဝှေ့တိုးလိုက်လျှင် အိမ်မှာ သိမ့်ခနဲတုန်သွားသည်။

ချိုချိုက မစောလင်း၏လက်ကိုဆုပ်ကာ...

'အခန်းကြီးက အကျယ်ကြီးပဲနော်'

ဟု ဆိုလေသည်။

မစောလင်းက ဘာမျှပြန်မပြော။ တွေ့ရသော ခုတင်၊ စားပွဲစသည်များ





ကို ကြည့်နေလေသည်။

ခုတင်မှာ သံခုတင်ခပ်ဟောင်းဟောင်းဖြစ်သည်။ စားပွဲခုံမှာ ခြေထောက်က ပန်းတွန့်များပါသော ရှေးခေတ်က အကောင်းစားထဲက ဖြစ်သည်။ ဆေးရောင် သပြေရောင်သုတ်ထားသည်။ ဆေးသားအတော်ကောင်းသေးသဖြင့် ပြောင်လက်တန်သလောက် ပြောင်လက်နေသေးသည်။

ချိုချိုက ပြတင်းပေါက်များသို့ကပ်ကာ အပြင်သို့ကြည့်နေပြီး ပြန်၍လျှောက်လာသည်။

'အန်တီ... ခန်းဆီး မတပ်ဘူးလား'

မစောလင်း၏နေ့ပုံတိုင်ပုံ အသင့်အတန်းကိုသိ၍ ချိုချိုက စိတ်မကောင်းဖြစ်နေသည်။ မစောလင်းအိမ်၌ဆိုလျှင် လှပသော ခန်းဆီးများ ပြတင်းပေါက်တိုင်း တပ်ဆင်ထားသည်။

'အန်တီလည်း ခန်းဆီးတွေမတပ်တာ ကြာပါပြီ ချိုချိုရယ်၊ ညှိသည်ဆောင်သည်က အန်ကယ်ကြီး မရှိမှ တယ်လာတာမဟုတ်ပါဘူး။ တပ်ပေးမယ်...

'သူစီ... ငါ့ဗီရိုထဲက ခန်းဆီးအစိမ်းတွေ ပြီးတော့ထုတ်'

ဘိုမကြီးမှာ ချိုချို့အလိုကို လိုက်လေသည်။

မစောလင်းမှာ ဘာတစ်ခွန်းမျှပင်မပြောဘဲ သူတို့လုပ်ကိုင်ပြောဆိုနေကြပုံကိုသာ မလှုပ်မယှက်ရပ်လျက် ကြည့်နေသည်။ ကြည့်နေသည်ဆိုသော်လည်း သူတို့ကို မြင်ချင်မှ မြင်မည်။ သူ့အတွေးနှင့်သူ တွေးနေခြင်းဖြစ်သည်။

ထိုအခိုက် ကြောင်နက်ကလေးတစ်ကောင်သည် အခန်းထဲသို့ ပြေးဝင်လာကာ မစောလင်း၏ ခြေထောက်ကြား၌ တိုးဝင်သွားလေသည်။ မစောလင်းမှာ တိုးဝှေ့သော အသိကြောင့် အောက်သို့ငုံ့ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာကောင်းသော ကြောင်ကလေးပင်၊ အမြီးမှာ ဖွာပြီးထောင်နေသည်။ ကိုယ်လုံးမှာ လုံးလုံးချောချောနှင့် ဝသည်။ ကြောင်နက်ကလေးသည် အသံပေးကာ မစောလင်း၏ ခြေထောက်ကို ခေါင်းနှင့်ပွတ်နေသည်။

'အမယ် ဘယ်ကပေါ်လာသလဲမသိဘူး။ မှောင်ရင် အပြင်ထွက်တဲ့ အကောင်'

ဟု ဘိုမကြီးက မစောလင်း၏ ခြေကြားထဲတွင် ရောက်နေသော ကြောင်နက်ကလေးကိုကြည့်ပြီး ပြုံးရယ်ပြောလိုက်သည်။

'ညှိသည်လာလို့ လာနှုတ်ဆက်တယ်၊ သိပ်သိတတ်တဲ့ ကြောင်'

ဟု ပြန့်မာရည်လည်သော ကုလားမလေးက ဝင်ပြောလေသည်။

ချိုချိုက ကြောင်ကို စိတ်မဝင်စားနိုင်ဘဲ အခန်းကိုသာ ဟိုကြည့်သည်ကြည့် လျှောက်ကြည့်နေကာ...

'ကြိမ်ကုလားထိုင်တစ်လုံး မရှိဘူးလား အန်တီ'

ဟု ပြောလေသည်။

'ရပါတယ်'

ကုလားမလေးက ကြိမ်ကုလားထိုင်ကိုသွားယူပြီး ခုတင်ဘေး၌ ချပေးရလေသည်။

ချိုချိုက မကျေနပ်နိုင်သေးဘဲ...

'စာရေးဖို့ ရိုးရိုးကုလားထိုင်တစ်လုံးရရင် ကောင်းဦးမယ်'

ဟု သူ့ဘာသာသူပြောပြီး မစောလင်းဘက်သို့ လှည့်လိုက်သည်။

မစောလင်းမှာ ကြောင်နက်ကလေးကို ပိုက်လျက်ရှိသည်။ ကြောင်နက်ကလေးသည် မစောလင်း၏ရင်ခွင်ကို ခေါင်းနှင့်ဝှေ့လျက် ကစားနေသည်။ ထောင်နေသော နှုတ်ခမ်းမွေးနှင့်ပွတ်ရင်း ပိ ပိ ပိနှင့် အော်နေသည်။





ချိုချိုသည် မစောလင်းအနားသို့ကပ်လာလျက်...

'မစောလင်း၊ ဘယ့်နှယ်လဲ၊ အေးတော့အေးပါတယ်နော်'

ဟု တိုးတိုးပြောလေသည်။ မစောလင်းကမူ ဘာမှပြန်မပြော။

ကုလားမလေးက အိပ်ရာလိပ်ကို ဖြေနေလေသည်။ သားရေသေတ္တာကို ခုတင်ခြေရင်း၌ ရွှေ့ထားသည်။

ဘိုမကြီးက...

'ရေချိုးခန်းက ဒီအခန်းနဲ့တွဲလျက်ပဲရှိတယ်၊ မီးဖိုလည်း အပေါ်မှာပဲ ထားတယ်၊ လာကြည့်ပါလား'

ဟု ဆိုသည်။ ချိုချိုကသာ လိုက်သွားသည်။ မစောလင်းက မတ်တတ်ရပ်လျက်နေရစ်ရင်း၊ ကုလားမလေးလုပ်ပုံကို ကြည့်နေသည်။

အခန်းပြင်ဘက်သို့ ရောက်သောအခါ ဘိုမကြီးက...

'ဘယ်နှစ်လရှိပြီလဲ'

ဟု တိုးတိုးမေးနေသည်။ ချိုချိုက...

လေးလရှိပြီ၊ သူ့ကို အထူးဂရုစိုက်ပါနော်၊ အစားအသောက်လည်း သူကြိုက်တာသာ ချက်ပေးပါ'

ဟု ပြောသည်။

'ကြည့်ရတာ ငြိမ်သက်တဲ့ သူငယ်မပဲ၊ သူ့ယောကျ်ားကလည်း အိမ်ရှေ့မှာပဲထိုင်နေတယ်၊ ဝင်မလာဘူး၊ သူကလည်း အေးအေးနဲ့ပဲ တူတယ်'

ချိုချိုက ဘာမှပြန်မပြောနိုင်ဘဲဖြစ်နေရာ...

'ဟုတ်... ဟုတ်တယ်၊ သူလည်း အင်မတန်အေးတဲ့လူပဲ၊ သူက ပုသိမ်ကို ပြန်ရဦးမယ်၊ ဟိုမှာ အလုပ်တွေက တန်းလန်းကြီး'



www.burmeseclassic.com

www.burmeseclassic.com



ချိုချိုမှာ စကားပြောရင်း အသံတွေတုန်နေသည်။ ဘိုမကြီးကမူ ရိုပ်မိပုံမရ။ ဘိုမကြီးက နောက်ထပ် ဘာမှဆက်မမေး၍ တော်ပါသေးသည်။

'စိတ်ချ၊ သူကြိုက်တာ အကုန်ချက်ကျွေးပါ့မယ်၊ အန်တီက ပျင်းမှာသာစိုးတယ်၊ ဒီဘက်က သိပ်ခေါင်တာ'

'နနက မပျင်းတတ်ပါဘူး။ ငြိမ်ငြိမ်သက်သက် နေတတ်တဲ့ဝါသနာ ရှိပါတယ်၊ ငွေသုံးရာ ယူထားဦးနော်'

ချိုချိုသည် လက်ကိုင်အိတ်ထဲမှ ငွေသုံးရာကိုထုတ်၍ ဘိုမကြီးအား ပေးလိုက်သည်။ ဘိုမကြီးက ဝမ်းသာအားရ အမူအရာဖြင့် လှမ်းယူကာ...

'ကျေးဇူးတင်ပါတယ်'

ဟု ဆိုလေသည်။

'စိတ်ချပါ၊ အန်တီကောင်းကောင်းချက်ကျွေးပါ့မယ်၊ ဆူစီကလည်း အကုန်ချက်တတ်ပါတယ်၊ ဟင်းချက်ကောင်းမဲ့ သူကြိုက်တာ အကုန်ရပါစေ့မယ်၊ နွားနို့လည်း မှာထားလိုက်မယ်'

'ဟုတ်ကဲ့၊ အန်တီ နွားနို့က စစ်ပါစေ'

အိပ်ခန်းထဲသို့ ပြန်ဝင်လာကြသည်။ ခုတင်ပေါ်တွင် အိပ်ရာပင် ခင်းကျင်းပြီးလေပြီ။ ကုလားမလေးက ခြင်ထောင်ထောင်နေသည်။ မစောလင်းမှာမူကား ယခင်နေရာ၌ ရပ်မြဲရပ်လျက်။

ချိုချိုမှာ အငြိမ်မနေနိုင်၊ အိပ်ရာကို သပ်ရပ်သည်ထက် သပ်ရပ်အောင် ပြင်ဆင်ပေးနေသည်။

မစောလင်းကမူကား ကြောင်နက်ကလေးကို ပိုက်လျက် မည်သူ့ကိုမှလည်း မစကားမပြော၊ ချိုချိုက မစောလင်းငြိမ်သက်နေလေ၊ အငြိမ်မနေနိုင် လေဖြစ်ကာ အခန်းကို ဟိုလျှောက်သည်လျှောက် လျှောက်ရင်းက...





'အန်တီ... စာကြည့်ဖို့ စားပွဲတင်မှန်အိမ် ရှိတယ်မဟုတ်လား'

ဟု မေးပြန်လေသည်။

'ရှိပါတယ်၊ အန်တီက မျက်စိမှုန်လို့ စာမကြည့်တာကြာပါပြီ။ မသုံးတာနဲ့ သိမ်းထားတယ်၊ အလျှင်လာက ညှိသည်တစ်ယောက် ထမင်းကျွေးလို့ ထုတ်ကိုင်သေးတယ်၊ ရှိပါတယ်'

ကုလားမလေးက ဝင်၍...

'ကျွန်မအခန်းက စင်ပေါ်မှာရှိတယ်၊ သွားယူပေးမယ်'

ဟု ပြောလေသည်။

ကုလားမလေးနှင့် ဘိုမကြီးလည်းပါသွားသည်။ မည်သူမျှ အခန်းထဲတွင် မရှိမှ ချိုချို မစောလင်းနားကပ်ကာ...

'မစောလင်း အခန်းကြိုက်ရဲ့လားဟင် ပြောစမ်းပါ'

မစောလင်းက ကြောင်နက်ကလေးကို အသာကြမ်းပေါ်သို့ချလိုက်ပြီး

'ကောင်းသားပဲ'

ဟု ပြောသည်။ အိမ်ကြီးသို့ ရောက်ကတည်းက သည်တစ်ခါပဲ စကားပြောလေသည်။

'နေရာကခေါင်တော့ လူအရောက်အပေါက် နည်းတယ်၊ မြို့ကြီးက အတော်ကျယ်တာ၊ ခြံချင်းကပ်လျက်လည်း မရှိဘူး။ တော်တော်လှမ်းလှမ်းက ရှိတာတွေကလည်း တဲတွေ'

ချိုချိုသည် မြို့ကြီးကောင်းကြောင်း ပြောနေပြီးမှ...

'ဒီမယ်၊ မစောလင်း။ ကိုသက်ရှင်ကို မစောလင်းယောကျ်ားလို့ ပြောလိုက်ရတယ်'

ဟု ဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မစောလင်းမှာ စိတ်ရှုပ်သွားသည့်ဟန်ဖြင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'ဒါကတော့ ယုတ္တိရှိအောင် လုပ်ရတာကိုး။ အန်တီက မစောလင်း ယောကျ်ားလို့ ထင်နေတာနဲ့ ချိုချိုလည်း ပြောလိုက်ရတာ၊ ဒါလည်း ကောင်းတာပေါ့၊ နောက်မွေးတော့ စကားအပေါက်အစ မပေါ်တာပေါ့နော်... နော်'

မစောလင်းက ဘာမျှပြန်မပြော၊ ခေါင်းကိုသာ ညိတ်လေသည်။ ချိုချိုမှာ မစောလင်းကို အရိပ်တကြည့်ကြည့်နှင့်နေသည်။

'မစောလင်း...ပြောစမ်းပါ၊ စိတ်ညစ်သလားဟင်၊ ချိုချို ခဏခဏလာမယ်လေ၊ ဒီနေရာတော့ ချိုချိုကြိုက်တယ်၊ ဘယ်သူမှ သိမှာမဟုတ်ဘူး၊ အန်တီက စကားအင်မတန်နည်းတာ၊ သူ့ဘာသာသူ အေးအေးနေမှာ'

အတန်ကြာမှ မစောလင်းက...

'ချိုချိုကြောင့်ပါကွယ်၊ ကိုယ်က လူသိတာလည်း ဂရုမစိုက်ပါဘူး၊ အိမ်ကိုပဲ သွားချင်တာ'

'ဒီလိုမပြောပါနဲ့ မစောလင်းရယ်၊ မစောလင်းကို ချိုချိုတို့သာ နားလည်တာ၊ မိဘဆွေမျိုးဂုဏ်ကလည်း ရှိသေးတယ်၊ နောက်ပြီး ဦးလေးလင်းရဲ့ ဂုဏ်ကြီးကို စောင့်ရှောက်ရမယ် မဟုတ်လား၊ မှန်တာလုပ်တိုင်း ဖြစ်တာမဟုတ်ဘူး၊ မှန်တာကို လူတွေက နားလည်ရင်ကောင်းတယ်၊ အခုလို စီစဉ်တာ အဆင်ပြေပါတယ်'

အပြင်မှလေသည် ပြင်း၍လာပြန်သည်။ ပတ်ဝန်းကျင်တစ်ခုလုံးတွင် သစ်ပင်များထူထပ်လှသဖြင့် လေနှင့် တိုးဝှေ့သော သစ်ပင်တို့၏အသံမှာ ပင်လယ်က လှိုင်းသံနှင့်ပင် တူနေလေသည်။





'လှိုင်ကော်မှာနေတာလည်း ချိုချိုက စိတ်မချနိုင်ဘူး၊ သူများရပ်ရွာမှာ ဆွေမရှိမျိုးမရှိနဲ့၊ ဒါကြောင့် ချိုချိုတို့နဲ့ နီးနီး၊ ဒီမှာ နေရာရှာရတာပေါ့'

'ပုန်းလျှိုးကွယ်လျှိုး မနေချင်ပါဘူး ချိုချိုရယ်'

'ဪ... ဒီလိုဘယ်ဟုတ်မလဲ မစောလင်းရယ်၊ ပျောက်ရာမှာ မနေနဲ့ တော်ရာမှာနေရတယ်ဆိုတာ ရှိတယ်မဟုတ်လား၊ အခုဟာ အင်မတန်အဆင်ပြေတယ်၊ ဒေါ်လေးဆိုရင်လည်း လှိုင်ကော်မှာပဲလို့ ထင်နေမှာ၊ လူတွေကလည်း လှိုင်ကော်မှာလို့ မှတ်နေကြမှာ'

မစောလင်းသည် ပြတင်းပေါက်သို့ သွားရပ်ပြီး အပြင်သို့ကြည့်လိုက်သည်။ အပြင်တွင် မှောင်ပိန်းနေသည်။ တောင်ဘက်ဆီမှ လျှပ်စစ်များလက်နေသည်။ အေးမြသောလေက တစ်ချက်တစ်ချက် ဝင်လာသည်။

ချိုချိုက မစောလင်းအပါးသို့ လာ၍ရပ်သည်။

'မစောလင်းရယ် ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ အောက်မေ့ပါတော့၊ ချိုချိုက မစောလင်းအတွက်လည်း ကောင်း၊ အားလုံးအတွက်လည်း ကောင်းအောင် အစစအရာရာ ချောချောမောမောဖြစ်ဖို့ ခုလိုစီစဉ်ရတာပါ၊ ကိုသက်ရှင်ဆိုရင်လည်း ဒီအစီအစဉ်ကို သဘောကျပါတယ်'

ဘိုမကြီးနှင့် ကုလားမလေးတို့သည် ခန်းဆီးများနှင့် မီးအိမ်ကို ယူလာကြသည်။

'ဆင်တူတွေက တချို့လည်းအရောင်တွေမျက်ကုန်ပြီ၊ ဒါက အရောင်လည်း အကောင်းဆုံး၊ အဆင်လည်း လှတယ်'

ဟုဆိုကာ ခန်းဆီးများကို ချိုချိုအား ပြလေသည်။

ရှိသားအဖြူပေါ်တွင် အစွယ်ကလေးနှင့် ခက်ထားသောအဆင်၊ အတော်သစ်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ပြတင်းပေါက်များ၌ ခန်းဆီးတစ်ဆင်လျက်ရှိစဉ် ချိုချိုက အသံတိုးတိုးဖြင့်...

အန့်တီက သန့်လည်းသန့်ပုံရပါတယ်၊ မစောလင်းစားချင်တာသာ ချက်နိုင်းပေါ့၊ အသီးအနှံတော့ ကောင်းကောင်းရတယ်၊ နွားနို့လည်း မှာထားခဲ့တယ်၊ ကောင်မလေးလည်း လိုတာခိုင်းပေါ့နော်'

'ချိုချိုရယ် မပူပါနဲ့ကွယ်၊ ကိုယ် နေတတ်ပါတယ်၊ ကိုယ်က ဒီတော့မယ်ဆိုရင် ဘယ်လောက်ပဲခံရခံရ ခံနိုင်ပါတယ်၊ ဘာရယ်ညာရယ် အရေးမထားပါဘူး၊ ကိုယ့်အတွက် ဒီလောက်လည်း ချဲ့မနေပါနဲ့ကွယ်'

ချိုချိုက မနေနိုင်၊ ပြတင်းပေါက်သို့သွားကာ ခန်းဆီးအတွန့်ကလေးများကို ကိုယ်တိုင်လှစ်ပေးနေသည်။ မတင်းသည့်နေရာတွင် တင်းအောင်ကြိုးကို ပြင်တပ်ပေးသည်။ ကြိုးတန်းတွင် တင်းရင်းနေမှ ကျေနပ်သွားသည်။

'အန့်တီ၊ ပက်လက်ကုလားထိုင်တစ်လုံးလောက် ရရင်ကောင်းမယ်၊ အညောင်းပြေ အညာပြေ လှဲရတာပေါ့'

'ရှိပါတယ်၊ ဟဲ့... ညည့်ခန်းက တစ်လုံးသွားယူစမ်း'

ကုလားမလေးက ပြေး၍ယူရသည်။ မစောလင်းမှာ ပြုံးမိတော့မယောင် ဖြစ်သွားသည်။

ညည့်ခန်းမှာ အတော်သပ်ရပ်သွားလေပြီ။ ခုတင်ဘေး၌ စာရေးစားပွဲတစ်လုံး။ စာကြည့်မှန်အိမ်။ မှန်အိမ်မှာ အုပ်ဆောင်းပါသည်။ ပက်လက်ကုလားထိုင်၊ အိမ်ထောင်ပရိဘောဂ နည်းသော်လည်း ရှင်း၍ အိပ်ခန်းနှင့် တူသွားလေပြီ။

'မြို့ကြီးက အကျယ်ကြီး၊ မနက်ဘက်တို့ ညနေဘက်တို့ဆို လမ်းလျှောက်နိုင်တယ်၊ အလျှင်တုန်းကလို မပြုပြင်နိုင်လို့ပေါ့၊ မြေရာက အကျယ်





ကြီးပဲ'

ဘိုမကြီးက ချိုချိုအား ပြောနေလေသည်။

'ကဲ... အပြင်လာကြပါ၊ နံနက်စာလည်း စောင့်နေတယ်၊ ကော်ဖီသောက်သွားကြပါဦး'

'နေပါစေ... အန့်တီ'

ချိုချိုက ငြင်းရင်း မစောလင်းကိုကြည့်မိသည်။

မစောလင်းက မျက်နှာလွှဲလျက် ကုတ်အင်္ကျီကိုချွတ်ကာ ခုတင်ပေါ်သို့ တင်သည်။

'မအေးဘူးလား မစောလင်းရဲ့၊ ဝတ်ထားပါလား'

ခေါင်းတွင် စည်းထားသော မိုးပဝါကိုပါဖြုတ်၍ ခုတင်ပေါ်သို့ တင်ထားလိုက်သည်။

အပြင်ခန်းတွင် ထိုင်ကြလေသည်။ ချိုချိုက ကိုသက်ရင်အပါးသို့ ကပ်ကာ တစ်စုံတစ်ရာကို တိုးတိုးပြောနေသည်။ မစောလင်းက မျက်နှာမူလျှမ်း၍ သူတို့နှစ်ယောက်ကိုမကြည့်ဘဲ ဝရန်တာလက်ရန်းပေါ်မှ ကန့်ကွက်ပင်များကိုသာ စိုက်ကြည့်နေလေသည်။

အပြင်ဘက်တွင်ကား မှောင်နေသည်။ မိုးသားများ မှုံလွှမ်းနေသဖြင့် ကြယ်ပင် မတွေ့ရ။

ချိုချိုက မစောလင်းအပါးကမခွဲဘဲ...

'ပျင်းမနေနဲ့နော်၊ ချိုချိုတို့ ခဏခဏလာမယ်၊ ကိုသက်ရင်လည်း လာလိမ့်မယ်၊ အလုပ်ကမအားလို့ ပုသိမ်က တစ်ခေါက်တစ်ခေါက်လာတဲ့ အနေမျိုးပေါ့'

ငြိမ်းလျှင် နေရေးထိုင်ရေး စားရေးသောက်ရေးများကို တတွတ်တွတ်ပြော



www.burmeseclassic.com

www.burmeseclassic.com



နေလေသည်။ ဘိုမကြီးက လာချပေးသော ကော်ဖီကိုသောက်ပြီးသောအခါ မစောလင်းကပင်...

'ညဉ့်နက်နေပြီ ချိုချို'

ဟု သတိပေးလေသည်။ ချိုချိုက မပြန်နိုင်သေးဘဲ တတွတ်တွတ်နှင့် မှာကြားနေသေးသည်။

ချိုချိုတို့ ပြန်ရန်ထကြသောအခါ မစောလင်းက ဆင်ဝင်လှေကားထိပ် အထိ လိုက်လာသည်။ ချိုချိုလည်း မျက်ရည်များလည်ကာ...

'နေ အောက်အထိ မလိုက်ပါနဲ့ ချိုချိုတို့ ပြန်ပြီနော်'

ဟု အသံတုန်ယင်စွာနှင့် ပြောလေသည်။

မစောလင်းက ဘူခြေမျက် ခေါင်းကိုအသာညိတ်သည်။ ကိုသက်ရင် က...

'နေကောင်းအောင်နေပါ၊ ပြန်မယ်နော်'

ဟု နှုတ်ဆက်ရင်း ချိုချို့နောက်မှကပ်၍ လှေကားမှဆင်းသည်။

ပြင်းထန်စွာ တိုက်၍လာသော လေထဲတွင် မိုးစက်များပါလာသည်။ မစောလင်းက...

'မိုးမိလိမ့်မယ်၊ မြန်မြန်သွား'

ဟု အော်ပြောလိုက်သည်။

ချိုချိုက ကားပေါ်တက်ရင်း ကိုသက်ရင်အား...

'ချိုချိုဖြင့် သိပ်စိတ်မကောင်းတာပဲ'

ဟု ပြောလေသည်။

'နေရာလေးက လုံခြုံပါတယ်၊ သူ့သဘောအတိုင်းဆိုရင် ဒီလိုများ နေမှာမဟုတ်ဘူး။ ချိုချိုပြောလို့သာ'





'သူ့စိတ်က သိတဲ့အတိုင်းပဲ၊ ချိုချိုဖြင့် သူ့အတွက် ရင်တုမနာဖြစ် လိုက်တာ၊ သူ့ကိုတွေ့လိုက်ရတော့လေ ဖြစ်မှဖြစ်ရလေခြင်းလို့ ရင်ထဲမယ် ဘယ်လိုဖြစ်သွားတယ်မသိဘူး။ ဝမ်းနည်းတာကို သူမသိအောင် ဟန်ဆည်နေ ရတယ်'

ကားစက်နှိုးသံကို အပေါ်မှကြားရသည်။ မိုးသည် ရွာချလိုက်လေပြီ။

မစောလင်းသည် လှေကားလက်ရန်းကိုမှီကာ ခြံထဲက ကားထွက် သွား၍ ဝါးပင်များအကြားမှာ လုံးဝကွယ်ပျောက်သွားသည်အထိ ငေးကြည့် နေသည်။ လမ်းမပေါ်တွင် စက်သံကိုမကြားရတော့မှ လက်ရန်းမှခွာ၍ အိပ် ခန်းသို့သွားလေသည်။ ပိမိမှာ မနက်ကပင် လှိုင်ကော်မှာရှိသည်။ ယခု ညနေတွင် အင်းစိန်ရှိ ခြံကြီးတစ်ခြံထဲ၌ ရောက်၍နေလေပြီ။

ကိုသက်ရင် ရန်ကုန်လိုက်သွားပြီးနောက် အပြန်တွင် ချိုချို၏ အစီ အမံများပါလာလေသည်။ ချိုချိုက ရန်ကုန်မြို့အနီး အင်းစိန်ရှိ လူသူနည်းသော ခြံကြီးတစ်ခြံ၌ ပုန်းလျှိုကာ ကလေးကိုမွေးမြင်ရန် စီစဉ်လိုက်သည်။ လူအများ ကမူ လှိုင်ကော်တွင်လည်ပတ်နေသည်ဟု အထင်ရှိကြပေမည်။

မစောလင်းသည် လေယာဉ်ပျံကွင်းက ရုပ်ဖျက်ကာဆင်းလာခဲ့သည်။ ချိုချိုက တက်စီကားတစ်စီးနှင့်စောင့်နေပြီး စီစဉ်ထားသည့်အတိုင်း အင်းစိန်ရှိ ခြံကြီးထဲသို့ တန်းလာခဲ့ကြသည်။ ပုသိမ်မှဆင်းပြေးလာသော ချိုချို့သူငယ် ချင်းအဖြစ် အိမ်ရှင်က နားလည်ထားသည်၊ ဘိုကပြားမကြီးမှာ စပ်စပ်စုစု မလုပ်တတ်။

မိုးသည် သဲသဲမဲမဲရွာချလာသဖြင့် ပြတင်းတံခါးကို ပိတ်လိုက်ရသည်။ တံခါးပိတ်ထားသော်လည်း မိုးသံလေသံတို့မှာ ကြားရသည်။ လေမှာ ခပ် ကြမ်းကြမ်းတိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မစောလင်းသည် ခုတင်ပေါ်၌ အသာလှဲနေလေသည်။

အပြင်ဘက်တွင် လျှပ်စစ်မျှား တရကြမ်းလက်နေကြသည်။ မှန်တံခါးမှာ မည်းမှောင်နေလေရာ လျှပ်စစ်ကလက်လိုက်သည့်အခါ အမှောင်ထဲလျှပ်တွန့်မျှား ကွေ့ကောက်ထင်သွားကြသည်။ ကျိုးကျိုးကျွံ့ကျွံ့အသံများကား ကြောက်ခမန်းလန့်ခမန်း ထစ်ချုန်းလျက်ရှိတော့သည်။

မစောလင်းအဖို့ကား ကြောက်ခြင်း၊ လန့်ခြင်း၊ ထိတ်ခြင်းဟူ၍ အထူးတလည်မဖြစ်တော့။ မိုးက မည်မျှလောက်ပဲ ပြင်းထန်စွာ ထစ်ချုန်းနေနေ လျှပ်စစ်က ဘယ်လိုပင် ဝင်းခနဲလက်လို့နေနေ ထိတ်လန့်၍မသွား။

ရင်တွင်း၌ ကျရောက်လျက်ရှိသော ဒုက္ခအမှောင်ကြီးသည် ယခုကျရောက်နေသော အပြင်အပက ညအမှောင်ထက် နက်သည်။

ကြောင်နက်ကလေးသည် အမြီးကို အထက်သို့ထောင်တက်၍ အသာဝင်လာပြီး ခုတင်အောက်မှ အော်နေသည်။

'လာ… လာ… မီ မီ'

ကြောင်ကလေးသည် ခုန်တက်လိုက်သည်။

ရေချိုးခန်းက ထွက်လာသော ကုလားမလေးက…

'ဒီကြောင်ဟာ မိုးရွာနေလို့ အပြင်မထွက်တာနဲ့ အိပ်ကပ်တာ။ ကြောင်ထီးကြီး။ ညည ဘယ်တော့မှအိပ်မကပ်ဘူး။ ကြွက်လည်း မဖမ်းဘူး။ နေ့လယ်ဆိုရင် တစ်နေ့လုံးအိပ်တာပဲ၊ ညနေ ထမင်းစားပြီးလို့ မှောင်ရင် ထွက်သွားတာပဲ'

ဟု ခုတင်နားတွင်ရပ်၍ လာပြောသည်။

မိုးသည် သဲသဲမဲမဲ ရွာလျက်ရှိသည်။ အိမ်အမိုးနံရံနှင့် မိုးရေများရိုက်သည့်အသံမှာ ညံလွန်းနေသည်။





တစ်ချက်တစ်ချက် လေကလည်း အားကုန်တိုက်လေရာ အိမ်ကြီးသည် သိမ့်ခနဲသိမ့်ခနဲ တုန်၍သွားပြီးနောက် မိုးသက်လေသည် ခြံအစွန်းတစ်ဖက်သို့ ရောက်သွားဟန်ဖြင့် သစ်ပင်များ၏အသံကို သဲ့သဲ့ကြားရလေသည်။

'မမယောက်ျားက တစ်ညတောင် အိပ်တာမဟုတ်ဘူး။ ပြန်သွားတယ် နော်'

မစောလင်းက စပ်စုသောကုလားမလေးကို ဘာမျှပြန်မပြောချေ။ အဖြေမရသဖြင့် ကုလားမကလေးကို ငြိမ်သက်သွားလေသည်။ အတန်ကြာလျှင် အပြင်သို့ထွက်သွားသည်။

မိုးသံများကြောင့် နားထင်ပင် အူလာသည်။

မိမိမှာ ပုန်းလျှိုးကွယ်လျှိုးနေရသည့်အဖြစ်ကို စိုးစဉ်းမျှ အလိုမရှိ။ အမေအမြန်းကိုလည်း တစ်စက်ကလေးမှ မခံချင်။ ဟုတ်တာကိုသာ ပြောချလိုက်ချင်သည်။ မဟုတ်တာကို ဖုံးလည်ကြောင်ပတ်လုပ်နေရမှာများ အင်မတန်မုန်းတီးခဲ့သည့်သူ။ ယခုကား ဘယ့်နှယ် ဤဘဝသို့ ရောက်နေရမှန်း မသိ။

အိမ်ကြီးမှာ ကျယ်ဝန်း၍ လူသူရှင်းကာ လွတ်လွတ်လပ်လပ်ရှိသည်။ နေသားကျသွားလျှင်ကား စိတ်ချမ်းသာရမည်လား မသိပေ။ တစ်ယောက်တည်း အခန်းထဲမှာ အောင်းနေရခြင်းကိုကား အနည်းငယ်မျှ မပျင်း။

မစောလင်းစိတ်ထဲ၌ မကြိုက်သည်မှာ ပုန်းလျှိုးကွယ်လျှိုးနေရခြင်း အဖြစ်ပင်။ တစ်ယောက်တည်း လွတ်လွတ်လပ်လပ်နေရမည်ကိုကား သဘောပင်ကျသေးသည်။ မိုးသံလေသံတို့မှတစ်ပါး တိတ်ဆိတ်နေသော အိမ်ကြီးကို နှစ်ခြိုက်၍လာသည်။

ကုလားမကလေး၏ ခြေသံကြားရကာ လက်ဖက်ရည်ပန်းကန်ကို



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ဘေးစားပွဲ၌ လာချသည်။

'မမ... မအိပ်ခင် နွားနို့သောက်ပါဦး'

မစောလင်းသည် အိပ်ရာမှစောင်းကာ လှည့်ကြည့်သည်။

'ခါတိုင်းတော့ မနက်ဖြန်အထိ နွားနို့ကိုထားတယ်၊ အခု ယူလာတော့ အန်တီက ပွိုင့်နိုင်းတယ်၊ မနက်ကိုသာ ဗိုမှာဖို့ပြောဘယ်'

မစောလင်းက ဘာမျှပြန်မပြောဘဲ အိပ်ရာက ထလိုက်သည်။

'အေး... အေး'

ကုလားမလေးလည်း ထွက်သွားလေသည်။

ဤမိုးသံလေသံကို အဖော်ပြု၍ တစ်မိုးတွင်းလုံး နေရပေဦးတော့မည်။ ဒေါ်လေးနှင့်ဟာကွ ဗိတ်ဆွေအပေါင်းက ရှုံးပြည်နယ်တွင်ရှိသည်ဟု မှတ်ထင်နေကြသည်။ မိမိမှကား အင်းစိန်ရှိ ခြံကြီးတစ်ခြံထဲ၌ ဘိုမကြီးထံ ယမင်းလာပေးစားနေသော ပုသိမ်မှ စစ်ပြေးဒုက္ခသည် ကိုယ်လေးလက်ဝန်နှင့် နုနုလင်ယောကျ်ားကား...။

'မယောကျ်ားက တစ်ညလောက်အိပ်သွားတာ မဟုတ်ဘူး'

ဟု ခုနကပင် ကုလားမလေးက ပြောခဲ့သည်။ လူတို့၏ မေ့တာ ယောကျ်ားနှင့်မိန်းမပြင်လျှင် ဖမ်းပေးစားလိုက်ကြသည်။

ချိုချိုနှင့် ကိုသက်ရင်၊ သူတို့နှစ်ယောက်ကား မိမိအပေါ်တွင် ခင်မင်ကြသည်။ ချိုချိုက ပွတတ်လွန်းသည်။ မိမိအတွက် အလွန်စိုးရိမ်သည်။ ကိုသက်ရင်... ကိုသက်ရင်သို့ရောက်သောအခါ မစောလင်းသည် သက်ပြင်းချလိုက်လေသည်။

အပြင်ဘက်၌ကား မိုးသည် ဒလဟော ရွာသွန်းလျက်ရှိပေသည်။

* * *

[ ၂၂ ]

'နုနု အောက်ဆင်း၊ လမ်းလျှောက်ပါလား'

အန်တီက ဆင်ဝင်အောက်မှနေ၍ အပေါ်သို့ လှမ်းပြောလိုက်သည်။

အန်တီမှာ စကားအလွန်နည်းပြီး သူ့ဘာသာသူပင် အေးအေးဆေးဆေးနေတတ်သည်။ မစောလင်းက အပေါ်ထပ်တွင်ပင်နေသဖြင့် ယခုလိုခေါ်သာသည့်အခါ အညောင်းပြေ အညာပြေ ဆင်းလမ်းလျှောက်ရန်ခေါ်ခြင်းဖြစ်သည်။

အပေါ်ထပ်မှ အဖြေထွက်မလာ။ ဂမုန်းပင်များအကြားမှ မြူးရွှံသာ ပြုံးပြလိုက်သော နုနုမျက်နှာကိုသာ အန်တီကတွေ့လိုက်ရသည်။ အန်တီလည်း နောက်ထပ် ဘာမျှမပြောတော့ဘဲ ခြံတစ်ဖက်သို့ ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးဦးသာမဟုတ်၊ မိုးလယ်လည်း မိုးအတော်ကောင်းသည့် မိုးတွင်းဖြစ်သည်။ တစ်လလုံးလုံးပင် မရွာသည့်နေ့မရှိအောင် ရွာနေသည်။ အထူးသဖြင့် ညနေဘက်ရောက်လျှင် မိုးသားတွေတက်ကာ ရွာချတော့သည်။ ညနေသန်းခေါင်ကျော်သည်အထိ တစိမ့်စိမ့်ရွာနေတတ်သည်။ ညဘက်ကိုထွက်၍လည်း တတ်သော ကြောင်နက်ကလေးပင် မထွက်နိုင်တော့ဘဲ မစောလင်း၏ အခန်းထဲရှိ ပက်လက်ကုလားထိုင်ပေါ်တွင် ခွေအိပ်နေတတ်သည်။

ယနေ့နံနက်ကတည်းက နေသာနေသည်။

ပြတင်းကိုဖွင့်လိုက်သောအခါ ဝင်းဝင်းထိန်နေသော နေရောင်ခြည်တန်းကြီးကို မြင်လိုက်ရ၍ စိတ်ကြည်ရွှင်သွားမိသည်။ အုပ်ဆိုင်းလျက်ရှိသော သရက်ပင် မရန်းပင်များအကြားမှ နေရောင်လာလေရာ မီးဖိုဘက်က မီးနိုးများကြောင့် ရောင်ခြည်အတန်း အဘန်းလိုက်မြင်ရသည်။

ယခု ညနေအချိန်ကူးလာသည်အထိ တစ်နေ့လုံးလုံး မိုးမရွာသေးပေ။ မိုးသားတိမ်တိုက်တို့သာ ရွေ့လျားပြေးလွှားနေပြီး မိုးမရွာ။ လက်ရန်းပေါ်က ပန်းအိုးထဲမှ ဂမုန်းပင်တို့မှာ နေရောင်တွင် ရွှင်လန်းနေကြပေသည်။

'အင်း… ဒီကနေ့ နေသာတယ်၊ ခြံထဲဆင်းလမ်းလျှောက်ဖို့ ကောင်းသားပဲ'

ဟု မစောလင်းသည် နောက်ဖေးလှေကားမှ ဆင်းလေသည်။ ကြောင်နက်ကလေးသည် သူ့အလျှင် လှေကားမှပြေးဆင်းသွားသည်။

ခြံကြီးမှာ သူထင်သည်ထက်ပင် သာယာလျက်ရှိသည်။ မနေ့ညက ရွာချသောရေများမှာ မြေကြီးထဲသို့ စိမ့်ဝင်သွားကုန်ပြီဖြစ်ရာ တစ်နေ့လုံးနေသာလိုက်သောအခါ မြေသွေ့တက်လျက် သိပ်သိပ်ညံ့ညံ့ရှိပြီး နီညိုညိုဖြစ်နေသည်။ ရေများ စီးဆင်းသွားထားသည့်အတိုင်း မြေကြီးများ အကွင်းအကွင်းဖြစ်လျက်





ရှိသည်။ လေက တစ်ဟုန်တည်းလွှင့်ခတ်တိုက်ခိုကလိုက်သဖြင့် သစ်ရွက်များပေါ်တွင် တင်နေသော ရေများလျှော၍ မြေကြီးပေါ်သို့ကျသောအခါ မြေပေါ်၌ အချိုင့်ချိုင့်ကလေးများ ဖြစ်ကျန်ရစ်သည်။

မစောလင်းသည် ခြံ၏နောက်ဘက်သို့ လျှောက်သွားလေသည်။

ခြံစည်းရိုးဘက်၌ မြေနိမ့်သဖြင့် ရေအိုင်ရေကွက်များဖြင့် ပြည့်နေသည်။ ဝါးပင်တို့ကား ထူထပ်စွာ ပေါက်နေသောကြောင့် တစ်ဖက်ကို ဖောက်ထွင်း၍ ဘာမျှမမြင်နိုင်။

သစ်ပင်များ တစ်ပင်နှင့်တစ်ပင် ယှက်မိုးကူးသန်းနေသည်ကိုသာ မှတ်ထင်ရတော့သည်။ မစောလင်းသည် လူသွားလမ်းကလေးလိုဖြစ်နေသော လမ်းကြောင်းကလေးမှ မသွားဘဲ သစ်ပင်များခြေရင်းဘက်က ကပ်လျှောက်သွားသည်။

လမ်းဖြစ်နေသည့်နေရာတွင် ရေများတွင်နေသည်။ သစ်ပင်ခြေရင်း၌ကား သစ်မြစ်များဖြင့် မို့မောက်နေသဖြင့် ရေမတင်။ အနည်းငယ်မာပြီး သွေ့နေသည်။ လမ်းတွင် သစ်ရွက်ပုပ်များကိုနင်း၍လာရသည်။

'ဟဲ့… မိမိ'

ကြောင်နက်ကလေးက ရှေ့ကချည်းပြေးနေသဖြင့် အော်ခေါ်ရသည်။ မစောလင်းသည် ခုန်ပျံပြေးလွှားနေသော ကြောင်နက်ကလေးကိုကြည့်လျက် စိတ်ရွှင်လန်းသလိုလို ဖြစ်ရသည်။

မစောလင်းသည် ဘာတာဝန်မှမရှိ။ ဘာမှလည်း မပူရ မပင်ပန်း တစ်နေ့နေ့ တိတ်ဆိတ်နေသော အိမ်ကြီးတွင် စားချိန်တန်လျှင်လည်း အဆင်သင့်။ အိပ်ချိန်တန်လျှင် လှဲအိပ်လိုက်သဖြင့် လွတ်လွတ်လပ်လပ်နေရသော ပုသိမ်မှ နနဓါဘဝနှင့် နေသားကျ၍နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော တစ်လလောက်က မိုးဆက်နေသဖြင့် အပြင်သို့ထွက်ခွင့် မရ။ မိမိကလည်း မထွက်ချင်၊ တစ်နေ့တစ်နေ့ အခန်းထဲ၌ပင် အချိန်ကုန်၍ သွားသည်။

ကြောင်ကလေးသည် ရှေ့သို့တိုးဖြင့် မည်းညစ်လျက်ရှိသော မရန်းပင် ရင်းရှိ သစ်ခေါက်များကို ခြေနှစ်ဖက်နှင့် ကုတ်ဖွဲ့တက်နေသည်။ သစ်ပင်ပေါ်ကို ကား မရောက်။ လက်သည်းများဖြင့်သာ ကုတ်ဖွဲ့နေသည်။

'ဟဲ့… မိမိ လာ… လာ'

မစောလင်း ပေးသောနာမည်ကို ကြောင်ကလေးက နားလည်နေ သည်။ ကုတ်ဖွဲ့နေရာမှ နောက်ပြန်ခုန်လိုက်ကာ သူမဆီသို့ ပြေးမလာဘဲ အရှေ့၌ရှိသော သစ်ပင်တစ်ပင်ဆီသို့ အမြီးကောက်ကာ ပြေးသွားလေသည်။ ပြေးပုံအမူအရာမှာ ချစ်စရာကောင်းသည်။

'ဟဲ့… လာ… လာ'

မစောလင်းတွင် အဖော်ဆို၍ ဤအိမ်တွင် ကြောင်နက်ကလေးနှင့် စာအုပ်များသာ ရှိလေသည်။ အန်တီကအအေး၏။ အခန်းထဲတွင် မစောလင်း ကဲ့သို့ပင် တိတ်တိတ်ဆိတ်ဆိတ် နေတတ်လေသည်။ ထမင်းစားချိန်များနှင့် ညနေ ညဦး မအိပ်ခင်အချိန်များလောက်သာ ခဏတစ်ဖြုတ်ထိုင်၍ စကား ပြောရသည်။ စကားပြောကြရာတွင်လည်း မစောလင်းအကြောင်းကို မေး သည်မြန်းသည် တယ်မရှိလှ။ သူ့ယောက်ျားရှိစဉ်က အကြောင်း၊ သည်အိမ် ကြီးကို ဆောက်စဉ်က ဘယ်ပုံတယ်နည်းဆောက်ပုံ၊ ဂျပန်ခေတ်၊ ဆွေမျိုးများ၊ သူ့အကြောင်းတွေသာလျှင် စပ်မိစပ်ရာ ပြောတတ်သည်။

ဆွစ်ဆိုသည့် ကုလားမလေးသည်ကား မြန်မာရည်လည်လွန်းပြီး စကားများလွန်း၍ တည်တည်ကင်းကင်း လုပ်နေရသည်။





နေရောင်ခြည်သည် ကြည်လင်စွာပင် ဝင်းလျက်ရှိနေသည်။ စိမ်းသော သစ်ပင်၊ သစ်ပင်များအထက်မှ ကောင်းကင်၊ သစ်ပင်ရိပ်များဖြင့် ထိုးပြောက် ထားသော မြေပြင်၊ ရေကြက်ချို့ငှက်ပျံမိုး စသည်များမှာ မျက်စိရှင်းပြီး အေးမြ ဆိတ်ငြိမ်သော အာရုံကို ပေးစွမ်းလေသည်။

မစောလင်းသည် မြေပေါ်တွင်ပေါက်လျက်ရှိသော သစ်ပင်အမြစ် တစ်ခုထက်၌ ထိုင်လိုက်သည်။ ကြောင်ကလေးသည် ရှေ့သို့ထက်မသွားတော့ ဘဲ သစ်ပင်ကို လှည့်ပတ်၍ ကစားနေသည်။ ရေစိုစွတ်သော မြေကြီးကို နေရောင်ထိ၍ ထွက်နေသောမြေနံ့နှင့် သစ်ရွက်ပုပ်နံ့များ ပေါင်းထွက်လာသည်။

ဘယ်အခါကမှ မိမိသည် ဤကဲ့သို့အဖြစ်မျိုးကို ရောက်လိမ့်မည် မမျှော်လင့်ခဲ့။ ယခုကား လူသိမခံ သူသိမခံသော လျှို့ဝှက်သည့်ဘဝတွင် နေ့နေရသည်မှာ ဆန်းကြယ်ပေစွ။

မစောလင်းသည် အိမ်ကြီးဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။

သစ်ပင်အကြားမှ အိမ်အိုကြီးကို မြင်ရလေသည်။ အဝေးကကြည့် သည့်အခါ မှ အိုသည့်သဏ္ဍာန်သည် ပို၍ပေါ်နေလေသည်။ အနားမှကပ်၍ မြင်ရသောပုံမှာ အဝေးမှမြင်တွေ့ရသောပုံနှင့် မတူ။ တစ်ဖက်သို့ နည်းနည်း ပင် ယိုင်နေသည်။ ထင်ဝင်ကိုမူ လုံးလုံးမတွေ့ရ။ မီးဖိုချောင်ဘက်မှ လေ ကားကိုကား အတိုင်းသား မြင်နေရသည်။ သစ်ကိုင်းအစွန်းမှကျနေသော သစ်ရွက်အုပ်နှင့် ကွယ်နေသဖြင့် ခေါင်မိုးကို ကောင်းစွာမမြင်ရ။

မိမိထိုင်နေသော နေရာမှကြည့်လျှင် လာလမ်းကိုပင် မမြင်ရ။ လူ သွားလမ်းအတိုင်း လျှောက်လာခြင်းမဟုတ်သဖြင့် ကားယှက်နေသော သစ်ပင် များက ကွယ်ထားကြသည်။

အိမ်ကြီးဆီသို့ ငေးမျှော်ကြည့်နေစဉ် မိမိဆီသို့လာသော ကုလား



www.burmeseclassic.com

www.burmeseclassic.com



မလေး၏သဏ္ဍာန်ကို အနားရောက်မှ မြင်ရသည်။ ကုလားမလေးက မော ကြီးပန်းကြီးနှင့် မစောလင်းအနားတွင် လာ၍ထိုင်သည်။

'မမကို လိုက်ရှာလိုက်ရတာ'

မစောလင်းက ဘာမျှမပြောဘဲနေသည်။ သစ်ပင်ကို ကုတ်ဖဲ့ကစား နေသော ကြောင်နက်ကလေးကိုမြင်၍...

'အမယ်... ပုစိ ဒီရောက်နေပါလား။ ကြောင်ထီးတွေကို ကျွန်မ သိပ်မုန်းတယ်၊ အလကား အထီးဆိုရင် မကောင်းဘူး'

မစောလင်းသည် ပြောပုံဆိုပုံ ဟန်အမူအရာကိုကြည့်၍ ပြုံးမိသည်။ မစောလင်းပြုံးသည်ကိုမြင်၍ ကုလားမလေးက သွက်လက်လာသည်။

'ကျွန်မယောကျ်ားဟာ သိပ်ဆိုးတယ်၊ အရက်မူးမူးပြီး ကျွန်မကို အားကြီးရိုက်တယ်၊ သူနဲ့နေတုန်းက သိပ်စိတ်ညစ်တာပဲ'

မစောလင်းသည် နားထောင်နေရလေသည်။

'ညတိုင်း အရက်မူးပြီး ပြန်လာတာပဲ၊ အဲဒါ တံခါးဖွင့်တာ ကြာရ မလားဆိုပြီး ရိုက်တယ်၊ ကျွန်မက တံခါးအသာစေ့ပြီး အိပ်ပြန်တော့လည်း ခြေထောက်နဲ့ကန်ပြီး နှိုးတယ်၊ ဒီလောက်အိပ်ရမလားတဲ့၊ ယောကျ်ားတွေ ဟာ မကောင်းဘူး မမ၊ နည်းနည်းမှ မကောင်းဘူး'

မစောလင်းသည် ရှေ့သို့သာ စိုက်ကြည့်နေသည်။ သူ့ရင်ထဲတွင် လှုပ်ရှားနေသည်။

'ဒါနဲ့ ကျွန်မ ကွာပစ်လိုက်တယ်၊ သူနဲ့ ကွာမှာပဲ အရိုက်မခံရတော့ဘူး။ ကလေးမရှိလို့ပဲ မမ၊ ရှိရင် ကွဲချင်မှကွဲမှာ၊ မကွဲရင် ဘယ်လောက်နှိပ်စက်ဦးမလဲ'

ကုလားမလေးက သူ့အိမ်ထောင်ရေး အဖြစ်သနစ်ကို ပြောပြနေလေ သည်။ ယောကျ်ားများကို ရှုတ်ချနေသည်။





မစောလင်းက ဘာထင်မြင်ချက်မှ ဝင်မပေး။ ဘာမျှမပြောသဖြင့် စကားရပ်သွားသည်။

အတန်ကြာမှ...

မမယောကျ်ားကော၊ မလာတာ ကြာသွားပြန်ပြီနော်'

မစောလင်းက တစ်ခွန်းမှလိုက်မပြောဘဲ တည်တည်နေသဖြင့် –

'အလုပ်များလို့နေ့တူပါတယ်၊ မမယောကျ်ားက အေးတယ်'

ဟု သူ့ဟာသူပင် ဆက်ပြောနေသည်။

လေခပ်ကြမ်းကြမ်း တိုးဝှေ့လိုက်သဖြင့် သစ်ကိုင်းပေါ်မှ ရွက် များကျလာပြန်သည်။ သူတို့မှာ သစ်ပင်ရင်းတွင်ဖြစ်၍ ရေမစိုး ကြောင် ကလေးသည် ရေစိုသွားသဖြင့် အထိတ်တလန့် မစောလင်းခြေထောက်နားသို့ ပြေးကပ်သည်။

'ကားသံကြားတယ်၊ မမ... မမယောကျ်ား လာပြီထင်တယ်'

ကုလားမလေးက နေရာမှထကာ ဝမ်းသာအားရနှင့်ပြောသည်။ ခြံဝဆီက မော်တော်ကားစက်သံ ထွက်လာသည်။ မစောလင်းက မတုန်မလှုပ် နေ၍ အံ့သြကာ...

'ကျွန်မ သွားကြည့်ဦးမယ်'

ဟု ဆိုပြီး ခြံဝဘက်သို့ ပြေးသွားသည်။

မစောလင်းသည် သက်ပြင်းချရင်း ကျန်ရစ်လေသည်။ ရင်ထဲတွင်ကား မို့၍နေသည်။ ကိုသက်ရင်လာလျှင် မျက်နှာမထားတတ်။

သစ်ပင်များကြားထဲမှ မိမိထံသို့လျှောက်လာသော ချိုချို့ကို တွေ့ရ သည်။ ကိုသက်ရင်မပါ။ လက်ထဲတွင် စက္ကူအိတ်တစ်အိတ်ကို ဆွဲလာသည်။ တစ်ခါမှဝတ်တာ မတွေ့ဘူးသေးသော ချော့ကလက်ရောင် ထဘီအဆန်း



www.burmeseclassic.com

www.burmeseclassic.com



ဝတ်လာသည်။ ချိုချို့မှာ နှမ့်မိုပြည်၍ ချစ်စရာကောင်းသော မိန်းမပျိုကလေး ဖြစ်သည်။

'မနက်ကတည်းကလာမလို့ မစောလင်း၊ နေကောင်းလား'

ချိုချိုသည် အနားသို့ရောက်လျှင်ရောက်ချင်း မေးလေသည်။

'နေကောင်းပါတယ်'

ချိုချိုက စက္ကူအိတ်ကို မစောလင်းလက်ထဲသို့ ထိုးပေးရင်း...

'စပျစ်သီး ဒီတစ်ခါ အနီရွေးဝယ်လာတယ်။ မနက်က အစောကြီး ထလာမလို့ ဆရာမက မအားတာနဲ့'

မစောလင်းက ချိုချို့ကို မျက်တောင်ပင့်ကာ ကြည့်နေသည်။

'အခု ဆရာမပါ တစ်ပါတည်းခေါ်လာတယ်၊ ပြထားရအောင်လေ'

မစောလင်း အံ့အားသင့်သွားသည်။

'ဆရာမ ခေါ်လာတယ်'

'ဟုတ်တယ်၊ စိတ်ချရမယ့် ဝန်ထမ်းကို အတော်ရှာရတာ၊ မလွယ်လှဘူး။ မစောလင်းရဲ့ မစောလင်းအသိထဲက ဖြစ်နေရင်လည်း ခက်မယ်မဟုတ်လား။ ခုခေါ်လာတာကတော့ ကုလားမပဲ၊ ဗိုလ်တထောင်က'

'နာမည်က ဘယ်သူလဲ'

'ဆရာမ လက်ချမ်းတဲ့၊ ဂါဝန်ဝတ်တယ်'

အသိထဲကများ ဖြစ်နေမလားဟု မစောလင်းက တွေးနေလေသည်။

'သူ့ကို မြန်မာတွေက သုံးတာမဟုတ်ဘူး။ ကုလားတွေနဲ့ ကပြားတွေသာ သုံးတာ၊ အသက် (၄၀)ကျော်ပြီ၊ အတော်နားလည်ပုံရတယ်'

မစောလင်းက ဘာမျှမပြောဘဲ အိပ်ကြီးဆီသို့သာ ကြည့်နေလေသည်။

'ဒါဖြင့် သွားရအောင်၊ ဆရာမ စောင့်နေမှာပေါ့'





'နေဦး၊ အန်တီ့ညီသည်တွေ ရောက်နေတယ်၊ သူတို့ပြန်မှ လာခေါ်ဖို့ ကုလားမလေးကို မှာထားတယ်၊ မသွားနဲ့ဦး၊ သွားလို့မဖြစ်ဘူး'

ချိုချိုပြောသည်ကို မစောလင်းက ပြုံးရယ်နေသည်။ စိတ်ကြည်လင်သောအခါ ပြုံးရယ်သကဲ့သို့ပင် ပါးချိုင့်ကလေးတစ်ခွက် ချိုင့်ဝင်အောင်ပြုံး၍ ချိုချိုပါ လိုက်ရောပြုံးရယ်လေသည်။

'ဒေါ်လေးဆီ ရောက်သေးလား'

'ရောက်တယ်၊ မနေ့ကပဲ ရောက်တယ်၊ ချိုချိုက စာကိုပြတော့ ဖတ်ပြီး စိတ်ပြေလက်ပျောက် ရွာတွေလျှောက်လယ်နေတယ်လို့ ထင်သွားတယ်၊ ချိုချိုက ဟန်မပျက်အောင် သတိထားပြီး ပြောလိုက်ရတာ မပြောနဲ့တော့၊ ချိုချိုပြောတာ ဒေါ်လေးက ယုံပါတယ် စိတ်ချ။ ချိုချို ကြာကြာမနေဘူး ပြန်ပြန်လစ်ခဲ့ရတယ်'

ချိုချိုက ပြောပြီး သူ့ဟာသူသဘောကျကာ ရယ်မောနေသည်။ မစောလင်းမျက်နှာကိုပင် သတိမထားမိ။

'မစောလင်း နေကောင်းတယ်နော်၊ ကြည့်ရတာ နုတောင်လာတယ်'

ဟု ပြောရင်း မျက်စိက တစ်ကိုယ်လုံးကို အကဲခတ်နေသည်။ မစောလင်းက ဘာမျှမပြောဘဲ ပြန်ကြည့်နေသည်။

'ဝမ်းထဲကကော လှုပ်ရဲ့လား၊ ဟင် မစောလင်း'

ဟု ပြောပြောဆိုဆို လက်ရောက်လာ၍ မစောလင်းက လက်နှင့် မထိခင် လက်ကို ဖယ်ရှားပစ်ကာ...

'ချိုချိုကလဲ'

ဟု ဆိုလိုက်သည်။

'စမ်းကြည့်မလို့ပါ မစောလင်းရဲ့၊ အခုလို ထိုင်နေတာ မလှုပ်ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



ဟင်'

'မပြောစမ်းပါနဲ့ ချိုချိုရယ်၊ မပြောစမ်းနဲ့'

ဟု မစောလင်းက ရှုံ့ရှာသည့် မျက်နှာအသွင်နှင့် ဟန့်မဲ့ပြောတော့မှ ချိုချိုက မစောလင်းကို သနားမိကာ ပြောမိသည်ကိုပင် စိတ်မကောင်းဖြစ်သွားသည်။

အတန်ကြာအောင် ငြိမ်သက်နေရာမှ...

ချိုချိုက...

'ကိုသက်ရင်လည်း ဝတ္ထုတစ်ပုဒ် ရေးနေပြန်ပြီတဲ့လား'

ဟု လွှဲပြောင်းပြောလိုက်သည်။

'တိုယ်လည်း အခုစာဖတ်နေရတယ်၊ သူ့စာအုပ်တွေဆိုရင် ကုန်သလောက်ရှိသွားပြီ၊ "ကမ္ဘာ့ဖတ်စ်ခွင်"ဆိုတဲ့ ဝတ္ထုက ဒုတိယနှိပ်ခြင်း ပြန်နှိပ်ရတယ်ဆို'

'နှိပ်ရတယ်၊ တစ်ရက်နှစ်ရက်အတွင်း ထွက်လာတော့မယ်၊ ရှမ်းပြည်နယ်အကြောင်းရေးတဲ့ ဝတ္ထုပဲ၊ သူ့ဝတ္ထုကလေ ရှမ်းလူထုရဲ့ သဘာဝလည်း ပေါ်တယ်၊ သွေးစည်းရေးကိုလည်း အခြေခံထားတယ်၊ သေသေချာချာ အနုစိပ်ပြီးရေးတာ၊ ဖတ်ရတဲ့လူကို ရှမ်းပြည်ထဲ ရောက်သွားသလိုပဲ၊ ဖတ်လို့ကောင်းလိုက်တာ'

ချိုချိုက ကိုသက်ရင်၏ ဂုဏ်သတင်းများကို ပြောရာ၌ ဘယ်တော့မှ မမောပန်းပေ။

'ဟော... ကုလားမလေး လာနေပြီ၊ ကဲ... ထ ဆရာမနဲ့ တွေ့ရအောင်'

မစောလင်းသည် နေရာမှထလေသည်။

'ကိုယ်တော့ကွယ် ဒီဘဝက မြန်မြန်လွတ်ချင် ကျွတ်ချင်ပါပြီ၊ ကိုစွ





မြန်မြန်ပြီးချင်ပြီ၊ ပြီးတော့ ဒီကလေးကို ကိုယ်...'

'ဒါတွေ ပူမနေပါနဲ့၊ ချိုချိုယူမွေးမယ်'

'အို... မဟုတ်တာပဲ၊ ဘယ့်နှယ် ဒီလိုပြောတာလဲ ချိုချို'

'မစောလင်း ဒါကိုစဉ်းစားမနေပါနဲ့၊ ဘာမှ ကြောင့်ကြမနေပါနဲ့၊ ချိုချိုတာဝန်ထား၊ ချိုချို အကုန်စီစဉ်မယ်၊ အခုအတောအတွင်း ကိုယ့်ကိုယ်ကို ကျန်းကျန်းမာမာဖြစ်အောင်နေပါ၊ စိတ်ပျော်ရွှင်အောင် နေစမ်းပါ'

နေပွင့်လာ၍ ရောင်ခြည်တန်းကြီး ပေါ်လာပြန်သည်။ သစ်ရွက်ပုပ်အနံ့သည် တယုံ့ယုံ့ထွက်နေသည်။

'ဒီပြင် ဘာများ စားချင်သေးသလဲ ဟင်၊ စားချင်တာတွေမှာနော်'

ဟု ချိုချိုက စကားကို လွှဲပြောလေသည်။

မစောလင်းအတွက် ဘာမဆို ချိုချိုက လုပ်ပေးဖို့အဆင်သင့်ရှိသည်။ မစောလင်းစိတ်ချမ်းသာလျှင် ဝမ်းသာသည်။ မစောလင်းဒုက္ခဖြစ်လျှင် သူ့ဒုက္ခကဲ့သို့ အညီအမျှ ဝင်ခံနိုင်သည်။

ကြောင်နက်ကလေးသည် နောက်မှ တကောက်ကောက်ပါလာသည်။ မစောလင်းက 'ဗီ ဗီ'ဟုခေါ်ကာ လက်ကို လှုပ်ပြသည်။ ကြောင်ကလေး ခုန်ပေါက်ပြေးလွှားသည်ကိုကြည့်ပြီး မစောလင်းသည် ပြုံးရယ်နေလေသည်။ မစောလင်း ရွှင်ပျနေသည်ကိုကြည့်ပြီး ချိုချိုက ဝမ်းသာနေသည်။

လှေကားသို့တက်သောအခါ မစောလင်းသည် ခါတိုင်းကဲ့သို့ ပေါ့ပေါ့ပါးပါး ဖျတ်ဖျတ်လတ်လတ် မတက်နိုင်ဘဲ ဖြည်းနှေးနေသည်။

ချိုချိုက လက်ကိုတွဲပြီး...

'ဖြည်းဖြည်းတက်ပါ မစောလင်းရယ်'

ဟု ကြင်နာစွာ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



မစောလင်းလည် ရှောစောင်ကလေးကို ကိုယ်ပေါ်သို့ ဆွဲ၍ဖုံးလိုက်သည်။

'နောက်တစ်ခါလာရင် မစောလင်းဖို့ [ဘလောက်စ်]လေး ချုပ်ခဲ့မယ်၊ အဆင်ကောင်းကောင်းရွေးချုပ်မယ်'

'မလိုပါဘူးကွယ်၊ ဘယ်သူမြင်တာလိုက်လို့ တောကြီးတောင်ကြီးထဲမှာ ဝတ်ဖို့မလိုပါဘူး'

လေ့ကားထိပ်သို့ရောက်လျှင် မစောလင်းက ထိတ်ရမည့်အစား ချိုချိုက မစောလင်းနှင့် သိသည့်ဆရာမများဖြစ်နေမလားဟု တထိတ်ထိတ်နှင့် နေကာ…

'အသိထဲကဆိုရင် ပြောနော်၊ စမ်းသပ်မှာတစ်ယောက်၊ အပြင်ထွက်သွားတယ်ဆိုပြီး ညာမယ်'

ဟုဆိုပြီး မစောလင်းကိုကွယ်၍ ရှေ့ကသွားသည်။ မစောလင်းမှာ ချိုချိုကို ပြုံးမိလေသည်။

မစောလင်းကို ဆရာမက စမ်းသပ်ကြည့်ပြီးသောအခါ…

'ဖန်နဝါရီလောက် ကျမယ်'

ဟုဆိုလေသည်။ မစောလင်းက ဘာမျှမပြောဘဲနေသည်။ ချိုချိုကသာ မေးစရာရှိတာတွေ၊ ကြားဖူးနားဝ အကုန်လျှောက်မေးသည်။

'တစ်လတစ်ခေါက်လာပြီး ကြည့်ပေးမယ်'

'ကြည့်ပါ၊ ကျွန်မ ကားနဲ့ခေါ်မယ်'

ဟု ချိုချိုက ဝင်ပြောသည်။

'ဘာမှ ပင်ပင်ပန်းပန်း မလုပ်ပါနဲ့၊ သက်သက်သာသာနေပါ'

'လမ်းကော မလျှောက်နိုင်ဘူးလား ဆရာမ'





ဟု ချိုချိုက ဝင်မေးပြန်သည်။

'လမ်းလျှောက်နိုင်ရင် ပိုကောင်းတယ်၊ သိပ်ပြင်းပြင်းသာ မလျှောက်ပါနဲ့'

မစောလင်းမှာ စိတ်ထဲက ပြုံးမိလေသည်။ မိမိက တခြားကိုယ်ဝန်ဆောင်များအား ပြောခဲ့သည်၊ ယခု မိမိမှာ အပြောခံ၍ နေရသည်။

'အစားအသောက်ကော ဆရာမ'

မစောလင်းက အသာ ချိုချိုကို လက်ကုတ်ရသည်၊ ချိုချိုကလည်း မျက်စိတစ်ဖက်မှိတ်၍ အသာပြန်ပြီး လက်ကုတ်သည်။

ချိုချိုပြန်သွားသောအခါ မစောလင်းသည် ချိုချိုအပေါ်တွင် ချစ်လှသည့် ပိတ်ဖြင့် ကြည်နူးနေလေသည်။

⁂ ⁂ ⁂

www.burmeseclassic.com

www.burmeseclassic.com

[ ၂၃ ]

မစောလင်းသည် အလွန်နှစ်သက်သော စံပယ်နံ့ကို မရှူရှိုက်ရတော့ပြီ။

မြင်းထန်သောလေ၊ တရကြမ်းရွာသွန်းသော မိုးရေများကြားမှာပင် စံပယ်များတုံးသွားလေသည်။ စံပယ်နံ့မရတော့ပြီးနောက် ပုန်းညက်ရနံ့သည် သင်းထွက်လာလေသည်။

မစောလင်းသည် အိပ်ရာမှနိုးလျှင်ပင် ရာသီဥတု၏ ရွေ့ရှားပြောင်းလဲလာခြင်းကို ခံစားရလေသည်။ ရောက်စက သစ်ရွက်ပုပ်နံ့များကို ရခဲ့သည်။ နောက်မှ မိုးများ သဲသဲမဲမဲရွာချပြီးသောအခါ မိုးရေနှင့်အတူ သစ်ရွက်ပုပ်များလည်း မျောလွင့်သွားကုန်လေတော့သည်။





မိုးကောင်းသည့်ညများ၌ဆိုလျှင် စားပွဲတင် မှန်အိမ်ကိုထွန်းညှိကာ စာကြည့်၍ အင်မတန်ကောင်းလေသည်။ စာပေ၌သာ တစ်ချိန်လုံး မွေ့လျော်နေပေသည်။ ကဗျာများကိုပင် နှစ်ခြိုက်လာသည်။ ရှေးကမူ ကဗျာများမဖတ်ခဲ့။ စာလုံးများရွေး၍ သီကုံးထားသည့် အလှအပများကို မခံစားတတ်ချေ။ ယခု ကဗျာများကိုဖတ်၍လာမှပင် စိတ်ထဲက ကြည်လင်အေးမြကာ ကြည်နူးသာယာမိသည်။ နှုတ်ရှင်နောင်၊ နဝဒေးတို့၏ ရတုကဗျာ စာလုံးကလေးများကို စိတ်ထဲတွင်ပင် ရနေသည်။

ချိုချိုလာတိုင်း သစ်သီးများ လှိုင်လှိုင်ပါလာသည်။ ကနစိုးသီး၊ နာနတ်သီးကားတုံးလေပြီ။ ကိုသက်ရင်လာလျှင်လည်း သစ်သီးများ အထွေထွေ ဝယ်လာသည်။

မိုးရွာပြီးစ လသာသည့်ည တစ်ညတလေရောက်လျှင်ကား မစောလင်းသည် စာမကြည့်ဘဲ ပြတင်းပေါက်၌ရပ်လျက် ခြံကြီးထဲသို့ မျှော်ငေးကြည့်နေတတ်သည်။ တစ်ခါတစ်ရံ လမှာ သာနေရာက ကောင်းကောင်းမသာနိုင်ဘဲ မိုးတိမ်များ ပြိုကျလာပြီး ရွာပြန်တော့သည်။

မိုးပြတ်သည့် ညများ၌ကား ကြောင်နက်ကလေးသည် တစ်ညလုံး ထွက်လည်နေပြီး လင်းအားကြီးမှ ပြန်လာတတ်သည်။

မစောလင်းမှာ အိပ်ရာက စောစောထလေရာ ပြတင်းတံခါးဖွင့်လိုက်လျှင် တံခါးအဖွင့်စောင့်နေသော ကြောင်နက်ကလေးသည် နောက်ဖေးလှေကားမှ တံခါးပေါင်ကို ခုန်တက်ကာ တစ်ဖက်ခန်းထဲသို့ ခုန်ဆင်းလာပြီး အိပ်ရာခြေရင်း၌ လှဲလျက် အိပ်တတ်လေသည်။

မစောလင်းသည် သဘာဝစာတ်များနှင့် အကျွမ်းဝင်လျက် ရှိလေပြီ။ စံပယ်၊ ပုန်းညက်၊ ခတ္တာ စသည်ဖြင့် ရာသီပန်းတို့၏ရနံ့ကို ခံကာ အချိန်



www.burmeseclassic.com

www.burmeseclassic.com



ရာသီ သီလာလေသည်။

မိုးမှာ မရွာဘဲ ပါးလာလေပြီ။

ချိုချိုဝယ်လာသော ခွယ်တာများကား တန်းပေါ်တွင် ပုံလျက်သား ရှိနေတော့သည်။ [ဘလောက်စ်]လက်တိုအင်္ကျီများကို ပုံအမျိုးမျိုးချုပ်လာသည်။ 'ချိုချိုကလည်း မဝတ်ပါဘူးဆို ချုပ်လာတာပဲ'ဟု မာန်မဲရသေးသည်။

ဆရာမတစ်ခေါက်လာစဉ်က 'လမ်းလျှောက်ပေးပါ'ဟု ပြောသွားသည်။ အမှန်အားဖြင့် မစောလင်းမှာ ဆရာဝန်ဖြစ်၍ လမ်းလျှောက်ခြင်းဖြင့် မီးဖွားလွယ်ကူစေကြောင်းကို နားလည်ပြီးသားဖြစ်သည်။

မိုးမရွာဘဲ မိုးပြတ်နေသောအခါ သစ်ပင်များပေါ်၌ ဖုန်များတင်နေသည်။ ကြည့်လိုက်လျှင် စိမ်းခြောက်ခြောက်၊ ဝါရော်ရော်လို ဖြစ်နေသည်။ မိုးတစ်ဖန်ရွာလိုက်ပြန်သောအခါ သစ်ရွက်တို့သည် ဖုန်စင်၍ စိမ်းစိမ်းစိုစို ဖြစ်သွားပြန်လေ၏။ နေရောင်ပွင့်သောအခါ တလက်လက် စိမ်းနေကြသည်။

မစောလင်းသည် နေပွင့်သည့်မနက်ဘက်၊ ညနေဘက်များတွင် ခြံထဲ၌ လမ်းလျှောက်လေသည်။

ကြောင်နက်ကလေးမှာ လမ်းလျှောက်တိုင်း သူ့နောက်မှတကောက်ကောက်လိုက်လာသည်။ မစောလင်းက ကြောင်နက်ကလေးကို နေ့တိုင်းမပင်မှန်သည်ကုလားမကြီးဆီက မုန့်တွန့်တာ ဝယ်ကျွေးသည်။

ချိုချိုသည် ခေါက်ဆွဲကြော်များ ဝယ်၍လာပြန်သည်။

'ဟိုတယ်က ဝယ်လာတာ၊ ကော်ပြန့်စိမ်းလည်း ပါတယ်၊ ကြိုက်တာစားနော်၊ ကော်ပြန့်စိမ်းက ကဏန်းနဲ့လုပ်တာ'

မစောလင်းက ဘာမျှပြန်မပြောဘဲ ခေါက်ဆွဲထုပ်ကိုသာ ဖြေစားလေသည်။ ကိုသက်ရင်က နှစ်ယောက်စလုံး၏ အမှုအရာကို တစေ့တစောင်း





ကြည့်နေသည်။ တစ်ယောက်က ပျာပျာသလဲနိုင်သလောက် တစ်ယောက်က မတုန်မလှုပ်။ သို့သော် တစ်ယောက်နှင့်တစ်ယောက် သိပ်ချစ်ကြသည်။

ခြံကြီးတွင်ကား စိမ်းသောသစ်ပင်၊ နီသောမြေကြီး၊ ပြာသော ကောင်းကင် စသော နောက်ခံနှင့်သာပြီးသည်။ ပန်းရန့်ကလေးများနှင့် နေရောင် မိုးရေတို့ကိုမှတ်ကာ အချိန်ရာသီစွင် ကူးပြောင်းလှည့်လည်သွားနေသည်ကို သတိပြုလျက်နေသည်။

မစောလင်းသည် ခြံကြီးတစ်ဖက်ရှိ ဝါးရုံများ ကျိုးတိုးကျဲတဲဖြစ်နေသည့်အကြားမှကြည့်လိုက်ရာ ရေကန်တွင် ကြာများ ဖူးနေသည်ကို မြင်ရသည်။ ရေနှင့်ကြာမှာ ပန်းရ၍ ကြည့်ရသူတို့အဖို့ စိတ်ချမ်းမြေ့သည်။ အိပ်ကြီးဆီသို့ ပြန်လာသောအခါ မြေကြီးပေါ်၌ ကြွေကျနေသော ယင်းမာပွင့်များကို နင်းလာရသည်။

ချိုချိုသည် တစ်ခါတစ်ရံ မပြီးမလိမ်း သရက်ထည်လုံချည်နှင့်လည်း ပေါက်လာတတ်သည်။ တောက်ပသော နေရောင်ဝယ် သူ့အသားမှာပြောင်၍နေသည်။ ကျေးဇူးကာဇာရကာတို့သည် တစ်ပင်မှတစ်ပင်သို့ ပျံသန်းလျက်ရှိကြရာ ညံစီ၍နေတော့သည်။

ချိုချို တစ်နေ့လုံးလာနေသောအခါ မပြန်မီ ညနေဘက်၌ ခြံကြီးထဲသို့ လျှောက်ကြလေသည်။

'မစောလင်း နေကောင်းတယ်နော်'

'နေကောင်းပါတယ် ချိုချို'

'ဗိုက်တောင် လုလာသေးတယ်'

သူတို့သည် ဒေါ်လေးအကြောင်း ရောက်သွားကြပြန်၏။ ဒေါ်လေးက ရှမ်းပြည်နယ်မရောက်ဘူး၍ ဘယ်မျှလောက်လည်ချင်ရော ပတ်ချင်ရကောင်း



www.burmeseclassic.com

www.burmeseclassic.com



သည့်အကြောင်း၊ ရာသီဥတု သာယာသိုပြည်၍ ကျန်းမာရေးနှင့် ဘယ်က လောက် ညီညွတ်ကြောင်း ပြောခဲ့ရပုံများကို ချိုချိုက ပြောပြရင်း ရယ်မော နေသည်။

'ဒါထက် မစောလင်းရေ ဒေါက်တာဖေဦးအကြောင်း ကြားရတယ်၊ တာမွေမှာ ဆေးတိုက်ဖွင့်နေသတဲ့'

'ဘာဖြစ်လို့ ကိုယ့်ကိုပြောတာလဲ ချိုချို၊ ကိုယ် သူ့အကြောင်း လေသံတောင် မကြားချင်ဘူး'

ချိုချိုသည် ဆက်လက်၍ တစ်ခွန်းမျှ မပြောတော့ပေ။ ပြောမိသည် ကိုပင် သူ့ကိုယ်သူ အပြစ်တင်လို့မဆုံး။ မစောလင်း၏ နိုင်မာသောစိတ်ကို သူသိသည်။ ဘာဖြစ်လို့ သည်စကားထွက်သွားပါလိမ့်ဟု စိတ်မကောင်းဖြစ် မိသည်။

ဝါးရုံတစ်ဖက်ရောက်၍ ဝါးပင်များကျဲနေသည့်နေရာမှ မြင်ရသော မျောက်နှမှာ ကောင်းကင်အရောင်အတိုင်း ပြာလဲ့လဲ့ဖြစ်နေသည်။

'ကြာတွေ သိပ်ပွင့်နေတယ်နော်'

မစောလင်းက ဝါးပင်နားအထိ မလျှောက်နိုင်၊ ကိုယ်လက်တို့မှာ လေးပင်နေတတ်သည်။ ထို့ကြောင့် သစ်ပင်တစ်ပင်ခြေရင်း၌ ထိုင်ကြရသည်။

'ကိုသက်ရင် ဝတ္ထုကို အခွေတော်က ရုပ်ရှင်ရိုက်မလို့တဲ့'

'ဘယ်ဝတ္ထုလဲ ချိုချို'

'စိမ်းလဲ့ကောက်ပင်ကိုပေါ့၊ အဲဒါ ကိုသက်ရင်က ဝတ္ထုထဲကပါတဲ့ အချက်အလက်တွေနဲ့ ကိုက်ညီအောင်ရိုက်ဖို့ရာ စကားပြောနေကြတယ်၊ သူ့ ဝတ္ထုယူပြီး ဝတ္ထုထဲက အယူအဆမပါရင် ရိုက်ဖို့ခွင့်မပြုနိုင်ဘူးတဲ့'

နောက်တစ်ခါက် ချိုချိုလာသောအခါ ခဲနံ့များ ပါလာသည့်လောကို





ရှရှိုက်ကြရသည်။ ကောင်းကင်မှာ မိုးသားကင်းစင်လျက် ရှိသည်။ လေသည် ခပ်ဝေ့ဝေ့သာ တိုက်ခတ်လေသည်။

ကြောင်နက်ကလေးမှာ တစ်ညလုံး အိမ်တွင်မရှိတော့။ လင်းအား ကြီးမှ ပြန်လာပြီး တစ်နေ့လုံးအိပ်ကာ ညအမှောင်ဝင်လာလျှင် သူ့ကိုရှာ၍မတွေ့ တော့။ ညနေဘက် လမ်းလျှောက်ချိန်၌ကား ခြံထဲသို့ မစောလင်းနှင့်အတူတူ ဆင်းလာသည်။

ချိုချို တစ်ရက်တလေ ပေါ်မလာလျှင် မစောလင်းမှာ တမျှော်မျှော် နှင့် ဖြစ်နေသည်။ တနင်္ဂနွေနေ့ဆိုလျှင် ဘိုမကြီးက ဘုရားရှိခိုးကျောင်းသို့ သွားရင်း တစ်နေ့လုံး ရန်ကုန်၌သာ အချိန်ကုန်နေတတ်သည်။ တနင်္ဂနွေနေ့ တိုင်း ချိုချိုက ကိုသက်ရင်ကိုပါ ခေါ်ခဲ့ကာ တစ်နေ့လုံး နေကုန်အောင် နေ တတ်သည်။

ချိုချိုရောက်နေခိုက် ဘိုမကြီး၏မိတ်ဆွေများ လာရောက်လည်ပတ် သည်နှင့်ကြုံလျှင် ချိုချိုက အခန်းထဲတွင် မစောလင်းနှင့် စကားပြောရာမှ မှုက်လုံးပြူးမျက်ဆန်ပြူးလျက်...

'ဟော...'

ဟုဆိုကာ အပြေးအလွှား တံခါးကို ပြေးပိတ်တတ်သည်။ မစောလင်း သည် ချိုချို၏ အထိတ်တလန့် ဣန္ဒြေပျက်အောင် ဖြစ်တတ်ပုံကိုကြည့်ကာ

'သူမလုံတာနဲ့ လူရိုင်းမိမှာ'

ဟု ပြောပြီး ရယ်မောနေလေသည်။

မိမိအား ပြန်ခါနီးတိုင်း

'အပြင်ထွက်နေရင် သတိနဲ့နေနော်၊ ညို့သည်လာရင် အခန်းထဲ ကိုသာ ဝင်ခဲ့ပါ။ အခန်းထဲမှာနေတုန်းလာရင်လည်း တံခါးပိတ်ဖို့ မမေ့နဲ့'



www.burmeseclassic.com

www.burmeseclassic.com



ဟု မှာလေ့ရှိသည်။ တစ်လထက်တစ်လ အချိန်နီးကပ်လာသဖြင့် ချိုချိုသည် အနီးလုပ်ရန်ပိတ်အဖြူစများ၊ ကလေးဝတ် ပိုးအင်္ကျီ၊ ခွယ်တာ အင်္ကျီ၊ ဦးထုပ်၊ ခြေအိတ်ကလေးများ ဝယ်၍လာလေသည်။ မစောလင်းအား တစ်ခုစီပြနေဘဲ သေတ္တာထဲသို့ သွားထည့်ထားသည်။ မစောလင်းမှာ ကလေးပစ္စည်းများကို မြင်သော်လည်း ဘာမျှပြောလားဆိုလား မလုပ်ဘဲ ကြည့်နေတတ်သည်။

ချိုချိုမှာ မီးဖွားပြီးလျှင် ကလေးကို သူ့အိမ်သို့ ခေါ်သွားမည်ဟု ပိုင်းဖြတ်ထားသည်။ မစောလင်းကမူကား ကလေးနှင့်ပတ်သက်၍ ဘယ်လို ကြံစည် စီစဉ်ထားသည်ကို ချိုချို့အား တစ်စုံတစ်ရာ ဘာမှမပြောပေ။ ချိုချို လုပ်သမျှကို ကြည့်၍သာ နေတော့သည်။

'မမ မယောက်ျား လာနေတယ်'

ကုလားမလေးက အခန်းဝမှ လာ၍ပြောသည်။

'ကားသံလည်း မကြားပါလား'

ဟု စဉ်းစားရင်း အိပ်ရာမှ ထလိုက်သည်။

'အေး... အေး'

ခါတိုင်းလာကြလျှင် စောစောလာကြသည်။ ယနေ့မူ အမှောင်သန်းစပြု နေ၍ နောက်ကျသည်ဟု အောက်မေ့နိုင်၏။ မိမိအခန်းထဲသို့ တန်းဝင်လာ မည့် ချိုချို့ကို စောင့်မနေဘဲ မစောလင်းသည် ရှာစောင်ကလေးကို ဆွဲ၍ ခြုံကာ အပြင်သို့ ထွက်လာခဲ့သည်။

ဧည့်ခန်း၌ ဘိုမကြီးမရှိဘဲ ကိုသက်ရင်သာ ထိုင်နေသည်ကို တွေ့ရ သည်။ ကိုသက်ရင်သည် မစောလင်းထွက်လာသည်ကို မကြည့်ဘဲ သူ့လက် ထဲတွင်ပါလာသော စာအုပ်ကိုသာ ကြည့်နေသည်။





မစောလင်းသည် မိမိထိုင်မည့်နေရာသို့ ခပ်ဖြည်းဖြည်းလျှောက်လာရသည်။ ကိုသက်ရင်မှာ တွေ့နေကျမြင်နေကျ လူဖြစ်သော်လည်း တစ်လထက်တစ်လ ရင့်မာလာကာ ပေါ်ပေါ်ထင်ထင်ရှိနေခြင်းကြောင့် ဖြည်းဖြည်းမှ လျှောက်လာသည်။

မစောလင်းသည် ထိုင်ချင်သည့်ဇောနှင့် ကုလားထိုင်နားမရောက်ခင် ကုန်း၍ ဆွဲလိုက်ရာ အားလွန်ပြီး ချော်လဲသွားတော့မလောက် ကိုယ့်ကိုယ်ကို မထိန်းနိုင်ဘဲ ဖြစ်သွားသည်။ ကုလားထိုင်ကို လက်နှင့်မြဲမြဲဆုပ်မိလိုက်၍သာ လဲကျမသွားသော်လည်း ကသိကအောက်ဖြစ်သွားသည်။

ကိုသက်ရင်က ပူပန်သွားကာ ကုလားထိုင်ကို လှမ်း၍ မရွေ့အောင် ကိုင်ပေးထားသည်။

မစောလင်း ကုလားထိုင်တွင် ထိုင်မိမှပင် ကိုသက်ရင်သည် စားပွဲ ပေါ်တွင်တင်ထားသော လိမ္မော်သီးထုပ်ကို လှမ်းယူပြီး ပေးရင်း...

'ချိုချို သူ့မေမေ နေမကောင်းနေလို့ ဒီနေ့ မလာနိုင်ဘူး'

ဟု ပြောလေသည်။

'သိပ်နေမကောင်းဘူးလား'

'သိပ်တော့လည်းမဟုတ်ပါဘူး၊ ဒါပေမယ့် ထွက်လာဖို့ဟာအကြောင်း ပြခက်နေလို့ နက်ဖြန်မှ သူလာပါလိမ့်မယ်'

'ဘာများမှာလိုက်ပါသေးသလဲ'

'ကျွန်တော့်ကို မစောလင်းဆီသွားဖို့ပဲပြောတယ်၊ နောက်ပြီး ဆရာမ ဆီဝင်မေးပါဦးဆိုလို့ ဝင်ခဲ့ပါတယ်၊ ဆရာမက သန်ဘက်ခါလာကြည့်ပါဦး မယ်လို့ ပြောလိုက်တယ်'

မစောလင်းသည် လိမ္မော်သီးများကို ဖွင့်ကြည့်လေသည်။ ဖွင့်ကြည့်ပြီး နောက် လိမ္မော်သီးကိုခွဲထုတ်ကာ...



www.burmeseclassic.com

www.burmeseclassic.com



'ကိုသက်ရင် စားပါ၊ ကျွန်မ မကုန်ပါဘူး'

ဟု လှမ်း၍ပေးသည်။

ကိုသက်ရင်သည် မယူဘဲ...

'မြို့ထဲက လွယ်ပါတယ်...၊ ဒီမှာ ရှားတယ်၊ မစောလင်းသာ စားပါ၊ အဟောပြေအောင် စားလိုက်ပါ၊ ကျွန်တော် မစားပါဘူး'

'စားပါရှင်... ကျွန်မလည်း စားပဲ့မယ်၊ အတူတူစားကြတာပေါ့'

မစောလင်းက လိမ္မော်သီးကို အခွံနွှာ၍ ပေးလေသည်။

'ဒီကနေ့ လပြည့်နေ့ ဒီဘက်က မီးမထွန်းကြဘူးလား မသိဘူး'

မစောလင်းက အံ့အားသင့်ကာ 'တန်ဆောင်မုန်း လပြည့်နေ့လား'

'ဟုတ်တယ်'

'ကျွန်မလည်း ပြက္ခဒိန်လည်း မကြည့်မိပါဘူး။ မိုးတွေလေတွေယန်းပင်တွေသာ ကြည့်ပြီး ပြက္ခဒိန်လုပ်နေတာပဲ၊ ဒီကနေ့ လပြည့်နေ့နော်၊ ကျွန်မတော့ တောကြီးတောင်ကြီးထဲ ရောက်နေသလိုပဲ'

မနှစ်ကပင် ရန်ကုန်၌ရှိကာ လူတွေကြားထဲတိုး၍ မီးပွဲကိုကြည့်ခဲ့သည်။ ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ်ရှိကာ နန်းမှုလိုက်ဂူနန်း၊ ရှုပ်အကစသည်များကို တစ်အောင့်တစ်နား ရပ်ကြည့်ခဲ့သည်။ ထိုစဉ်က မိမိမှာ ပေါ့ပေါ့ပါးပါး၊ ဖျတ်ဖျတ်လတ်လတ်၊ ယခုမူကား လူသူအရောက်အပေါက်မရှိသော ခြံကြီးထဲ၌ နုနုအဖြစ်နှင့် မထင်မရှား ပုန်းလျှိုးနေရသည်။

တစ်နှစ်အတွင်း၊ ပြောင်းလဲခြင်းကား ဆန်းကြယ်လှပေစွ။

'ကျွန်တော် ဆရာမခေါ်ပေးရမလား။ လိုတယ်ဆိုရင် သွားခေါ်ပေးမယ်လေ'

'ကိစ္စမရှိပါဘူးရှင်'





မစောလင်းမှာ ကိုသက်ရင်အား ကျေးဇူးတင်လေသည်။

'စားပါဦးရှင့်'

မစောလင်းသည် လိမ္မော်သီးတစ်လုံးကို ယူကာ နွှာပေးပြန်လေသည်။

'လိမ္မော်သီးက ရင်အေးချောင်တယ်၊ ကိုသက်ရင်တို့ များများစားဖို့ကောင်းတယ်၊ ရှမ်းပြည်နယ်က ပြန်လာကတည်းက ကိုသက်ရင် ဝလာတယ်၊ အိပ်မပျော်တာတော့ မဖြစ်တော့ဘူးမဟုတ်လား'

'မဖြစ်တော့ပါဘူး'

'အခု ဘာရေးနေသေးသလဲ'

'အချစ်နဲ့ပတ်သက်တဲ့ ဝတ္ထုရေးနေတယ်'

မစောလင်းက မျက်နှာကလေးမော့လျက်...

'ဘယ်လိုမျိုးလဲရှင်...'

ဟု မေးလေသည်။

'အခု အချစ်ဝတ္ထုတွေ အများကြီးထွက်နေတယ်၊ ဒါပေမယ့် အချစ်ဆိုတာ ဘာလဲလို့ ကျကျနန ဖွဲ့မရေးကြဘူး။ မိန်းကလေးနဲ့ ယောကျ်ားလေး တွေ့ကြ၊ ကြိုက်ကြ၊ ညားကြ အဲဒါကို အချစ်ရယ်လို့ နားလည်နေကြတယ်'

မစောလင်းသည် နားထောင်နေရင်း လက်တစ်ဖက်က ခါးကို ထောက်မိသည်။ တစ်စုံတစ်ခုဖြစ်ဟန်ကို ကိုသက်ရင်သည် သတိပြုမိသည်။ ကိုသက်ရင်မှာ မစောလင်းကိုသာ အကဲခတ်လျက်ရှိနေရာ လှုပ်လိုက်သည်ကိုပင် အလစ်မပေး။

'ဘာဖြစ်လို့လဲဟင်... နေမကောင်းဘူးလား'

'ကောင်းပါတယ်'

'အားမနာပါနဲ့၊ ပြောပါ၊ ဆရာမခေါ်ပေးရမလား'



www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ရင်မှာ မိုးရိပ်နေလေသည်။ မစောလင်းသည် စကားပင် ဆက်မပြောဘဲ ခါးကို လက်နှင့်ထောက်ထားသည်။

'မစောလင်း... ပြောပါ။ ကျွန်တော် ဘာလုပ်ပေးရမလဲ၊ ဆရာမသွား ခေါ်မနေ့'

မစောလင်းက

'ဆရာမ မခေါ်ရသေးပါဘူး။ အချိန်မကျသေးပါဘူး'

ဟု ကိုသက်ရင်ကိုမကြည့်ဘဲ တိုးတိုးပြောသည်။ လေသံမှာ ဝေဒနာတစ်ခုကို ခံစားနေရသည်ပမာ အားနည်းနေသည်။

မစောလင်းမှာ ငြိမ်သက်၍နေသည်။ အသက်ကို ခပ်လေးလေးရှူရာမှ ခါးကို လက်နှင့်ပွတ်ပြန်သည်။

'မစောလင်း ခါးက ဘာဖြစ်သလဲ၊ ဆရာမလိုရင် သွားခေါ်လိုက်မယ် လေ'

မစောလင်းမှာ အပြောရကျပ်နေသည်။ ချိုချို သို့မဟုတ် မိမိ၏ လင်ယောကျ်ားဆိုလျှင် ဖြစ်သည့်ဝေဒနာကို ချက်ချင်းပြောပြနိုင်ပေမည်။ ယခုကား ကိုသက်ရင်ကို ဘယ်လိုပြောရမည်မသိ။ ကိုသက်ရင်ကလည်း မိမိကို အင်မတန်မှ ကြင်နာကာ ပူပင်နေသည်။ မပြောလျှင်လည်း အခါခါ မေးနေဦးတော့မည်။

'ခါးထဲက မျက်လာတယ်၊ ဘယ်လိုများ ဖြစ်သွားတယ် မသိဘူး'

အသံတွင် နာကျင်သည့်လေသံ ပါနေသည်။ မစောလင်းသည် နောက်ကို နည်းနည်းမှီလိုက်သည်။

'ဒီလိုဆိုရင် အခန်းထဲသွားလှဲနေရင် ကောင်းမယ်'

မစောလင်းက ခေါင်းကို အသာညိတ်လေသည်။ ကိုသက်ရင်သည် ဘာလုပ်ရ





မည်ကို တွေးနေစဉ် မစောလင်းက ကုလားထိုင်မှ ထသည်။ သို့သော် မထနိုင်။ ခါးကို လက်ထောက်ပြီး ပြန် ထိုင်ချလိုက်သည်။

'ခါးထဲက နာလိုက်တာ'

အသံထွက်သွားပြီးမှ မစောလင်းသည် သတိရဟန်ဖြင့် ကြိုးစားကာ ပြုံး ဆောင်လေသည်။ ကိုသက်ရင်မှာ ဤအမူအရာကို မြင်လိုက်သည်။ ကိုသက်ရင်က သတိရပြီး...

'အန်တီ... အန်တီ'

ဟု အော်ခေါ်လိုက်သည်။ ဘာသံမှ မကြားသဖြင့် ထပ်မံ၍ ခေါ်ရသည်။ နောက်တစ်ခါ ထပ်ခေါ်မှ ဘိုမကြီး မီးဖိုဘက်က ထွက်လာသည်။ ကိုသက်ရင်က မစောင့်နိုင်ဘဲ နေရာမှထကာ...

'အန်တီ ◆◆ ဘာဖြစ်တယ်မသိဘူး'

ဟုဆိုသည်။ ဘိုမကြီးက ဘာမျှမပြောသေးဘဲ မစောလင်းကိုကြည့် လိုက်သည်။ မစောလင်းက...

'ကျွန်မ လှဲချင်တယ်၊ အိပ်ခန်းထဲပို့ပေးပါ'

ဟု တိုးတိုးလှည့်ပြောသည်။ ထိုအခါမှ ဘိုမကြီးလည်း ပျာလာကာ မစောလင်းအား တွဲခေါ်လေသည်။ မစောလင်း ကုလားထိုင်မှ ထလိုက်ရာ

'ကျွတ်... ကျွတ်...'

ဟုပင် အသံထွက်သွားသည်။ ဘိုမကြီးက ကိုသက်ရင်အားကြည့်၍

'ဒီဘက်ကတွဲပါ'

ဟု နိုးမိုးသလို လှည့်ပြောသည်။ ကိုသက်ရင်မှာ ဘာလုပ်ရမှန်းမသိဘဲ ဖြစ်နေပြီးမှ အသာ မစောလင်းနား ကပ်လိုက်လာသည်။

'တွဲလာလေ... ဒီဘက်ကတွဲ'



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်တော့ပြီ၊ မစောလင်းနှင့် ကိုယ်ချင်းကာ၀ကာ လက်ကိုတွဲလိုက်ရလေသည်။ အခန်းထဲရောက်သောအခါ မစောလင်းကို ခုတင်ပေါ်တင်ကြလေသည်။ မစောလင်းသည် မှိန်း၍နေလေသည်။

'ခုနက လဲကျမလို့ ချော်သွားတယ်'

ဘိုမကြီးက မျက်လုံးပြူးကာ

'အို... ဘယ့်နှယ် ဒီလိုဖြစ်ရတာလဲ၊ ဘယ့်နှယ်နေသလဲ'

ဟု မစောလင်းဘက် လှည့်ကာ မှုပန်စွာ မေးလေသည်။

'ကိစ္စမရှိပါဘူး၊ မျက်သွားတာပါ'

ဟု မစောလင်းက အသံပျော့ပျော့နှင့် ပြန်ပြောသည်။

'ခံသာရဲ့လား ဟင်'

ကိုသက်ရှင်မေးသည်ကိုလည်း အသာခေါင်းညိတ်ပြသည်။ ကိုသက်ရှင်မှာ မစောလင်း၊ ဝေဒနာခံစားနေရသည်ကိုသိ၍ ပျာနေသည်။

'နွားနို့ ပူပူတိုက်ရရင် မကောင်းဘူးလား အန်တီ'

ဘိုမကြီးကလည်း သဘောတူသည်။

'မစောလင်း၊ နို့ပူပူလေးသောက်ပါလားဟင်... နော်'

'ဘာမျှမပြောသဖြင့် 'နို့ပူပူသောက်မလားဟင်' ဟု ထပ်ပြောပြန်သည်။ မစောလင်းက မှိန်းနေရာမှ အသာ ခေါင်းညိတ်ပြသည်။ ဘိုမကြီးလည်း နို့ယူရန် အပြင်သို့ ထွက်သွားသည်။ ကိုသက်ရှင်သည် ခုတင်ဘေးရှိ ကုလားထိုင်တွင် ထိုင်ပြီး မစောလင်းကို ကြည့်နေသည်။ မစောလင်းမှာ မျက်စိတစ်ဝက်သာ ဖိတ်ထားလေရာ ကိုသက်ရှင်ကို မြင်ရသည်။ နာကျင်သည့်ဝေဒနာကို ခံစားရင်း လှိုက်လှိုက်လှဲလှဲဖြစ်နေသည်။ ယခုလိုအခါမျိုးတွင် ဒေါ်လေးလည်းမရှိ၊ ချိုချိုလည်းမရှိ၊ ကိုသက်ရှင်သာလျှင် ကြင်နာယုယမည့်သူ ရှိသည်။





ကိုသက်ရှင်သည် ထိုင်မနေနိုင်ဘဲ နေရာမှထကာ ပြတင်းတစ်ဖက်ကို သွားဖွင့်သည်။ ဝင်းပနေသော လကို တွေ့ရသည်။ လပြည့်ဖြစ်၍ ညသည် လရောင်နှင့် ပြည့်နေသည်။ ပြတင်းပေါက်မှပြန်လာပြီး၊ ကုလားထိုင်တွင် ပြန်ထိုင်သည်။

'ဘယ့်နှယ်နေသေးသလဲ ဟင်'

မိမိကမဖြေလျှင် ထပ်မံ၍မေးဦးတော့မည်ကို သိသဖြင့်

နည်းနည်းသက်သာပါပြီ'

ဟု အသံသေးသေးနှင့် ဖြေလိုက်ရသည်။ နှစ်ယောက်စလုံး စကားမပြောကြ။ အဝေးမှ ခြောက်အိုးဖောက်သံများကို တစ်ချက်တစ်ချက် ကြားရသည်။ အတန်ကြာလျှင် ကုလားမလေးက နို့ယူလာသည်။ ကိုသက်ရှင်မှလည်း ပါသည်။

'နို့ ပူပူသောက်လိုက်နော်'

မစောလင်းသည် အိပ်ရာမှ အသာထသည်။ ထပြီး ခေါင်းရင်းဘက်ကို မှီ၍နေသည်။

'ဘယ့်နှယ်နေသေးသလဲ၊ နို့ပူတုန်းသောက်ရင် ကောင်းမယ်'

ကိုသက်ရှင်၏ အလိုသို့လိုက်၍ နို့ကို သောက်လိုက်သည်။ မစောလင်းမှာ မလှုပ်ချင်မရှားချင်အောင် ဖြစ်နေသည်။ အတန်ကြာသောအခါ ဘိုမကြီးနှင့် ကုလားမလေးလည်း ခေါင်းအုံးနှင့်စောင်၊ ဖျာများကို ယူလာကြသည်။

'ခုတင်အပိုမရှိလို့ နှစ်ယောက်စလုံး အောက်မှာခင်းအိပ်ချင်ရင်လည်း အိပ်ရအောင်လေ'

ဟု အားနာဟန်နှင့် ပြောသည်။ ကုလားမလေးက အခန်းတစ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



တွင် နှစ်နေရာမှာ မှာများသင်ကျင်းနေသည်။ ကိုသက်ခိုင်က ဘာမှပြန်မပြောဘဲ ငြိမ်နေသည်။ ယခုလိုအခါမျိုးတွင် ဘယ်နည်းနှင့်မှ မစောလင်းကိုပစ်ထားပြီး ပြန်သွားရန်မဖြစ်။ အိပ်တွင် ယောက်ျားသနားမရှိ၍ ညအရေးအကြောင်းပေါ်လျှင် မိမိရှိမှ ဖြစ်မည်။ ချုံချုံရှိလျှင် ကိစ္စမရှိ။ ဘိုမကြီးကလည်း လင်မယားအဖြစ် နားလည်ထား၍ သာ၍ပင် ပြန်၍မဖြစ်။ အခန်းထဲတွင် ဘယ်သူမှမရှိတော့မှ မစောလင်းက

'ကိုသက်ခိုင် ကျွန်မကို ခွင့်လွှတ်ပါရှင်'

ဟု ပြောလေသည်။

'ကိစ္စမရှိပါဘူး။ နေကောင်းအောင်သာနေပါ၊ နေကောင်းဖို့က အရေးကြီးပါတယ်'

ညသည် တိတ်ဆိတ်၍နေသည်။ ဘယ်သူမျှ စကားမပြောကြ။ ပြောလည်း မပြောနိုင်၊ ငြိမ်သက်ခြင်းထက် လေးနက်သော ဘာသာစကားသည် မရှိ။

ကိုသက်ခိုင်မှာ ပက်လက်ကုလားထိုင်တွင် ထိုင်နေသည်။ တစ်ခါတစ်ခါ ခေါင်းကိုစောင်း၍ မစောလင်းကို ကြည့်သည်။ နည်းနည်းလှုပ်သည်ကိုတွေ့လျှင် ငြိမ်၍ အကဲခတ်နေသည်။ မစောလင်းသည် ငြိမ်သက်စွာလှဲနေရာမှ တစ်ဖက်သို့ လှည့်လိုက်မိသည်။

ဘယ့်နယ်နေသေးသလဲ၊ နာသေးသလား'

ဟု မေးသည်။ မစောလင်းက ပြန်လှည့်ပြီး

'သက်သာပါပြီ၊ ကိစ္စမရှိပါဘူး။ ကိုသက်ခိုင် အိပ်ပျက်နေမယ်၊ ခုတင်ပေါ်မှာ အိပ်မလား၊ ကျွန်မ အောက်မှာ သင်းအိပ်မယ်'

ဟု ပြောသည်။





'နေပါစေ၊ ဒီကုလားထိုင်မှာပဲ ကောင်းပါတယ်၊ မစောလင်းသာ ပျော်အောင်အိပ်ပါ'

အပြင်ဘက်တွင်ကား လသည် ဝင်းဝင်းပပ သာလျက်ရှိသည်။ သို့သော် မစောလင်း၏ ရင်တွင်းသို့ကား လင်းအောင် ဝင်၍မသာနိုင်။

မစောလင်းသည် သက်ပြင်းကျောကျောချသော်လည်း ကိုသက်ခိုင်နှုတ်မှ အောင့်ကာ ခပ်ဖွဖွ ချလည်း သာ ချသည်။

တစ်ခါက ညအခါ အင်းလျားကန်ပြက်ခင်းတွင် ယောက်ျားတစ်ဦးနှင့် နှစ်ယောက်တည်း နီးကပ်စွာ ကြုံရသောအဖြစ်သို့ ရောက်ခဲ့သည်။ ယခုလည်း ညအချိန် တစ်ခန်းတည်း ယောက်ျားတစ်ဦးနှင့်အတူ နီးကပ်သောအဖြစ်တွင် ရောက်လျက်နေလေပြီ။

သို့သော် ခံစားမှုနှင့် လူ့အဆင့်အတန်းခြင်းကား မနှိုင်းယှဉ်လောက်အောင် ကွာခြားလှသည်။

ယခင်အခါက ရှုံ့ရှာမုန်းတီးခြင်းကြောင့် တဆတ်ဆတ်တုန်ကာ တစ်ကိုယ်လုံး သိမ့်သိမ့်ခါခဲ့ရသည်။ ယခုကား တလှိုက်လှိုက်ဖိုကာ ရှိုက်မိသည်။ ဘာကြောင့် လှိုက်ဖိုရလေသနည်း။ ယခင်အခါက 'မှင့်ကို အလိုမရှိဘူး' ဟု၍ ဒေါသဖြင့် ဖွင့်ဟခဲ့သည်။ ယခုကား ကျေးဇူးတင်လွန်း၍ စိတ်ထဲတွင် ဘယ်လိုဖြစ်သည်ကို အပြင်သို့မရောက်အောင် မျိုသိပ်ထားရသည်။

ယခင်အခါက အင်မတန်ယုတ်ညံ့သော လူ့အဆင့်အတန်းသို့ ကျရောက်သွားခဲ့ရသည်။ ကိုယ်ကာယ၏ ညစ်နွမ်းခြင်းအဖြစ်ကို ခံခဲ့ရသည်။ ယခုကား မြင့်မြတ်သော အဆင့်တွင် ရောက်ရှိနေသည်။ စိတ်ဖြင့် ရင်းနှီးစွာ တွေ့သောအသိ၊ ဤအသိသည် မြူးစင်သည်။

ကျွန်မနဲ့ ခုတင်ပေါ်မှ အသံကြားလျှင် ကိုသက်ခိုင်ခေါင်းထောင်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့နောက် တိတ်ဆိတ်သွားသည်။ တစ်ညတာသည် ဤသို့သာလျှင် လွန်မြောက်ကြကုန်သည်။

လရောင်သည် တဖြည်းဖြည်း ကျဆင်းလာသည်။ လေသည် အေးမြလာသည်။ ဆောင်းဟေမန်ကိုကြိုသော နှင်းငွေ့သည်ပင် တရိရိကျစပြုလာသည်။ ကြောင်နက်ကလေးသည် အားရအောင် လည်ပြီးပြီဖြစ်၍ ပြတင်းပေါက်မှ ခုန်ဝင်လာကာ မစောလင်းခုတင်ခြေရင်းတွင် တိုးဝင်ခွေ၍လျက် အိပ်လေသည်။

သစ်ပင်ရိပ်များကြောင့် လရောင်သည် မှေးမှိန်နေသည်။ သို့သော် ကောင်းကင်တွင် အနီရောင်ယှက်သန်းလာချေပြီ။ လေက ပို၍အေးမြလာသည်။

မစောလင်းသည် ဟက်လက်ကုလားထိုင်တွင် ခုတင်ပဲ ငြိမ်သက်သွားသော ကိုသက်ရင်အား ရီဝေသောမျက်လုံးဖြင့် အသာဖွင့်ကြည့်နေသည်။ အိပ်ပျော်နေသည်ဟု သေချာမှ သူလည်း မျက်လုံးကို မှိတ်လိုက်သည်။

* * *

[ ၂၄ ]

ချိုချိုသည် ဝရန်တာမှနေ၍ ဘာမျှမမြင်ရသော ညအမှောင်ထဲသို့ လှမ်းကြည့်ကာ 'ကိုသက်ရင်ကလည်း လာခဲ့လိုက်တာ'ဟု သူ့ကိုယ်သူ ပြောလိုက်သည်။

အပြင်ဘက်တွင်ကား နှင်းများ ဖွဲဖွဲကျလျက်ရှိသည်။ ကောင်းကင်၌ မှုန်တိမှုန်ဝါး ကြယ်ရောင်များသာ ရှိသည်။ သစ်ပင်များကိုပင် သဲသဲကွဲကွဲ မမြင်ရ။

ချိုချိုသည် ဝရန်တာတွင် ကြာကြာရပ်မနေဘဲ အခန်းထဲသို့ ပြေးဝင်ကာ မစောလင်း၏ ခုတင်ဘေးသို့ ဝင်ထိုင်လေသည်။ မစောလင်းက စုတ်သပ်ညည်းလျက်ရှိနေသည်။ ဘိုမကြီးက ဘိုင်၍မကျဘဲ...

သိဟရာဇာနာထာ

www.burmeseclassic.com



'ဟဲ့ ရေနွေးအိုး မီးထည့်ရဲ့လား။ တော်ကြာ ဆရာမရောက်လာတော့မယ်။ ဆပ်ပြာတို့ ရေဖလားတို့လည်း အဆင်သင့်ထား'

ဟု ကုလားမလေးအား ပြောနေသည်။

မစောလင်းသည် ကျွတ် ကျွတ် ကျွတ်ဟု ညည်းနေလျက်က 'ချိုချို' ဟု ခေါ်လေသည်။ ချိုချိုက မစောလင်းလက်ကို ဆုပ်ကိုင်ကာ

'ကိုသက်ရှင် ဆရာမသွားခေါ်နေတယ်။ ခုလာပါလိမ့်မယ်'

ဟု ပြောသည်။

'သူ့ယောက်ျားကလည်း လမ်းမှာ စိတ်ချရရဲ့လား။ ကြာလိုက်တာ'

ဟု ဘိုမကြီးက ဝင်ပြောသည်။

'စိတ်ချရပါတယ်။ ကိုယ်တိုင်မောင်းသွားတာပဲ၊ ဆရာမက အိမ်မှာမှ တွေ့ပါ့မလား၊ မသိဘူး'

ဟု ချိုချိုက ပြောသည်။ ရေဖလားယူလာသော ကုလားမလေးက ဝင်၍...

'မိုလ်တထောင်မှာနေတယ်ဆိုတော့ နည်းနည်းတော့ ကြာမှာပေါ့'

ဘိုမကြီးက ခပ်ပြင်ပြင်ထွက်မျှော်နေသည်။ ကုလားမလေးလည်း မီးဖိုချောင်ဘက်သွားပြန်သည်။

မစောလင်းက 'ချိုချို' ဟုခေါ်သည်။ ချိုချိုသည် လက်ကိုအသာဆုပ်ထားရင်း 'နေသာသလိုနေနော်' ဟု ဆိုသည်။

မစောလင်းသည် မခံမရပ်နိုင်အောင် နာကျင်နေသည့်အထဲက ရေချိုးခန်းသို့ ထသွားပြန်သည်။ ရေချိုးခန်းသို့ ခဏခဏထရ တံခါးအပြင်ဘက်မှ ချိုချိုက စိတ်မချနိုင်ဘဲ 'မစောလင်း... မစောလင်း' ဟု အသံပေးခေါ်သည်။

'ကိုယ်လမ်းလျှောက်မယ်။ ရှေ့လိုက်ခဲ့။ ခုတင်တွေ၊ ကုလားထိုင်တွေ'





ဟု မစောလင်းက ခါးကိုနှိပ်လျက် ညည်းညူရင်းပြောသည်။

ချိုချိုက ကမျာကယာရှေ့ပေးရသည်။ မစောလင်းသည် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်လေသည်။ လက်သီးများဆုပ်၍ ပြင်းပြင်းထန်ထန်လျှောက်လေရာ ချွေးပေါက်ကြီးများ နဖူးပေါ်က စီးကျလာလေသည်။

'မောမယ်လေ မစောလင်း။ ဖြည်းဖြည်းလျှောက်နော်'

ဟု ချိုချိုကပြောရင်း မစောလင်းအား တွဲ၍ သုပ်လိုက်လျှောက်သည်။

မစောလင်းသည် လေးငါးဆယ်ခေါက်လျှောက်ပြီး အိပ်ရာပေါ်သို့ သွားလှဲပြန်သည်။

ချိုချိုက ဝရန်တာသို့ထွက်၍ ကြည့်ပြန်ပြီး တစ်ဖန် အခန်းထဲသို့ ပြေးဝင်လာပြန်သည်။

မစောလင်းသည် နေမထိထိုင်မသာဖြင့် ရေချိုးခန်းသို့သွားပြန်သည်။

ချိုချိုက ရေချိုးခန်းကအထွက်သောက်ရန် နွားနို့ပူကို မှတ်ပေးရင်း စိတ်ထဲကလည်း 'ဘုရား... ဘုရား... ချောချောမောမောဖြစ်ပါစေရှင်' ဟု [illegible]ကြွက်တွတ် ဆုတောင်းနေသည်။

'မစောလင်း...' နို့လေးသောက်လိုက်ဦးနော်၊ အားရှိသွားအောင်၊ ဆရာမ အခုပဲ လာမှာပဲ၊ နာလားဟင်၊ နာသလား'

မစောလင်းသည် ဘာမှမပြောဘဲ ချိုချိုအား စိုက်ကြည့်ကာ သူ့အလိုသို့လိုက်ကာ နွားနို့ကို ယူသောက်သည်။ ခေါင်းပေါ်က ဆံပင်များ ဖွာရာကြဲ၍နေလေသည်။ ဘယ်လိုပင် အံကြိတ်ကာ တင်းခံထားသော်[illegible] လည်း မျက်နှာ၌ ချွေးများစီးကျနေကာ ဖြူရော်ပန်းလျသည့်အသွင် [illegible] သည်။

ချိုချိုက ဆံပင်များကို လက်နှင့်ကြင်နာစွာသပ်ပေးပြီး...



www.burmeseclassic.com

www.burmeseclassic.com



'ချွေးတွေ ရွှဲလို့ပါလား၊ အကျႌလဲဦးမလား၊ ဘာလုပ်ချင်သလဲဟင်'

ဟု မေးသည်။

'လမ်းပဲ လျှောက်မယ်'

မစောလင်းက ပြောလျက် စောစောကထက် ခြေကိုပြင်းပြင်းနှင်းကာ ခေါက်တုံ့ခေါက်ပြန် လျှောက်ပြန်လေသည်။

ချိုချိုမှာ မစောလင်း၊ ပင်ပန်းကြီးစွာ ဝေဒနာခံစားနေရရှာပုံကို ရင်ထုမနာဖြစ်ကာ မစောလင်းအပါးမှကပ်၍ တွဲလျက် မစောလင်းနှင့်အတူ လိုက်လျှောက်ပြန်သည်။

ချိုချိုသည် နှုတ်မှ တတွတ်တွတ်နှင့်ရွတ်ဆိုလျှောက်သည်။ ဆရာမ မလာခင် တစ်စုံတစ်ခုဖြစ်ခဲ့လျှင် မိမိကလည်း ဘာမှမလုပ်တတ်၍ ရင်ထဲတွင် တထိတ်ထိတ်နှင့် အလွန်တစ်ရာ ကြောင့်ကြပူပင်လျက်ရှိတော့သည်။

ခြေနင်းသံသည် တစ်ချိန်ထက်တစ်ချိန် ပြင်း၍လာလေပြီ။ ခြေသံပြင်းရာမှ အရှိန်လျှော့၍ လာလည်း၊ ပျော့လာရာ ချိုချိုက အိပ်ရာဆီသို့တွဲကာ ပို့ရသည်။ အတန်ကြာလျှင် ထ၍လျှောက်ပြန်သည်။

ချိုချိုမှာ မစောလင်းနှင့် တွဲလျှောက်ရင်း လမ်းမတွင် လျှောက်နေရသလို မောလွန်းလွန်း၍ ချွေးများပင် ပြန်လာသည်။

'ဒီမယ် ချိုချို'

ဟု ခေါ်လျက် မစောလင်းက လျှောက်နေရာမှ ရပ်လိုက်သည်။

ချိုချိုက မစောလင်း၏ခါးကို ပွတ်ပေးရင်း...

'ဘာလဲဟင်'

ဟုဆိုကာ လှချင်းလှချင်း မျက်နှာချင်းဆိုင်လိုက်သည်။

'ကိုယ် ဒီလောက်တောင် ဒီဒုက္ခကြီးခံလာခဲ့တာ ဘာဖြစ်လို့လဲ သိ





ရဲ့လား ဟင်'

'ကြော်... မစောလင်းရယ် သိပါတယ်၊ ဒါတွေပြောမနေပါနဲ့ မောမယ်၊ အိပ်ရာထဲမှာ လှဲဦးမလားဟင်'

'ဘာဖြစ်လို့ ဒီဒုက္ခကိုခံတယ်ဆိုတာ သိရဲ့လား။ အသက်တစ်ချောင်းကို ရှင်စေချင်လို့'

မစောလင်းက မတိုးမကျယ်ပြောသည်။ အသံမှာ ပြတ်သား၍ မာကျောလှသည်။

'သိပါတယ်၊ ကိုသက်ရှင်ဆိုတာလည်း မစောလင်းအကြောင်းစပ်မိရင် ဒီဟာပဲပြောတာပဲ၊ သိပါတယ် မစောလင်းရယ်'

ချိုချိုက မစောလင်း၏ တင်းမာလှသည့်အသံကိုသာ မဟုတ်ဘဲ မျက်နှာအမူအရာကိုပါကြည့်၍ နူးနူးညံ့ညံ့ ပြန်ပြောရသည်။

'အဲဒီတော့ ကလေးအသက်ရှင်ဖို့ပဲ ကိုယ်ဒုက္ခခံမှာ၊ မွေးပြီးရင် ဒီကလေးကို ကိုယ်မကြည့်ချင်ဘူး။ မွေးလည်း မမွေးချင်ဘူး'

'မစောလင်း မကြည့်ရပါဘူး။ ချိုချိုတို့ မွေးထားမယ်လို့ အစကတည်းက ချိုချိုပြောတယ်မဟုတ်လား။ ကလေးကို ချိုချိုမွေးမယ်၊ ချိုချိုယူသွားမယ်'

'ကိုယ်ပြောချင်တာက ကလေးကို ကိုယ့်မျက်စိနဲ့ မမြင်ချင်ဘူးလို့ပြောတာ၊ ကိုယ် ကလေးကို အသက်ရှင်စေရမယ်လို့သာ ပိုင်းဖြတ်ခဲ့တာ'

ချိုချိုသည် မစောလင်းကို စိုက်၍ကြည့်မိသည်။

'မစောလင်း၊ အလိုရှိတာပြောလေ၊ ချိုချို အကုန်လုပ်ပေးမယ်၊ စကားမပြောပါနဲ့ မစောလင်းရယ် မောမယ်၊ ဘာမှမပူနဲ့ ကလေးကို ချိုချို ယူမွေးပါ့မယ်'

မစောလင်းက အားမရှာဘဲ...



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာချိုချို'

ဟု ဆက်ခေါ်လိုက်ပြီး နာကျင်လာသည့် ဝေဒနာကြောင့် ရှေ့ဆက်၍ မပြောနိုင်ဘဲ ခုတင်ပေါ်သို့သွားကာ လှဲရပြန်သည်။ မစောလင်းသည် ခုတင်ပေါ်၌ ကျိတ်မှိတ်၍ ဝေဒနာကိုခံစားရင်း ညည်းနေလေသည်။

ချိုချိုက ရေတစ်ခွက်ကို မန်းမှုတ်ရွတ်ဖတ်ပြီး မစောလင်းကို လာတိုက်ပြန်သည်။ မစောလင်းက ရေကိုထသောက်ပြီး ရေချိုးခန်းသို့ ဝင်ပြန်သည်။ ဘိုမကြီးမှာ အထဲဝင်လိုက် အပြင်ထွက်လိုက်နှင့် သူလည်း ဤကိစ္စမျိုး ကိုယ်တွေ့မကြုံဖူး၍ ပူပင်နေလေသည်။

တံခါးဝ၌ စောင့်နေသော ချိုချိုက ချွေးတွေနှင့် တစ်ကိုယ်လုံးအေး စက်နေသော မစောလင်းကိုတွဲ၍ အိပ်ရာပေါ်သို့ ပို့သည်။ မစောလင်းမှာ ခါးထဲက မခံမရပ်နိုင်အောင် နာကျင်ပြီး ဟော့၍နေလေသည်။

'မစောလင်း... ဒါကို ရှူနော်၊ အသက်မှန်မှန်ရှူ'

အော်ဒီကိုလုံးဆွတ်ထားသော လက်ကိုင်ပဝါကို နှာဝတွင် ကပ်ပေးသည်။

'ကိုယ်တော့ မိန်းမလေးလား။ ယောကျ်ားလေးလားဆိုတာတောင် မသိချင်ပါဘူး၊ ချိုချိုရယ်'

မစောလင်းက ဝေဒနာခံစားနေရာမှပင် ညည်းညည်းညူညူပြောနေလေသည်။

'ဒါတွေ မစဉ်းစားပါနဲ့ သက်သာအောင်သာ နေပါ။ ဆရာမ လာတော့မယ်'

ဟု ချိုချိုက အားပေးလိုက်သည်။

'ခံနိုင်ပါတယ်၊ ကိုယ်ခံနိုင်ပါတယ်၊ ဘယ်လောက်ပဲခံရခံရ ကိုယ့်





စေတနာအဝိုင်း ခံနိုင်ပါတယ်၊ ဒါပေမယ့် ကလေးတော့ မွေးမထားဘူး'

ချိုချိုက မျက်လုံးကလေးဝိုင်းကာ ခေါင်းညိတ်ပြသည်။ မစောလင်း၏စိတ်ကို သူကောင်းကောင်းသိသည်။ မစောလင်းကို နည်းနည်းမှ စိတ်မညစ်ညူးစေချင်၊ ချိုချိုမှာ စိုးရိမ်စိတ်နှင့် ဗျာများနေသည်။

'ကိုယ်ပြောတာ ကြားလား'

ချိုချိုက အသံတုန်တုန်နှင့်...

'ကြားပါတယ်'

ဟု ပြန်ပြောသည်။

'အသက်ရှင်ဖို့သာ ကိုယ့်တာဝန်၊ ကျန်တာ ကိုယ်နဲ့မဆိုင်ဘူး'

မစောလင်း၏အသံမှာ မာ၍ ချိုချိုက စိတ်မကောင်း။ မစောလင်းသည် ပိုင်းဖြတ်ထားပြီးဖြစ်သည်။ ပိုင်းဖြတ်ထားပြီးသည့်အတိုင်း လုပ်ရမှ ကျေနပ်သည်။

ယခုထိ ဤခြံကြီးထဲတွင် မီးဖွားသည့်အထိ ချိုချိုစီမံပေးသမျှကို မစောလင်းက လိုက်နာခံယူသဖြင့် မစောလင်းကပင် ကျေးဇူးပြန်တင်ရသေးသည်။ မစောလင်းသဘောအတိုင်းသာဆိုလျှင် ပြတ်ပြတ်သောက်တောက်နှင့် လူ့လောက,က သူ့သဘောအမှန်ကို မြင်နိုင်သည်မဟုတ်၍ အစွန်းထင်ပေတော့မည်။

ဘိုမကြီး ဝင်လာပြန်သည်။

'ဆရာမ ခုပဲ လာပါတော့မယ်၊ နနွ အားမနာနဲ့နော်၊ အန်တီတို့ရှိတယ်'

ဟု ဘိုမကြီးက နှစ်သိမ့်လေသည်။

'ဘယ်တော့ဖွားမလဲ မသိဘူးနော်'

ဟု ချိုချိုက တိုးတိုးမေးကြည့်သည်။

'ဒီည ဖွားမှာပဲ ထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



မစောလင်းက ထချင်၍ ချိုချိုက တွဲပေးရပြန်သည်။

မစောလင်းသည် ချိုချိုအတွဲကိုမခံဘဲ အခန်းထဲတွင် သူ့ဘာသာသူ လမ်းလျှောက်နေပြန်သည်။

ချိုချိုက မစောလင်းအား ဆေးတစ်ခွက်ပေးတိုက်ပြီး နဖူးက ချွေးပေါက်ကြီးများကို အဝတ်နှင့် တို့ပေးသည်။ ဘိုမကြီးက မစောလင်းအနီးသို့ ရောက်လာလျှင် လက်ကိုကိုင်၍ သွေးဖမ်းစမ်းကြည့်သည်။

'နန ဒီည ကလေးမွေးရင် ကျွန်မတို့ မနက်ယူသွားမယ်နော်'

'ဘယ်ယူသွားရမလဲ'

ဟု ဘိုမကြီးက အံ့အားသင့်စွာ ပြောသည်။

'နနအဘွားက ရန်ကုန်မှာရှိတယ်၊ သူက ဒီကိုမလာနိုင်လို့ မွေးပြီးရင် ကလေး သူ့ဆီခေါ်သွားရမယ်၊ နနလည်း ဒီမှာ လေးငါးရက်နေပြီး အဘွားဆီသွားမှာပဲ၊ ပုသိမ်ကို သူတို့ပြန်ရမယ်၊ ဒီမှာ ကြာရှည်နေတာ မဟုတ်ဘူး အန်တီ'

'သူ့ယောကျ်ားကော'

'သူ့...သူ့ယောကျ်ားလည်း မနက်ကို ပုသိမ်သင်္ဘောနဲ့ အစောကြီး လိုက်ရမယ်၊ ဟိုမှာလည်း ကိစ္စက အရေးကြီးနေတယ်'

'ကြော်... ကြော်'

ချိုချိုသည် မစောလင်းအတွက် စီစဉ်စရာရှိသမျှကို အကုန်ပြီးစီးအောင် စီစဉ်ပေးထားသည်။ ဒေါ်လေးအားလည်း မစောလင်း ရှမ်းပြည်နယ်မှ ပြန်လာတော့မည်ဖြစ်ကြောင်း ပြောထားပြီးဖြစ်သည်။ အင်းစိန်မှ အခြေမပျက် ထွက်ခွာသွားရအောင် ကိုသက်ရင်နှင့်တိုင်ပင်၍ အစီအစဉ်များ အဆင်သင့် လုပ်ထားပြီး ဖြစ်သည်။





မစောလင်းက မည်သူ့မှ စကားမပြောဘဲ လမ်းလျှောက်ရာမှ မောမောပန်းပန်းဖြင့် ခုတင်ပေါ်တွင် သွားလှဲပြန်သည်။ ချိုချိုက 'ဆရာမကလည်း လာရောပေါ့'ဟုပင် ဆိုမိသည်။

'လာပါလိမ့်မယ်၊ နနယောကျ်ားက မြန်မြန်မောင်းမှာပေါ့'

ဟုဆိုကာ ဘိုမကြီးက အပြင်ဆင်ဝင်သို့ ထွက်သွားသည်။ မစောလင်းက

'ချိုချို ဒီကလေးဟာ ကိုယ်နဲ့မဆိုင်ဘူး၊ သူနဲ့သာဆိုင်တယ်'

ဟု ပြောသည်။ အသံမှာ ဒေါသသံပင် ပါသွားသည်။ ထို့နောက် မခံမရပ်နိုင်အောင် နာလာပြန်၍ အံကြိတ်ကာ လက်ကို တင်းကျပ်စွာဆုပ်လျက် မျက်စိကို စုံမှိတ်ထားသည်။ အပြင်မှ လေတိုက်သံကြားရသည်၊ တံခါးမှဝင်လာသော လေမှာ နှင်းငွေ့များပါလာသဖြင့် အေးမြသည်။

အိမ်ရှေ့မှ ကားသံကြားရသည်။

'ကားပြန်လာပြီ၊ ဆရာမပါလာတယ်နဲ့တူတယ်'

ဆင်ဝင်ဆီမှ 'ဆရာမလာပြီ'ဟုသော ဘိုမကြီး၏ ဝမ်းသာအားရ ပြောသံကြားရသည်၊ ဆရာမက မွေးမယ့်လူနာတစ်ယောက် အိမ်မှ ထလိုက်လာခဲ့ရကြောင်း ပြောသံကြားရသည်။

မစောလင်းမှာ အနာသက်သာ၍ နည်းနည်းငြိမ်သွားသည်။ ချိုချိုမှာ ဆရာမရောက်လာမှပင် ကြည်လင်လာတော့သည်။ သို့သော် မစောလင်းအပါးမှ မခွာ၊ တစ်ချက် ညည်းလိုက်လျှင် မျက်နှာကလေးငယ်ကာ ငိုရိပ်နေတော့သည်။

'မွေးတော့မှာပဲ'

ဟု ဆရာမက ဆိုသည်။ မစောလင်းသည် ဝေဒနာခံစားလျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ချိုချိုက မကြာခဏ...

'အချိန်မကျသေးဘူးလား ဆရာမ'

ဟု မေး၍နေသည်။ ဆရာမက...

'မကြာတော့ပါဘူး ဒီညပါပဲ'

ဟုပြန်ပြောသည်။ ဆရာမသည် မစောလင်းအား ပြုဖွယ်ကိစ္စများကို လုပ်ပေးနေသဖြင့် ချိုချိုလည်း ပြတင်းပေါက်နားသို့ကပ်ကာ အပြင်သို့ကြည့် နေသည်။ နှင်းတို့သည် တဖွဲဖွဲကျဆင်းလျက်ရှိသည်။ လကင်းမဲ့သော ည ဖြစ်သည်။ အလင်းရောင်ဆို၍ ကြယ်ရောင်ရှိလေသည်။ သစ်ပင်တို့မှာ မိုး တိုးဝါးတားမျှ ပေါ်နေသည်။ မြူနှင်းများက ဝေနေပြန်သောအခါ မည်းမည်း သဏ္ဍာန်ကို သစ်ပင်ဟုသာ မှန်းဆရတော့သည်။ တိမ်တိုက်ကင်းစင်သဖြင့် နက်ပြာသော ကောင်းကင်ပြင် တစ်ပြင်လုံးတွင် ကြယ်တို့သည် လှုပ်လှုပ် လှုပ်လှုပ်နှင့် လက်နေကြသည်။ ကြယ်များ သိပ်လှုပ်နေလေရာ ကြွေကျ၍လာ တော့မည်လားဟု ထင်ရသည်။

ခုနစ်စင်ကြယ်သည် အမြီးထောင်လျက်ရှိလေပြီ။

မစောလင်းသည် မျက်စိကိုမှိတ်ထားလေသည်။ ဝေဒနာခံရလွန်းသ ဖြင့် ပျော့နေသည်။ အားလုံးပင် မီးဖွားမည့်ကိစ္စကို ကူညီပေးနေကြသည်။

ဘိုမကြီးကလည်း မခိုင်ချေ၊ အခန်းထဲကပင် မထွက်ဘဲ တတ်သရွေ့ မှတ်သရွေ့ လုပ်ပေးသည်။ အားပေးစကား ပြောကြားသည်။ တစ်ခါတစ်ရံ ဆင်ဝင်၌ထိုင်နေသော ကိုသက်ရင်ထံသွားကာ...

'နနဲ ခုပဲမွေးတော့မှာပဲကွယ့်၊ ဒီလိုပဲ ပထမသားဦးဆိုတာ နည်းနည်း တော့ ခံရတယ်။ ဒါပေမယ့် လွယ်မှာပါပဲလို့ ဆရာမကပြောတယ်'ဟု နှစ်သိမ့်သည်။





'ဘယ်နှစ်နာရီရှိပြီလဲ'

ဟု ကိုသက်ရင်အား မေးသည်။ ကိုသက်ရင်က လက်ပတ်နာရီကို ကြည့်ကာ...

'တစ်နာရီထိုးပြီ အန်တီ'

'နနက အင်မတန်အေးတယ်၊ ရုပ်လည်းရုပ်ချောဆိုတော့ မွေးတဲ့ ကလေးလည်း ချောမှာပဲ၊ ဘာလေးလိုချင်သလဲဟင်'

ကိုသက်ရင်က ဘာမျှပြန်မပြော၊ မိန်းမဘာဝကို လေးလေးနက်နက် တွေးနေသည်။

'ယောက်ျားတွေကတော့ ယောက်ျားလေးလိုချင်မှာပေါ့ကွယ်၊ အန်တီ တို့ကတော့ ယောက်ျားလေး မလိုချင်ဘူး။ ယောက်ျားလေးဆိုတာ မိန်းမယူပြီး မိဘကိုပစ်သွားတာ၊ အားကိုးရတာ မဟုတ်ဘူး။ မိန်းမလေးမှ မိဘမှန်းသိတတ် တာ'

စကားနည်းသော အန်တီကြီးပင် မစောလင်းမွေးဖွားရေးအတွက် တွေးကာ ပျော်၍နေသည်။

ကိုသက်ရင် ဘာမျှပြန်မပြောသဖြင့် မစောလင်းအခန်းထဲသို့ ပြန်သွား ပြန်သည်။ အားလုံး လှုပ်လှုပ်ရှရှဖြစ်နေကြသည်။ မစောလင်းမှာ ကျိတ်မှိတ် ခံနေသည့် အမူအရာရှိသည်။ တစ်ချက်တစ်ချက်မှ သက်ပြင်းချသံကြီး ထွက်လာသည်။ ချိုချိုက အနားကမခွာ။

အန်တီသည် ဆရာမနားသို့ကပ်၍ တိုးတိုးမေးသည်။

'ဘယ်တော့လဲ'

'အခုပဲ... အခုပဲ... နာရီပိုင်းပဲ ရှိတော့တယ်'

ကြောင်နက်ကလေးမှာ လုံးလုံးပေါ်မလာ။ နှင်းတောထဲလျှောက်၍



www.burmeseclassic.com

www.burmeseclassic.com



လည်ပတ်နေလေသည်။ ကြောင်းများမှာ အိပ်တွင် လူမပါရှိလျှင် မကာင်တော့။

အန့်တီသည် ဆင်ဝင်ဘက်ရှိ ကိုသက်ရင်ထံသို့ ရောက်သွားပြန်သည်။

'နန နေကောင်းတယ်နော်၊ အားလည်းရှိတယ်မဟုတ်လား'

'အားရှိပါတယ်၊ ဘာမှမပူနဲ့၊ ချောချောမောမောဖြစ်မှာပဲ'

မစောလင်းသည် အခန်းတွင်းရှိ အသံဗလံများကို အာရုံမပြုဘဲ တစ်နေရာသို့ ရောက်နေလေသည်။

ယူရောက်နေသည့်တောကြီးမှာ ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် ကာဆီးလျက်ရှိသည်။ လေမရှိသော ညဖြစ်သော်လည်း ကြယ်ရောင်ဝိုးတိုးဝါးတားကြောင့် ရေးရေးမျှမြင်ရသေးသည်။ လမ်းကို ပိတ်ဆီးလျက်ရှိသော နွယ်ပင်များကို လက်ဖြင့်ဖယ်ထွက်ရသည်။ ကိုယ်လက်တွေက လေးနေသဖြင့် မနည်းကြီးကိုယ်ကို သယ်ရသည်။ နွယ်ပင်များကို ဖယ်ရသည်မှာ မောလှလေသည်။ ဘယ်တော့မှ ဤတောနက်ထဲက အပြင်သို့ရောက်ပါ့မလဲမသိ။ ဝေးဝေးတွင် အလင်းရောင်ကို လှမ်းမြင်ရသည်။ တောမှထွက်လျှင် ဤအလင်းရောင်သို့ ရောက်ရပေတော့မည်။ ရောက်လုရောက်လုနှင့် မရောက်နိုင်သေးဘဲ မော၍ လာပြန်သည်။

'အသာ ငြိမ်ငြိမ်လေးနေနော်'

ဆရာမ၏ အသံကို ကြားရသည်။ ချိုချိုက...

'ငြိမ်ငြိမ်ကလေးနေနော်'

ဟုဆိုကာ လက်ကိုဆုပ်ထားသည်။ မစောလင်းကလည်း ပြန်ဆုပ်ထားသည်။

'မိုးလင်းတော့မလားဟင်'

ဟု မစောလင်းက အသံသဲ့သဲ့နှင့် မေးသည်။





'လင်းလှပြီ'

ချိုချိုက မစောလင်းနဖူးမှ ချွေးများကို အိုဒီကလုံးဆွတ်ထားသော လက်ကိုင်ပဝါဖြင့် သုတ်ပေးသည်။ ခေါင်းအုံးမှာလည်း ချွေးနှံ့ဖြင့် သင့်ပုံ့နေသည်။

လဆုတ်ရက်ဖြစ်၍ ထွက်လာသည့်လမှာ တစ်ခြမ်းပဲ့ဖြစ်သော်လည်း ကမ္ဘာကြီးအား ထိုက်တန်သလောက် အလင်းရောင်ကို ပေးစွမ်းနိုင်သည်။ ယခင် မှုန်တိမှုန်ဝါးသာထင်နေသော ခြံကြီး၏ ပုံသဏ္ဌာန်သည် ပေါ်လွင်၍ လာလေပြီ။ ခြံစည်းရိုးက ဝါးရွက်ဝါးကိုင်းများ၏ သဏ္ဌာန်သည်လည်း ပီသ၍လာသည်။ မာလီ၏တဲမှာ အမိုးကိုပင် ထင်ထင်ရှားရှား မြင်လာရသည်။ မရန်းပင်၊ သရက်ပင်များ၏ အကိုင်းအခက်တွေလည်း ပေါ်လာလေသည်။

အိမ်ကြီးသည် ခြံ၏အလယ်၌ ပြတ်သားစွာထင်နေသည်။ အိမ်မှ တစ်ဝက်အလင်း တစ်ဝက်အမှောင်ထဲ၌ ရောက်နေသည်။ ဆင်ဝင်ဘက်မှာ လင်းနေသည်။ အိမ်ခါးပန်းမှ ဆေးအဖြူမှာ အဖြူအတိုင်းပင် ထင်နေသည်။

အမှောင်ဘက်ရှိ အိမ်ခန်းဆောင်မှ မီးရောင်ကို မြင်ရသည်။ အဖြူခံပေါ်တွင် အပွင့်များရိုက်ထားသော ခန်းဆီးသားကို မီးရောင်က ထိုးထားသည်။ ခန်းဆီးမှ လူများ၏အရိပ်ကို မြင်ရသည်။

ဝမ်းသာအားရသော အသံများကြားရပြီးနောက် 'အူဝဲ အူဝဲ' ဟူသော ကလေးငိုသံသည် ညဦးကို ပွဲတင်ထပ်လိုက်သည်။

အန့်တီက ဆင်ဝင်ဘက်ကို ပြေးသွားကာ... 'ယောက်ျားကလေး... ယောက်ျားကလေး၊ ကလေးရော အမေရော ကျန်းမာတယ်'

ဟု ဝမ်းသာအားရ သွားပြောသည်။

ကိုသက်ရင်က မတ်တတ်ရပ်လိုက်ကာ ပြုံးနေသည်။ ညဦးက



www.burmeseclassic.com

www.burmeseclassic.com



နိုးရိမ်သော စိတ်များ ကွယ်ပျောက်သွားကာ ရွှင်လန်းလာလေပြီ။

'သူ နေကောင်းတယ်နော်'

'ကောင်းပါတယ်'

ပြောရင်းဆိုရင်း ချိုချိုပေါက်လာကာ အနှီးနှင့်ပတ်ထားသော ကလေးကို လာပြသည်။ ကိုသက်ရင်သည် ကလေးကို ငုံ့ကြည့်လိုက်သည်။ ချိုချိုမှာ ဝမ်းသာအားရနှင့်...

'ကလေးက နုနုနဲ့တူတယ်'

ဟု ပြောသည်။

ဖြူဖွေးသော အဝတ်ပုံထဲတွင် နီတွေးသောကလေးငယ်သည် ငြိမ်သက်ကာ မှိန်းနေသည်။ ကမ္ဘာလောကကြီး၏ လေကို ညင်သာစွာ ရှူရှိုက်နေပုံရသည်။

ကိုသက်ရင်နှင့် ချိုချိုတို့မှာ နှစ်ယောက်စလုံး စကားမပြောနိုင်ကြဘဲ ကလေးကိုစိုက်၍သာ ကြည့်နေကြသည်။

အတန်ကြာလောက်မှ အခန်းထဲက ဆရာမထွက်လာသည်။

'ဘယ်နှစ်နာရီရှိပလဲ'

ဟု ဆရာမကမေး၍ ကိုသက်ရင်က...

'နှစ်နာရီခွဲတော့မယ်'

ဟု ပြောသည်။

'လူနာတန်းလန်း အရေးကြီးနေလို့ ခဏလိုက်ပို့စမ်းပါ၊ ဒီမှာ စိတ်ချရပါပြီ။ အားလုံး လုပ်ပေးပြီးပြီ'

ကိုသက်ရင်က တားလိုသော်လည်း၊ ချိုချိုက သွားစေလို၍...

'လိုက်ပို့လိုက်ပါ ကိုသက်ရင် သွားပါစေ'





ဟု ပြောလိုက်၏။ မစောလင်းသည် သူ့အား ဘယ်သူမှလာ၍စကားမပြောနိုင်အောင် မှိန်း၍နေသည်။ ဆရာမလာ၍

'ပြန်တော့မယ်နော်။ မနက် စောစောလာခဲ့မယ်'

ဟု နှုတ်ဆက်သောအခါ မစောလင်းသည် မျက်လုံးကို အသာဖွင့်တဲ့ကာ ခေါင်းကို ညိတ်ပြလိုက်သည်။

ကိုသက်ရင်အား ချိုချိုက...

'မြန်မြန်ပြန်ခဲ့နော်၊ အတော်ကြီး သွားစရာရှိသေးတယ်'

ဟု မှာနေသည်။ အောက်ထပ်မှ ကားထွက်သံကြားရလျှင် ချိုချိုသည် ဘိုမကြီးအခန်း ထဲသို့ ကလေးနှင့်ဝင်သွားကာ...

'နုနုမှိန်းနေလို့ ကလေးကို ဒီမှာခဏထားပါရစေ'

ဟု ဘိုမကြီးအား ပြောလေသည်။

'ထားပါ ထားပါ၊ လာလာ ခုတင်ပေါ်ချ'

ဟု ဘိုမကြီးက သူ့ခုတင်ပေါ်တွင် ကောင်းစွာတင်ထားစေသည်၊ ချိုချိုသည် မစောလင်းအပါးသို့ ကပ်၍ထိုင်လိုက်သောအခါ ချိုချိုအား

'ချိုချို'

ဟု ခေါ်လိုက်သည်။ မစောလင်း၏အသံမှာ စောစောကလို မပျော့တော့။

'မစောလင်း၊ နေကောင်းတယ်နော်'

'ကောင်းပါတယ်၊ ကိုယ်လုပ်ဖို့ရာအလုပ်ကို စဉ်းစားပြီးသား၊ ချိုချို'

'ဘာလုပ်မှာလဲ မစောလင်းရဲ့'

ဟု ချိုချိုက အံ့ဩသွားသည်။

'ဒီကလေးပေါ့'



www.burmeseclassic.com

www.burmeseclassic.com



မစောလင်းက ဆက်မပြောဘဲ စဉ်းစားတွေဝေနေသည်။

'ဒီကလေးကို ဘာလုပ်ရမှာလဲ၊ ချိုချိုမွေးထားမယ်ဆိုတာ ဘယ်နှစ်ခါ ပြောရမှာလဲ၊ အားလုံးစီစဉ်ပြီးပြီ'

ဟု ချိုချိုက ပြောသည်။

'ဘယ်ဟုတ်မလဲချိုချိုရဲ့၊ ချိုချိုမွေးမယ်ဆိုတာလည်း လမ်းမဟုတ်ပါဘူး။ ချိုချိုဘာဝန်ယူဖို့ ဘာမှမရှိဘူး'

'ဒီလိုမပြောပါနဲ့ မစောလင်းရယ်၊ ချိုချိုကိုယ်တိုင် လိုလိုချင်ချင်နဲ့ တာဝန်ယူပြီး မွေးမှာပဲ၊ ဒီအတွက်နဲ့တော့ တွေးမနေပါနဲ့တော့၊ အခုကလေးလည်း ချောချောမောမောဖွားပြီးပြီ မစောလင်းကိုယ်ကိုသာ နေကောင်းအောင်နေဖို့ပဲ၊ ဒေါ်လေးကိုလည်း ပြောထားတယ်၊ ရှမ်းပြည်နယ်ကတော့ လာတော့မယ်လို့'

မစောလင်းသည် ချိုချိုကို ကြင်နာသောအကြည့်ဖြင့် စိုက်ကြည့်နေလေသည်။

'မွေးဖို့ကိစ္စဟာ လွယ်တဲ့ကိစ္စမဟုတ်ဘူး။ ချိုချိုမွေးထားရင် ကြီးတော့ သူ့အဖေကို ဘယ်သူလို့ပြောမလဲ'

'ဒါတွေ တွေးမပူပါနဲ့၊ တခြားလည်းပြောမှာပေါ့'

'အဲဒါကိုက အမှန်မဟုတ်ဘူး ချိုချို၊ ကိုယ်မမှန်တာများ နောက်ထပ်ထပ်ပြီးဖြစ်တာ မတွေ့ပါရစေနဲ့တော့'

ချိုချိုက ဝမ်းနည်းလာသဖြင့် တစ်ဖက်သို့ လှည့်၍ပင်နေသည်

'ဒီမယ် ချိုချို ကိုပြောမယ်၊ ဒီအမှုမှာ ချိုချိုက ဘာမှဒုက္ခယူစရာလည်း မရှိဘူး။ မှန်တာသာဖြစ်ပေစေ'

ချိုချိုမှာ ပိုမို၍ဝမ်းနည်းလာကာ...





'ဘယ်လိုလုပ်ဦးမှာလဲ'

ဟု ဝမ်းနည်းပက်လက်မေးလေသည်။

'စောစောက ကိုယ်ပြောသလို ကိုယ်နဲ့မဆိုင်ရင် ဘယ်သူနဲ့ဆိုင်ရမလဲ၊ သူနဲ့သာ ဆိုင်ရမယ်၊ ဒါ သူ့သား'

မစောလင်း၏အသံသည် မာလာသည်။

'ကလေးကို သူ့ဆီသွားပို့လိုက်မယ်၊ သူ တာမွေမှာ ဆေးဆိုင်ဖွင့်နေတယ်ဆို'

ချိုချိုက အံ့အားသင့်လျက်ရှိကာ...

'မစောလင်း ဘာတွေပြောနေတာလဲ'

'ကလေးကို ဒါ သူ့သားဆိုပြီး သူ့လက်ထဲ ထည့်ရမယ်၊ သူ့ကြောင့်ဖြစ်ပေါ်လာတဲ့ကလေး ချိုချိုလည်း မွေးမထားရဘူး။ ကိုယ်လည်း မွေးမထားဘူး'

ချိုချိုက မစောလင်း၏စိတ်ကို သိသည်။ ဘာမျှစောဒကမတက်နိုင်ဘဲ 'မစောလင်းရယ်'ဟု၍သာ ညည်းလေသည်။

'ကိုယ်ကိုယ်တိုင် သူ့လက်ထဲကို ဒီကလေးအပ်မယ်'

'မတော်တာ မစောလင်းရယ်၊ သူ့ကို ထပ်မတွေ့ပါနဲ့တော့'

'ဘယ်နှယ်ပြောလိုက်တာလဲ၊ သူ့ကို တွေ့ချင်လို့မဟုတ်ဘူး။ ကလေးကို ပို့ချင်တာ၊ ဒီကလေးဟာ သူနဲ့သာဆိုင်တယ်၊ ဒါ သူ့ပစ္စည်း'

အတန်ကြာ ငြိမ်သက်၍သွားကြပြန်သည်။ ချိုချိုက မျက်ရည်ဝိုင်းကာ...

'သူနဲ့ မျက်နှာချင်းမဆိုင်ပါနဲ့တော့ မစောလင်းရယ်၊ သူနဲ့ မျက်နှာချင်း မဆိုင်ပါနဲ့တော့'

ဟု တောင်းပန်လေသည်။

'ဆိုင်မယ်... သူ့ဆီပဲ ပို့ရမယ်'



www.burmeseclassic.com

www.burmeseclassic.com



မစောလင်းအသံမှာ ထန့်၍လာသည်။ ချိုချို၏ ညှိုးငယ်သောမျက်နှာကို မြင်ရ၍ ပျော့ပျောင်းသွားပြန်သည်။

'ကလေးကို သူ့ဆီပို့တာဟာ လမ်းအမှန်ဆုံးပဲ၊ တရားအမှန်ဆုံးပဲ ချိုချိုရယ်'

'မစောလင်း၊ သူနဲ့ မတွေ့ပါနဲ့'

ဟု ချိုချိုက တစ်ချက်ရှိုက်ပြီး ပြောသည်။ မစောလင်းမှာ ချိုချို့ကို သနားရတော့သည်။

'မမွေးဘူး ပို့မယ်ဆိုရင် သွားပို့တာ ကောင်းတယ် ချိုချို၊ ဒါကြောင့် ကိုယ်သွားပို့မယ်'

'မဟုတ်တာဘဲ မစောလင်းသွားလို့ ဘယ်ဖြစ်မလဲ၊ အခုပဲ...'

'သွားနိုင်ပါတယ် ချိုချိုရဲ့၊ သွားနိုင်ပါတယ်'

ဟု မစောလင်းက စိတ်အားထက်သန်စွာ ပြောနေသည်ကို ကြည့်လျက် သာ၍ ဝမ်းနည်းမိသည်။

'မစောလင်းတော့ သူ့ဆီမသွားပဲနဲ့ ချိုချိုသွားပို့ပေးပါ့မယ်'

ဟု ချိုချိုက ပြောလေသည်။ မစောလင်းမှာ အံ့အားသင့်လျက်ရှိသည်။

'ဘယ်ကလာ ချိုချိုသွားရမှာလဲ၊ မဟုတ်တာဘဲ၊ ချိုချိုမသွားရဘူး။ ကိုသက်ရှင်လာရင် ကိုယ်ပဲသွားပို့ပါ့မယ်၊ ကိုယ် သွားနိုင်ပါတယ်၊ နေကောင်းပါတယ်'

ချိုချိုက ဘာမှပြန်မပြောဘဲ တွေနေသည်။

'သွားမယ်ဆိုတာက ဘယ်လိုလဲ၊ ကလေးကို သူ့ဆီအရောက် ပို့ဖို့ သွားမှာမဟုတ်လား။ ကလေး သူ့ဆီရောက်သွားမှာသာ လိုရင်းမဟုတ်လား'

မစောလင်းက ခေါင်းကိုညိတ်ပြလေသည်။ ချိုချိုမှာ စိတ်ပျော့သော်





လည်း အရေးကျလျှင် ဖြတ်ထိုးဉာဏ်ကောင်းတတ်သည်။

'မစောလင်းကိုယ်တိုင် သူ့ဆီသွားမယ်ဆိုတာ ချိုချို တစက်ကလေးမှ သဘောမတူနိုင်ပါဘူး။ ဒီကောင့်ဆီ ဘာဖြစ်လို့ မစောလင်းက သွားရမှာလဲ၊ မသွားရပါဘူး'

ချိုချိုပြောသည်မှာ မှန်ပေသည်။ မိမိမှာ တစ်သက်တွင် ဒေါက်တာဖေဦးနှင့် မျက်နှာချင်းဆိုင်ဖို့မရှိ။ ကင်းသည်ဆိုလျှင် ထစ်မြူတေကလေးမျှ မငြိအောင် ကင်းရှင်းရမည်။

'ကလေးကို သူ့ဆီဘယ်လိုရောက်အောင် လုပ်မလဲ'

'မနက်အစောကြီး သွားပြီး တံခါးဖွင့်နိုင်ပြီး ပေးခဲ့မှာပေါ့'

'ဘာမှမပြောဘူးလား။ သူ့ကလေးဆိုတာ မပြောဘူးလား'

'သူ့ကလေးဆိုတာကို ပြောခဲ့မယ်လေ၊ ဒါပေမယ့် မစောလင်းက မွေးတာဆိုတာ ပြောဖို့မလိုပါဘူး။ ဒါသိရင် သူက လိုက်လာနေမှာပေါ့၊ ဒီကောင် မစောလင်းနဲ့ကို မပက်သက်စေရဘူး'

မစောလင်းက တွေ၍နေသည်။

'ကလေးအဖို့မှာ ဖအေအရေးကြီးတယ်မဟုတ်လား။ ဖအေမပေါ်တဲ့ သားဖြစ်ရတာ ဆိုးတာ၊ မအေက ဘာမှအရေးမကြီးဘူး။ ဒီကလေးကြောင့် သူနဲ့ပတ်သက်တာမျိုး နည်းနည်းမှဖြစ်မလာရဘူး'

မစောလင်းက တွေ၍ပင်နေသည်။

'သူနဲ့တွေ့ရင် ဒါ ဘယ်သူကပို့တာလည်း မပေးဘူးတော့ မထင်နဲ့ ပေးမယ်၊ ပေးရင်ကော...'

ချိုချိုမှာ ငိုင်၍သွားသည်။ ကလေးကို မိမိသွားပို့လျှင် မိမိအား ဒေါက်တာဖေဦးက မုချမေးလိမ့်မည်။ မိမိမှာ ကလေးအမေမဟုတ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မေးခဲ့လျှင်...

မိမိက ကလေးမအေကိုမပြောဘဲ သူက လက်ခံပါ့မလား။ မိမိက လည်း ဖွင့်မေး၍မဖြစ်။ ထို့ကြောင့် တွေဝေနေလေတော့သည်။

'ရှုပ်ပါတယ် ချိုချိုမသွားပါနဲ့ ကိုယ်ပဲသွားပြီး ပေးမယ်ကွယ်၊ ခဏပဲ ကိုယ်သွားနိုင်ပါတယ်'

'မစောလင်းနဲ့ သူနဲ့ တွေ့မှာတော့ ချိုချို နည်းနည်းကလေးမှမကြိုက် ပါဘူး။ မစောလင်းတော့ သွားမပေးနဲ့ ချိုချိုပဲ သွားပြီးပေးမယ်'

'ဘယ်သူကမို့တာလည်းမေးရင်ကော'

ချိုချိုမှာ မဝေခွဲနိုင်အောင်ဖြစ်ကာ အဖြေမပေးနိုင်။

'မေးရင် ကိုယ်က ပို့ခိုင်းတယ်ပြောပါ၊ ဒါဟာ အမှန်ပဲ၊ အမှန်ကို သိပေစေ'

ချိုချိုမှာ စိတ်ညစ်လာလျက် ငိုင်သွားပြန်သည်။ တစ်ဖန် စဉ်းစားနေပြီး မှ...

'တကယ်လို့ သူက တာဝန်မယူနိုင်ဘူး၊ မမွေးနိုင်ဘူးပြောရင် ချိုချို ပဲ မွေးမယ်နော်'

'မွေးလေ၊ ဒါပေမယ့် တာဝန်ကိုတော့ ကိုယ်ယူရမှာပေါ့'

'ဒါတော့ မစောလင်း သဘောအတိုင်းပါပဲ'

'ဘယ်တော့သွားမှာလဲ'

'အစောကြီးသွားရင်ကောင်းမယ်၊ ကိုသက်ရင်ပြန်လာရင် သူနဲ့တိုင်ပင် ပြီး သွားမယ်'

မစောလင်းသည် ချိုချိုအား များစွာ ကျေးဇူးတင်မိလေသည်။

'ဟုတ်တယ်၊ ကလေးသူ့ဆီကိုပို့လိုက်တာလည်း လမ်းမှန်ပဲ'





ချိုချိုက မစောလင်းအယူအဆကို သဘောကျလာသည်။ သူတို့သည် ကလေးပို့ရေးကို တိုင်ပင်ကြလျက်ရှိကြစဉ် ကိုသက်ရင် ပြန်လာသည်။

ချိုချိုက ဘိုမကြီးအား...

'ကလေးအဖေက ပုသိမ်သဘောအမီသွားရမှာ အန့်တီ၊ တလက်စ တည်း ကလေးကို သူ့အဘွားဆီ ခေါ်သွားမယ်၊ ကျွန်မ ပြန်လာခဲ့မယ်၊ နန လည်း ဒီမှာ ခုနစ်ရက်လောက်နေပြီး သွားမယ်'

ဟု အထင်မမှားရအောင် ပြောပြနေသည်။ ကလေးကို လုံလုံလဲလဲရှိ အောင် အနွေးထည်များဝတ်၍ စွပ်၍ အနှီးများဖြင့် အထပ်ထပ်ဝတ်ကြသည်။

'ကိုသက်ရင်က ဘာပြောသလဲ'

ဟု မစောလင်းက ချိုချိုအား မေးသည်။

'သူကတော့ ဘာရယ်ညာရယ်မပြောပါဘူး။ ကလေးကို သူ့ဆိုင်ရမယ် သူမွေးရမယ်ဆိုတာတော့ လမ်းမှန်တယ်တဲ့ ဒါပေမယ့် အမေဟာ မစောလင်းလို့ သိစေတာကတော့ မစောလင်း သဘောအတိုင်း ဖြစ်ပါစေတဲ့'

အရုဏ်တက်လာလေပြီ။ နှင်းများမှာ ပိတ်မှောင်အောင်ကျလျက် ရှိသည်။

'ကလေးကို နွေးနွေးထွေးထွေးလုပ်ပြီး သွားပါ၊ ဒါ သူ့ကလေးဆို တာလည်း သေသေချာချာပြောပြီး အပ်နော်'

ချိုချိုက ခေါင်းညိတ်သည်။ မစောလင်းသည် ခုတင်ပေါ်မှနေ၍ ကလေးကို အသယ်တွေနှင့်ထွေးကာ ပိုက်ထားသောချိုချိုအား ငေးကြည့်လျက် ကျန်ရစ်ခဲ့သည်။ ရင်ထဲတွင်ကား အကြီးအကျယ် လှုပ်ရှားလျက်ရှိသည်။

ဘဝတစ်သက်တာတွင် အကြီးကျယ်ဆုံးသောအဖြစ်ကို ကြုံတွေ့ရကာ ထိုကြုံတွေ့ချက်မှ ဝေဒနာကြီးစွာခံရပြီး၍ လွန်မြောက်ပြီးသည့်နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် ပြဿနာကို ယတိပြတ်ဆုံးဖြတ်ချက်ချ၍ လုပ်ခဲ့လေပြီ။

ဤဆုံးဖြတ်ချက်ကား တဒင် စိတ်၏အလိုကိုလိုက်၍ချသော သာမန်ဆုံးဖြတ်ချက်မျိုး မဟုတ်၊ မိမိသက်သာရာရပါစေတော့ဟု ကိုယ်လွတ်ရုန်းကာ အခြားသူများအား ပုံချလိုသောဆန္ဒက စေ့ဆော်သော သာမန်ဆုံးဖြတ်ချက်မျိုးလည်း မဟုတ်။ ကိုးလလုံးလုံး ကြီးစွာသောဒုက္ခကို ခံယူပြီးနောက်မှ ကာယကံရှင်နှင့်သာ ဆိုင်ရမည်ဟူသော တရားအတိုင်း ဆုံးဖြတ်ချက်ဖြစ်သည်။ မတရားသဖြင့် အနိုင်ကျင့်ခြင်းခံရသော မိန်းမက သက်ဆိုင်သော ယောက်ျားအပေါ်သို့ တရားသဖြင့် ချမှတ်သော ဆုံးဖြတ်ချက်အမှန် ဖြစ်သည်။

ဤဆုံးဖြတ်ချက်အတိုင်း ချိုချိုနှင့် ကိုသက်ရင်တို့သည် လင်းအရုဏ်တွင် မော်တော်ကားနှင့် ထွက်သွားကြရလေပြီ။ ချိုချို ချိုချိုကား မိမိအတွက်ဆိုလျှင် ဘာမဆိုလုပ်ပေးသော ချစ်လှသည့် သူငယ်ချင်း၊ မိမိအား ဒေါက်တာဖေဦးနှင့် ကင်းကင်းရှင်းရှင်း အလွန်ဖြစ်စေလိုသည်။ မိမိကလည်း ရှင်းသည်ဆိုလျှင် ဘာမျှ မငြိမှကြိုက်သည့်သူ။

မနွေးညှိဦးကပင် ကလေးငယ်ကို ဝမ်းတွင်လွယ်ထားလျက်ရှိသည်။ ယခုကား ကျွတ်လွတ်ခဲ့ပေပြီ။ ကျွတ်လွတ်ရုံတင်မက သက်ဆိုင်ရာသို့ ပို့စေခဲ့ပြီ။

မစောလင်းသည် ကလေးဆိုက်ဆိုက်မြိုက်မြိုက် သူ့လက်ထဲရောက်ပါစေဟု ဆုတောင်းနေသည်။

နောက် လေးငါးခြောက်ရက်ကြာလျှင် ရှမ်းပြည်နယ်မှ ပြန်လာသည့် အနေဖြင့် သော်မဆင်ရိပ်သာရှိ မိမိ၏အိမ်သို့ ပြန်ရပေတော့မည်။ ဒေါ်လေးမှစ၍ မိတ်ဆွေသင်္ဂဟအပေါင်းတို့နှင့် ပြန်လည်တွေ့ဆုံကြရတော့မည်။ မိမိကိုအားထားကြသော လူမမာများကို လက်ခံ၍ကုနိုင်ပေတော့မည်။ တစ်နှစ်





လုံးလုံး တောထဲတောင်ထဲတွင် နေခဲ့ရာမှ လူလယ်ကောင်ရောက်ကာ လူ့လောကကြီးနှင့် တွေ့ရပေတော့မည်။

အရုဏ်ကျင်း၍ လင်းလာလေပြီ။ နွေသစ်တစ်နေ့၏ ရွှေ့ပြေးအဖြစ် ကျေးငှက်သာရကာတို့သည် သိုက်မြုံထက်မှ လူးလွန့်ထကြကာ မာဂဓတေးကို သီကျူးလေပြီ။ အမှောင်သည် တဖြည်းဖြည်း လျော့ပါးလာပြီး အလင်းရောင်သည် မိုးကောင်းကင်မှ ဖြာ၍လာလေပြီ။

နှင်းတို့မှာ ကျဲဆင်းလျက်ပင် ရှိသည်။ ခြံကြီးတစ်ခုလုံး နှင်းများဖြင့် ဝေကာ မှိုင်းမှိုင်းမှုန်မှုန်ဖြစ်နေလေသည်။

မစောလင်း၏ မျက်စိအာရုံတွင် အဝတ်ဖြူဖြူနှင့် ထွေးထားသော အရာကို ချိုချိုကပိုက်လျက် ချိုချိုနောက်မှ ကိုသက်ရင် စသည့်ပုံသဏ္ဌာန်သာ ထင်မြင်လျက်ရှိသည်။ မီးဒိပ်၏ မှော့မှိန်မှိန်အရောင်တွင် ဖြူဖြူ အနီး၊ သည်အရာသာ တွေ့မြင်လိုက်ရသည်။ ဤဖြူဖြူ အဝတ်တွေထဲ၌ သူမ၏ကလေး။

သို့သော် ထိုကလေးကို မြင်လည်းမမြင်ဘူးချေ။ ဖြူသလား။ မည်းသလား။ ဝသလား။ ပိန်သလားကိုပင် မကြည့်။ အူဝဲဟူသော ငိုသံသာ ကြားမှုလိုက်သည်။ ဤအသံသည် ပထမဆုံးအကြိမ် အသစ်ဆုံးအသံဖြစ်၍ ကမ္ဘာလောကကြီးကို စတင်မိတ်ဖွဲ့လိုက်သည်။

ဝမ်းထဲတွင်ရှိစဉ်က ကလေးက လှုပ်ရှားတိုးဝှေ့သည့်အခါ မိမိမှာ တိုးဝှေ့သောအဖြစ်ကို သိလိုက်ရသည်။ အသက်တစ်သက်ကို ရှင်စေလိုသော စေတနာဖြင့် မိမိကိုယ်ကို ယုယနိုင်သမျှ ယုယနေခဲ့သည်။ သွေးအားဖြစ်စေသော အစာ၊ ကလေးကို ဥပဒ်မပေးသော အစာကိုသာ ရွေးချယ်၍ ရုတစိုက် စားသောက်ခဲ့သည်။ လေကောင်းလေသန့်ကို ရှူရှိုက်ကာ မြေသင်း၊



www.burmeseclassic.com

www.burmeseclassic.com



သရက်နံ့တို့ဖြင့် ထုံသောမြေကြီးပေါ်ဝယ် လမ်းလျှောက်ပေးခဲ့သည်။

အသက်ရှင်ခွင့်ပေးမယ်ဟု ပိုင်းဖြတ်ကတည်းက အသက်ရှင်စေမည့် အနေအထိုင် အစားအသောက်ကို အတတ်နိုင်ဆုံး လုပ်လာခဲ့သည်။ ပုန်းလျှိုးကွယ်လျှိုး ရှောင်ရှားသည့်အလုပ်မျိုးကို ဘယ်တုန်းကမှ ဝါသနာမပါခဲ့သော်လည်း ချိုချို၏စိတ်ချမ်းသာမှုအတွက် အစီအစဉ်ကျကျ ပြေပြစ်ချောမောအောင် ဒုက္ခခံကာ လုပ်ခဲ့သည်။

မိမိမှာ 'ယေယေကတည်းက မှန်တာကိုသာ' လုပ်ခဲ့သည်။ ဝေ့လည်ကြောင်ပတ်ကို စိတ်ဝင်းမှုမလုပ်တတ်။ ထို့ကြောင့်ပင် မိမိအလိုမတူဘဲလျက် ဖြစ်လာခဲ့ရသော ပြဿနာကို မှန်သည့်နည်းနှင့် ဖြေရှင်းပစ်လိုက်သည်။

မိမိပြုသမျှအမှုကို မိမိသာလျှင် အသိဆုံးဖြစ်သည်။ မိမိမပြုသည့် အမှုကိုလည်း မိမိသာ အသိဆုံးဖြစ်သည်။ ထို့ကြောင့်ပင် မိမိက လုံးလုံးသဘောမတူဘဲလျက် နိုင်ထက်စီးနင်းအပြုခံရသော အဖြစ်တွင် မိမိ၏စိတ်ကို မိမိသာလျှင်သိ၍ ဤသို့ ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အမှန်သည် ရဲရင့်စေသည်။ မမှန်ခြင်းကသာလျှင် နောက်တွန့်စေမည်သာတည်း။

အဝတ်ဖြူများဖြင့် ထွေးထားသော ဖြူဖြူအရာကလေးသည် သက်ဆိုင်သူလက်ထဲသို့ ရောက်သွားခြင်းကို မှန်းနေသည်။ သူ့ကလေးမို့ သူ့လက်သို့လာပို့ရသည်ဟူသောစကားကို ချိုချိုက ပြတ်ပြတ်သားသား ပြောခဲ့ရမည်။

ကျေးငှက်ကလေးများ၏ အော်မြည်သံကို ကြားရလေသည်။ လောကကြီးသည် အသက်ဝင်၍လာပေပြီ။

မစောလင်းသည် ကားသံကို နားတစွင့်စွင့်နှင့် ရှိနေသည်။

ကားသံမကြားရမချင်း ရင်ထဲကခုန်နေမိသည်။ သူ့လက်ကို ဖြောင့်ဖြောင့်တန်းတန်းမှ ရောက်ပါ့မလား။ ကားသံမကြားရသောအခါ ချိုချိုက





သူ့လက်မအပ်ဘဲနဲ့များ သူယူထားနေလျှင်...

ချိုချို၏စိတ်ကို သံသယရှိ၍ကား မဟုတ်။ မိမိအတွက် ကောင်းဖို့သို့ပြီး သူက ယူထားမှာသာ စိုးရိမ်သည်။ ဤကလေးတာဝန်ကို ချိုချိုက ကြားထဲကဝင်၍ မခံရ။ ဤကလေးကို သူသာလျှင် လူဖြစ်အောင် သုတ်သင်ကျွေးမွေးရမည်။

ချောချောမောမောဖြစ်ပါစေဟု တထိတ်ထိတ်နှင့်နေစဉ် ခြံထဲသို့ဝင်လာသော ကားသံကို ကြားရသည်။ မစောလင်းသည် တဒိတ်ဒိတ်နှင့် စောင့်နေသည်။ ကားတံခါးအသံကြားရသည်။ ထို့နောက် ခြေသံများ... တစ်ခါမျှ ယခုလောက် ရင်တမိုမိုနှင့် မဖြစ်ဖူးချေ။ ခြေသံကိုပင် ရေတွက်မိသည်။

ကိုသက်ရှင်မှာ ပုသိမ်သွားဟန်ဖြင့် ပြန်၍မလာ။ ချိုချိုသာလျှင် ကားတစ်စီးနှင့် ပြန်လာခဲ့သည်။ ချိုချိုမှာ ခေါင်းစည်းအပြာကလေးကို ပတ်ထားသည်။ အခန်းထဲသို့ရောက်လျှင် ခေါင်းစည်းကိုချွတ်လျက် ခုတင်ပေါ်သို့ ပစ်တင်လိုက်သည်။

'ဘယ်နှယ်လဲ'ဟု မစောလင်းက မေးသည်။

'ချိုချို ပြောစမ်းပါ'ဟု မစောလင်းက ထပ်မေးသည်။

'သူ့ဆီရောက်သွားပါပြီ'

'ဘယ်လိုလဲ၊ သူ့လက်ထဲကိုလား'

'ချိုချိုတို့ အိမ်ရှေ့ရောက်သွားတော့ ဘယ်သူမှ အိပ်ရာကမထကြသေးဘူး။ တံခါးခေါက်တော့ လူကြီးတစ်ယောက်ထွက်လာတယ်၊ ထမင်းချက်တဲ့ တောသားကြီးနဲ့ တူတယ်၊ သျှောင်ကြီးနဲ့၊ တံခါးဖွင့်လိုက်ချင်း ဒေါက်တာဖေဦး ပြန်မလာသေးဘူးလို့ ဆီးပြောတယ်'

မစောလင်းသည် ပါးစပ်ကို ဟကာ နားထောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ ချိုချိုက အနှီးနဲ့ထွေးထားတဲ့ကလေးကို ပေးတာကိုး။ လူကြီးက ခပ်ရိုးရိုးပဲ၊ ပေးလိုက်တော့ လှမ်းယူတယ်၊ သူ့အထင်က ကလေးအတွက် လာပြတာထင်သလား မသိဘူး။ သရော်နိုင်ပြမလို့ ကလေးကို ကမ်းပေးတာလား လို့ မှတ်ထင်ပါရဲ့၊ အဲဒါ ချိုချိုက ကလေးသူ့လက်ပေါ်လည်းရောက်ရော 'ဦးကြီး ဒါ ဒေါက်တာဇော်ဦးနဲ့ရတဲ့ ကလေး။ သူ့ကို ပေးပါ' လို့ ပြောလိုက်တယ်၊ လူကြီးလည်း ကလေးပိုက်ပြီး အံ့အားသင့်ပြီး ကြောင်လို့ပဲ၊ ချိုချိုက ထပ်ပြီး သေချာအောင် ဒါ သူနဲ့ရတဲ့ကလေး။ သူ့ကလေးကို လာပို့တာလို့ ပြောပြီး ချက်ချင်းထွက်လာခဲ့တယ်၊ ချိုချိုက လှည့်မကြည့်ဘဲ တစ်ခါတည်း ထွက်လာခဲ့တာပေါ့။ သူနဲ့မတွေ့လို့ မစောလင်းပိုနိုင်းတယ်လို့ မပြောခဲ့ရဘူး'

ညသန်းခေါင်ကျော်က မွေးဖွားခဲ့သော ကလေး၏အတ္တုပ္ပတ္တိပထမ ခန်းသည် ပြီးခဲ့လေပြီ။ နောက်ဆုံး သူ့ဖခင်ရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားလေပြီ။

မစောလင်းသည် တစ်ခွန်းတစ်ပါဒမျှ ဝင်မပြော။ ဘာမျှ ဝင်မမေး။ ပြီးဆုံးသည်အထိ နားထောင်နေသည်၊ စကားဆုံးသွားသောအခါ ဘာမျှ ထပ်မေးခြင်းမပြု။ တွေ၍ နေသည်။

ချိုချိုလည်း မစောလင်း ဘာမျှပြန်မပြောသဖြင့် ပြောစရာမရှိတော့ပြီ ဖြစ်၍ ငြိမ်သက်သွားသည်။

အပြင်မှ ကျေးငှက်များ၏ အသံမှတစ်ပါး ဘာသံမျှမကြားရ။ ထိတ်ထိတ်လျက်ရှိသည်။ မစောလင်းထံမှ အသက်ရှူသံသာ ကြားရသည်။ သူ၏ရင်မှာ နိမ့်ချည်မြင့်ချည်နှင့် လှိုင်းထသကဲ့သို့ ဖြစ်နေသည်။

မစောလင်းမှာ မလှုပ်မယှက် တွေလျက်ပင်။ ချိုချိုကိုလည်းမကြည့်၊ အပေါ်သို့သာ စိုက်ကြည့်နေသည်။





ချိုချိုမှာလည်း ဘာပြောရမှန်းမသိ၍ ငြိမ်သက်စွာနေလာကာ 'မစောလင်း'ဟု ခေါ်လိုက်သည်။ မစောလင်းက မထူး။ တွေလျက် ကြားမှ ကြားပါလေစ။

ချိုချိုသည် ရှိုက်လိုက်ပြီး 'မစောလင်း'ဟု ထပ်ခေါ်လိုက်သည်။

※ ※ ※

www.burmeseclassic.com

www.burmeseclassic.com

# [ ၂၄ ]

သော်မဆင်ရိုဝ်သာကား နေရောင်တွင် ကြည်လင်တောက်ပလျက် ရှိသည်။ ယနေ့မနက် ဒါတိုင်းလို နှင်းမကျ၍ ရိုဝေခြင်းမရှိ။ ကောင်းကင်မှာ သေးလျက်ရှိလေရာ ကောင်းကင်၏အရောင်ရိုက်ဟပ်သော မြေပြင်မှာလည်း ပင်းလျက်ရှိလေသည်။

နံနက်လင်းသော်လည်း မထသေး။ ညက အတော်ကြာအိပ်၍ လင်း အားကြီးလောက်တွင် နိုးသည်။ သို့သော် မထချင်သေးသဖြင့် မှိန်းနေရင်း ထပ်ပျော်သွားရာ ပြတင်းပေါက်မှ နေရောင်ခြည်တိုးဝင်လာမှပင် နိုးတော့သည်။ အအိပ်များသဖြင့် ကိုယ်လက်တွေမှာ လေးလံကာနေ၍ တော်တော်နှင့် မထသေးဘဲ အိပ်ရာထဲတွင်ပင် လှဲနေမိသည်။



အိပ်မက်သုခမှာ ချမ်းမြေ့နည်းသည်ဟု ထင်မိသည်။ ရှမ်းပြည်နယ်တွင် လည်ပတ်နေစဉ်က သာယာကြည်နူးဖွယ်အမျိုးမျိုးကို တွေ့မြင်ခဲ့သည်။ စိမ့်စမ်းရေတံခွန်၊ မြေနီလမ်း၊ တောတောင် ပေါပဝါ၊ ထင်းရှူးနံ့၊ မြူနှင်းတို့ ဖြင့်ရှိသော ရှမ်းပြည်နယ်ကား သာယာတင့်တယ်သော တောင်တန်းဒေသ ဖြစ်လေသည်။ ထိုကဲ့သို့ သာယာခြင်းတို့ကား အိပ်မက်ကဲ့သို့ နုးညံ့ခြင်း အိမ့်အရသာမရှိ။

ရှမ်းပြည်နယ်တွင် လည်ပတ်နေစဉ်က ရွှင်လန်းခဲ့သည်။ အသစ် အဆန်းတို့ကို မြင်ရ၍ ပြောင်းလဲလျက်ရှိသော ဥတုရာသီ၊ တောတောင်ရေမြေ အလိုက် သာယာကြည်နူးခြင်းဖြစ်ခဲ့သည်။ ယို့နောက် အင်းစိန်ရှိ မြို့ကြီးသို့ရောက် ပြန်သောအခါလည်း တောကြီးအလယ် ရောက်နေသကဲ့သို့ သစ်ပင်တွေအကြား မှာ နေထိုင်ခဲ့ရသည်။ သာယာခြင်းကို ရသလောက် ရခဲ့သည်။

သို့သော် ယနေ့ သော်မဆင်ရိုဝ်သာရှိ အိမ်၏ အတွေ့ကား ဘယ် အရာနှင့်မျှ မတူ၊ ရင်းရင်းနှီးနှီးရှိပြီး ချမ်းမြေ့သာယာလှလေသည်။ ဘယ်အခါမှ မရှိးသော အရောင်အဆင်း၊ အိမ်တွင် ရှိသည်။

အိမ်မှာလောက် ဘယ်နေရာကမှ နေသားတကျမရှိ၊ စိတ်ချမ်းမြေ့ ဖွယ်ရာမရှိ။ စိတ်ညစ်ညူးသမျှ၊ လေးလံသမျှ အိမ်ရိပ်လှုံရသောအခါ ပြေ ပျောက်သွားကြကုန်သည်။ အိမ်၏ အတွေ့မှာ ယုယခြင်းသဘော ရှိလေသည်။

မစောလင်းသည် အင်္ကျီနဲ့ လက်များကို အညောင်းဆန့်ထုတ်ကာ တစ်ဖက်သို့ လှည့်လိုက်လေသည်။

မှန်တင်ခုံဘေးရှိ စားပွဲတွင် ဖျက်နှာသုတ်ပဝါ၊ သွားတိုက်ဆေး၊ သွားပွတ်တံ စသည်များတင်ထားသည်ကို တွေ့ရသည်။ ဒေါ်လေးသည် အလွန်အလိုက်သိတတ်သည်။ မိမိအတွက်ဆိုလျှင် အကုန်အဆင်သင့်

www.burmeseclassic.com

www.burmeseclassic.com



လှပ်ထားသည်။

မစောလင်းသည် အိပ်ရာမှ ထလိုက်လေသည်။

ညက ကောင်းကောင်းအိပ်ပျော်၍ အားရှိကာ ရွှင်လန်းနေသည်။ သူမသည် ခုတင်မှဆင်းကာ မျက်နှာသုတ်ပဝါကို လည်ပင်းတွင်ပတ်ပြီး မျက်နှာသစ်ရန် ရေချိုးခန်းသို့ ဝင်သွားသည်။

ပတ်ဝန်းကျင်မှ ရေဒီယိုသံများ ထွက်လာကြသည်။ တောထဲတောင်ထဲ မှာတုန်းကလို ကျေးငှက်အသံ၊ လေတိုက်သံများမဟုတ်။ သဘာဝ၏ အသံဗလံများမဟုတ်။ လူတို့၏ အတတ်ပညာဖြင့် ဖန်တီးထားသော တေးဂီတသံ၊ သတင်းလွှင့်သံများဖြစ်သည်။

မျက်နှာသစ်ပြီးလျှင် မှန်တင်ခုံတွင် ထိုင်လေသည်။

မှန်ထဲရှိ မိမိပုံကို ကြည့်မိသည်။ အသားအရေမှာ စိုပြည်လာသည်။ တစ်သားမွေး တစ်သွေးလှဆိုသော စကားပုံကို သွားသတိရမိသည်။ ဤသို့ ကြည့်မိကာမှ မိမိသည် လမလဲမချင်း ဒေါ်လေးတို့ မရိပ်မိရအောင် ပိပိရိရိ အစစ သတိမလစ်ရန် ဂရုထားဖို့ရာ ကိုယ့်ကိုယ်ကို ထပ်၍နှိုးဆော်သည်။

ဒေါ်လေးက...

'မစောလင်း ရှမ်းပြည်နယ်နဲ့ တည့်တယ်၊ သွေးသားကောင်းလာတယ်၊ အသားလည်း ဖြူလာတယ်'

ဟု ပြောသည်။ မိမိ၏အဖြစ်ကိုကား မသိရှာ။ မိမိမှာ သွေးနုသားနု ရှိသေးသည်။

မစောလင်းက ဒေါ်လေးအား ကလေးသဖွယ် ပြုံးရယ်ကာ...

'ဒေါ်လေး ကျွန်မကို ဟင်းကောင်းကောင်းချက်ကျွေးပါ၊ ကျွန်မ ငါးကြော်ကြိုက်တာ ဒေါ်လေးသိတယ်၊ ကျွန်မ ဒေါ်လေးချက်တဲ့ ငါးဟင်းကို





သိပ်စားချင်တာပဲ၊ ကြာပြီနော် မစားရတာ'

ဟု ပြောခဲ့သည်။

ဒေါ်လေးက ကြည်နူးစွာ မစောလင်းအားကြည့်၍ ပြုံးပြီး...

'အမယ် ရှမ်းပြည်နယ်က သာကောင်းမှာပေါ့၊ ဟင်းသီးဟင်းရွက် ဆိုလည်း လတ်လတ်ဆတ်ဆတ်၊ တောင်ကတ်တို့ ဘာတို့လည်း တယ်ကောင်း ဆိုပါကလား။ ဆတ်သားကော မစားခဲ့ရဘူးလား'

'မဟုတ်ဘူး ဒေါ်လေး။ ကျွန်မက ဒေါ်လေးလက်ရာကိုကြိုက်တာ၊ ဒေါ်လေးချက်တဲ့ အစပ်မှ ကျွန်မက စားချင်တာ၊ ချက်ပေးနော် ဒေါ်လေး'

ဒေါ်လေးက ရယ်မောနေသည်။

ဒေါ်လေးမှာ ယခင်ကထက်ပင် ကြင်နာယုယလျက် ရှိသည်။

အိပ်ရာက ထထချင်း ဒေါ်လေးချက်တဲ့ ဟင်းကောင်းကျွေးကောင်း တွေ စားရမည်ဟု သတိရနေသည်။

မစောလင်းသည် ပေါင်ဒါသနေလေသည်။ စိတ်ရွှင်လန်းပေါ့ပါးနေ၍ အလှပြင်ရသည်မှာ စိတ်လက်ပါသည်။ အင်းစိန်ခြေကြီးထဲတွင်နေစဉ်က မှန်ကိုပင် ကျကျနန မကြည့်မိ။ ရုပ်မပျက်မီအောင် ခေါင်းကိုပင် ကျကျနနမဖြီးခဲ့။ ယခုမှ ပုံပန်းကျကျဖြီးသည်။

အလှပြင်နေစဉ် တံခါးဝမှ ဒေါ်လေးပေါ်လာသည်။

'ဩော်... နိုးပလား။ ခုနက ဝင်ကြည့်သေးတယ်၊ အိပ်လို့။ ညက အိပ်ပျော်သလား'

ဒေါ်လေးမှာ မစောလင်းကို အလွန်ဂရုစိုက်သည်။

'အိပ်မပျော်ပါဘူး။ အစောကြီးအိပ်တာပဲ၊ အိပ်ရေးဝပါတယ်၊ မနက် လင်းအားကြီး နိုးနေတာ၊ ထပ်အိပ်လိုက်တာနဲ့ နေမြင့်သွားတယ်'



www.burmeseclassic.com

www.burmeseclassic.com



မစောလင်းက ဒေါ်လေးကိုမကြည့်ဘဲ မှန်ထဲတွင်ကြည့်ကာ ဆံပင်ကို ပတ်ရင်း ပြန်ပြောသည်။

'နို့ အပို့နိုင်းလိုက်မယ်'

ဒေါ်လေး အသံပျောက်သွားသည်။

မကြာမီ လင်ပန်းနှင့် နို့ ပေါင်မုန့်၊ ထောပတ်ဘူး စသည်များ ရောက်လာသည်။ လင်ပန်းထဲတွင် ယိုပုလင်းမပါ၍...

'ဟော့... ယိုပုလင်းယူခဲ့'

ဟု မှာလိုက်သည်။

မစောလင်းသည် ထိုင်၍ ပေါင်မုန့်ကို ထောပတ်သုတ်နေသည်။ ယိုလာသောအခါ ထောပတ်ပေါ်က ယိုထပ်သုတ်ပြီး ပြီးလျှင် အားရပါးရ စားလေသည်။

ယနေ့ ရှင်လန်းလှသည်။ ဘယ်တော့ ဆေးတိုက်ပြန်ဖွင့်ရမည်ဆိုသည်ကို တွက်ကြည့်နေသည်။ တစ်လလောက် အစအရာရာ စီစဉ်ရဦးမည်။ အစီအစဉ် ကျကျနနလုပ်ပြီးမှ ဖွင့်ရမည်။ လွတ်လွတ်လပ်လပ်နေသည်မှာ ကြာ၍ ဆေးတိုက်ပြန်ဖွင့်ရမှာပင် မလွတ်လပ်။ ဖွင့်လျှင် ဆက်တိုက်အလုပ်ရှုပ်ပေဦးမည်။ ဘာပဲဖြစ်ဖြစ် ဆေးတိုက်ကို ပြန်ဖွင့်ရမည်။

မစောလင်းသည် ပေါင်မုန့်ထောပတ်သုတ်ကို စိမ်ပြေနပြေနှင့်စားသည်။ ပြီးလျှင် နို့ကို တစ်ကျိုက်စီကျိုက်၍ သောက်နေလေသည်။

စားသောက်ပြီးမှ စာအုပ်ဗီရိုဘက်သို့သွားကာ ဖတ်ရန်စာအုပ်များကို ရွေးချယ်နေသည်။ ကိုးလ၊ ဆယ်လ စာအုပ်များကို အဖော်လုပ်နေခဲ့ရာ စာပေကို အတော်ပင် ဝါသနာပါ၍ နေပေပြီ။ စာမဖတ်ဘဲ မနေတတ်တော့ပေ။

စာအုပ်ဗီရိုမှ စာအုပ်များကို ရွေးနေစဉ် ဒေါ်လေးရောက်လာကာ





'သတင်းစာကုလား လာတယ်၊ အင်္ဂလိပ်သတင်းစာ မနက်ဖြန်ကစပြီး ယူမယ်နော်'

မစောလင်းက လှည့်ကြည့်ပြီး

'ယူပါ၊ ခါတိုင်းပို့နေကျကုလားက လာမပို့လား'

'ငါတို့မ သွားကတည်းက အင်္ဂလိပ်သတင်းစာ ဖြတ်လိုက်တယ်'

'ဩော်... ဟုတ်လား။ မနက်ဖြန်ကစပြီး ဆက်ယူပါနော်'

ဒေါ်လေးလည်း ပြန်ထွက်မည်ပြင်ပြီးမှ

'ဒါထက် ပြောရဦးမယ်၊ မောင်ဖေဦးတစ်ယောက်လည်း အမှုဖြစ်နေတယ် ကြားတယ်'

မစောလင်းက မသိချင်သဖြင့် ဘာမျှပြန်မမေးဘဲ ဗီရိုထဲမှစာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် ဆွဲလိုက်ထုတ်လိုက် လုပ်နေသည်။

'သတင်းစာထဲမှာပါလာတာက အစ်ုံပဲ၊ လူသတ်မှုဖြစ်နေတယ်၊ မွေးစကလေးကို သတ်တာ၊ ဖတ်ပြီးပလား'

နောက်ဆုံးစကားပိုဒ်ကို ကြားရကတည်းက မစောလင်းသည် ခေါင်းနပန်းကြီးသွားလေသည်။ မွေးစကလေးကိုသတ်တာ၊ အင်းစိန်နဲ့တွင် မီးတွင်းထဲ၌ သတင်းစာမဖတ်ခဲ့။ ဖတ်ရန် ချိုချိုကလည်း ခါတိုင်းလို ယူမလာ။

'မွေးစကလေးကိုသတ်တာ... ဟုတ်လား။ ဘယ်လိုသတ်တာလဲ'

ဟု ဒေါ်လေးကိုမကြည့်ဘဲ မေးသည်။

'သတင်းစာထဲမှာ အစုံပါတယ်လေ'

'ဘယ်နေ့ထုတ် သတင်းစာလဲ'

'လေးငါးရက်လောက်ရှိသွားပြီလား မပြောတတ်ပါဘူး'

မစောလင်းသည် ဘာမျှမပြောနိုင်ဘဲ ငြိမ်နေသည်။ ငါ့ကလေးကိုများ



www.burmeseclassic.com

www.burmeseclassic.com



သတ်ပစ်လိုက်ပြီလားဟု တထိတ်ထိတ်နေသည်။

'ဒေါ်လေး အဲဒီသတင်းစာ ကျွန်မ မဖတ်ရသေးဘူး။ ကျွန်မ ဖတ်ချင်တယ်၊ ရှာပေးစမ်းပါ၊ ကျွန်မ သိချင်တယ်'

ဒေါ်လေးသည် သူ့တူမကြည့်ချင်သည်ဆိုသော သတင်းစာကိုယူရန် ထွက်သွားသည်။

မစောလင်းသည် ဗီရိုမှခွာကာ မှန်တင်ခုံပေါ်တွင် ခေါင်းကို အောက်သို့စိုက်ပြီး လက်ထောက်ကာ ဒေါ်လေးပြန်အလာကို စောင့်နေသည်။ ရင်ထဲတွင်ကား မငြိမ်။

အဖြစ်အပျက်အမှန်ကို သိချင်သည့်စိတ်က စောနေသည်။ သည်ကလေးကို သတ်ပစ်လိုက်ပြီလား။ ဤအတွေးကား ချောက်ချားစေသည်။ အသက်တစ်ချောင်း ဖြစ်မြောက်လာအောင် ဒုက္ခကြီးခံခဲ့ရသည်။ အမိဝမ်းမှ ကျွတ်ကာ ကလေးဖြစ်ကာမှ မိမိက သူ့ထံသို့ပို့လိုက်မိ၍ အသတ်ခံနေရရင် မိမိပယောဂမှ ကင်းပါဦးမည်လော။

မစောလင်း၏ ရင်ထဲ၌ တဒိတ်ဒိတ်ခုန်လာသည်။

ဒေါ်လေးက တော်တော်နှင့်မလာနိုင်၊ အနီးအနားပတ်ဝန်းကျင်မှ ရေဒီယိုသံများ ဆူညံစွာ မြည်နေကြသည်။ ကုလားတော်လုံအိမ်မှ အိန္ဒိယအသံ၊ ကပြားတစ်ယောက်အိမ်မှ ဟာဝေယံအကတေးသံ၊ မြန်မာ့အသံမှ ရေကင်းသံတို့သည် ရောနေကြ၍ ညံနေတော့သည်။ မစောလင်းသည် ဤညံနေသောအသံများကို မကြားဘဲ ကလေး၊ အသက်ရှင်ပါစေဟု ဆုတောင်းလျက်ရှိသည်။

အတန်ကြာလျှင် ဒေါ်လေးခြေသံကို ကြားရသည်။

'ရော့... သတင်းစာ၊ ရက်လွန်နေတော့ ရှာရသေးတယ်၊ ငါ မီးဖို ချောင်ပြေးလိုက်ဦးမယ်၊ သတင်းက အခုံပဲ'





ဟုဆိုကာ ဒေါ်လေးလည်း သတင်းစာကိုထားခဲ့ပြီး ထွက်သွားသည်။

မစောလင်းသည် သတင်းစာကို လှန်ကြည့်သည်။ အလယ်စာမျက်နှာ၌ မျက်နှာကိုခွဲ၍တစ် ထားသော ခေါင်းစီးကြီးကို မြင်လိုက်ရ၍ ထိတ်သွားသည်။

"မွေးစကလေးငယ်ကို သတ်ပစ်သော ဆရာဝန်"

မစောလင်းသည် ဆက်၍ ကြည့်လိုက်သည်။ ခေါင်းစဉ်ငယ်ကလေးများကို ဖတ်ပြန်သည်။

"ထူးဆန်းသော ကလေး"

"ရှင်သားဟူ၍ မိန်းမပျိုတစ်ဦးက လာပို့ခြင်း"

"ကလေးအမေ ဘယ်သူလဲ"

မစောလင်းသည် အစမှစ၍ ဖတ်လေသည်၊ တစ်ကြောင်းပြီးတစ်ကြောင်း ကူးသွားသည်။ တစ်ပိုဒ်မှတစ်ပိုဒ်သို့ ရောက်သွားသည်။ တစ်ကော်လံ ဆုံးလျှင် နောက်တစ်ကော်လံ ဆက်သည်။

ဖတ်နေစဉ် သက်ပြင်းကိုမချ။ ကိုယ်လက်လှုပ်ရှားခြင်းလည်း မပြု။ သတင်းစာတစ်ရွက်ကို ဆုပ်ကိုင်ထားလျက်ရှိသည်။ ပြတင်းမှ လေတိုးသဖြင့် ဆံယဉ်ဆံညွန့်များ လွင့်နေလေသည်၊ ဆံပင်များလွင့်ရာမှ မျက်နှာပေါ်သို့ အုပ်ကျလာရာ ဖယ်သပ်ခြင်းလည်း မပြု။

သတင်းဆုံးသွားလေပြီ။ မစောလင်းသည် မတုန်မလှုပ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

[ ၂၆ ]

ထိုနေ့နံနက် လင်းအရုဏ်တွင် နှင်းများကျလျက် ရှိနေကြောင်း။

အထူးသဖြင့် တာမွေဘက်တွင် နှင်းများပိတ်လျက်ရှိသည်။ လမ်းမကြီး၌ နှင်းများ ထူထပ်ပိတ်ဆို့နေသဖြင့် လမ်းမတာတ်မီးတိုင်လိုင်းများ မှုန်မှုန်မွှားမွှားပေါ်နေ၍သာ မော်တော်ကားဟု သိနိုင်တော့သည်။ အသွားအလာအတော်နည်းပါးသည်။ သွားလာသည့် မော်တော်ကားများမှာလည်း ရှေ့မီးကိုထွန်းကြရသည်။ နှင်းတောကြီးထဲတွင် ထင်ရှား၍နေသော မီးလုံးများကြောင့်သာ မော်တော်ကားအသွားအလာမှန်း သိနိုင်သည်။

ထိုအချိန်တွင် တာမွေရှိ ဒေါက်တာဖေဦး၏ ဆေးတိုက်ရှေ့သို့ ကားတစ်စီးရပ်လိုက်သည်။ ကားသံကို အိပ်တွင်နေသည့် ထမင်းချက်ကိုဘိုးသာက ကြားလိုက်ရသည်။ ဒေါက်တာဖေဦးမှာ ညဘက်ကတည်းက လူနာလာခေါ်သွား၍ ပြန်မလာဘဲရှိရာ ကိုဘိုးသာက တမျှော်မျှော်နှင့် စောင့်နေစဉ်အချိန် ဖြစ်သည်။





တံခါးခေါက်သံကြား၍ ကိုဘိုးသာက အိပ်ချင်မူးတူးနှင့်ထလာကာ တံခါးကို ဖွင့်ပေးလိုက်သည်။ လင်းအရုဏ်၏ အလင်းရောင် မှုန်တိမှုန်မွှားတွင် မိန်းမပျိုတစ်ဦးသည် အဝတ်ဖြူဖြူကိုပိုက်၍ ရပ်နေသည်ကို တွေ့ရလေသည်။ ကိုဘိုးသာက လူနာလာခေါ်သော သူငယ်မဖြစ်မှာပဲဟု မှတ်ထင်လိုက်သည်။

မိန်းမပျိုမှာ ခေတ်ဆန်ဆန် ဝတ်ဆင်ထားသည်။ ထူးခြားသည်မှာ ခေါင်းကို ခေါင်းစည်းဖြင့် လွှမ်းထားသည်။ ခေါင်းစည်းမှာ ပိုးလား သက္ကလပ်အမျိုးအစားလား မသိနိုင်သည့် ခေါင်းစည်းမျိုးဖြစ်သည်။ အသားက ဖြူဖြူ၊ ကိုယ်လုံးကိုယ်ထည်မှာ ကျစ်ကျစ်လျစ်လျစ်၊ အသက် ၂၅နှစ်ခန့်ဟု မှန်းဆရသည်။

'ဒေါက်တာဖေဦး မရှိဘူးလား' ဟု မိန်းမပျိုက မေးသည်။

'မရှိဘူး။ ညကတည်းက ပြန်မလာဘူး။ လူနာတစ်ယောက်ဆီသွားတယ်'

မိန်းမပျိုက ငေးနေပြီးမှ 'ဒါဖြင့်ရင် တစ်ဆိတ် ဒါကလေးကို ယူထားပါ'

ကိုဘိုးသာက မိန်းမပျိုလက်မှ ဖြူဖြူ အထုပ်ကို လှမ်း၍ယူလိုက်သည်။ အနီးဖြင့်ထွေးထားသော မွေးစကလေးဖြစ်နေ၍ အံ့အားသင့်နေစဉ်...

'ဒါ သူ့ကလေး။ ဒါကြောင့် သူ့ဆီလာပို့တာ။ သူလာရင် ထက်ထက်ပေးလိုက်ပါ။ သူ့ကလေး လာပို့တာ'

မိန်းမပျိုသည် ဤသို့ မြန်မြန်ပြောပြီးလျှင် လှေကားမှ ဆင်းသွားသည်။

ကိုဘိုးသာက ကြောင်နေရာမှ 'ဟဲ့... သူငယ်မ... သူငယ်မ' ဟု လှမ်းအော်သေးသည်။ သို့သော် နောက်ကျခဲ့လေပြီ။ ကားထွက်သံကြားရပြီ။



www.burmeseclassic.com

www.burmeseclassic.com



နောက် ကားသည် နှင်းတောထဲတွင် ပျောက်ကွယ်သွားလေသည်။

ကိုဘိုးသာမှာ ဘုမသိ ဘမသိနှင့် အနီးနှင့်ထွေးထားသော ကလေးကိုပိုက်ကာ ကျန်ရစ်ခဲ့သည်။

ထို့နောက် များမကြာမီ ဒေါက်တာဖေဦး ပြန်လာသည်။

ဒေါက်တာဖေဦးမှာ အရက်မူးနေသဖြင့် ဒယီးဒယိုင်နှင့် လှေကားမှတက်လာသည်။ ဒေါက်တာဖေဦးမှာ အရက်သောက်တတ်သူတစ်ဦးဖြစ်၍ အရက်သောက်ပြီး အိမ်ပြန်လာနေကျဖြစ်သည်။

ကလေးကို ဒေါက်တာဖေဦးလက်သို့ အပ်လိုက်သောအခါ ကလေးမှာ အသေကလေးဖြစ်နေကြောင်းနှင့် ဒေါက်တာဖေဦးအား ကလေးသတ်မှုနှင့် ဖမ်းဆီးသောအခါ ကိုဘိုးသာက တုန်တုန်ယင်ယင်နှင့် ထွက်ဆိုလေသည်။

အိမ်အပေါ်ထပ်တွင် နေထိုင်သော အရုဏ်တက်တိုင်း ဘုရားဝတ်ပြုလေ့ရှိသည့် ဒေါ်သက်တင်က အောက်ပါအတိုင်း ထွက်ဆိုသည်။

'အဒေါ်က အရုဏ်တိုင်း ဘုရားဝတ်ပြုလေ့ရှိတယ်။ အဲဒီနေ့ မနက်ကတော့ နှင်းတွေကကျ နည်းနည်းလည်း အေးတာနဲ့ ခါတိုင်းထက်တောင် နောက်ကျသွားသေးတယ်၊ ခါတိုင်းဆိုရင် လေးနာရီလောက် ထတာပါပဲ။

'အဲဒီမနက်ကတော့ ငါးနာရီထိုးခါနီးလောက်မှ ထဖြစ်တယ်၊ သောက်တော်ရေချမ်းတွေ ဘာတွေကပ်ပြီး ဝတ်ပြုနေတုန်းပဲ အောက်ထပ်က ကားရပ်သံကြားရတယ်။

'ကားဆိုက်သံကြားရတာမျိုးကတော့ မဆန်းပါဘူး၊ အောက်ထပ်က ဆရာဝန်ရှိတယ်ဆိုတော့ ညသန်းခေါင်တွေက ကားတွေဘာတွေနဲ့ ခဏခဏ လာတတ်တာပဲ။ လူနာလာခေါ်တဲ့လူဆိုတာ အချိန်ရွေးတာမဟုတ်ပါဘူး။ အဲဒီမနက်လည်း ကားဆိုက်သံကြားတယ်ဆိုတော့ ဪ... အစောကြီး





လူနာလာခေါ်တာလို့ အောက်မေ့နေတာပဲ။

'တော်တော်ကြာတော့ ကားပြန်ထွက်သွားတာ ကြားလိုက်ရတယ်၊ ဪ... တစ်ခုကျန်သေးတယ်၊ ကိုဘိုးသာက ဟဲ့... သူငယ်မ... သူငယ်မထိုလား ပြောတဲ့အသံ ကြားရတယ်၊ ကိုဘိုးသာအသံနဲ့အတူပဲ ကားထွက်သံလည်း ကြားလိုက်တာပါပဲ။

'ဒါလည်း ထူးထူးထွေထွေ မတွေးမိပါဘူး၊ အဒေါ်လည်း သမ္ဗုဒ္ဓေတို့ ဥဒေတယံတို့ ဆက်ပြီး ရွတ်ဖတ်နေတုန်းပဲ အောက်ထပ်က ကလေးငိုသံကို ကြားလိုက်ရတယ်၊ ကလေးငိုသံက မွေးစကလေးငိုသံ၊ အဲဒီတော့ နည်းနည်းအံ့ဩသွားတယ်၊ အောက်ထပ်မှာ ကလေးမရှိပါဘူးလို့၊ ဒါပေမယ့် ဆရာဝန်အိမ်ဆိုတော့ ကလေးမမာတာတို့လည်း လာပြရတာရှိတော့ ဒါလည်း ကလေးလေးကို မိဘတွေက လာပြတာနဲ့တူတယ်လို့တွေးပြီး သိပ်ဆန်းတယ်လို့ မထင်ပါဘူး။

'ဒါနဲ့ ဒို့ပြင်ဘုရားရှိခိုးတွေ ရွတ်နေတုန်း ဒေါက်တာဖေဦး အရက်မူးပြီးပြန်လာသံကြားရတာပဲ။ ဒေါက်တာဖေဦး ဘာဖြစ်လို့ အရက်မူးပြီး ပြန်လာတာသိရသလဲဆိုတော့ လျှာလေးကြီးနဲ့ ကိုဘိုးသာကိုခေါ်သံ၊ သီချင်းဆိုသံကြောင့်ပါပဲ။ ဒီအသံမျိုးကို ခါတိုင်းတော့ သန်းခေါင်သန်းလွဲလောက်မှာ ကြားရတတ်ပါတယ်၊ ဒေါက်တာဖေဦး အရက်သောက်တယ်ဆိုတာ အရပ်ကလည်း သိပါတယ်။

'ဒီနောက် ဒေါက်တာဖေဦးရဲ့ ဗူးဗူးဝါးဝါး အသံကြားရတယ်၊ ဘာပြောသလဲတော့ မသိဘူး။ လျှာကလေးနေတော့ စကားလုံးက မပီသဘူး၊ အဒေါ်ကတော့ ဒီလောက်ပဲ သိရတာပါပဲ၊ ကလေးငိုသံကို ဒေါက်တာဖေဦး မလာခင်သိရတာကတည်းက ကြားရတယ်ဆိုတာတော့ အမှန်ပါပဲ၊ အဒေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပုဆိုးနွမ်း နေတဲ့လူပါ'

ကလေးသတ်မှုဖြင့် အဖမ်းခံရသော ဒေါက်တာဖေဦးမှာ အသက် ၃၀ကျော် လူငယ်တစ်ဦး၊ ထောင်ထောင်မောင်းမောင်းဖြစ်၍ အသားဖြူဖြူ နှာတံပေါ်ပေါ် လူချောတစ်ယောက်ဖြစ်သည်။

ဤကိစ္စတွင် မိမိစော်ကားဖျက်ဆီးဖူးသော မိန်းမထဲမှ ကလေးရ၍ ကလေးအမေက လာရောက်ကာ သူ့တရားသူစီရင်ရန် ပေးအပ်ခြင်းနှင့် တူသည်။ ထို့ကြောင့်ပင် ကလေးကို လာရောက်ပို့ပေးသော မိန်းမပျိုက ကိုဘိုးသာအား 'ဒါ သူ့ကလေး၊ သူ့ကလေး၊ သူ့ဆီလာပို့တာ'ဟု ပိုင်ပိုင်နိုင်နိုင် ပြောလျက် ကလေးကို ပေးအပ်သွားသည်။

ဒေါက်တာဖေဦးကမူကား အောက်ပါအတိုင်း ထွက်ဆိုလေသည်။

'ကျွန်တော် လင်းအားကြီးလောက် အရက်မူးပြီး ပြန်လာတယ်၊ အရက်က တော်တော်သောက်လာလို့ လှေကားကိုတောင် အနိုင်နိုင်တက်ရတယ်၊ အိပ်ထဲဝင်တော့ ကိုဘိုးသာက အဝတ်ဖြူဖြူအထုပ်တစ်ထုပ်ကိုင်ထားတာကို တွေ့ရတယ်၊ ဘာမှန်းမသိပါဘူး'

'ကျွန်တော် သိပ်မူးနေတယ်၊ ဘာမှ ရှင်းရှင်းလင်းလင်း မသိဘူး၊ နောက် အမူးပြေတော့မှ ကလေးသေကို တွေ့ရတာပဲ'

'ကျွန်တော့်ကလေးပါလို့ပြောတာ အလကား လိမ်တာပါ၊ ကျွန်တော်ဟာ လူပျိုပါ၊ ကလေးရစရာအကြောင်းလည်း မရှိပါဘူး၊ ကျွန်တော်ဟာ မိန်းကလေးတွေကို ဖျက်ဆီးနေတဲ့ လူတစ်ယောက်လည်း မဟုတ်ပါဘူး၊ ကလေးအသေကိုလာပို့ပြီး ကျွန်တော့်အပြစ်ကျအောင် သက်သက်လုပ်ကြတယ်'

ဒေါက်တာဖေဦး၏ အကျိုးများကို စစ်ဆေးရှာဖွေသောအခါ ကုတ်အကျႌ





အိတ်တွင် တရုတ်ဟိုတယ်မှ ဘောက်ချာစာရွက် တွေ့ရသည်။ ထိုဘောက်ချာစာရွက်တွင် ဝီစကီအရက်၊ စီးကရက်၊ စားစရာများရေးထားသည်။ အပေါ်ဖုံးအိတ်တွင် မိန်းကလေးများကိုင်သော လက်ကိုင်ပဝါအငယ်စားတစ်ထည် တွေ့ရ၏။

အပေါ်ထပ်တွင်နေသော ဒေါ်သက်တင်၏ ထွက်ချက်၊ ထမင်းချက်ကိုဘိုးသာ၏ ထွက်ချက်များကိုထောက်ရှု၍ ကလေးမှာ သူ့အလိုလိုသေသလော၊ သို့မဟုတ် ဒေါက်တာဖေဦးပင် သတ်သလော မသိရသေးပေ။

အခုကိစ္စတွင် အရေးကြီးလာသူမှာ စုံစမ်းမရဘဲ အစပျောက်နေသည့် ကလေးအမေဖြစ်သည်။ ဒေါက်တာဖေဦးမှာ ဤကိစ္စတွင် သူ့ကလေးမဟုတ်ကြောင်း၊ လုံးလုံးလျားလျား ငြင်းပယ်နေလေသည်။ သားသားနားနားဝတ်ထားသော မိန်းကလေးတစ်ဦးက လာရောက်ကာ 'ဒါ သူ့ကလေး'ဟု၍ ပြတ်ပြတ်သားသားပြောသည်မှာ သက်သက်မဲ့ ကလေးအသေကို ပစ်လိုခြင်း မဟုတ်တန်ရာ၊ ကလေးလာပို့သော မိန်းမမှာ ယောကျ်ားများအား ဆုံးမရန် ရည်ရွယ်ချက်ရှိဟန်လည်း တူသည်။

အမှုကို ဆက်လက်၍ စုံစမ်းလျက်ရှိလေရာ ဒေါက်တာဖေဦးမှာ ကလေးသတ်မှုနှင့်ပင် ဖမ်းထားလျက်ရှိနေသေးကြောင်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

[ ၂၄ ]

ကားပြာတစ်စီးသည် ကုက္ကိုင်းလမ်းမကြီးတစ်လျှောက် အမြန်မောင်း လျှက်ရှိလေသည်။

မစောလင်းသည် ကားထဲတွင်ထိုင်ကာ တရိပ်ရိပ်ဖြတ်သန်းသွားသော ဘယ်အရာကိုမှ သတိမထားမိဘဲ စဉ်းစားတွေးတောလျှက်လိုက်ပါလာသည်။ လက်ထဲတွင် သတင်းစာကိုင်ထားသည်။

ကုက္ကိုင်းလမ်းသည်ကား အကွေ့အပတ်၊ အဆင်းအတက်များလှသည်။ ရုံးချိန်ဖြစ်၍ မြို့ထဲသို့ ဆင်းလာကြသော ကားများဖြင့် ရှုပ်နေသည်။ သူမ၏ မျက်စိထဲတွင်ကား ဘာမျှမမြင်ဘဲ ရှိုက်ရှိုက်ထားသော ဖြူဖြူအနီးထုပ်သာမြင်နေသည်။





အနီးထုပ်ထဲ၌ရှိသော ကလေးသည် ဘယ်သဏ္ဍာန်နေသည်၊ ဘယ်ပုံနေသည်ကို မြင်လည်းမမြင်ဖူး။ ထိုမမြင်ဖူးသည့် ကလေးကို အဘယ်ကြောင့်လွမ်းသတ်ပင်သတ်မိရသလား။ သို့မဟုတ် ကလေးမှာ သူ့အလိုအလျှောက်ပင် သေသလား။

ဤကလေးသည် မိမိကိုယ်တိုင် မွေးဖွားပေးခဲ့ရသော ကလေးဖြစ်သည်။ ဤကလေးကို သန္ဓေတည်ကာစက ဖျက်ပစ်မည်ဟု ကြံစည်ခဲ့သေးသည်။ သို့သော် အထမမြောက်။ အသက်ရှင်စေရမည်ဟု မိမိကိုယ်တိုင်ဖြတ်၍ ဒုက္ခခံကာ အသက်ရှင်စေခဲ့သည်။ သို့သော် အမှတ်မထင်ကျွတ်ကာမှ အဖေ၏လက်တွင် သေရလေပြီ။

ဤအတွက် ဝမ်းနည်းကြေကွဲမိသည်။

ဤကဲ့သို့ ကလေးဆုံးရသည်မှာ မည်သူ့ကြောင့်နည်း။ သူ့ကြောင့် လော၊ သို့မဟုတ် ကလေး၏ ကံတရားအရဖြစ်သလော။

ဘဝသက်တာတစ်ခု၏ ဖြစ်တွန်းခြင်း၊ ချုပ်ငြိမ်းခြင်းတို့သည် ဘယ်အပေါ်တွင် တည်သနည်း။ ဘဝသက်တာတစ်ခု၏ ချုပ်ငြိမ်းမှု၊ ဖြစ်တွန်းမှုကို ဘယ်အရာများက ဖန်တီးနေသနည်း။ ကံကလော၊ အခြေအနေပတ်ဝန်းကျင် ကလော။

ကလေးသည် မည်သူ့လက်ထဲတွင် သေသနည်း။ ထယ်ထောင်ချက် ကိုတိုးသောလက်တွင် သေသလော၊ ကိုတိုးသာက ဒေါက်တာဇော်အားပြပြီးမှ သေသလော။ ကလေးသည် သူ့ဓါတ်ဝ အသက်ရှူပ်အားနည်း၍ သူ့အလိုလို သေသလော။ သို့မဟုတ် ဒေါက်တာဇော်က သေစေရန် ပြုသလော။

ဘယ်အကြောင်းကြောင့်ပင် သေသည်ဖြစ်စေ၊ ဤကလေး၏အသေမှာ မိမိပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်းလျားဘက် ချိုချိုတို့ခြံထဲသို့ ကားချိုးဝင်သွားလေသည်။ မစောလင်းသည် ချိုချို၏အိပ်ခန်းသို့ တန်းဝင်သွားသည်။ အဆင်သင့်ပင် ချိုချို့ကို တွေ့ရလေသည်။

'ချိုချို… ကြည့်စမ်း'

မစောလင်းသည် ချိုချို၏လက်ထဲသို့ သတင်းစာကို ပေးလိုက်လေသည်။ ချိုချိုသည် သိနေပြီဖြစ်၍ အံ့သြခြင်းမဖြစ်။ မစောလင်း အမူအရာများကို အကဲခတ်ကာ စိတ်မချမ်းသာဖြစ်မိသည်။

'ဘာဖြစ်လို့ လေစိမ်းတိုက်တွေ ခံရသလဲ မစောလင်းရယ်၊ အတင့်မရဲပါနဲ့ သွေးနုနုလေး ရှိသေးတယ်၊ ချိုချို့ကို ခေါ်နိုင်းရောပေါ့၊ နေကောင်းရဲ့လား'

'နေကောင်းပါတယ် ချိုချို၊ ဒီအကြောင်းသိနေတာ ဘာဖြစ်လို့ ကိုယ့်ကိုမပြောသလဲကွယ်'

'မပြောတာက မစောလင်းသိဖို့ မကောင်းသေးမှုးလို့ထင်လို့ပါ၊ မီးတွင်းထဲမှာ ဘယ်လိုလုပ်ပြီးပြောမလဲ၊ ပြီး ဒါဟာလည်း သူ့တရားသူစီရင်သွားတာပဲ မစောလင်းရယ်'

'အခု ကလေးအဖေဟာ ကလေးသတ်မှုနဲ့ လူသတ်မှုဖြစ်နေတာ'

'ဟုတ်တယ်လေ၊ ဒါဟာ သူ့တရားက သူ့ကိုစီရင်တာပဲ'

'ကိုယ်က ကလေးဟာ သူ့ဘာသာအလိုအလျောက် သေတယ်မသေဘူးဆိုတာ သိပ်သိချင်တယ်ကွယ်'

'ဒါကတော့ ပြောလို့အခက်သားပဲ၊ ကိုဘိုးသာလက်ထဲကို ကလေးထည့်ခဲ့တဲ့အထိတော့ ကလေးဟာ အသက်ရှင်နေပါတယ်၊ အပေါ်ထပ်က ဒေါ်သက်တင်ရဲ့ ထွက်ချက်မှာလည်း ကလေးကို ထားပစ်ခဲ့တဲ့နောက်မှ ကလေးငိုသံကြားရတယ်လို့ ဆိုတယ်မဟုတ်လား၊ အဲဒီတော့ ကလေးဟာ





အသက်ရှိသေးတယ်ဆိုတာ ထင်ရှားတယ်၊ သူက ကလေးအသေပါဆိုတာကတော့ သူ ပြောင်ငြင်းတာပဲ'

မစောလင်းက နားထောင်လျက်ရှိ၏။

'ဒီလူဟာ သတ္တိရှိတဲ့လူမဟုတ်ပါဘူး၊ အမှန်ကိုမပြောရဲဘူး၊ သူ့လက်ထဲမှာ ကလေးဟာ သူ့ဟာသူ သေရင်လည်းသေတယ်ပေါ့၊ ဘာမှ ငြင်းကွယ်စရာမလိုပါဘူး၊ သူ့ပယောဂမပါဘဲ၊ သူ့လက်ချက်မဟုတ်ဘဲ ကလေးဟာ အလိုအလျောက်သေတယ်ဆိုရင် အလိုလိုသေတယ်လို့ပြောပေါ့၊ ဒီလို အမှန်အစစ်ခံရင်. လွတ်ဖို့ရှိတာပေါ့။

ချိုချိုက ထင်မြင်ချက်များ ပေးနေသည်။ မစောလင်းမှာ ငြိမ်သက်စွာ စဉ်းစား၍နေသည်။

'သူ့လက်နဲ့ ကလေးကို သေစေတယ်၊ ဒါမှမဟုတ်လဲ သေအောင်လုပ်တယ်ဆိုရင်တော့ ကိုယ်လွတ်ရန်းပြီး လူသတ်မှုမဖြစ်ရအောင် အသေလာပို့တယ်လို့ ငြင်းပေါ့၊ အခုတော့ ပို့ခဲ့တာ အသက်နဲ့ပဲဟာ မစောလင်းရယ်'

'ခက်တာက ဒီကလေးဟာ သူနဲ့ရတဲ့ကလေး၊ သူ့ရင်သွေးလို့ဆိုတာ သူကိုယ်တိုင်က သိဦးမှကိုး'

ချိုချိုက မစောလင်းကို တွေ၍ကြည့်လိုက်သည်။

'သူ့ကလေးပါလို့ ချိုချို ကိုဘိုးသာကို သေသေချာချာပြောခဲ့တာပဲ၊ ကိုဘိုးသာကလည်း ဒီအတိုင်း သူ့ကိုပြန်ပြောပြတယ် မဟုတ်လား၊ ဒါကို သူက ကလေးကိုသတ်ရက်တယ်ဆိုရင်တော့ သူသင့်တဲ့အပြစ်အလျောက် ခံရမှာပဲ၊ ဒီလိုခံရတာလည်း တရားအတိုင်းဖြစ်တာပဲ'

'သူက သူ့ကလေးပါလို့ ယုံယုံကြည်ကြည်နဲ့ သိဦးမှကိုး'

ဟု မစောလင်းက ထပ်၍ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'သူယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ ကလေးကို သူသတ်ရမှာလား။ တကယ်လို့ သတ်တာမှန်ရင် ပြောတာပါ၊ သူ့ကလေးပါလို့ သူမသိပါဘူးတဲ့၊ မယုံကြည်ပါဘူးတဲ့ သူ့ကလေးမဟုတ်လို့ အသက်တစ်ချောင်းကို သတ်ပစ်ရမှာလား မစောလင်းရဲ့ ပြောစမ်းပါဦး။ သူ့ကလေးမှန်းမသိလို့ သတ်ပစ်ရင်လည်း၊ အပြစ်ရှိတာပဲ၊ သူ့ကလေးမှန်းသိလျက်နဲ့ သတ်တယ်ဆိုရင်တော့ ဒီလောက် ရက်စက်ကြမ်းကြုတ်တာ ဘယ်ရှိတော့မလဲ'

'ဘာပဲဖြစ်ဖြစ် ခုလိုဆုံးသွားရတဲ့ ကလေးရဲ့အမေဟာ ကိုယ်ပဲ'

ချိုချိုက ဘာမျှမပြောနိုင်။

'မဟုတ်ဘူးလား ချိုချို၊ ကိုယ်ဟာ ကလေးရဲ့အမေမဟုတ်လား'

မစောလင်းသည် သတင်းစာကို ဆွဲယူပြီး 'တွေ့လား၊ ဒီကိစ္စမှာ အရေးကြီးတာ ကလေးအမေပဲတဲ့'

'ဒါတွေ ပြောမနေပါနဲ့တော့ မစောလင်းရယ်၊ ခုအရေးမှာ သူ့တရား သူစီရင်မှာပဲ၊ ကလေးဟာ သူ့အလိုလိုသေတာဆိုရင်လည်း၊ သူလွတ်မှာပဲ၊ သူသတ်တာဆိုရင်လည်း၊ သူအပြစ်ခံရမှာပဲ'

'အပြစ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဒါကတော့ လမ်းအတိုင်း၊ တရားအတိုင်းပဲပေါ့၊ ဒါပေမယ့် သူ့ကလေးဆိုတာ သူယုံကြည်ဖို့နဲ့ ကလေးအမေ ဘယ်သူဆိုတာ အမှန်ဖြစ်ဖို့ မလိုဘူးလား။ ကိုယ်က ကလေးရဲ့အမေပဲ'

'သူကလည်း ကလေးရဲ့အဖေ မဟုတ်လား။ သူနဲ့ဆိုင်လို့သာ ကလေးကို သူ့ဆီပို့ခဲ့ကြတယ် မဟုတ်လား။ ဒို့ပြင် မဆိုင်တဲ့လူဆီ ကလေး သွားပို့လို့ ပိုးစိုးပက်စက်ဖြစ်ရတာလည်း မဟုတ်ဘူး။ ခုဟာက သူနဲ့ဆိုင်တဲ့ ဆီသာ သွားပို့တာ၊ သူနဲ့ဆိုင်လို့ သူ့ဆီပို့တယ်၊ သူ့လက်ထဲမှာ သေတယ်၊ ဒါ လမ်းမှန်ပဲမစောလင်းရဲ့၊ ကလေးအမေသိဖို့အထိ အခုလိုဦးမလား'





မစောလင်းသည် ချိုချို၏ သဘောထားများကို တွေ၍ နားထောင်နေသည်။

'ကဲ... တော်ကြပါစို့ မစောလင်းရယ်၊ ဒီပြင်အကြောင်းသာ ပြောကြပါစို့၊ စိတ်မကောင်း မဖြစ်ပါနဲ့နော်၊ စိတ်ချမ်းချမ်းသာသာထားပြီး ရှေ့ကို မျှော်မျှော်ရှု ရှင်နဲ့နေဖို့ ရှိပါတော့တယ်'

မစောလင်းသည် တွေ၍နေသည်။ အတန်ကြာမှ...

'ကိုသက်ရှင်ကကော ဘာပြောသလဲ'

'ကိုသက်ရှင်ကလည်း မစောလင်းကို သိပ်သနားနေတယ်၊ ခုလို ကလေးနဲ့ပတ်သက်ပြီး ဖြစ်လာရတာနဲ့ပတ်သက်လို့တော့ ချိုချိုသဘောရတဲ့ အတိုင်း၊ သူလည်းသဘောရတာပါပဲ၊ တစ်နေ့က ဒါပဲ ကိုသက်ရှင်နဲ့ ပြောကြသေးတယ်၊ သူလည်း စိတ်မကောင်းဘူး။ နေဦး ကော်ဖီဖျော်တိုက်ဦးမယ်'

ချိုချိုက နေရာမှ ထလေသည်။

မစောလင်းက လက်ကာလျက်

'နေပေစေ ချိုချို၊ ကိုယ်သောက်ခဲ့ပြီးမှ ထွက်လာတာ၊ နေပေစေ၊ ကိုယ်ပြန်မယ်'

'ဟင့်အင်း မပြန်ရဘူး။ ဒီမှာပဲ ထမင်းစားရမယ်'

နောက်ဆုံး၌ မစောလင်းမှာ သူ့ကိုချစ်လှသော ချိုချို့အလိုနှစ်ခုအနက်မှ တစ်ခုကိုလိုက်၍...

'ကဲ ကဲ... ကော်ဖီသောက်မယ်၊ ထမင်းတော့ မစားပါရစေနဲ့ကွယ်' ဟု ပြောရသည်။

'ဒီကလေးဟာ ကိုယ်မွေးတာဆိုတာဟာ အမှန်ပဲ၊ ဒါဟာ အမှန်ပဲ' ဟု အတန်ကြာလျှင် စကားကို ဆက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချိုချိုက ဘာမှပြန်မပြော။

'မစောလင်းရယ် ညနေကျမှပြန်နော်၊ အိမ်မှာ တစ်နေ့လုံးနေနော်၊ စိတ်ပြေလက်ပျောက်ပေါ့နော်၊ မပြန်နဲ့နော်'

'နောက်မှ လာမယ်ကွယ်'

ဟု မစောလင်းက ပျော့ပျောင်းစွာ ငြင်းပယ်လိုက်လေသည်။

မစောလင်းသည် ကော်ဖီသောက်ပြီးလျှင်…

'ပြန်မယ်'

ဟုဆိုကာ ထလေသည်။

ချိုချိုက လက်ကို ဆုပ်ကိုင်ကာ

'မပြန်ပါနဲ့ဦးဆိုလျက်သားနဲ့'

ဟု ဆိုသည်။

မစောလင်း၏ တည်ကြည်ငြိမ်သက်သော အမူအရာကိုကြည့်ပြီး ချိုချိုက စိုးရိမ်မိသည်။ ချိုချိုသည် မစောလင်းကားပေါ်တက်သည်အထိ လိုက်ပို့သည်။

မော်တော်ကားသည် ကုက္ကိုင်းမှ မြို့ထဲသို့မောင်းလျက်ရှိသည်။ ကားထဲ၌ မစောလင်းသည် တွေဝေ၍လိုက်ပါသွားသည်။ စိတ်ထဲ၌ကား ငါဟာ ကလေးရဲ့အမေပဲဟု ပွဲတင်နိုက်လျက်ရှိတော့သည်။

တက္ကသိုလ်ရိပ်သာလမ်းသို့ရောက်သောအခါ လော်ရီကားကြီးများ စိတ်ဆိုးနေသဖြင့် သေတ္တာကားကို ရပ်ထားရသည်။

အတန်ကြာမှ ချောင်းချောင်းနန်းတော်ဆီသို့ ဖြတ်ခွင့်ရသည်။ လမ်းထောင့်ရှိ စာသင်ကျောင်းမှ ခေါင်းလောင်းသံ ကြားရသည်။ ကလေးများသည် ညံနေအောင် ဆော့နေကြရာမှ စာသင်ခန်းသို့ ပြေးဝင်သွားကြသည်။





မစောလင်းသည် နတ်ခမ်းကိုကိုက်ကာ အခဲဦးစားကြီး ငိုစားနေသည်။ သူ့ကားကို နိုင်ခနဲဖြတ်ဖြတ်သွားကြသော ကားများကို သတိမထားမိ။ လမ်းအကွေ့တွင် ကွေ့လိုက်သည်ကိုလည်း မသိလိုက်။ စိတ်ထဲ၌ အမှန်ဖြစ်ရမယ်၊ အမှန်သာ ဖြစ်ရမယ်ဟု မြည်ဟည်းလျက်ရှိသည်။

မွေစေတီလမ်းကိုကျော်ကာ ရွှေဂုံတိုင်အကွေ့ရောက်မှ ငိုင်းဖြတ်သော လေသံမာမာဖြင့် ကားမောင်းသူအား ပြောလိုက်သည်။

'ဂါတ်ကို မောင်းဟေ့'

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

[ ၂၈ ]

ပြည်သူ့ရဲတစ်ပွဲ့ရုံးကြီး၌ လူတွေ ကြိတ်ကြိတ်တိုးလျက် ရှိသည်။

အမှုမစစ်ခင်ကတည်းက နေရာမရမှာစိုး၍ စောစောကြိုတင်၍ လာရောက်ကြသူများမှာ မနည်းချေ။ ရုံးခန်းမရောက်ခင် စင်္ကြံတစ်လျှောက် သွားကြလာကြသော သူများနှင့် ပျားပန်းခတ်မျှ ရှုတ်ယှက်ခတ်နေသည်။ ရုံးတက်သူများကိုရှိ၍ စီးပွားရှာကြသော ဈေးသည်များမှာ လက်မလည်အောင် ရောင်းနေကြရသည်။

စီးကရက်၊ ကွမ်းယာရောင်းသူတို့မှာ ယခင်နေ့ကထက် အရောင်းရ သွက်သည်မှာ ထင်ရှားသည်။ အချိန်စောသေး၍ တစောင့်စောင့်နေရသူတို့မှာ အလကားသက်သက် စောင့်ရမည်အစား စီးကရက်ကို ဖွာ၍ စောင့်ကြသည်။ ကွမ်းစားတတ်သူတို့ကလည်း စကားတစ်ခွန်းနှစ်ခွန်း ဝင်ပြောလိုက်၊ ကွမ်း တံတွေး ထွေးလိုက်နှင့် နေသားတကျ ဖြစ်နေကြသည်။





အလာမစဲ တသဲသဲတို့ကား ဆေးကျောင်းသားများပင်။ ယနေ့အတန်း မရှိ။ အားလပ်ခွင့်ရသော ကျောင်းသားများကမူ အလျှင်ရောက်နှင့်နေကြသည်။ ကျောင်းသားများသာမကဘဲ ကျောင်းသူများလည်း လာကြသည်။

အချိန်လိုသေးသဖြင့် လူတွေမှာ အမှုနှင့်ပတ်သက်၍ ထင်မြင်ချက်ပေး ကာ အမျိုးမျိုးပြောနေကြသည်။ သတင်းစာရောင်းသူများမှာလည်း အရောင်း သွက်နေကြသည်။ ဤအမှုအကြောင်းပါသော သတင်းစာမှပင် ဝယ်ကြလေ သည်။ သတင်းစာတစ်စောင်လျှင် အာဘော်အမျိုးမျိုးရေးကြလေရာ အာဘော် အမျိုးမျိုး၊ သတင်းပေးပုံအမျိုးမျိုးကို သိချင်ဖတ်ချင်နေကြ၍ တစ်စောင်ဖတ်ပြီး သောသူက နောက်တစ်စောင် ဝယ်ချင်သေးသည်။

သတင်းစာများကား ခေါင်းစဉ်အမျိုးမျိုး တပ်ကြလေသည်။

ပြည်သူ့မျက်မှန် သတင်းစာက

"ကျွန်မကလေးပါရှင်ဟု ဖါတ်သို့ ရဲဝံ့စွာလာပြောသော ဆရာဝန်မ"

ခေတ်သစ်သတင်းစာက

"ကလေးဆုံးမှု အမည်ခံဝံ့သော ကြေကွဲဖွယ်အဖြစ်အပျက်"

မြန်မာ့နေ့စဉ်သတင်းစာက

"စွပ်စွဲခံရသော သံသရာရေယာဉ်ကြော မျောကြသည့် မုဆိုး"

အားလုံးထဲတွင် အထင်ပေါ်ဆုံးကား တတ်ပုံကင်မရာလေးများကို လွယ်လျက် ဟိုနေရာ သည်နေရာသို့ ကူးသန်းနေကြသော သတင်းထောက်များ ပင်။ သူတို့သည် ဤအမှုမှာ အထင်ရှားဆုံး။ လူများက အသိချင်ကြဆုံးသော အမှုဖြစ်နေ၍ အထူးဂရုစိုက်ကာ သတင်းလာယူနေကြသည်။

အမှုအခင်းဆိုင်ရာ သတင်းထောက်တွင်မက သိချင်ကြား၍ တက်ရောက်ကြသော သတင်းထောက်များလည်း ပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုံးချိန်ကပ်လာသောအခါ လူတို့သည် ရုံးခန်းအဝသို့ ရောက်ကြသည်။ စကားပြောသံတွေမှာ ညံ၍နေပြီး စကြံတစ်လျှောက်တွင် လူတွေ လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ ရုံးခန်းဆီသို့သာလျှင် တိုးဝှေ၍ မျှော်ကြသည်။

တရားသူကြီး ဝင်လာပေပြီ။

လူတွေမှာ စကားအပြောရပ်လျက် ခုံရုံးဘက်သို့ ကြည့်ကြသည်။ လည်ကိုဆန့်၍ ဆန့်၍ ကြည့်ရသူများလည်း ရှိလေသည်။ ဝတ်လုံများ၊ ဂျူရီလူကြီးများ စသည်ဖြင့် အသီးသီးရောက်လာကြသည်။

'ဆရာဝန်မဆိုတာ ဘယ်မှာလဲ'

ဟု လူတွေက တွတ်တွတ် မေးနေကြသည်။

သူ့ထက်ငါ တိုးဝှေကာ ကြည့်ကြ၍ အသံများညံလာသည်။ ညံလာ၍ တစ်ယောက်နှင့်တစ်ယောက် လက်တို့ကာ တိတ်သွားကြပြန်သည်။ သို့သော် ခဏသာ တိတ်သွားပြီး ရှေ့သို့သာတိုးကာ ကြည့်ကြလေသဖြင့် မကားသံများမှာ ထွက်၍သာ လာတော့သည်။

ဒေါက်တာဖေဦးကိုကား လူတွေက ကြည့်၍ အမျိုးမျိုး ထင်မြင်ချက်ပေးကြသည်။ အချို့က ရွတ်ချကြသည်။ အချို့ကလည်း လှောင်ကိုဝတ်နေကြသည်။

'သူသတ်တာ ဖြစ်ချင်လည်း ဖြစ်မှာပဲ၊ သူက ကလေးတာဝန်မယူချင်လို့ ကိုယ်လွတ်ရုန်းမှာပေါ့'

'ဒီဆရာဝန် မေတ္တာစိတ်မရှိဘူး။ ကိုယ့်ကလေးကို ကလေးမှန်းမသိတဲ့လူ၊ မိန်းမကို ဖျက်ဆီးတဲ့လူ'

မစောလင်း သူ့နေရာသို့ရောက်သွားသည့်အခါတွင်မူကား လူတွေမှာ မီးကို ရေနှင့်ငြိမ်းသတ်လိုက်သည့်ပမာ ငြိမ်၍သွားကြသည်။ သူ့ထက်ငါတိုး၍ ကြည့်ကြသည်။ မစောလင်းသည် အကျီအဖြူ ထဘီအညိုကို နိမ့်နိမ့်ပင်





ဝတ်ဆင်ထားသည်။ ခံပင်မှာ ဇရိုဇရဲနှင့် ပြန့်ကျဲနေသည်။ ပရိသတ်ကိုပင်၍၊ ရင်ဖိုခြင်း၊ တုန်လှုပ်ခြင်း မရှိ။ ကျက်ခြေရွှသွားပင် သူ့နေရာတွင် ဝင်ထိုင်သည်။ ဝင်ထိုင်ပြီး တရားသူကြီးဘက်သို့ စိုက်ကြည့်နေလေသည်။

ပရိသတ်များကား သူ့အား ထင်မြင်ချက်အမျိုးမျိုးပေးကြသည်။ လူတွေက သူ့ကို ဘယ်လိုထင်ကြမည်၊ မြင်ကြမည်ကို ကောင်းကောင်းကြီး သိပေသည်။

ဤသို့ လူပုံအလယ်တွင် တရားရုံးသို့လာကာ အစစ်ခံရမည့်အတွက် သူမတွင် ဘာမျှ ကြောက်ရွံ့တုန်လှုပ်ခြင်း မဖြစ်။ မိမိအား ရှုတ်ချမည့်သူတွေ၊ ကဲ့ရဲ့သကြီးဟ်မည့်သူတွေ အနေနှင့် ဖြစ်လိမ့်မည်ကိုလည်း သိပြီးဖြစ်လေသည်။ နှံမြင်ကနှားသို့ ဂုဏ်သရေရှိသော မိန်းမတစ်ယောက် ဤအဖြစ်မျိုးနှင့် ရောက်ရသည်ဆိုသည်မှာ ရှက်စရာဖြစ်သည်ကို နားလည်ပေသည်။

သို့သော် မိမိအပေါ်တွင် ဘယ်လိုပင်အထင်ရောက်ကြသည်ဖြစ်စေ၊ အမှန်သည်သာလျှင် တရားခြင်းအစစ်ဖြစ်သည်ဟု ယုံကြည်ထားသည်။ မိန်းမသားဝေး နှစ်နာချက်ကို မိန်းမတစ်မျိုးလုံးကိုယ်စား မားမားရပ်ကာ မိန်းမဘက်မှ ပြောဆိုသင့်သည်ဟု သိမြင်သည်ဖြစ်၍ ပရိသတ်ကိုလည်း မရှု၊ ရှေ့နေများကိုလည်း မရှု။

အမှုကို သူမ အလျှင် သက်ဆိုင်ရာသူတို့အား အသီးသီး စစ်ဆေးပြီးနောက် မစောလင်းအလှည့်သို့ ရောက်လာသည်။

မစောလင်းသည် သူဖြစ်သမျှ ပျက်သမျှအကြောင်းကို မေးသမျှ ဖြေကြားခြင်းပြုသည်။

ထိုသို့ဖြေကြားရာ၌ ရှေ့နေတို့က တရားလုပ်ဘက်မှ အကောင်အထည် အမျိုးမျိုးမေးပြန်လေသည်။ နှပ်ထောက်ထောက် ဆော်ထောက်ထောက်ကည်းကာ



www.burmeseclassic.com

www.burmeseclassic.com



လူတို့၏ အဖွဲ့အစည်း၊ လူတို့၏ စနစ်ကြီးက ပြုလုပ်ထားသော ထုံးတမ်းအစဉ်အလာ ဥပဒေအကြောင်းများဖြင့် မေးမြန်းလေသည်။

မဟောလင်းကမူ လူတို့အဖို့ပြုလုပ်ထားသော တရားဥပဒေအကြောင်းကို စေ့စေ့ငင နားမလည်။ တရားဥပဒေအကြောင်းကို မသိ၊ သူသိမှာ သူကိုယ်တိုင် ကြုံတွေ့ခံစားရသော အဖြစ်အပျက်အမှန်ပင် ဖြစ်သည်။ ထို သူသိသည့်အဖြစ်အပျက် အမှန်ကို ဖုံးကွယ်ခြင်းမရှိ အတိအလင်း ပြောကြား ပြောဆိုလေသည်။ နောက်ဆုံး နိဂုံးချုပ်၌ မဟောလင်းက…

'ကျွန်မတို့ မိန်းမများက စိတ်ယုတ်ညံ့တဲ့ ယောကျ်ားများရဲ့ နှိပ်ထက်စီးနင်းရတဲ့သဘောကို တင်ပြချင်လို့ ကျွန်မဟာ ကလေးအမေပါလို့ အမှန်ကို ပြောရပါတယ်၊ ဘယ်လိုပဲ သူက ယုတ်ညံ့တဲ့စိတ်ရှိစေကာမူ ကျွန်မစိတ်က မယုတ်ညံ့ပါဘူး'

ဤအသံသည် ရုံးခန်းထဲတွင် ပဲ့တင်ထပ်လျက် ကျန်ရစ်လေသည်။

* * *

BURMESE CLASSIC .com

[ ၂၉ ]

အင်းလျားကန်ကြီးသည် နေရောင်ဝယ် တလက်လက် တဖိတ်ဖိတ် တောက်လျက်ရှိသည်။

လှိုင်းလုံးကလေးများသည် ကမ်းစပ်သို့ တဖျပ်ဖျပ်နှင့် လာရိုက်သည်။ ရေစပ်အထိရောက်သွားသော မြက်ခင်းသည် နေရောင်အောက်၌ စိမ်းစိမ်းစိုစို နေပေသည်။ နေကို တိမ်တိုက်က ကွယ်၍သွားသောအခါ မြက်ခင်းအစိမ်းမှ စိမ်းရာမှ စိမ်းညိုညိုအရိပ်သည် ပြေးလွှားကာ ပျောက်ကွယ်သွားလျက် ပြန်၍ပေါ်လာသည်။ ဤသို့လျှင် နေရောင်ခြည်သည် မြက်ခင်း၌ ပြေးလွှားလျက် ရှိသည်။

လေတိုက်သဖြင့် ပန်းပင်ကြီးများ၏ သစ်ရွက်ချင်းတိုးဝှေ့သော အသံများ ထွက်နေသည်။ ထိုအသံနှင့်အတူ ကမ်းစပ်သို့ တဖျပ်ဖျပ်လာရိုက် သော လှိုင်းသံကိုလည်း ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ကမ်းစပ်ရှိ မြက်ခင်းပေါ်၌ ထိုင်နေကြသည်။

မထုံးမသသော ဆံပင်များသည် လေတိုက်သဖြင့် လွင့်ချင်တိုင်းလွင့်နေသော်လည်း လက်ဖြင့်သပ်၍မပယ်။ လွင့်နေလိုက် ကျလာလိုက်ရှိနေပုံကို သည်အတိုင်းပင် ထားကာ ချိုချိုသည် သတင်းစာကို လက်ထဲ၌ ဖြန့်၍ကိုင်ထားသည်။

ကိုသက်ရှင်ကား ချိုချိုကို မြင်ပုံမရ ရေပြင်သို့သာ စိုက်လျက်ကြည့်နေသည်။

"ဒေါက်တာဝေဦးက အရက်မူးနေ၍ ကလေးကို မိမိလက်ဖြင့် တွန်း ဖယ်ပစ်မိပါသည်... နောက်ဆုံး ထွက်ဆိုပြီ"

"သေရာဝန်နှင့် သေရာဝန်မတို့၏ အချစ်ဇာတ်လမ်း"

"အပျိုရည်ပျက်ရရှာသော ဒေါက်တာမတေလင်း"

ကလေးအမေပါဟု မပြောဘဲနေနိုင်ပါလျက် အမှန်ကိုဖြစ်စေချင်၍ ဂါတ်သို့သွားဖော်သောကြောင့် ယခုလို တိုင်းကျော်ပြည်ကျော် အရှက်တကွဲ ဖြစ်ရသည်။ ဤအဖြစ်ကို ဝမ်းနည်း၍မဆုံး၊ နမြောတသ၍မဆုံး။ ချိုချိုမှာ ရှေ့သို့ဆက်မဖတ်နိုင်လေဘဲ ဆို့၍လာလေရာ သတင်းစာကိုင်ထားသော လက်များပင် တုန်နေသည်။

'ဖြစ်မှဖြစ်ရလေ မတေလင်းရယ်...'

ချိုချိုသည် ရွတ်လိုက်လေသည်။

မမလေး

၁၉၅၀ ခုနှစ်၊ မေလ ၂၇ ရက်

BURMESE CLASSIC .com

www.burmeseclassic.com